အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ

# သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုတည်မြဲအမိန့်

၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ

# သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုတည်မြဲအမိန့်

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | **အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၏ ဥယျောဇဉ်** | |
| | **အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၏ ဥယျောဇဉ်** | |
| | **အတိုကောက်ဝေါဟာရများစာရင်း** | |
| | **အခန်း(၁) နောက်ခံအချက်အလက်များ** | |
| ၁ | နိဒါန်း | ၁-၄ |
| ၂ | ရည်ရွယ်ချက် | ၄-၅ |
| ၃ | သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုနှင့်စပ်လျဉ်းသည့်ဥပဒေမူဘောင်များ | ၅-၁၂ |
| | ၃-၁။ ကမ္ဘာလုံးဆိုင်ရာအဆင့် မူဘောင်များ | |
| | ၃-၂။ ဒေသတွင်းအဆင့် မူဘောင်များ | |
| | ၃-၃။ နိုင်ငံတော်အဆင့် ဥပဒေမူဘောင်များ | |
| | **အခန်း(၂) မြန်မာနိုင်ငံနှင့် သဘာဝဘေးအန္တရာယ်များ** | |
| ၄ | မြန်မာနိုင်ငံ၏သဘာဝဘေးအန္တရာယ်ဖြစ်ပွားနိုင်မှုအခြေအနေ | ၁၃-၁၅ |
| ၅ | မြန်မာနိုင်ငံတွင် ကျရောက်ခဲ့သည့် ပျက်စီးဆုံးရှုံးမှုများပြားခဲ့သော သဘာဝဘေးအန္တရာယ်များ | ၁၅-၂၇ |
| | **အခန်း(၃) မြန်မာနိုင်ငံသဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ ဖွဲ့စည်းဆောင်ရွက်မှုများ** | |
| ၆ | အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ | ၂၉-၃၁ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၇ | အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီအောက်ရှိ လုပ်ငန်းကော်မတီများ | ၃၁-၃၃ |
| ၈ | နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု အဖွဲ့များ | ၃၃-၃၄ |
| | **အခန်း(၄) သဘာဝဘေးစီမံခန့်ခွဲမှုအတွက်စံလုပ်ငန်းစဉ်များ** | |
| ၉ | သဘာဝဘေးအန္တရာယ်ကျရောက်သောဒေသဖြစ်ကြောင်းကြေညာခြင်း | ၃၅ |
| ၁၀ | သဘာဝဘေးအန္တရာယ်တုံ့ပြန်ဆောင်ရွက်ခြင်းအဆင့်သတ်မှတ်ချက်များ | ၃၆-၃၇ |
| ၁၁ | အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ကော်မတီ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ | ၃၇-၅၁ |
| | ၁၁-၁။ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ၏ လုပ်ငန်းတာဝန် | |
| | ၁၁-၂။ အမျိုးသားကော်မတီအရေးပေါ်အစည်းအဝေးခေါ်ယူခြင်း | |
| | ၁၁-၃။ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဗဟိုဌာန (DMC) | |
| ၁၂ | အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုလုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များ | ၅၁-၅၇ |
| | ၁၂-၁။ ကြိုတင်ပြင်ဆင်ခြင်း | |
| | ၁၂-၂။ အရေးပေါ်တုံ့ပြန်ခြင်း | |
| | ၁၂-၃။ ပြန်လည်ထူထောင်ခြင်း | |
| ၁၃ | ဘဏ္ဍာငွေရှာဖွေရေးနှင့် ရန်ပုံငွေထိန်းသိမ်းရေးလုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များ | ၅၇-၆၂ |
| | ၁၃-၁။ ကြိုတင်ပြင်ဆင်ခြင်း | |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | ၁၃-၂။ အရေးပေါ်တုံ့ပြန်ခြင်း | |
| | ၁၃-၃။ ပြန်လည်ထူထောင်ခြင်း | |
| ၁၄ | နိုင်ငံတကာဆက်ဆံရေးလုပ်ငန်းကော်မတီ၏လုပ်ငန်းတာဝန်များ | ၆၂-၆၇ |
| | ၁၄-၁။ ကြိုတင်ပြင်ဆင်ခြင်း | |
| | ၁၄-၂။ အရေးပေါ်တုံ့ပြန်ခြင်း | |
| | ၁၄-၃။ ပြန်လည်ထူထောင်ခြင်း | |
| ၁၅ | ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းကော်မတီ၏လုပ်ငန်းတာဝန်များ | ၆၇-၇၂ |
| | ၁၅-၁။ ကြိုတင်ပြင်ဆင်ခြင်း | |
| | ၁၅-၂။ အရေးပေါ်တုံ့ပြန်ခြင်း | |
| | ၁၅-၃။ ပြန်လည်ထူထောင်ခြင်း | |
| ၁၆ | လုံခြုံရေးလုပ်ငန်းကော်မတီ၏လုပ်ငန်းတာဝန်များ | ၇၂-၇၅ |
| | ၁၆-၁။ ကြိုတင်ပြင်ဆင်ခြင်း | |
| | ၁၆-၂။ အရေးပေါ်တုံ့ပြန်ခြင်း | |
| | ၁၆-၃။ ပြန်လည်ထူထောင်ခြင်း | |
| ၁၇ | ပို့ဆောင်ဆက်သွယ်ရေးလုပ်ငန်းကော်မတီ၏လုပ်ငန်းတာဝန်များ | ၇၆-၈၁ |
| | ၁၇-၁။ ကြိုတင်ပြင်ဆင်ခြင်း | |
| | ၁၇-၂။ အရေးပေါ်တုံ့ပြန်ခြင်း | |
| | ၁၇-၃။ ပြန်လည်ထူထောင်ခြင်း | |
| ၁၈ | သတင်းနှင့် ပြန်ကြားရေးလုပ်ငန်းကော်မတီ၏လုပ်ငန်းတာဝန်များ | ၈၁-၈၅ |
| | ၁၈-၁။ ကြိုတင်ပြင်ဆင်ခြင်း | |
| | ၁၈-၂။ အရေးပေါ်တုံ့ပြန်ခြင်း | |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| | ၁၈-၃။ ပြန်လည်ထူထောင်ခြင်း | |
| ၁၉ | ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းကော်မတီ၏ လုပ်ငန်း တာဝန်များ | ၈၅-၈၉ |
| | ၁၉-၁။ ကြိုတင်ပြင်ဆင်ခြင်း | |
| | ၁၉-၂။ အရေးပေါ်တုံ့ပြန်ခြင်း | |
| | ၁၉-၃။ ပြန်လည်ထူထောင်ခြင်း | |
| ၂၀ | ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာစီမံခန့်ခွဲမှုလုပ်ငန်းကော်မတီ၏လုပ်ငန်း တာဝန်များ | ၈၉-၉၅ |
| | ၂၀-၁။ ကြိုတင်ပြင်ဆင်ခြင်း | |
| | ၂၀-၂။ အရေးပေါ်တုံ့ပြန်ခြင်း | |
| | ၂၀-၃။ ပြန်လည်ထူထောင်ခြင်း | |
| ၂၁ | ကနဦးလိုအပ်ချက်စစ်တမ်းကောက်ယူရေး၊ ပျက်စီးဆုံးရှုံးမှု အတည်ပြုရေးနှင့် လိုအပ်ချက်များ ဆန်းစစ်ဖော်ထုတ်ရေးလုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များ | ၉၆-၉၉ |
| | ၂၁-၁။ ကြိုတင်ပြင်ဆင်ခြင်း | |
| | ၂၁-၂။ အရေးပေါ်တုံ့ပြန်ခြင်း | |
| | ၂၁-၃။ ပြန်လည်ထူထောင်ခြင်း | |
| ၂၂ | အသက်မွေးဝမ်းကျောင်းလုပ်ငန်းများပြန်လည်ထူထောင်ရေးလုပ်ငန်းကော်မတီ ၏ လုပ်ငန်းတာဝန်များ | ၉၉-၁၀၄ |
| | ၂၂-၁။ ကြိုတင်ပြင်ဆင်ခြင်း | |
| | ၂၂-၂။ အရေးပေါ်တုံ့ပြန်ခြင်း | |
| | ၂၂-၃။ ပြန်လည်ထူထောင်ခြင်း | |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂၃ | သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များ | ၁၀၄-၁၀၇ |
| | ၂၃-၁။ ကြိုတင်ပြင်ဆင်ခြင်း | |
| | ၂၃-၂။ အရေးပေါ်တုံ့ပြန်ခြင်း | |
| | ၂၃-၃။ ပြန်လည်ထူထောင်ခြင်း | |
| | **အခန်း(၅) နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ်သဘာဝဘေးအန္တရာယ် ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့များ၏ လုပ်ငန်းတာဝန်များ** | |
| ၂၄ | နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့များ၏ လုပ်ငန်းတာဝန်များ | ၁၀၈-၁၁၇ |
| | ၂၄-၁။ ကြိုတင်ပြင်ဆင်ခြင်း | |
| | ၂၄-၂။ အရေးပေါ်တုံ့ပြန်ခြင်း | |
| | ၂၄-၃။ ပြန်လည်ထူထောင်ခြင်း | |
| | **အခန်း(၆) သဘာဝဘေးစီမံခန့်ခွဲမှုအတွက်တပ်မတော်နှင့် ဝန်ကြီးဌာနများ အကြား ပူးပေါင်းဆောင်ရွက်ခြင်း** | |
| ၂၅ | သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအတွက် တပ်မတော်မှ ပူးပေါင်း ဆောင်ရွက်နိုင်သည့် ကဏ္ဍများ | ၁၁၈-၁၂၀ |
| ၂၆ | တပ်မတော်(ကြည်း၊ ရေ၊ လေ) တပ်ရင်း/တပ်ဖွဲ့များ၏ သဘာဝဘေးစီမံခန့်ခွဲမှု | ၁၂၀-၁၄၁ |
| ၂၇ | ပြည်ထောင်စုအဆင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ကော်မတီ/ လုပ်ငန်းကော်မတီများ၊ တိုင်းဒေသကြီး/ ပြည်နယ်အဆင့် သဘာဝဘေးအန္တရာယ် ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့များနှင့်ပူးပေါင်း ဆောင်ရွက်ရေးဆိုင်ရာများ | ၁၄၁-၁၄၃ |
| | **အခန်း(၇) သဘာဝဘေးလျော့ပါးရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုများ** | |
| ၂၈ | ကမ္ဘာလုံးဆိုင်ရာပူးပေါင်းဆောင်ရွက်မှု | ၁၄၅-၁၄၆ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂၉ | အာဆီယံ သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ကော်မတီ(ASEAN Committee on Disaster Management-ACDM)နှင့် ပူးပေါင်းဆောင်ရွက်မှု | ၁၄၇-၁၄၉ |
| ၃၀ | အာဆီယံသဘာဝဘေးစီမံခန့်ခွဲမှုဆိုင်ရာ လူသားချင်းစာနာ အကူအညီပေးရေး ညှိနှိုင်းမှုဌာန (ASEAN Coordinating Centre for Humanitarian Assistance on disaster management- AHA Centre) နှင့် ပူးပေါင်းဆောင်ရွက်မှု | ၁၄၉-၁၅၁ |
| ၃၁ | ကုလသမဂ္ဂနှင့် နိုင်ငံတကာအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်မှု | ၁၅၁-၁၅၂ |
| ၃၂ | ပြည်တွင်းလူမှုရေးအသင်းအဖွဲ့များ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပူးပေါင်း ဆောင်ရွက်မှု | ၁၅၃-၁၅၄ |
| | **နောက်ဆက်တွဲများ**<br>(က) အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ ဖွဲ့စည်းမှုနှင့် လုပ်ငန်းတာဝန်များ<br>( ခ ) သဘာဝဘေးစီမံခန့်ခွဲမှုအတွက် တပ်မတော်မှဖွဲ့စည်းထားမှုနှင့် လုပ်ငန်းတာဝန်များ<br>( ဂ) သဘာဝဘေးကျရောက်ပြီးနောက်ပျက်စီးဆုံးရှုံးမှုစာရင်း ကောက်ယူ စာရင်းပုံစံ<br>(ဃ) National Indicators Framework အတွက်ပေးပို့ရသည့် သဘာဝ ဘေးဖြစ်ပွားမှု ဆိုင်ရာအချက်အလက်များ<br>(င) ဘေးဒဏ်ခံအဆောက်အဦ (Shelter) များပြမြေပုံ<br>(စ) သဘာဝဘေးဆိုင်ရာသတင်းအချက်အလက်ရယူနိုင်သော Websiteများ<br>(ဆ) တည်မြဲအမိန့်ပြင်ဆင်ရေးဆွဲရေး လုပ်ငန်းဆောင်ရွက်မှုအကျဉ်း | |

## နိုင်ငံတော် ဒုတိယဝန်ကြီးချုပ်၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ၏ ဥယျောဇဉ်

မျက်မှောက်ကာလ၌ သဘာဝဘေးအန္တရာယ်များ ပိုမိုဖြစ်ပွားလာခြင်း၊ ပိုမိုအင်အား ပြင်းထန်လာခြင်းတို့နှင့်အတူ ထိခိုက်ဆုံးရှုံးမှုများလည်း ပိုမိုကြီးမားလာသည်ကို တွေ့ရှိရပြီး ကမ္ဘာ့နိုင်ငံများအနေဖြင့်လည်း သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေလျော့ပါးရေး လုပ်ငန်းများကိုအထူးအလေးပေးဆောင်ရွက်လာလျက်ရှိနေပါသည်။ မြန်မာနိုင်ငံအနေဖြင့်လည်း ဒေသတွင်းနိုင်ငံများ၊ ကမ္ဘာ့နိုင်ငံများနှင့်ချိတ်ဆက်ပူးပေါင်း၍ သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံ ခန့်ခွဲမှုလုပ်ငန်းများ အတူဆောင်ရွက်လျက်ရှိသကဲ့သို့ နိုင်ငံအတွင်း၌လည်း နိုင်ငံတော်အဆင့်၊ နေပြည်တော်ကောင်စီနှင့် တိုင်းဒေသကြီး/ ပြည်နယ်အဆင့်၊ ခရိုင်၊ မြို့နယ်အဆင့်များတွင် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ကော်မတီများ/ အဖွဲ့များ အဆင့်ဆင့်ဖွဲ့စည်း ဆောင်ရွက် လျက်ရှိပါသည်။

အဆိုပါ အဆင့်ဆင့်သော သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့များအနေဖြင့် လုပ်ငန်းတာဝန်များနှင့်အညီ စုစည်းညီညွတ် ထိရောက်အောင်မြင်စွာ ချိတ်ဆက်ဆောင်ရွက်မှု၊ တပ်မတော်နှင့် ဝန်ကြီးဌာနများအကြား ပူးပေါင်းဆောင်ရွက်မှု၊ ပြည်တွင်းလူမှုရေးအသင်းအဖွဲ့များ/ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများတွင် စံသတ်မှတ်ချက်နှင့် လမ်းညွှန်ချက်များအဖြစ် လိုက်နာဆောင်ရွက်နိုင်ရေးအတွက် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံ ခန့်ခွဲမှုတည်မြဲအမိန့်ကို ရေးဆွဲဆောင်ရွက်ပါသည်။

ယခုထုတ်ပြန်ဆောင်ရွက်သည့် တည်မြဲအမိန့်တွင် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံ ခန့်ခွဲမှုနှင့်စပ်လျဉ်း၍ ကမ္ဘာလုံးဆိုင်ရာနှင့် အာဆီယံဒေသအဆင့်တို့တွင် တိုးတက်ပြောင်းလဲ ဆောင်ရွက်မှုများ၊ မူဘောင်များ၊ သဘောတူညီချက်များ၊ မြန်မာနိုင်ငံ၏ ပူးပေါင်းပါဝင် ဆောင် ရွက်မှုများ၊ လက်ရှိဆောင်ရွက်နေသည့် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုစနစ်များအား

အနှစ်ချုပ်ဖော်ပြထားသည့်အတွက် လေ့လာကိုးကားဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ ထို့အပြင် သဘာဝဘေးအန္တရာယ်ကျရောက်သောဒေသဖြစ်ကြောင်း ကြေညာနိုင်သည့် အခြေအနေများ၊ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဗဟိုဌာနဖွင့်လှစ်ခြင်းဆိုင်ရာကိစ္စရပ်များ၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုလုပ်ငန်းကော်မတီနှင့်အဖွဲ့များမှ ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များအား ဥပဒေ၊ နည်းဥပဒေတို့နှင့်အညီပြုစုထားသဖြင့် ရည်ညွှန်းကိုးကားဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုလုပ်ငန်းများ ဆောင်ရွက်ရာ၌ ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများအားကောင်းခြင်း၊ အရေးပေါ်တုံ့ပြန်မှုလုပ်ငန်းများ ထိရောက်မြန်ဆန်ခြင်း၊ ပိုမိုကောင်းမွန်သော ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဖြစ်စေခြင်းတို့သည် သဘာဝဘေးအန္တရာယ်များကြောင့် ထိခိုက်ဆုံးရှုံးမှုများ လျော့နည်းသက်သာစေရေးအတွက် အဓိကကျသောလုပ်ငန်းများဖြစ်ပါသည်။ ဤသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုတည်မြဲအမိန့်ကို ရည်ညွှန်းကိုးကားလိုက်နာ ဆောင်ရွက်ခြင်းဖြင့် သဘာဝဘေးဒဏ်ကို ကြံ့ကြံ့ခံရင်ဆိုင်တုံ့ပြန်နိုင်စွမ်းရှိသော၊ သဘာဝဘေးဒဏ်မှကင်းဝေးသော ရပ်ရွာအသိုက်အဝန်းအဖြစ်တည်ဆောက်နိုင်ရေး ဝိုင်းဝန်းဆောင်ရွက်ကြရန် အလေးအနက်တိုက်တွန်းအပ်ပါသည်။

စိုးဝင်း

နိုင်ငံတော်ဒုတိယဝန်ကြီးချုပ်

ဥက္ကဋ္ဌ

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၏ ဥယျောဇဉ်**

မြန်မာနိုင်ငံတွင် သဘာဝဘေးကျရောက်ဖြစ်ပွားမှုများကြောင့် နှစ်စဉ် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်နှင့် ကဏ္ဍအလိုက်ပျက်စီးဆုံးရှုံးမှုများကိုကြုံတွေ့နေရပါသည်။ သို့ဖြစ်ပါ၍ သဘာဝဘေးများကြောင့် ထိခိုက်ဆုံးရှုံးမှုအနည်းဆုံးဖြစ်စေရေးနှင့် ခိုင်မာအားကောင်းသော သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုစနစ်တစ်ရပ်ဖြစ်စေရေး အလေးပေးဆောင်ရွက်လျက် ရှိပါသည်။

သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုတည်မြဲအမိန့်(၂၀၂၂) သည် ယခင် ၂၀၀၉ ခုနှစ်က ရေးဆွဲထုတ်ပြန်ခဲ့သည့် တည်မြဲအမိန့်ကို ခေတ်ကာလနှင့်လျော်ညီစွာ ပြန်လည်ပြင်ဆင်ရေးဆွဲ ဆောင်ရွက်ခြင်းဖြစ်ပြီး ပြင်ဆင်ရေးဆွဲရာတွင် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၏ လမ်းညွှန်မှုများနှင့်အညီ အတွင်းရေးမှူးရုံးအဖြစ် တာဝန်ယူဆောင်ရွက်သည့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ဦးဆောင် ဆောင်ရွက်ခဲ့ပါသည်။ တည်မြဲအမိန့်ပြင်ဆင်ရေးဆွဲရေး Core Group ဖွဲ့စည်း၍ မူကြမ်းများ ပြင်ဆင်ရေးဆွဲပြီး သက်ဆိုင်ရာလုပ်ငန်းကော်မတီများ၊ နေပြည်တော်နှင့် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များထံသို့ပေးပို့၍ ပြင်ဆင်ဖြည့်စွက်ခြင်း၊ တပ်မတော်နှင့် ဝန်ကြီးဌာနများ အကြားပူးပေါင်းဆောင်ရွက်ရန်လုပ်ငန်းများနှင့်စပ်လျဉ်း၍ သဘောထားမှတ်ချက်ရယူခြင်းစသည့် လုပ်ငန်းအဆင့်ဆင့်ဖြင့် ပြုစုခဲ့ပါသည်။

ယခု သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုတည်မြဲအမိန့်၌ သဘာဝဘေးအန္တရာယ် ဆိုင်ရာစီမံခန့်ခွဲမှုလုပ်ငန်းစဉ်များဖြစ်သည့် ကြိုတင်ပြင်ဆင်ခြင်း၊ အရေးပေါ်တုံ့ပြန်ခြင်း၊ ပြန်လည် ထူထောင်ခြင်းအဆင့်များအလိုက် လုပ်ငန်းကော်မတီများ၊ ပြည်ထောင်စုနယ်မြေ နေပြည်တော် နှင့် တိုင်းဒေသကြီး/ ပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့များ၏ တာဝန်များ

သတ်မှတ်ဖော်ပြထားခြင်း၊ တပ်မတော်နှင့် ဝန်ကြီးဌာနများအကြား ပူးပေါင်းဆောင်ရွက်ရန် လုပ်ငန်းများ၊ ပြည်တွင်း လူမှုရေးအသင်းအဖွဲ့များ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်သည့် လုပ်ငန်းများကို ဖော်ပြထားခြင်းတို့ကြောင့် သက်ဆိုင်ရာလုပ်ငန်း တာဝန်အလိုက် ရှင်းလင်းတိကျစွာ ဆောင်ရွက်နိုင်မည်ဖြစ်ပြီး အချင်းချင်းချိတ်ဆက်ညှိနှိုင်း ဆောင်ရွက်မှုများလည်း ပိုမိုအားကောင်းလာမည်ဖြစ်ကြောင်း ယုံကြည်ပါသည်။

သို့ဖြစ်ရာ ဤတည်မြဲအမိန့်အား ရည်ညွှန်းအသုံးပြုကာ အမျိုးသားသဘာဝဘေးအန္တရာယ် ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ၏ ဦးဆောင်မှု၊ လုပ်ငန်းကော်မတီများ၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်နှင့် တိုင်းဒေသကြီး/ ပြည်နယ်သဘာဝဘေး အန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့များ၊ ပြည်တွင်းလူမှုရေးအသင်းအဖွဲ့များ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ ပြည်သူများအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်မှုတို့ဖြင့် သဘာဝဘေးအန္တရာယ်များကြောင့် ထိခိုက်ဆုံးရှုံးမှုများ အနည်းဆုံးဖြစ်စေရေး အားထုတ်ကြိုးပမ်းဆောင်ရွက်သွားရန်ဖြစ်ပါကြောင်း တိုက်တွန်း အပ်ပါသည်။

ဒေါက်တာသက်သက်ခိုင်

ပြည်ထောင်စုဝန်ကြီး

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

ဥက္ကဋ္ဌ

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုလုပ်ငန်းကော်မတီ

# အတိုကောက်ဝေါဟာရများစာရင်း

| | |
|---|---|
| AADMER | ASEAN Agreement on Disaster Management and Emergency Response<br>ဘေးအန္တရာယ် ဆိုင်ရာစီမံခန့်ခွဲမှုနှင့် အရေးပေါ်တုံ့ပြန်မှုဆိုင်ရာ အာဆီယံ သဘောတူညီချက် |
| AATHP | ASEAN Agreement on Transboundary Haze Pollution<br>နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှုဆိုင်ရာ အာဆီယံ သဘောတူ ညီချက် |
| ACDM | ASEAN Committee on Disaster Management<br>အာဆီယံသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ |
| AEC | ASEAN Economic Community<br>အာဆီယံစီးပွားရေးအသိုက်အဝန်း |
| AHA Centre | ASEAN Coordinating Centre for Humanitarian Assistance on disaster management<br>အာဆီယံ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ လူသားချင်းအကူအညီ ပေးရေး ညှိနှိုင်းမှုဌာန |
| ARDEX | ASEAN Regional Disaster Emergency Response Simulation Exercise<br>သဘာဝဘေးဆိုင်ရာ အရေးပေါ်တုံ့ပြန်မှုများအတွက် အာဆီယံအဆင့် သဏ္ဌာန်တူလေ့ကျင့်ခန်း |
| ASC | ASEAN Security Community<br>အာဆီယံလုံခြုံရေးအသိုက်အဝန်း |
| ASCC | ASEAN Socio-Cultural Community<br>အာဆီယံလူမှုရေး-ယဉ်ကျေးမှုအသိုက်အဝန်း |

| | |
|---|---|
| ASEAN | Association of Southeast Asian Nations<br><br>အရှေ့တောင်အာရှနိုင်ငံများအသင်း |
| ASEAN-ERAT | ASEAN-Emergency Response and Assessment Team<br><br>အာဆီယံအရေးပေါ်တုံ့ပြန်ရေးနှင့် ဆန်းစစ်လေ့လာရေးအဖွဲ့ |
| DELSA | Disaster Emergency Logistic System for ASEAN<br><br>အာဆီယံသဘာဝဘေး အရေးပေါ် ထောက်ပံ့ပို့ဆောင်မှုစနစ် |
| DMC | Disaster Management Centre<br><br>သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဗဟိုဌာန |
| EOC | Emergency Operation Centre<br><br>အရေးပေါ်အခြေအနေစီမံခန့်ခွဲမှုဗဟိုဌာန |
| GMDSS | Global Maritime Distress and Safety System<br><br>သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေး ဦးစီးဌာန |
| HC | Humanitarian Coordinator<br><br>လူသားချင်းစာနာမှုဆိုင်ရာညှိနှိုင်းရေးမှူး |
| HFA | Hyogo Framework for Action (2005-2015)<br><br>ဟျိုဂို မူဘောင်လုပ်ငန်းစဉ် (၂၀၀၅ - ၂၀၁၅) |
| INGOs | International Non-Government Organizations<br><br>အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်းများ |
| MAPDRR | Myanmar Action Plan on Disaster Risk Reduction<br><br>မြန်မာနိုင်ငံဘေးအန္တရာယ်ကြောင့်ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေး<br><br>လုပ်ငန်းစီမံချက် |

| | |
|---|---|
| MNFCR | Myanmar National Framework for Community Resilience<br><br>မြန်မာနိုင်ငံပြည်သူလူထု သဘာဝဘေးရင်ဆိုင်တုံ့ပြန်နိုင်စွမ်းမြင့်မားစေရေး အမျိုးသားအဆင့် မူဘောင် |
| NDMC | National Disaster Management Committee<br><br>အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ |
| NGOs | Non-Government Organizations<br><br>အစိုးရမဟုတ်သော အဖွဲ့အစည်းများ |
| OCHA | United Nations Office for the Coordination of Humanitarian Affairs<br><br>ကုလသမဂ္ဂလူသားချင်းစာနာမှုဆိုင်ရာ ကွပ်ကဲညှိနှိုင်းဆောင်ရွက်ရေးရုံး |
| SASOP | Standard Operating Procedure for Regional Standby Arrangements and Coordination of Joint Disaster Relief and Emergency Response Operations<br>သဘာဝဘေးကယ်ဆယ်ရေးနှင့်အရေးပေါ်တုံ့ပြန်ရေးလုပ်ငန်းများဆောင်ရွက်နိုင်ရေးအတွက် ရေးဆွဲထားရှိသော စံသတ်မှတ်ထားသောလုပ်ထုံးလုပ်နည်းများ |
| SFDRR | Sendai Framework on Disaster Risk Reduction ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရေးဆိုင်ရာ ဆန်ဒိုင်းမူဘောင် |
| SOP | Standard Operating Procedure<br><br>စံသတ်မှတ်ထားသောလုပ်ထုံးလုပ်နည်း |
| UN | United Nations<br><br>ကမ္ဘာ့ကုလသမဂ္ဂ |
| UNDAC | United Nations Disaster Assessment and Coordination<br><br>ကုလသမဂ္ဂဘေးအန္တရာယ်ဆန်းစစ်အကဲဖြတ်ခြင်းနှင့် ပူးပေါင်းဆောင်ရွက်မှု |

| | |
|---|---|
| UNDRO | United Nations Disaster Relief Office<br><br>ကုလသမဂ္ဂ သဘာဝဘေးကယ်ဆယ်ရေးရုံး |
| UNDRR | United Nations Office for Disaster Risk Reduction<br><br>ဘေးအန္တရာယ်ကြောင့်ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးဆိုင်ရာ ကုလသမဂ္ဂရုံး |
| VSAT | Very Small Aperture Terminal<br><br>ဂြိုဟ်တုစနစ်သုံး ဆက်သွယ်ရေးစနစ် |
| WCDRR | World Conference on Disaster Risk Reduction<br><br>ကုလသမဂ္ဂ သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရေး ကမ္ဘာ့ညီလာခံ |
| WUG | Water User Group<br><br>ရေအသုံးချသူများအဖွဲ့ |

# အခန်း(၁)

## နောက်ခံအချက်အလက်များ

### နိဒါန်း

၁။ မြန်မာနိုင်ငံသည် ကမ်းရိုးတန်းရှည်လျားသည့်နိုင်ငံဖြစ်ခြင်း၊ မြစ်ချောင်းပေါ်များခြင်း၊ တောင်ကုန်းတောင်တန်းများပြားခြင်း၊ မြောက်မှတောင်အထိရှည်လျားသည့် သက်ရှင်ပြတ်ရွေ့ ဖြစ်သော စစ်ကိုင်းပြတ်ရွေ့နှင့် အခြားသောပြတ်ရွေ့ငယ်များရှိခြင်း၊ နိုင်ငံ၏ရာသီဥတုအခြေအနေ အရ မြို့ပြမီးနှင့် တောမီး လောင်ကျွမ်းခြင်း၊ ရေကြီးရေလျှံခြင်း၊ မြေပြိုခြင်း၊ တောင်ပြိုခြင်း၊ မုန်တိုင်းတိုက်ခတ်ခြင်း၊ လေပြင်းတိုက်ခတ်ခြင်း၊ မိုးကြိုးပစ်ခြင်း၊ ငလျင်လှုပ်ခြင်း၊ ဆူနာမီ ဖြစ်ပေါ်ခြင်းစသည့် သဘာဝဘေးအန္တရာယ်မျိုးစုံ ဖြစ်ပွားနိုင်သည့် နိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။ ထို့အပြင် ရာသီဥတုဖောက်ပြန်မှုကြောင့် ပိုမိုပြင်းထန်စွာ ဖြစ်ပွားသည့် သဘာဝဘေးအန္တရာယ် များ၊ ပိုးမွှားတိရစ္ဆာန် ဖျက်ဆီးမှုကြောင့်ဖြစ်ပေါ်သည့် စားနပ်ရိက္ခာရှားပါးမှုများ၊ ကူးစက်ရောဂါ များ၏ ဆိုးကျိုးသက်ရောက်မှုများကိုလည်း ခံစားရလျက်ရှိသည့် နိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။

၂။ အဆိုပါ သဘာဝကြောင့်ဖြစ်သည့် ဘေးအန္တရာယ်များနှင့် လူတို့ကြောင့်ဖြစ်သည့် ဘေးအန္တရာယ်များကြောင့် နှစ်စဉ် လူ့အသက်၊ အိုးအိမ်ပစ္စည်းဥစ္စာများ ဆုံးရှုံးရခြင်း၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ စိုက်ပျိုးရေး၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ၊ အခြေခံ အဆောက်အအုံများစသည့် ကဏ္ဍအလိုက် ထိခိုက်ဆုံးရှုံးမှုများဖြစ်ပေါ်လျက်ရှိပြီး နေ့စဉ် နေထိုင်မှု ဘဝများတွင်လည်း ဘေးအန္တရာယ်များ၏ ခြိမ်းခြောက်မှုများကို ခံစားနေရပါသည်။

၃။ မြန်မာနိုင်ငံသည် သဘာဝဘေးဖြစ်ပွားမှုနှင့်စပ်လျဉ်း၍ ကြိုတင်ပြင်ဆင်မှုနှင့် အတွေ့ အကြုံ အားနည်းခဲ့သဖြင့် ၂၀၀၈ ခုနှစ်တွင် ဖြစ်ပွားခဲ့သည့် နာဂစ်မုန်တိုင်းကြောင့် လူ့အသက်ပေါင်း များစွာဆုံးရှုံးခဲ့ရပြီး ထိခိုက်ပျက်စီးဆုံးရှုံးမှု အကြီးမားဆုံးသော မြန်မာ့သမိုင်းဝင် ဘေးအန္တရာယ် တစ်ခုဖြစ်ခဲ့ပါသည်။ အဆိုပါ ဆုံးရှုံးမှုများစွာဖြင့် ရရှိခဲ့သည့် နာဂစ်မုန်တိုင်းဘေးအတွေ့အကြုံများ

ကို အခြေခံ၍ ပြည်သူလူထု အပါအဝင် အစိုးရဌာန/အဖွဲ့အစည်းများ၊ ပညာရပ်ဆိုင်ရာအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍများ၊ လူမှုရေးအဖွဲ့အစည်းများ၏ လုပ်ငန်းကဏ္ဍအသီးသီးတွင် သဘာဝဘေးအန္တရာယ်လျော့ပါးရေးလုပ်ငန်းများကို ပိုမိုအလေးထား ထည့်သွင်းစဉ်းစားဆောင်ရွက်လာကြပါသည်။

၄။ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုနှင့်ပတ်သက်၍ ၂၀၀၈ ခုနှစ် မတိုင်မီကပင် နိုင်ငံတော်အဆင့်တွင် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ၊ ဆပ်ကော်မတီများ၊ တိုင်းဒေသကြီး/ပြည်နယ်အဆင့် ကော်မတီများ အဆင့်ဆင့်ဖွဲ့စည်းကာ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြပါသည်။ ၂၀၀၈ ခုနှစ်၊ နာဂစ်မုန်တိုင်းတွင် နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် ထိခိုက်ဆုံးရှုံးမှုများရှိသကဲ့သို့ သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ ပိုမိုထိရောက်ကောင်းမွန်သည့် စီမံခန့်ခွဲမှုဆိုင်ရာ အခွင့်အလမ်းကောင်းများကိုလည်း ရရှိခဲ့ပါသည်။

၅။ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုနှင့် စပ်လျဉ်း၍ နိုင်ငံတကာနှင့်ချိတ်ဆက်ပူးပေါင်းဆောင်ရွက်မှုများ၊ ပြည်တွင်းအင်အားစုများ၏ ပူးပေါင်း ဆောင်ရွက်မှုများကို ပိုမိုမြှင့်တင်နိုင်ခဲ့ပြီး ပညာရပ်ပိုင်းဆိုင်ရာ၊ နည်းပညာပိုင်းဆိုင်ရာ လေ့လာသင်ယူမှုအခွင့်အလမ်းများ ပိုမိုရရှိခဲ့ပါသည်။ ပြည်သူလူထုအတွင်း သဘာဝဘေးအန္တရာယ်ဆိုင်ရာအသိပညာပေးလုပ်ငန်းများကို ပိုမိုတိုးမြှင့်ဆောင်ရွက်ခဲ့ပြီး သက်ဆိုင်ရာကဏ္ဍအလိုက် သဘာဝဘေးအန္တရာယ်များကိုထည့်သွင်းစဉ်းစား၍ ကြိုတင်ပြင်ဆင်မှု၊ ကြိုတင်ကာကွယ်မှုဆိုင်ရာလုပ်ငန်းများကို ပိုမိုအလေးပေးဆောင်ရွက်ခဲ့ပါသည်။ သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဥပဒေ၊ နည်းဥပဒေများထုတ်ပြန်ဆောင်ရွက်ခဲ့ပြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးစာအုပ်စာစောင်များ၊ လမ်းညွှန်ချက်များ၊ လေ့လာဆန်းစစ်ဖော်ထုတ်ချက်များ၊ စီမံချက်များ၊ မူဘောင်များစသည့် ရည်ညွှန်းကိုးကားဆောင်ရွက်ရန် စာအုပ်စာစောင်များကို အစိုးရဌာနများ၊ ပညာရှင်များ၊ ပြည်တွင်း/ ပြည်ပအဖွဲ့အစည်းများနှင့်

ပူးပေါင်းရေးဆွဲကာ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုလုပ်ငန်းများတွင် အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၆။ ၂၀၁၉ ခုနှစ်တွင် အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီက ရေးဆွဲထုတ်ပြန်ခဲ့သည့် "**သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအတွက်တည်မြဲအမိန့်**" သည် သဘာဝဘေးအန္တရာယ်များပေါ်ပေါက်လာသည့်အခါ ဆုံးရှုံးမှုနည်းပါးသည်ထက် နည်းပါးစေရန် ရည်ရွယ်ရေးဆွဲခဲ့ပါသည်။ အဆိုပါတည်မြဲအမိန့်တွင် အဓိကအားဖြင့် ဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များ၏ တာဝန်ဝတ္တရားများကိုဖော်ပြထားပြီး ဘေးအန္တရာယ်မကျရောက်မီ ကြိုတင်ပြင်ဆင်ခြင်း၊ ဘေးအန္တရာယ်ကျရောက်ချိန် တုံ့ပြန်ဆောင်ရွက်ခြင်း၊ ဘေးအန္တရာယ် ကျရောက်ပြီးနောက် ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာ၌ အချိတ်အဆက်မိမိဖြင့် ဆောင်ရွက်နိုင်ရေးအတွက် ရည်ညွှန်းကိုးကား ဆောင်ရွက်ခဲ့ပါသည်။

၇။ အဆိုပါ တည်မြဲအမိန့်အား ရေးဆွဲထုတ်ပြန်အသုံးပြုခဲ့သည်မှာ ဆယ်စုနှစ်တစ်ခုကျော်ခန့် ရှိလာပြီဖြစ်သည့်အတွက်လည်းကောင်း၊ ပြောင်းလဲဖြစ်ပေါ်လာသည့် သဘာဝဘေးအန္တရာယ် အခြေအနေများအရလည်းကောင်း၊ နိုင်ငံတကာနှင့် အာဆီယံဒေသတွင်း သဘာဝဘေးအန္တရာယ် ဆိုင်ရာလုပ်ငန်းများ၌ ပူးပေါင်းပါဝင်ဆောင်ရွက်မှု အခြေအနေများအရလည်းကောင်း၊ စီမံခန့်ခွဲမှု ပုံစံများပြောင်းလဲလာသည့် အခြေအနေများအရလည်းကောင်း တည်မြဲအမိန့်ကို ခေတ်ကာလနှင့် လျော်ညီစွာ ပြင်ဆင်ရေးဆွဲနိုင်ရေးဆောင်ရွက်ခြင်းဖြစ်ပါသည်။

၈။ တည်မြဲအမိန့်ကို ခေတ်ကာလနှင့်လျော်ညီစေရေး၊ လက်ရှိ သဘာဝဘေးအန္တရာယ် ဖြစ်ပွားမှု အခြေအနေများနှင့်အညီ လိုက်လျောညီထွေဖြစ်စေမည့် စီမံခန့်ခွဲဆောင်ရွက်မှုမျိုးဖြစ်စေရေး၊ နိုင်ငံတော်အစိုးရ၏ မူဝါဒ၊ လမ်းညွှန်မှုများနှင့်အညီ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံ ခန့်ခွဲမှုကော်မတီ၏ ဦးဆောင်မှုဖြင့် လုပ်ငန်းကော်မတီများ၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်နှင့်

တိုင်းဒေသကြီး/ ပြည်နယ်အဆင့်ကော်မတီများသည် သက်ဆိုင်ရာကဏ္ဍအလိုက် လုပ်ငန်းတာဝန်များကို စုစည်းညီညွတ်စွာဖြင့် ဆောင်ရွက်နိုင်ရေး၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဥပဒေ၊ နည်းဥပဒေတို့နှင့် ညီညွတ်စေရေးတို့အတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီသည် ဤ "**သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုတည်မြဲအမိန့်**" ကို ၂၀၂၂ ခုနှစ်တွင် ပြင်ဆင်ရေးဆွဲခဲ့ပါသည်။

## ရည်ရွယ်ချက်

၉။ သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုတည်မြဲအမိန့်၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) မြန်မာနိုင်ငံ၏ သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုစနစ်ကို သိရှိနားလည်ပြီး လုပ်ငန်းများဆောင်ရွက်ရာတွင် ဥပဒေ၊ မူဘောင်များနှင့်အညီ စနစ်တကျ ဆောင်ရွက်နိုင်ရန်၊

(ခ) သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုလုပ်ငန်းများအား သတ်မှတ်ထားရှိသည့် လုပ်ငန်းတာဝန်များနှင့်အညီ စုစည်းညီညွတ်စွာ၊ ထိရောက်အောင်မြင်စွာ ချိတ်ဆက်ဆောင်ရွက်နိုင်ရန်၊

(ဂ) အမျိုးသားအဆင့်၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ်အဆင့်တို့တွင် သဘာဝဘေးအန္တရာယ်ကြိုတင်ပြင်ဆင်ရေး၊ အရေးပေါ်တုံ့ပြန်ရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ ကဏ္ဍအလိုက် အကိုးအကားပြု ဆောင်ရွက်နိုင်ရန်၊

(ဃ) လုပ်ငန်းကော်မတီအလိုက်သော်လည်းကောင်း၊ ပြည်ထောင်စုနယ်မြေနေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ်အလိုက်သော်လည်းကောင်း၊ တပ်မတော်နှင့် ဝန်ကြီးဌာန

များအကြား ပူးပေါင်းဆောင်ရွက်မှုနှင့်စပ်လျဉ်း၍သော်လည်းကောင်း စံသတ်မှတ်ချက်နှင့် လမ်းညွှန်ချက်များအဖြစ် လိုက်နာဆောင်ရွက်နိုင်ရန်။

**သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုနှင့်စပ်လျဉ်းသည့် ဥပဒေမူဘောင်များ**

၁၀။ ကမ္ဘာ့နိုင်ငံအသီးသီးသည် ရင်ဆိုင်ကြုံတွေ့လာရသည့် သဘာဝဘေးအန္တရာယ်များကို ကိုင်တွယ်ဖြေရှင်းရာ၌ စနစ်တကျနှင့် ဟန်ချက်ညီစွာ ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံ၏ အခြေအနေနှင့်ကိုက်ညီမှုရှိသည့် စီမံခန့်ခွဲမှု မူဘောင်များ၊ လုပ်ထုံးလုပ်နည်းများကို ချမှတ်ဆောင်ရွက်လာကြပါသည်။ ယင်းသို့ မူဘောင်များနှင့် လုပ်ထုံးလုပ်နည်းများကို ပြုစုရေးဆွဲရာတွင် ကျေးရွာအုပ်စု/ ရပ်ကွက်၊ မြို့နယ်အဆင့်မှသည် နိုင်ငံတော်အဆင့်ထိတိုင် သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ခြင်း၊ ကြိုတင်ပြင်ဆင်ခြင်း၊ ဘေးအန္တရာယ်များမှ ကြံ့ကြံ့ခံနိုင်စေရန် ဆောင်ရွက်ခြင်းစသည့် အလေ့အကျင့်များကို ပျိုးထောင်ရာ၌ အသိပညာ၊ ဗဟုသုတ၊ တီထွင်ဆန်းသစ်မှုနှင့် ပညာရေးစသည်တို့မှတစ်ဆင့် သဘာဝဘေးလျော့ပါးရေးနှင့် စီမံခန့်ခွဲရေးတို့နှင့်စပ်လျဉ်းသည့် ကိစ္စရပ်များကိုပါထည့်သွင်း ပေါင်းစပ်ဆောင်ရွက်တတ်သည့် ယဉ်ကျေးမှုစနစ်တစ်ခုဖြစ်လာနိုင်စေရန်လည်း အားထုတ်လာကြပါသည်။ ၎င်းအပြင် နည်းပညာများ၊ ရိုးရာအစဉ်အလာ အသိပညာနှင့် သဘာဝပတ်ဝန်းကျင် ရေရှည်တည်တံ့စေမှုတို့အား ထည့်သွင်းစဉ်းစား ဆောင်ရွက်လာကြပါသည်။

**ကမ္ဘာလုံးဆိုင်ရာအဆင့် မူဘောင်များ**

၁၁။ ကမ္ဘာလုံးဆိုင်ရာအဆင့်အနေဖြင့် ၁၉၉၉ ခုနှစ်၊ ဒီဇင်ဘာလ (၂၂) ရက်နေ့တွင် ကုလသမဂ္ဂ သဘာဝဘေးကယ်ဆယ်ရေးရုံး United Nations Disaster Relief Office (UNDRO) ကို စတင်ထူထောင်ခဲ့ပြီး ယနေ့အချိန်တွင် ဘေးအန္တရာယ်ကြောင့်ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးဆိုင်ရာ ကုလသမဂ္ဂရုံး United Nations Office for Disaster Risk Reduction (UNDRR) အဖြစ်ပြောင်းလဲဖွဲ့စည်းခဲ့ပါသည်။

၁၂။ ၁၉၉၀ ပြည့်နှစ်ကာလများ၌ International Decade for Natural Disaster Reduction အဖြစ်သတ်မှတ်ခဲ့ပြီး ထိခိုက်ဆုံးရှုံးနိုင်ခြေဆန်းစစ်လေ့လာခြင်း၊ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ခြင်းနှင့် ကြိုတင်ပြင်ဆင်ခြင်းကို နိုင်ငံအဆင့်၊ ဒေသအဆင့်နှင့် ကမ္ဘာ့အဆင့် ဖွံ့ဖြိုးမှုဆိုင်ရာမူဝါဒများနှင့်အစီအစဉ်များရေးဆွဲရာတွင်ထည့်သွင်းစဉ်းစားဆောင်ရွက်ရန်၊ စွမ်းဆောင်ရည်ပိုမို မြင့်မားလာစေရေးဆောင်ရွက်ရန်၊ ထိရောက်သော ကြိုတင်သတိပေးစနစ် တည်ဆောက်ရန်နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ဆင်းရဲမှုပပျောက်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးဆိုင်ရာ လုပ်ငန်းများနှင့် ဆက်စပ်ဆောင်ရွက်နိုင်ရန် ၁၉၉၄ ခုနှစ်တွင် ယိုကိုဟားမား မဟာဗျူဟာနှင့် လုပ်ငန်းစဉ် “Yokohama Strategy and Plan of actions for a Safer World” ကို ချမှတ်ခဲ့ပါသည်။

၁၃။ သက္ကရာဇ် ၂၀၀၀ ပြည့်နှစ်ကာလများမှစတင်ကာ အလျင်အမြန် တိုးတက်ပြောင်းလဲလာသည့် နည်းပညာများနှင့် အရည်အသွေးလျော့ကျလာသည့် သဘာဝပတ်ဝန်းကျင်အခြေအနေများကြောင့် ရင်ဆိုင်ကြုံတွေ့လာရသည့် ဘေးအန္တရာယ်များမှ ကြိုတင်ပြင်ဆင်နိုင်ရန်၊ ထိခိုက်ဆုံးရှုံးနိုင်ခြေများကို လျှော့ချနိုင်ရန်၊ ဖွံ့ဖြိုးမှုဆိုင်ရာမူဝါဒများနှင့် အစီအမံများ ချမှတ်ရာတွင် သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးကိုပါ ထည့်သွင်းစဉ်းစားလာနိုင်စေရန်နှင့် နိုင်ငံအစိုးရများအချင်းချင်းကြား၌သော်လည်းကောင်း၊ အစိုးရနှင့် ကုလသမဂ္ဂအဖွဲ့အစည်းများအကြား၌သော်လည်းကောင်း ချိတ်ဆက်ဆောင်ရွက်မှုများ ပိုမိုအားကောင်းလာစေရန် သဘာဝဘေးလျော့ပါးရေးဆိုင်ရာနိုင်ငံတကာမဟာဗျူဟာ (International Strategy for Disaster Reduction) ကို ချမှတ်ခဲ့ကြပါသည်။ ၂၀၀၂ ခုနှစ်တွင် ထုတ်ပြန်ခဲ့သည့် Johannesburg Declaration and Plan of implementation of the World Summit on Sustainable Development (2002) ကို စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှု ဖော်ဆောင်နိုင်ရေးအတွက် အဓိကဦးစားပေးရေးဆွဲထားပြီး ဖွံ့ဖြိုးမှုအရှိန်အဟုန်များကို အဟန့်အတားဖြစ်စေသည့် သဘာဝဘေး

အန္တရာယ်များမှ လျော့နည်းသက်သာစေရေးအတွက် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု လုပ်ငန်းစဉ်များကို ထည့်သွင်းစဉ်းစားရေးဆွဲခဲ့ပါသည်။ ၎င်းကြေညာစာတမ်းသည် ၂၁ ရာစုတွင် သဘာဝဘေးအန္တရာယ်များမှ ပိုမိုဘေးကင်းလုံခြုံသော ကမ္ဘာကြီးဖြစ်လာစေရေးအတွက် သဘာဝ ဘေးအန္တရာယ်ကြိုတင်ကာကွယ်မှု၊ ကြိုတင်ပြင်ဆင်မှု၊ တုံ့ပြန်ဆောင်ရွက်မှုနှင့် ပြန်လည် ထူထောင်မှု လုပ်ငန်းများကို အားလုံးပူးပေါင်း ပါဝင်သောနည်းလမ်းဖြင့် ဆောင်ရွက်နိုင်စေရန် တိုက်တွန်းထားခြင်းဖြစ်ပါသည်။

၁၄။ ၂၀၀၅ ခုနှစ်၊ ဇန်နဝါရီလတွင် ဂျပန်နိုင်ငံ၊ကိုဘေး၌ပြုလုပ်ခဲ့သည့် သဘာဝဘေးလျော့ပါးရေး ကမ္ဘာ့ညီလာခံ(World Conference on Disaster Reduction) က ၂၀၀၅ ခုနှစ်မှ ၂၀၁၅ ခုနှစ်အထိ ကာလအတွင်း သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးရမှုများမှ လျော့ပါးသက်သာစေရန် ဆောင်ရွက်သွားမည့် ကမ္ဘာလုံးဆိုင်ရာအသေးစိတ်စီမံချက်ဖြစ်သော ဟိုင်ဂို မူဘောင်လုပ်ငန်းစဉ် (၂၀၀၅ - ၂၀၁၅) (Hyogo Framework for Action (2005-2015) - HFA) ကို ချမှတ်ခဲ့ကြပါသည်။ ဟိုင်ဂိုမူဘောင်လုပ်ငန်းစဉ်တွင် သဘာဝဘေးလျော့ပါးရေးကို နိုင်ငံနှင့် ဒေသ၏ ဦးစားပေးအဖြစ် ဆောင်ရွက်ရန်၊ ကြိုတင်သတိပေးစနစ် တိုးတက်လာစေရန်နှင့် ထိခိုက်ဆုံးရှုံးနိုင်ခြေ ဖော်ထုတ်၊ ဆန်းစစ်၊ စောင့်ကြည့်လေ့လာရန်၊ ဘေးကင်းလုံခြုံပြီး ဘေးဒဏ်ခံနိုင်ရည်ရှိသော ယဉ်ကျေးမှု ပေါ်ထွန်းလာရေးအတွက် ပညာရေးဆိုင်ရာ စွမ်းဆောင်ရည်များကို အသုံးချရန်၊ ထိခိုက်ဆုံးရှုံး နိုင်ခြေများကို လျှော့ချရန်နှင့် ကြိုတင်ပြင်ဆင်မှုအလေ့အထများ အားကောင်းလာစေခြင်းဖြင့် ထိရောက်စွာတုံ့ပြန်ဆောင်ရွက်နိုင်ရန်စသည်တို့ကို ဆောင်ရွက်သွားမည့် ဦးစားပေး နယ်ပယ်များ ကိုပါ ထည့်သွင်းသတ်မှတ်ထားခဲ့ပါသည်။

၁၅။ ဟိုင်ဂိုမူဘောင်လုပ်ငန်းစဉ်(၂၀၀၅-၂၀၁၅)အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှု၏ ဆက်ခံမှု အဖြစ် ကမ္ဘာလုံးဆိုင်ရာမူဘောင်ဖြစ်သော ဘေးအန္တရာယ်ကြောင့်ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေး ဆိုင်ရာ ဆန်ဒိုင်းမူဘောင် (၂၀၁၅ -၂၀၃၀) (Sendai Framework on Disaster Risk Reduction-

SFDRR (2015-2030)) ကို ၂၀၁၅ ခုနှစ်၊ မတ်လတွင် ဂျပန်နိုင်ငံ၊ ဆန်ဒိုင်း၌ ပြုလုပ်ခဲ့သည့် တတိယအကြိမ်မြောက် ကုလသမဂ္ဂ သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေး ကမ္ဘာ့ညီလာခံ (The Third UN World Conference on Disaster Risk Reduction- WCDRR) ကြီးတွင် ချမှတ်နိုင်ခဲ့ပါသည်။ ဆန်ဒိုင်းမူဘောင်သည် ၂၀၁၅ ခုနှစ်အလွန်ကာလများ၌ ကမ္ဘာ့နိုင်ငံအားလုံးနှင့် ပါဝင်ပတ်သက်သူတိုင်းက သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်နိုင်စေခြင်းဖြင့် တောင့်တင်းခိုင်မာမှုရှိသည့် သဘာဝဘေးအန္တရာယ်လျော့ပါးသက်သာစေရန်နှင့် အသက်အိုးအိမ်၊ အသက်မွေးဝမ်းကျောင်းမှု၊ ကျန်းမာရေးကဏ္ဍများနှင့် လူတစ်ဦးချင်းဖြစ်စေ၊ စီးပွားရေးလုပ်ငန်းများ၊ ရပ်ရွာအသိုက်အဝန်းများနှင့် နိုင်ငံအလိုက်ဖြစ်စေ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အရင်းအနှီးများအပေါ် သဘာဝဘေးအန္တရာယ်များကြောင့် ထိခိုက် ပျက်စီးဆုံးရှုံးရမှုများမှ လျော့နည်းသက်သာစေရန် ရည်ရွယ်လျက် ဦးစားပေးကဏ္ဍ(၄)ခုကို သတ်မှတ်ခဲ့ပါသည်။

## ဒေသတွင်းအဆင့် မူဘောင်များ

၁၆။ အာရှဒေသသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်လာမှုနှင့် ဆင်းရဲနွမ်းပါးမှုများကို လျှော့ချလာနိုင်သည့်နည်းတူ အခြားတစ်ဖက်တွင်လည်း သဘာဝဘေးအန္တရာယ်အမျိုးမျိုး ဖြစ်ပေါ်ကျရောက်ခြင်းများကိုလည်း ရင်ဆိုင်ကြုံတွေ့ရလျက်ရှိသည်။ အာရှဒေသအတွင်း အထူးသဖြင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများ တည်ရှိရာဒေသများသည် သဘာဝဘေးမျိုးစုံ မကြာခဏဖြစ်ပွားလေ့ရှိပြီး ကမ္ဘာပေါ်၌ သဘာဝဘေးအဖြစ်အများဆုံးဒေသများပင်ဖြစ်ပါသည်။ သို့ဖြစ်ရာ အရှေ့တောင်အာရှနိုင်ငံများအသင်း (ASEAN) အဖွဲ့ဝင်နိုင်ငံများအနေဖြင့် သဘာဝဘေးအန္တရာယ်များမှ ရင်ဆိုင်တုံ့ပြန်ရာတွင် စုပေါင်းအားဖြင့် စီမံဆောင်ရွက်နိုင်ရေးကို ကြိုးပမ်းခဲ့ရာ ၁၉၇၆ ခုနှစ်တွင် ထုတ်ပြန်ကြေညာခဲ့သည့် ASEAN CONCORD ၌ အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှု

ရည်ရွယ်ချက်နှင့် စည်းမျဉ်းစည်းကမ်းများတွင် အဖွဲ့ဝင်နိုင်ငံများအနေဖြင့် သဘာဝဘေးဒဏ် ထိခိုက်ခံစားရသည့် အဖွဲ့ဝင်နိုင်ငံအား ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို တတ်နိုင်သမျှ အကူ အညီပေးနိုင်ရန် ထည့်သွင်းသတ်မှတ်ခဲ့ပါသည်။ အဖွဲ့ဝင်နိုင်ငံတစ်ခု၌ သဘာဝဘေးအန္တရာယ် ဖြစ်ပွားကျရောက်ခဲ့ပါက အခြားအဖွဲ့ဝင်နိုင်ငံများအနေဖြင့် လိုအပ်သော အကူအညီများ ပံ့ပိုးပေး ရာ၌ ထိရောက်လျင်မြန်မှုရှိစေရန် သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်မှု၌ အပြန်အလှန်အကူအညီ ပေးရေးဆိုင်ရာ အာဆီယံကြေညာစာတမ်း (ASEAN Declaration on Mutual Assistance on Natural Disasters)ကိုပါ ထုတ်ပြန်ကြေညာခဲ့ပါသည်။ အာဆီယံဒေသသည် တောမီးလောင်ကျွမ်း ခြင်းကြောင့် မီးခိုးငွေ့အန္တရာယ်ကို နှစ်စဉ်ရင်ဆိုင်ကြရလေ့ရှိရာ တောမီးလောင်ကျွမ်းခြင်းမှ ကြိုတင်ကာကွယ်ခြင်း၊ စောင့်ကြည့်ခြင်း၊ လျော့ပါးသက်သာစေရန် ဆောင်ရွက်ခြင်း စသည်တို့ကို အဖွဲ့ဝင် နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုနှင့် စပ်လျဉ်း၍ ၂၀၀၂ ခုနှစ်တွင် ASEAN Agreement on Transboundary Haze Pollution (AATHP) ကို အဖွဲ့ဝင်နိုင်ငံများက လက်မှတ် ရေးထိုးခဲ့ကြပါသည်။

၁၇။ ၂၀၀၄ ခုနှစ်၊ ဒီဇင်ဘာလတွင် အိန္ဒိယသမုဒ္ဒရာအတွင်း ဖြစ်ပေါ်ခဲ့သည့် အင်အားပြင်း ငလျင်နှင့် ဆူနာမီကြောင့် အင်ဒိုနီးရှားနိုင်ငံနှင့် ထိုင်းနိုင်ငံတို့တွင် လူအသေအပျောက်နှင့် ထိခိုက် ဆုံးရှုံးမှုများဖြစ်ပေါ်ခံစားခဲ့ရသဖြင့် ၂၀၀၅ ခုနှစ်၊ ဇန်နဝါရီလတွင် အာဆီယံခေါင်းဆောင်များ အထူးအစည်းအဝေးတစ်ရပ်ကိုကျင်းပခဲ့ပြီး လူသားချင်းစာနာမှု အရေးပေါ်အခြေအနေများ၌ နိုင်ငံတကာက ပါဝင်သည့် တုံ့ပြန်ဆောင်ရွက်မှုများ ပြုလုပ်ရာတွင် ကြုံတွေ့ရသော ပူးပေါင်း ဆောင်ရွက်ရေးလုပ်ငန်းစဉ်များ၏အရေးပါမှုကို အလေးအနက်ထားဆောင်ရွက်နိုင်ရန်၊ သဘာဝ ဘေးဒဏ်ခံစားရသည့် နိုင်ငံများအား ဘဏ္ဍာငွေနှင့် နည်းပညာအထောက်အပံ့ပေးနိုင်ရန်၊ ဒေသ ဆိုင်ရာအဆင့်၊ နိုင်ငံအဆင့်မှစ၍ အဆင့်အားလုံးတွင် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံ ခန့်ခွဲမှုနှင့်စပ်လျဉ်းသည့် အဖွဲ့အစည်းများ၊ လုပ်ထုံးလုပ်နည်းများနှင့် စွမ်းဆောင်ရည်များ ပိုမိုခိုင်မာ

ဖြစ်ထွန်းလာနိုင်စေရန်စသည်တို့ ပါဝင်သည့် Declaration on Action to Strengthen Emergency Relief, Rehabilitation, Reconstruction and Prevention ကို ထုတ်ပြန် ကြေညာခဲ့ပါသည်။

၁၈။ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုနှင့် အရေးပေါ်တုံ့ပြန်မှုဆိုင်ရာအာဆီယံသဘောတူညီချက် (ASEAN Agreement on Disaster Management and Emergency Response -AADMER) ကို အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများက ၂၀၀၅ ခုနှစ်၊ ဇူလိုင်လ(၂၆)ရက်နေ့တွင် လာအိုနိုင်ငံ၌ သဘောတူလက်မှတ်ရေးထိုးခဲ့ပြီး ၂၀၀၉ ခုနှစ်၊ ဒီဇင်ဘာလ (၂၄)ရက်နေ့တွင် အတည်ပြုခဲ့ပါသည်။ AADMER သည် အာဆီယံဒေသတွင်း သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေး လုပ်ငန်းများအတွက် မူဝါဒပိုင်းဆိုင်ရာ အဓိက ကျောရိုးမဏ္ဍိုင်ဖြစ်ပြီး သဘာဝဘေးကြောင့် အသက်ဆုံးရှုံးမှု၊ လူမှုစီးပွားရေးနှင့် သဘာဝ ပတ်ဝန်းကျင်ထိခိုက်ဆုံးရှုံးရမှုများကို သိသိသာသာ လျှော့နည်းသက်သာစေရန်နှင့် သဘာဝဘေး အရေးပေါ်အခြေအနေများ၌ နိုင်ငံအလိုက် ညီညီညွတ်ညွတ် စုပေါင်းအားထုတ်မှုနှင့် ဒေသတွင်းနှင့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုအားကောင်းလာစေရန် လမ်းညွှန်ချက်များကို ချမှတ် ဖော်ဆောင်ပေးနိုင်ရန်ဖြစ်ပါသည်။ AADMER သဘောတူစာချုပ်၏ လုပ်ငန်းအစီအစဉ် (AADMER Work Programme) များကို နှစ်အပိုင်းအခြားအလိုက် ဆောင်ရွက်လာခဲ့ရာ ၂၀၁၀-၂၀၁၅၊ ၂၀၁၆-၂၀၂၀ နှင့် ယခုလက်ရှိတွင် ၂၀၂၁-၂၀၂၅ ကို စတင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ အာဆီယံသည် ဒေသတွင်းသာမက အာဆီယံဒေသပြင်ပ၌ပါ ဖြစ်ပေါ်သော သဘာဝဘေးအန္တရာယ်များကို တညီတညွတ်အတူတကွ ရင်ဆိုင်တုံ့ပြန်သွားမည် ဆိုသောမူဖြစ်သည့် “One ASEAN, One Response” ကိုပါ ချမှတ်ထားရှိပါသည်။

## နိုင်ငံတော်အဆင့် ဥပဒေမူဘောင်များ

၁၉။ မြန်မာနိုင်ငံသည် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာနှင့် ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေ

လျှော့ချရေးဆိုင်ရာအစီအမံများကို ၂၀၀၈ ခုနှစ် နောက်ပိုင်းမှစတင်၍အရှိန်အဟုန်ဖြင့် ဆောင်ရွက်လာခဲ့ရာ "မြန်မာနိုင်ငံဘေးအန္တရာယ်ကြောင့်ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေး လုပ်ငန်းစီမံချက် (Myanmar Action Plan on Disaster Risk Reduction-MAPDRR)" ကို ၂၀၁၂ ခုနှစ်တွင် ကမ္ဘာလုံးဆိုင်ရာအဆင့် ယိုဂိုမူဘောင်လုပ်ငန်းစဉ် (HFA)ပါ လိုက်နာဆောင်ရွက်ရမည့် ရည်မှန်းချက်များနှင့်အညီရေးဆွဲဆောင်ရွက်ခဲ့ပါသည်။ ဆက်လက်၍ "လူ့အသက်ဆုံးရှုံးရမှုများ၊ စီးပွားရေး၊ ယဉ်ကျေးမှုအမွေအနှစ်နှင့် သဘာဝပတ်ဝန်းကျင်ကို ကာကွယ်စောင့်ရှောက်ပေးခြင်းဖြင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်သည့်မြန်မာနိုင်ငံဖြစ်ပေါ်လာစေရန်" မျှော်မှန်းချက်ထားရှိလျက် ၂၀၁၇ ခုနှစ်တွင် MAPDRR ဒုတိယအကြိမ်ထပ်မံရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်။

၂၀။ သဘာဝဘေးအန္တရာယ်ကြောင့်ဖြစ်ပေါ်လာနိုင်သည့် ထိခိုက်ဆုံးရှုံးမှုများ လျှော့ပါးရေးအတွက် စီမံခန့်ခွဲမှုလုပ်ငန်းစဉ်များကို စနစ်တကျ ထိရောက်လျင်မြန်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်၊ အမျိုးသားကော်မတီနှင့် ဒေသဆိုင်ရာအဖွဲ့များအား ဖွဲ့စည်းဆောင်ရွက်နိုင်ရန်၊ ပြည်တွင်း ပြည်ပအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ နိုင်ငံရပ်ခြားဒေသတွင်းအဖွဲ့အစည်းများစသည်တို့နှင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်နိုင်ရန်နှင့် ဘေးသင့်သူများအား ပိုမိုကောင်းမွန်သည့် လူနေမှုဘဝရရှိစေရေးအတွက် ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ စီစဉ်ဆောင်ရွက်ပေးနိုင်ရန်စသော ရည်ရွယ်ချက်များဖြင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဥပဒေ(၂၀၁၃)နှင့် နည်းဥပဒေများ(၂၀၁၅)တို့ကိုလည်း ပြဋ္ဌာန်းထားရှိပါသည်။

၂၁။ သဘာဝဘေးအန္တရာယ်များနှင့် ရာသီဥတုပြောင်းလဲမှုများကြောင့် ဖြစ်ပေါ်လာသည့် ဘေးအန္တရာယ်များ၏ သက်ရောက်မှုများကို ရင်ဆိုင်တုံ့ပြန်ရာတွင် ပြည်သူလူထုကို ဗဟိုပြုလျက် အားလုံးပူးပေါင်းပါဝင်သည့် ရေရှည်တည်တံ့သော လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုများ ရရှိနိုင်စေရန်

"မြန်မာနိုင်ငံပြည်သူလူထု သဘာဝဘေးအန္တရာယ်ရင်ဆိုင်တုံ့ပြန်နိုင်စွမ်းမြင့်မားစေရေး အမျိုးသား အဆင့် မူဘောင် (Myanmar National Framework for Community Resilience)" ကိုလည်း ၂၀၁၇ ခုနှစ်တွင် အတည်ပြုနိုင်ခဲ့ပါသည်။

၂၂။ ငလျင်ဘေးအန္တရာယ်ဖြစ်ပွားနိုင်ခြေမြင့်မားသည့် မြန်မာနိုင်ငံတွင် ငလျင်ဘေးအန္တရာယ် ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများ အနည်းဆုံးဖြစ်စေရန်၊ လူ့အသက် ဆုံးရှုံးရမှုများ လျှော့ချ နိုင်ရန်နှင့် ပျက်စီးဆုံးရှုံးမှုကြီးမားသည့် ငလျင်ဖြစ်ပွားပြီးနောက်တွင် ထိခိုက်ခံစားရမှုများအား မူလအခြေအနေသို့ ပြန်လည်ရောက်ရှိစေရေးအတွက် အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်သွား နိုင်ရန်စသော ရည်ရွယ်ချက်များဖြင့် "အမျိုးသားအဆင့်ငလျင်ဘေးအန္တရာယ် ကြိုတင်ပြင်ဆင်ရေး နှင့် တုံ့ပြန်ရေးစီမံချက်" အား ၂၀၁၉ ခုနှစ်၌ ရေးဆွဲထုတ်ပြန်ခဲ့ပါသည်။

## အခန်း(၂)

## မြန်မာနိုင်ငံနှင့် သဘာဝဘေးအန္တရာယ်များ

### မြန်မာနိုင်ငံ၏ သဘာဝဘေးအန္တရာယ်ဖြစ်ပွားနိုင်မှုအခြေအနေ

၂၃။ မြန်မာနိုင်ငံသည် ရာသီဥတုပြောင်းလဲမှုကြောင့်ဖြစ်ပွားသည့် သဘာဝဘေးအန္တရာယ် အမျိုးမျိုးကြောင့် ထိခိုက်ဆုံးရှုံးမှုများ သိသာထင်ရှားစွာ ခံစားရသည့်နိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။ ကမ္ဘာလုံးဆိုင်ရာ ရာသီဥတုကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေအညွှန်းကိန်း၂၀၂၁ (Global Climate Risk Index 2021) ၏ ၂၀၀၀ ပြည့်နှစ်မှ ၂၀၁၉ ခုနှစ်အထိ လေ့လာတွေ့ရှိမှုအရ ရာသီဥတုပြောင်း လဲမှုကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေတွင် ပွာတိုရီကိုနိုင်ငံ၊ မြန်မာနိုင်ငံနှင့် ဟေတီနိုင်ငံတို့သည် အစဉ်အလိုက် ဆုံးရှုံးနိုင်ခြေအမြင့်ဆုံးအဖြစ် သတ်မှတ်ခံထားရပါသည်။

၂၄။ Regional Consultative Group (RCG) on Humanitarian Civil-Military Coordination for Asia and the Pacific ၏ဖော်ပြမှုအရ မြန်မာနိုင်ငံသည် အာရှတိုက်၏ သဘာဝဘေးအန္တရာယ် ဖြစ်ပွားမှု အမြင့်ဆုံး(၅)နိုင်ငံတွင် ဘင်္ဂလားဒေ့ရှ်၊ နီပေါ၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်နိုင်ငံတို့နှင့်အတူ ပါဝင်လျက်ရှိပါသည်။

၂၅။ မြန်မာနိုင်ငံတွင် ဖြစ်ပွားလေ့ရှိသည့် သဘာဝဘေးအန္တရာယ်များနှင့် ဒေသအလိုက် ကျရောက်ဖြစ်ပွားနိုင်မှုအခြေအနေကို လေ့လာသုံးသပ်ရာ အောက်ပါအတိုင်း တွေ့ရှိရပါသည်-

(က) **မီးဘေး**။ နိုင်ငံတစ်ဝန်းဖြစ်ပွားနိုင်ပါသည်။ တစ်နှစ်ပတ်လုံးဖြစ်ပွားနိုင်ပြီး ပူပြင်းခြောက်သွေ့သည့် နွေရာသီကာလများတွင် ပိုမိုဖြစ်ပွားပါသည်။ မြန်မာနိုင်ငံ အလယ်ပိုင်း မိုးခေါင်ရေရှားဒေသများ၊ လူနေထူထပ်သည့် ဒေသများတွင် မီးဘေး အန္တရာယ်ကို ပိုမိုသတိပြုရန်လိုအပ်ပါသည်။

( ခ ) **ရေဘေး**။ အဓိကအားဖြင့် ဇွန်လ၊ ဇူလိုင်လ၊ ဩဂုတ်လများတွင် ရေကြီး ရေလျှံမှုများ ဖြစ်လေ့ရှိပြီး မြစ်ကြီး(၄)သွယ်ဖြစ်သော ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်၊

စစ်တောင်းမြစ်၊ သံလွင်မြစ်ကြောင်းများတစ်လျှောက်ရှိ ဆက်စပ်နေရာဒေသများတွင် ဖြစ်ပွားလေ့ရှိသည်ကိုတွေ့ရှိရပါသည်။ ၂၀၁၅ ခုနှစ်တွင် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ရေကြီးရေလျှံမှုများဖြစ်ပွားခဲ့ပြီးနောက် ကမ္ဘာ့ရာသီဥတုပြောင်းလဲလာမှုနှင့်အတူ တစ်နိုင်ငံလုံးနီးပါး ရေကြီးရေလျှံမှုများ ဖြစ်ပွားလာလျက်ရှိသည်ကိုလည်း တွေ့ရှိရပါသည်။

( ဂ ) **မုန်တိုင်းဘေး။** ဧရာဝတီတိုင်းဒေသကြီး (မြစ်ဝကျွန်းပေါ်ဒေသ)၊ ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီးတို့သည် မုန်တိုင်းများဝင်ရောက်တိုက်ခတ်နိုင်မှု အများဆုံးဖြစ်ပြီး ပဲခူးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊တနင်္သာရီတိုင်းဒေသကြီးတို့သည်လည်း မုန်တိုင်းအန္တရာယ်ကျရောက်နိုင်သည့် ဒေသများဖြစ်ပါသည်။

(ဃ) **လေပြင်းဘေး။** နိုင်ငံတစ်ဝန်း ဖြစ်ပွားနိုင်ပြီး နှစ်စဉ် မတ်လ၊ ဧပြီလ၊ မေလတို့တွင် အများဆုံးဖြစ်ပွားသည်ကိုတွေ့ရှိရပါသည်။

( င ) **မြေငလျင်ဘေး။** မြန်မာနိုင်ငံသည် အဓိကပြတ်ရွေ့ကြောကြီးတစ်ခုဖြစ်သော စစ်ကိုင်းပြတ်ရွေ့နှင့် အခြားသောလျင်ပြတ်ရွေ့ကြောငယ်များတည်ရှိနေသည့်အတွက် ငလျင်ဘေးအန္တရာယ်ကြီးမားသည့်နိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။ ငလျင်ဘေးအန္တရာယ်သည်တစ်နိုင်ငံလုံးတွင်ဖြစ်ပွားနိုင်ပြီး စစ်ကိုင်းပြတ်ရွေ့ကြောတစ်လျှောက်ရှိ မြို့/ ရွာများ၊ လူဦးရေထူထပ်ပြီး အထပ်မြင့်အဆောက်အအုံ များပြားစွာရှိနေသည့် မြို့ကြီးများအနေဖြင့် အထူးဂရုပြုရမည့် နေရာဒေသများဖြစ်ပါသည်။

( စ ) **ဆူနာမီဘေး။** ပင်လယ်ကြမ်းပြင်တွင် အင်အားပြင်းမြေငလျင်လှုပ်ရာမှ ဆက်စပ်ဖြစ်ပေါ်သည့် ဆူနာမီဘေးအန္တရာယ်မှာ ကမ်းရိုးတန်းဒေသများတွင် ဖြစ်ပွားနိုင်ပါသည်။

(ဆ) **မြေပြိုဘေး၊ ကမ်းပြိုဘေး။** ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်၊ စစ်တောင်းမြစ်၊ သံလွင်မြစ်နှင့် အခြားမြစ်ကမ်းတစ်လျှောက်ရှိဒေသများသည် ကမ်းပြိုဘေးများ ဖြစ်ပွားနိုင်မှု အများဆုံးဖြစ်ပြီး တောင်ပေါ်ဒေသများဖြစ်သည့် ကယားပြည်နယ်၊ ချင်းပြည်နယ်နှင့်ရှမ်းပြည်နယ်တို့တွင်မြေပြိုဘေး၊တောင်ပြိုဘေးများဖြစ်ပွားနိုင်ပါသည်။

( ဇ) **လျှပ်စီးလက်ခြင်း၊ မိုးကြိုးပစ်ခြင်း။** မိုးဦးကာလ (ဧပြီလနှင့် မေလ)နှင့် မိုးနှောင်းကာလ (အောက်တိုဘာလနှင့် နိုဝင်ဘာလ)များတွင် မိုးတိမ်တောင်များ ဖြစ်ထွန်းမှု၊ လျှပ်စီးမိုးကြိုးများ၊ လေပူ၊ လေအေးစီးကြောင်းများနှင့် လေထုမငြိမ်သက်မှုကြောင့် ဖြစ်ပေါ်လာသည့် မိုးခြိမ်းခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးကြိုးပစ်ခြင်းတို့သည် တစ်နိုင်ငံလုံးတွင် ဖြစ်ပွားနိုင်ပြီး ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးတို့တွင် ပိုမိုဖြစ်ပွားသည်ကို တွေ့ရှိရပါသည်။

( ဈ) **မိုးခေါင်ရေရှားဘေး။** အပူပိုင်းမိုးခေါင်ရေရှားဒေသများဖြစ်သည့် မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် ပိုမိုဖြစ်ပွားနိုင်ပါသည်။

**မြန်မာနိုင်ငံတွင် ကျရောက်ခဲ့သည့် ပျက်စီးဆုံးရှုံးမှုများပြားခဲ့သော သဘာဝဘေးအန္တရာယ်များ**

၂၆။ မြန်မာနိုင်ငံတွင်ကျရောက်ခဲ့သည့် ပျက်စီးဆုံးရှုံးမှုများပြားခဲ့သော သဘာဝဘေးအန္တရာယ်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) **မီးဘေးများ**

(၁) **၁၉၈၄ ခုနှစ်၊ မန္တလေးမြို့မီးဘေး။** ၁၉၈၄ ခုနှစ်၊ မတ်လ(၂၄)ရက်နေ့တွင် ဖြစ်ပွားခဲ့သော မန္တလေးမြို့ မီးဘေးတွင် မြို့နယ်(၃)ခုသို့ ကူးစက်လောင်ကျွမ်းခဲ့ပြီး အဆောက်အအုံ (၂၃၆၈)ခု မီးလောင်ပျက်စီးခဲ့ပါသည်။

အိမ်ထောင်စု (၄၅၈၅)စုမှ လူဦးရေ(၂၂၃၂၄)ဦး မီးဘေးသင့်ခဲ့ပြီး ကျပ်(၇၈၀) သန်းခန့် ဆုံးရှုံးခဲ့ပါသည်။

(၂) **၁၉၉၁ ခုနှစ်၊ မိတ္ထီလာမြို့မီးဘေး။** ၁၉၉၁ ခုနှစ်၊ ဧပြီလ(၇)ရက်နေ့တွင် ဖြစ်ပွားခဲ့သော မိတ္ထီလာမြို့မီးဘေးတွင် အိမ်ခြေ(၃၂၆၁)လုံး၊ အိမ်ထောင်စု (၅၀၂၆)စုမှ လူဦးရေ(၂၅၃၇၇)ဦး မီးဘေးသင့်ခဲ့ပြီး ကျပ်(၆၈၅)သန်းခန့် ဆုံးရှုံးခဲ့ပါသည်။

(၃) **၁၉၉၉ ခုနှစ်၊ မိုင်းရှူးမြို့မီးဘေး။** ၁၉၉၉ ခုနှစ်၊ မတ်လ(၂၈)ရက်နေ့တွင် ဖြစ်ပွားခဲ့သော ရှမ်းပြည်နယ်၊ မိုင်းရှူးမြို့မီးဘေးတွင် အိမ်ခြေ(၆၅၈)လုံး၊ အိမ်ထောင်စု(၁၈၄၇)စု၊ လူဦးရေ(၇၄၄၅)ဦး မီးဘေးသင့်ခဲ့ပြီး လူ(၁)ဦး သေဆုံးခဲ့ကာ ကျပ်သန်း(၅၅၀)ခန့် ဆုံးရှုံးခဲ့ပါသည်။

(၄) **၂၀၀၁ ခုနှစ်၊ မြိတ်မြို့မီးဘေး။** ၂၀၀၁ ခုနှစ်၊ ဒီဇင်ဘာလ(၂၃)ရက်နေ့တွင် ဖြစ်ပွားခဲ့သော မြိတ်မြို့မီးဘေးတွင် အိမ်ခြေ(၁၃၇၇)လုံး၊ အိမ်ထောင်စု (၂၆၇၆)စု၊ လူဦးရေ(၁၅၄၄၃)ဦး မီးဘေးသင့်ခဲ့ပြီး ကျပ်သန်း(၄၀၀၀)ခန့် ဆုံးရှုံးခဲ့ပါသည်။

(၅) **၂၀၀၄ ခုနှစ်၊ လပွတ္တာမြို့ မီးဘေး။** ၂၀၀၄ ခုနှစ်၊ ဇန်နဝါရီလ(၁၀)ရက်နေ့ တွင်ဖြစ်ပွားခဲ့သော ဧရာဝတီတိုင်း၊ လပွတ္တာမြို့မီးဘေးတွင် အိမ်ခြေ(၁၅၃) လုံး၊ အိမ်ထောင်စု(၁၅၇)စု၊ လူဦးရေ(၆၃၉)ဦး မီးဘေးသင့်ခဲ့ပြီး ကျပ်(၂၃၅) သန်းခန့် ဆုံးရှုံးခဲ့ပါသည်။

(၆) **၂၀၀၄ ခုနှစ်၊ ကျိုက်ထီးရိုးဘုရားမီးဘေး။** ၂၀၀၄ ခုနှစ်၊ ဇန်နဝါရီလ (၂၇) ရက်နေ့တွင် ဖြစ်ပွားခဲ့သော မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်၊ ကျိုက်ထီးရိုး တောင်နှင့် မုဆိုးတောင်ကြား မီးဘေးတွင် ဆိုင်ခန်း(၉၆)လုံး၊ လူနေတဲ

(၃၀)လုံး၊ အိမ်ထောင်စု(၁၂၆)စုမှ လူဦးရေ(၅၆၃)ဦး မီးဘေးသင့်ခဲ့ပြီး လူ (၂၀)ဦး သေဆုံးခဲ့ကာ ကျပ်သန်း(၄၀၀)ခန့် ဆုံးရှုံးခဲ့ပါသည်။

(၇) **၂၀၀၄ ခုနှစ်၊ အဖျောက်ရေနံမြေ မီးဘေး။** ၂၀၀၄ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၂)ရက်နေ့တွင် ဖြစ်ပွားခဲ့သော ရန်ကုန်တိုင်း၊ တိုက်ကြီးမြို့နယ်၊ အဖျောက်မြို့နယ်ခွဲ၊ ကြွေပန်းကန်ချောင်းကျေးရွာအနီးတွင် တောမီးမှ အဖျောက်ရေနံတွင်းအမှတ် (၁၃)သို့ မီးကူးစက်လောင်ကျွမ်းခဲ့ပါသည်။

(၈) **၂၀၀၅ ခုနှစ်၊ လှိုင်မြို့နယ် မီးဘေး။** ၂၀၀၅ ခုနှစ်၊ နိုဝင်ဘာလ (၂၈) ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၌ လောင်ကျွမ်းခဲ့သော မီးဘေးကြောင့် အိမ်ထောင်စု(၂၄၅၅)စု၊ လူဦးရေ(၉၁၄၅)ဦးခန့် မီးဘေး သင့်ခဲ့ပြီး ဆုံးရှုံးမှုတန်ဖိုးမှာကျပ်သန်း(၈၀)ခန့်ဖြစ်ပါသည်။

(၉) **၂၀၁၁ ခုနှစ်၊ မင်္ဂလာတောင်ညွန့်မြို့နယ် မီးဘေး။** ၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလ (၂၉)ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကူးတို့ဆိပ်ရပ်ကွက်၊ မေတ္တာမွန်ဂိုဒေါင်အုပ်စုရှိ TV, EVD, DVD စက်များ ထားရှိသည့် ဂိုဒေါင်မှစတင်၍ မီးလောင်ပြီး ပရဆေးများ သိုလှောင်ထားရှိ သည့် ဂိုဒေါင်သို့ မီးကူးစက်လောင်ကျွမ်းမှုကြောင့် ဂိုဒေါင်(၂၄)လုံး၊ အိမ်ခြေ (၉၀)လုံး၊ အခြားအဆောက်အအုံ(၃)ခု မီးလောင်ပျက်စီးခဲ့ပြီး လူ(၂၁)ဦး သေဆုံး၊ (၉၀)ဦး ဒဏ်ရာရရှိခဲ့ကာ ကျပ်(၁၁၃.၆၀)သန်းခန့် ဆုံးရှုံးခဲ့ပါသည်။

(၁၀) **၂၀၁၆ ခုနှစ်၊ နမ့်ဆန်မြို့ မီးဘေး။** ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ(၄)ရက်နေ့ တွင်ဖြစ်ပွားခဲ့သော ရှမ်းပြည်နယ်၊ နမ့်ဆန်မြို့ မီးဘေးတွင် အိမ်ခြေ (၂၀၉)လုံး၊ အိမ်ထောင်စု(၂၉၂)စုမှ လူဦးရေပေါင်း(၁၂၂၈)ဦး မီးဘေးသင့်ခဲ့ပြီး ကျပ်(၉၄၉)သန်းခန့် ဆုံးရှုံးခဲ့ပါသည်။

(၁၁) **၂၀၁၆ ခုနှစ်၊ လပွတ္တာမြို့မီးဘေး။** ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ(၄)ရက်နေ့တွင်ဖြစ်ပွားခဲ့သော ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာမြို့ မီးဘေးတွင် အိမ်ခြေ(၁၉၈)လုံး၊ အိမ်ထောင်စု(၂၈၈)စု၊ လူဦးရေ(၁၁၉၂)ဦး မီးဘေးသင့်ခဲ့ပြီး ကျပ်(၃၂၇)သန်းခန့် ဆုံးရှုံးခဲ့ပါသည်။

(၁၂) **၂၀၁၈ ခုနှစ်၊ ရေစကြိုမြို့နယ်မီးဘေး။** ၂၀၁၈ ခုနှစ် မတ်လ(၃)ရက်နေ့တွင်ဖြစ်ပွားခဲ့သော မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့နယ်၊ သစ်ကြီးတောကျေးရွာ မီးဘေးတွင် အိမ်ခြေ (၁၆၇)လုံး၊ အိမ်ထောင်စု (၁၆၇)စု၊ လူဦးရေ(၉၀၀)ဦး မီးဘေးသင့်ခဲ့ပြီး ကျပ်(၆၃.၉၅)သန်းခန့် ဆုံးရှုံးခဲ့ပါသည်။

(၁၃) **၂၀၁၈ ခုနှစ်၊ လှိုင်သာယာမြို့နယ်၊ထိနိပ်ပင်အမှိုက်ပုံမီးဘေး။** (၂၁-၄-၂၀၁၈) ရက်နေ့မှ (၂-၅-၂၀၁၈)ရက်နေ့အထိ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ ကုလားကြီးကျေးရွာအုပ်စုအတွင်းရှိ ထိနိပ်ပင်စည်ပင်သာယာအမှိုက်ပုံအတွင်း အပူလွန်ကဲမှုကြောင့် မီးလောင်မှုဖြစ်ပွားခဲ့ရာ မီးခိုးငွေ့ရှူရှိုက်မိပြီး လူ(၁)ဦး သေဆုံး၊ လူ(၂၄)ဦး ဆေးရုံတက်ရောက် ဆေးကုသမှုခံယူခဲ့ရပါသည်။

(ခ) **ရေဘေးများ**

(၁) **၁၉၇၄ ခုနှစ်၊ မြန်မာနိုင်ငံရေဘေး။** ၁၉၇၄ ခုနှစ်၊ မိုးလယ်ကာလတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ပြည်နယ်၊တိုင်း (၁၂)ခုမှ မြို့နယ်(၁၃၃)ခုတွင် ရေဘေးဖြစ်ပွားခဲ့ပြီး အဆောက်အအုံ (၃၅၅၄၈)လုံး ပျက်စီးခဲ့ကာ အိမ်ထောင်စု(၄၂၀၈၇၄)စု၊ လူဦးရေ(၁၃၅၅၉၂၂)ဦး ရေဘေးသင့်ခဲ့ပါသည်။

(၂) **၁၉၉၁ ခုနှစ်၊ ရောဝတီတိုင်းရေဘေး။** ၁၉၉၁ ခုနှစ်၊ ဇူလိုင်လ(၂၈)ရက်နေ့တွင် ဧရာဝတီတိုင်း၊ လေးမျက်နှာမြို့နယ်၊ ထိန်ငူတာကျိုးပေါက်မှုကြောင့်

ရေဘေးဖြစ်ပွားခဲ့ရာ မြို့နယ်ပေါင်း(၉)ခုမှ အဆောက်အအုံ(၇၄၇၄၀)လုံး ရေဝင်ပျက်စီးပြီး အိမ်ထောင်စု(၈၃၇၅၃)စု၊ လူဦးရေ(၃၅၉၉၄၆)ဦး ရေဘေး သင့်ခဲ့ကာ သီးနှံစိုက်ပျိုးဧက (၂၄၅၉၁၉)ပျက်စီးပြီး ကျပ်(၁၀၆၈.၀၉)သန်း ခန့် ဆုံးရှုံးခဲ့ပါသည်။

(၃) **၁၉၉၇ ခုနှစ်၊ မြန်မာနိုင်ငံရေဘေး။** ၁၉၉၇ ခုနှစ်၊ မိုးလယ်ကာလတွင် မိုးသည်းထန်မှုကြောင့် ပြည်နယ်၊ တိုင်း (၁၂)ခုမှ မြို့နယ်(၄၉)ခုတွင် ရေဘေးများဖြစ်ပွားခဲ့ရာ အဆောက်အအုံ (၈၉၈၄၆)လုံး ပျက်စီးခဲ့ပြီး လူ (၂၄၃)ဦး သေဆုံးခဲ့ကာ အိမ်ထောင်စု (၉၉၁၈၄၇)စု၊ လူဦးရေ(၅၂၅၉၉၇)ဦး ရေဘေးသင့်ခဲ့ပါသည်။

(၄) **၂၀၁၁ ခုနှစ်၊ ဝမ်းတွင်းမြို့နယ် ရေဘေး။** ၂၀၁၁ ခုနှစ်၊ ဇူလိုင်လ (၁)ရက် နေ့တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မိတ္ထီလာခရိုင်၊ ဝမ်းတွင်းမြို့ပေါ် (၆)ရပ်ကွက်နှင့် ကျေးရွာ(၆)ရွာတွင် လျှပ်တစ်ပြက်ရေကြီးမှု ဖြစ်ပွားခဲ့ရာ အိမ်ခြေ(၄၆၃)လုံးမျောပါပြီး လူဦးရေ(၂၁၇၂)ဦး ရေဘေးသင့်ခဲ့ကာ လူ(၄၂)ဦး သေဆုံးခဲ့ပါသည်။

(၅) **၂၀၁၁ ခုနှစ်၊ မကွေးတိုင်းဒေသကြီးလျှပ်တစ်ပြက် ရေဘေး။** ၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ(၁၇)ရက်နေ့မှစ၍ ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်း တွင် ဖြစ်ပေါ်ခဲ့သော 02B မုန်တိုင်းကြောင့် မကွေးတိုင်းဒေသကြီးတွင် (၁၉-၁၀-၂၀၁၁)ရက်နေ့နှင့် (၂၀-၁၀-၂၀၁၁)ရက်နေ့တို့၌ မိုးသည်းထန်စွာရွာသွန်း ခဲ့ပြီး ရွှေချောင်းအတွင်း ချောင်းရေများအဆမတန်ကျဆင်းခဲ့ရာ ပခုက္ကူ၊ မြိုင်၊ ပေါက်၊ ဆိပ်ဖြူ၊ ဂန့်ဂေါ၊ ထီးလင်း၊ ကျောက်ထုမြို့နယ်တို့မှ နေအိမ် (၂၅၆၁)လုံးရေမျော၊ (၉၅၄၃)လုံး ရေမြုပ်ပျက်စီးခဲ့ပြီး လူ(၄၆)ဦး သေဆုံး၊

(၁၁၅)ဦးပျောက်ဆုံး၊ (၂၉၄၃၅)ဦး ရေဘေးသင့်ခဲ့ကာ ကျပ်(၁၅၅၉.၇၂)သန်းခန့် ဆုံးရှုံးခဲ့ပါသည်။

(၆) **၂၀၁၅ ခုနှစ်၊ မြန်မာနိုင်ငံ ရေဘေး။** ၂၀၁၅ ခုနှစ်၊ ဇွန်လကုန်ပိုင်းမှစ၍ မြန်မာနိုင်ငံအောက်ပိုင်း ရခိုင်၊ တနင်္သာရီ၊ ဧရာဝတီ၊ ကရင်နှင့် ပဲခူးတိုင်းတို့တွင် ရေဘေးစတင်ဖြစ်ပွားခဲ့ပါသည်။ ထို့နောက် မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ(၁၆)ရက်နေ့မှစတင်၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ဖြစ်ပေါ်နေသော ဆိုင်ကလုန်းကိုမန်ကြောင့် ဇူလိုင်လမှ အောက်တိုဘာလအတွင်း နေပြည်တော်ကောင်စီနယ်မြေမှအပ ကျန်တိုင်းဒေသကြီး/ ပြည်နယ်များတွင် ရေကြီးနစ်မြုပ်မှုများ၊ မြေပြိုမှုများ ဖြစ်ပွားခဲ့ရာ လူ(၁၈၁)ဦးသေဆုံး၊ အိမ်ခြေ (၃၉၄၃၈)လုံး မျောပါ/ ပျက်စီးခဲ့ပြီး အိမ်ထောင်စု (၄၂၅၆၀၀)စု၊ လူဦးရေ (၁၇၀၁၅၆၅)ဦး ရေဘေးသင့်ခဲ့ကာ ကျပ် (၂၂၄၈၅၃.၉၇၈) သန်းခန့် ဆုံးရှုံးခဲ့ပါသည်။

(၇) **၂၀၁၈ ခုနှစ်၊ ဆွာချောင်း ရေဘေး။** ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ(၂၉)ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီး၊ ရေတာရှည်မြို့နယ်၊ သိုင်းဝချောင်းကျေးရွာအုပ်စုရှိ ဆွာချောင်းရေလှောင်တမံရေပိုလွှဲ ဘဲန္ဒတ်သီးကျိုးပဲ့ကာ ရေကြီးရေလျှံဖြစ်ပွားမှုကြောင့် ရေတာရှည်၊ တောင်ငူ၊ ဖြူးမြို့နယ်တို့မှ နေအိမ် (၁၈၅)လုံး မျောပါပျက်စီး၊ (၃၂၂)လုံး တစ်စိတ်တစ်ပိုင်း ပျက်စီးခဲ့ပြီး အိမ်ထောင်စု (၁၇၉၅၈)စု၊ လူဦးရေ(၇၇၁၄၈)ဦးဘေးသင့်ခဲ့ကာ လူ(၇)ဦးသေဆုံးခဲ့ပါသည်။

(ဂ) **မုန်တိုင်းဘေးများ**

(၁) **၁၉၆၇ ခုနှစ်၊ ကျောက်ဖြူ မုန်တိုင်း။** ၁၉၆၇ ခုနှစ်၊ မေလ (၁၅)ရက်နေ့မှ (၁၈)ရက်အထိ ကျောက်ဖြူမြို့အနီးမှ မြန်မာ့ကမ်းရိုးတန်းသို့ ဝင်ရောက်

ခဲ့သည့် ကျောက်ဖြူမုန်တိုင်းမှာ တစ်နာရီမိုင်(၁၀၀)ကျော်ခန့် လေတိုက်နှုန်းဖြင့် တိုက်ခတ်ခဲ့ပါသည်။ ကျောက်ဖြူခရိုင်နှင့် ပုသိမ်ခရိုင်များတွင် တိုက်ခတ်ခဲ့ပြီး ကျပ်သန်း(၃၀)ခန့် ဆုံးရှုံးခဲ့ပါသည်။

(၂) **၁၉၆၈ ခုနှစ်၊ စစ်တွေမုန်တိုင်း။** ၁၉၆၈ ခုနှစ်၊ မေလ (၇)ရက်နေ့မှ (၁၀)ရက်နေ့အထိ ဖြစ်ပေါ်ခဲ့သော စစ်တွေမုန်တိုင်းကြီးသည် စစ်တွေမြို့အနီးမှ မြန်မာနိုင်ငံအတွင်း ဝင်ရောက်ခဲ့ရာ စစ်တွေမြို့၊ ပေါက်တောမြို့၊ မြေပုံမြို့၊ မင်းပြားမြို့နယ်များမှ အိုးအိမ်(၅၇၆၃၃)ပျက်စီးခဲ့ပြီး လူ(၁၀၃၇)ဦးနှင့် ကျွဲနွား(၁၇၅၃၇)ကောင် သေဆုံးခဲ့ကာ ကျပ်သန်း(၈၀၀)ခန့် ဆုံးရှုံးခဲ့ပါသည်။

(၃) **၁၉၇၅ ခုနှစ်၊ ပုသိမ်မုန်တိုင်း။** ၁၉၇၅ ခုနှစ်၊ မေလ (၅) ရက်နေ့မှ (၇) ရက်နေ့အထိ ဖြစ်ပေါ်ခဲ့သော ပုသိမ်မုန်တိုင်းကြီးသည် မြန်မာနိုင်ငံအတွင်းသို့ ပုသိမ်မြို့အနီးမှ ဝင်ရောက်ခဲ့ရာ အိုးအိမ်(၂၄၆၇၀၀)လုံးပျက်စီးခဲ့ပြီး လူ(၃၀၃)ဦးနှင့် ကျွဲနွား(၁၀၁၉၁)ကောင် သေဆုံးခဲ့ကာ ကျပ်(၇၇၆.၅)သန်းခန့် ဆုံးရှုံးခဲ့ပါသည်။

(၄) **၁၉၇၈ ခုနှစ်၊ ကျောက်ဖြူမုန်တိုင်း။** ၁၉၇၈ ခုနှစ်၊ မေလ(၁၂)ရက်နေ့မှ(၁၇)ရက်နေ့အထိဖြစ်ပေါ်ခဲ့သော ကျောက်ဖြူမုန်တိုင်းသည် မြန်မာနိုင်ငံအတွင်းသို့ ကျောက်ဖြူမြို့အနီးမှ ဝင်ရောက်ခဲ့ရာ ကျောက်ဖြူမြို့ရှိ အဆောက်အအုံများ၏ (၉၀%)ခန့် ပျက်စီးစေပြီး ကျပ်သန်း(၂၀)ခန့် ဆုံးရှုံးခဲ့ပါသည်။

(၅) **၁၉၈၂ ခုနှစ်၊ ဂွမုန်တိုင်း။** ၁၉၈၂ ခုနှစ်၊ မေလ(၄)ရက်နေ့တွင် ဂွမုန်တိုင်းသည် မြန်မာနိုင်ငံအတွင်းသို့ ဂွမြို့အနီးမှ ဝင်ရောက်ခဲ့ရာ ရခိုင်ပြည်နယ်၊ ဂွမြို့နယ်အပါအဝင် မြို့နယ်(၆)မြို့နယ်အတွင်းရှိ လူနေအဆောက်အအုံ၊

လှေ၊ သင်္ဘော၊ ကျွဲ၊ နွားများ ပျက်စီးခဲ့ပြီး လူ(၅) ဦး သေဆုံးခဲ့ကာ ကျပ် (၇၀.၅၅) သန်းခန့် ဆုံးရှုံးခဲ့ပါသည်။

(၆) **၂၀၀၄ ခုနှစ်၊ စစ်တွေမုန်တိုင်း။** ၂၀၀၄ ခုနှစ်၊ မေလ (၁၉)ရက်နေ့တွင် ဖြစ်ပေါ်ခဲ့သော စစ်တွေမုန်တိုင်းကြောင့် ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ မြေပုံမြို့၊ မင်းပြားမြို့၊ ပေါက်တောမြို့နှင့် ကျောက်ဖြူမြို့များရှိ အိမ်ခြေ (၄၆၂၈)လုံးပျက်စီးခဲ့ပြီး အိမ်ထောင်စု(၄၆၂၈)စု၊ လူဦးရေ(၂၄၂၄၈)ဦး ဘေးသင့်ခဲ့ကာ လူ(၂၀၅)ဦးသေဆုံးခဲ့ပြီး ကျပ်(၁၈၃.၄၁)သန်းခန့် ဆုံးရှုံးခဲ့ပါသည်။

(၇) **၂၀၀၆ ခုနှစ်၊ မာလာမုန်တိုင်း။** ၂၀၀၆ ခုနှစ်၊ မေလ (၂၄)ရက်နေ့မှ (၂၉)ရက်နေ့အတွင်းဖြစ်ပေါ်ခဲ့သော မာလာမုန်တိုင်းကြောင့် ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်း၊ ရခိုင်ပြည်နယ်တို့တွင် လူဦးရေ(၄၂၈၅၆)ဦး ဘေးသင့်ခဲ့ပြီး လူ(၃၇)ဦး သေဆုံး၊ (၂၃)ဦး ဒဏ်ရာရရှိခဲ့ကာ ကျပ်(၁၂၆၃.၈၉)သန်းခန့် ဆုံးရှုံးခဲ့ပါသည်။

(၈) **၂၀၀၇ ခုနှစ်၊ (AKASH) မုန်တိုင်း။** ၂၀၀၇ ခုနှစ်၊ မေလ(၁၁)ရက်နေ့မှ (၁၅)ရက်နေ့အထိဖြစ်ပေါ်ခဲ့သော (AKASH)မုန်တိုင်းကြောင့် ရခိုင်ပြည်နယ်၊ စစ်တွေခရိုင်၊ ကျောက်ဖြူခရိုင်တို့တွင် လူဦးရေ(၁၀၅၇၀)ဦး ဘေးသင့်ခဲ့ပြီး လူ(၁၄)ဦး သေဆုံး၊ (၁၇)ဦး ပျောက်ဆုံးခဲ့ကာ ကျပ်(၅၈၉.၂၇၂)သန်းခန့် ဆုံးရှုံးခဲ့ပါသည်။

(၉) **၂၀၀၈ ခုနှစ်၊ နာဂစ်မုန်တိုင်း။** ၂၀၀၈ ခုနှစ်၊ မေလ(၂)ရက်နေ့တွင် ဖြစ်ပေါ်ခဲ့သော နာဂစ်မုန်တိုင်းကြောင့် ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်း၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်း၊ မွန်ပြည်နယ်တို့တွင် လူဦးရေ(၈၀၀၀၀၀)ကျော်

ဘေးသင့်ခဲ့ပြီး လူ(၈၄၅၃၇)ဦးသေဆုံး၊ (၅၃၈၃၆)ဦးပျောက်ဆုံး၊(၁၉၃၅၉)ဦး ဒဏ်ရာရရှိခဲ့ကာ ကျပ်(၁၁)ထရီလီယံခန့် ဆုံးရှုံးခဲ့ပါသည်။

(၁၀) **၂၀၁၀ ခုနှစ်၊ ဂီရိမုန်တိုင်း။** ၂၀၁၀ ခုနှစ်၊ အောက်တိုဘာလ (၂၂)ရက်နေ့တွင် ဖြစ်ပေါ်ခဲ့သော ဂီရိမုန်တိုင်းကြောင့် ရခိုင်ပြည်နယ်၊ မကွေးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် အိမ်ခြေ(၄၈၄၂၄)လုံး ထိခိုက်ပျက်စီးခဲ့ပြီး အိမ်ထောင်စု (၄၈၂၇၂)စု၊ လူဦးရေ (၂၂၄၂၁၂)ဦး ဘေးသင့်ခဲ့ကာ လူ(၄၄)ဦး သေဆုံး၊ (၁၃)ဦး ပျောက်ဆုံးခဲ့ပြီး ကျပ်(၀၂၄.၀) ထရီလီယံခန့် ဆုံးရှုံးခဲ့ပါသည်။

(၁၁) **၂၀၁၇ ခုနှစ်၊ မာရုသာမုန်တိုင်း။** ၂၀၁၇ ခုနှစ်၊ ဧပြီလ(၁၆)ရက်နေ့တွင် ဖြစ်ပေါ်ခဲ့သော မာရုသာမုန်တိုင်းကြောင့် ရခိုင်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် အိမ်ခြေ(၂၀၈)လုံး ထိခိုက်ပျက်စီးခဲ့ပြီး အိမ်ထောင်စု(၂၂၀)စု၊ လူဦးရေ(၆၉၆)ဦး ဘေးသင့်ခဲ့ကာ လူ(၄)ဦး သေဆုံး၊ (၃)ဦးဒဏ်ရာရရှိခဲ့ပြီး ကျပ်(၁၉၆.၁၉၃)သန်းခန့် ဆုံးရှုံးခဲ့ပါသည်။

(၁၂) **၂၀၁၇ ခုနှစ်၊ မိုရာမုန်တိုင်း။** ၂၀၁၇ ခုနှစ်၊ မေလ(၃၀)ရက်နေ့တွင် ဖြစ်ပေါ်ခဲ့သော မိုရာမုန်တိုင်းကြောင့် ရခိုင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် အိမ်ခြေ(၂၃၀၄၅)လုံး ထိခိုက်ပျက်စီးခဲ့ပြီး လူ(၃)ဦးသေဆုံး၊ (၁)ဦးဒဏ်ရာရရှိခဲ့ကာ ကျပ်(၃၂၃.၄၄၁၆)သန်းခန့် ဆုံးရှုံးခဲ့ပါသည်။

(ဃ) **လျှော့ဘေးများ**

(၁) **၁၉၃၀ ခုနှစ်၊ ပဲခူး ငလျင်။** ၁၉၃၀ ပြည့်နှစ်၊ မေလ (၅)ရက်နေ့တွင်

အင်အားရစ်(ချ်)တာစကေး(၇.၃)အဆင့်ဖြင့် လှုပ်ခဲ့သော ပဲခူးငလျင်ကြောင့် လူနေအိမ်ခြေများပြိုပျက်ခဲ့ရပြီး ရွှေမော်ဓောစေတီတော်၏ထီးတော် မြေခခဲ့ရပါသည်။ ပဲခူးမြို့တွင်လူ(၅၀၀)ခန့်နှင့် ရန်ကုန်မြို့တွင် လူ(၅၀)ဦး သေဆုံးခဲ့ပြီး မြန်မာနိုင်ငံ၏ ငလျင်သမိုင်းတွင် လူသေဆုံးမှုအများဆုံး ဖြစ်စဉ်ဖြစ်ပါသည်။

(၂) **၁၉၅၆ ခုနှစ်၊ စစ်ကိုင်းငလျင်။** ၁၉၅၆ ခုနှစ်၊ ဇူလိုင်လ(၁၆)ရက်နေ့တွင် အင်အားရစ်(ချ်)တာစကေး(၆.၅)အဆင့်ဖြင့် လှုပ်ခဲ့သော စစ်ကိုင်းငလျင်ကြောင့် စစ်ကိုင်းမြို့တွင် အဆောက်အအုံများနှင့် စေတီပုထိုးများပြိုကျပြီး လူ(၅၂)ဦး သေဆုံးခဲ့ကာ စစ်ကိုင်းတံတားကြီး အနည်းငယ်ရွေ့သွားခဲ့ပါသည်။

(၃) **၁၉၇၅ ခုနှစ်၊ ပုဂံငလျင်။** ၁၉၇၅ ခုနှစ်၊ ဇူလိုင်လ(၈)ရက်နေ့တွင် အင်အားရစ်(ချ်)တာစကေး(၆.၈)အဆင့်ဖြင့် လှုပ်ခဲ့သော ပုဂံ-ညောင်ဦးငလျင်ဘေးကြောင့် တန်ဖိုးမဖြတ်နိုင်သော ရှေးဟောင်းအမွေအနှစ် စေတီပုထိုးများပြိုပျက်ခဲ့ပြီး လူ(၂) ဦး သေဆုံးကာ (၁၅)ဦး ဒဏ်ရာရရှိခဲ့ပါသည်။

(၄) **၂၀၀၃ ခုနှစ်၊ တောင်တွင်းကြီးငလျင်။** ၂၀၀၃ ခုနှစ်၊ စက်တင်ဘာလ (၂၂) ရက်နေ့၊ (၀၀း၄၆)နာရီတွင် အင်အားရစ်(ချ်)တာစကေး (၆.၇)အဆင့်ဖြင့် လှုပ်ခဲ့သော တောင်တွင်းကြီး ငလျင်ကြောင့် တန်ဖိုးမဖြတ်နိုင်သော ရှေးဟောင်းစေတီများအပါအဝင် စေတီပေါင်း(၁၀၈)ဆူ၊ လူနေအိမ်(၁၅၃) လုံး၊ စာသင်ကျောင်း(၉)ကျောင်း၊ ရထားလမ်းနှင့်တံတား(၃)စင်း၊ ကင်းပွန်းတော်ဆည်ရေထိန်းတံခါးတို့ပျက်စီး၍ သံဃာတော်(၁)ပါး၊ ကိုရင်(၁)ပါးနှင့် လူ(၅)ဦးသေဆုံးခဲ့ပါသည်။

(၅) **၂၀၀၄ ခုနှစ်၊ ဆူမတ်တြားလေျှင်(ဆူနာမီ)။** ၂၀၀၄ ခုနှစ်၊ ဒီဇင်ဘာလ (၂၆)ရက်နေ့၊ (၀၇:၃၂)နာရီတွင် အင်ဒိုနီးရှားနိုင်ငံ၊ ဆူမတ်တြားကျွန်း၌ အင်အားရစ်(ချ်)တာစကေး(၉.၀)အဆင့်ဖြင့် လှုပ်ခဲ့သော ငလျင်နှင့် ဆူနာမီ ရေလှိုင်းဘေးကြောင့် ဧရာဝတီတိုင်း၊ တနင်္သာရီတိုင်း၊ ရခိုင်ပြည်နယ်နှင့် ရန်ကုန်တိုင်းတို့တွင် အိမ်ခြေ(၆၀၁)လုံးပျက်စီး၊ လူဦးရေ(၂၅၉၂)ဦး ဘေးသင့်ခဲ့ကာ လူ(၆၁)ဦး သေဆုံးပြီး ကျပ်(၁၅၈၅.၅၆)သန်းခန့် ဆုံးရှုံးခဲ့ ပါသည်။

(၆) **၂၀၁၁ ခုနှစ်၊ တာလေငလျင်။** ၂၀၁၁ ခုနှစ်၊ မတ်လ (၂၄)ရက်နေ့ (၂၀:၃၀) အချိန်ခန့်တွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့နယ်၊ လွယ်မွေကို ဗဟိုပြု၍ အင်အားရစ်(ချ်)တာစကေး(၆.၈)အဆင့်ရှိ အင်အားပြင်းငလျင် လှုပ်ခတ်မှုကြောင့် တာချီလိတ်မြို့နယ်၊ တာလေမြို့တွင် အိမ်ခြေ(၃၆၆)လုံး ပြိုကျပျက်စီး၊ (၇၇၃)လုံး တစ်စိတ်တစ်ပိုင်းပျက်စီးခဲ့ပြီး လူ(၇၆)ဦး သေဆုံး၊ (၁၀၀)ဦးခန့် ဒဏ်ရာရရှိခဲ့ကာ ကျပ်(၃၀၃၁.၃၀) သန်းခန့် ဆုံးရှုံးခဲ့ပါသည်။

(၇) **၂၀၁၂ ခုနှစ်၊ သပိတ်ကျင်းငလျင်။** ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလ(၁၁)ရက်နေ့ တွင် အင်အားရစ်(ချ်)တာစကေး(၆.၈)အဆင့်ရှိ အင်အားပြင်းငလျင် လှုပ်ခတ်မှုကြောင့် မန္တလေးတိုင်းဒေသကြီးရှိ မြို့နယ်(၁၇)မြို့နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးရှိ မြို့နယ်(၇)ခုတို့တွင် အိမ်ခြေ(၁၇၀)လုံး ပြိုကျ ပျက်စီး၊ (၂၃၀၈)လုံး တစ်စိတ်တစ်ပိုင်းပျက်စီး၊ လူဦးရေ(၁၀၈၉၅)ဦး ဘေးသင့်ခဲ့ပြီး လူ(၁၈)ဦးသေဆုံး၊ (၁၁၆)ဦး ဒဏ်ရာရရှိခဲ့ပါသည်။ ဘုရား စေတီ(၆၆၆)ဆူ၊ သာသနိကအဆောက်အအုံ(၆၀၇)လုံး၊ စာသင်ကျောင်း (၂၂၉) ကျောင်း၊ ဆေးရုံ/ဆေးခန်း (၃၁)ခုပျက်စီး၊ အစိုးရအဆောက်အအုံ

(၁၃၅)လုံး ပြိုကျပျက်စီးခဲ့ကာ စုစုပေါင်းကျပ်(၈၁၄၀.၁၁၂)သန်းခန့် ဆုံးရှုံးခဲ့ပါသည်။

(၈) **၂၀၁၆ ခုနှစ်၊ ချောက်ငလျင်။** ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ (၂၄)ရက်နေ့တွင် မကွေးတိုင်းဒေသကြီး၊ ချောက်မြို့အနောက်ဘက် (၁၈)မိုင် အကွာကို ဗဟိုပြု၍ အင်အားရစ်(ချ်)တာစကေး (၆.၈)အဆင့်ရှိ ငလျင်လှုပ်ခတ်မှုကြောင့် မကွေးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် အိမ်ခြေ (၅)လုံး ထိခိုက်ပျက်စီး၊ လူဦးရေ (၃၈)ဦး ဘေးသင့်ခဲ့ကာ လူ(၃)ဦးသေဆုံး၊ (၆)ဦးဒဏ်ရာရရှိခဲ့ပြီး ပုဂံဒေသရှိယဉ်ကျေးမှုအမွေအနှစ် ရှေးဟောင်းသာသနိကအဆောက်အအုံ (၃၈၉)ခု ထိခိုက်ပျက်စီးခဲ့ပါသည်။

(င) **မြေပြိုဘေးများ**

(၁) **၂၀၁၅ ခုနှစ်၊ ဖားဆောင်းမြို့နယ်၊ မော်ချီးဒေသမြေပြိုမှု။** ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ(၁၁)ရက်နေ့တွင် ကယားပြည်နယ်၊ ဖားဆောင်းမြို့နယ်၊ မော်ချီးဒေသ၌မြေပြိုမှုကြောင့် အိမ်ခြေအလုံး(၁၀၀)မှ လူဦးရေ (၃၆၉)ဦး ဘေးသင့်ခဲ့ပြီး လူ (၂၂)ဦး သေဆုံးခဲ့ပါသည်။

(၂) **၂၀၁၉ ခုနှစ်၊ ပေါင်မြို့နယ်၊ မလတ်တောင်မြေပြိုမှု။** ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ (၉)ရက်နေ့ (၀၇:၃၀)အချိန်ခန့်တွင် ရန်ကုန်-မော်လမြိုင် အဝေးပြေးလမ်းမကြီးဘေး၊ ပေါင်မြို့နယ်၊ သဲဖြူကုန်းကျေးရွာ၊ ရဲပြားကုန်းအပိုင်း၊ မလတ်တောင်မြေပြိုကျမှုဖြစ်ပွားခဲ့ရာ သံဃာ(၁)ပါးနှင့် လူ(၇၂)ဦး သေဆုံးခဲ့ပြီး သံဃာ(၁)ပါးနှင့် လူ(၆၂)ဦး ဒဏ်ရာရရှိခဲ့ကာ ဘုန်းတော်ကြီးကျောင်း (၁)ကျောင်း၊ နေအိမ်(၂၈)လုံး ပြိုကျပျက်စီးခဲ့ပြီး နေအိမ်(၁)လုံး တစ်စိတ်တစ်ပိုင်း ထိခိုက်ပျက်စီးခဲ့ပါသည်။

(၃) **၂၀၂၀ ပြည့်နှစ်၊ ဖားကန့်မြေပြိုမှု။** ၂၀၂၀ပြည့်နှစ်၊ ဇူလိုင်လ (၂)ရက်နေ့တွင် ကချင်ပြည်နယ်၊ ဖားကန့်မြို့နယ်၊ ဝေ့ခါကျေးရွာ၊ လခူးချောင်း ရပ်ကွက်ရှိ ရတနာနယ်မြေလုပ်ကွက်ဟောင်းနေရာများတွင် ရေမဆေး ကျောက်ရှာဖွေသူများ ကျောက်ရှာဖွေတူးဖော်နေစဉ် မိုးရွာသွန်းပြီး လုပ်ကွက်ဟောင်းကမ်းပါးယံပြိုကျ၍ နွံလိုင်းရိုက်ခတ်မှုကြောင့် နွံလိုင်းနှင့်အတူ မျောပါနစ်မြုပ်ခဲ့ပြီး လူ(၁၇၂)ဦးသေဆုံးကာ (၅၄)ဦးဒဏ်ရာ ရရှိခဲ့ပါသည်။

## အခန်း(၃)

## မြန်မာနိုင်ငံ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ ဖွဲ့စည်းဆောင်ရွက်မှုများ

### အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ

၂၇။ သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုလုပ်ငန်းများကို ထိရောက်လျင်မြန်စွာ စီမံခန့်ခွဲ ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော်အဆင့်၊ တိုင်းဒေသကြီး/ပြည်နယ်အဆင့်များတွင် ကော်မတီ အဆင့်ဆင့်ဖွဲ့စည်းကာ ဆောင်ရွက်ခဲ့ပါသည်။ ၂၀၀၅ ခုနှစ်မှ ၂၀၂၁ ခုနှစ်အထိ နိုင်ငံတော်အဆင့် ကော်မတီများ ဖွဲ့စည်းခဲ့မှုမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) (၁၅-၇-၂၀၀၅)ရက်စွဲပါစာဖြင့် နိုင်ငံတော်ဝန်ကြီးချုပ်မှ ဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)မှ ဒုတိယဥက္ကဋ္ဌ၊ ဝန်ကြီးချုပ်ရုံးဝန်ကြီးမှအတွင်းရေးမှူးနှင့် အစိုးရအဖွဲ့ရုံး၊ ညွှန်ကြားရေးမှူးချုပ်မှ တွဲဖက်အတွင်းရေးမှူးအဖြစ်ပါဝင်သော **အမျိုးသားသဘာဝဘေးကာကွယ် စောင့်ရှောက်ရေးဗဟိုကော်မတီနှင့်ဆပ်ကော်မတီ (၁၀)ခု**၊

(ခ) နိုင်ငံတော်သမ္မတရုံး၏ (၂၀-၄-၂၀၁၁)ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်(၂၃/၂၀၁၁)ဖြင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးမှ ဥက္ကဋ္ဌ၊ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးတို့မှ ဒုတိယဥက္ကဋ္ဌများ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးမှ အတွင်းရေးမှူး၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်မှ တွဲဖက်အတွင်းရေးမှူးအဖြစ်ပါဝင်သော **မြန်မာနိုင်ငံသဘာဝဘေးအန္တရာယ်ကာကွယ်စောင့်ရှောက်ရေးအဖွဲ့နှင့် လုပ်ငန်းကော်မတီ(၁)ခုနှင့် ဆပ်ကော်မတီ (၁၄)ခု**၊

(ဂ) နိုင်ငံတော်သမ္မတရုံး၏ (၁၄-၅-၂၀၁၃)ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ (၄၅/၂၀၁၃)ဖြင့် ဒုတိယသမ္မတ-၂ မှ ဥက္ကဋ္ဌ၊ ပြည်ထဲရေးဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးတို့မှ ဒုတိယဥက္ကဋ္ဌများ၊ လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီးမှ အတွင်းရေးမှူး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်မှ တွဲဖက်အတွင်းရေးမှူး အဖြစ်ပါဝင်သော **အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီ**၊ နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာအမှတ်(၄၆/၂၀၁၃)ဖြင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးမှ ဥက္ကဋ္ဌ အဖြစ်ဆောင်ရွက်သော **အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေးစီမံခန့်ခွဲမှုလုပ်ငန်းကော်မတီ နှင့် ဆပ်ကော်မတီ(၁၀)ခု၊**

(ဃ) ပြည်ထောင်စုအစိုးရအဖွဲ့၏ (၃၁-၅-၂၀၁၆)ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ (၃၀/၂၀၁၆)ဖြင့် ဒုတိယသမ္မတ-၂ မှဥက္ကဋ္ဌ၊ ပြည်ထဲရေးဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးတို့မှ ဒုတိယဥက္ကဋ္ဌများ၊ လူမှုဂန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီးမှ အတွင်းရေးမှူး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်မှ တွဲဖက်အတွင်းရေးမှူး အဖြစ်ပါဝင်သော **အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ** နှင့် **လုပ်ငန်း ကော်မတီ(၁၂)ခု**၊

(င) နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ (၂၀-၂-၂၀၂၁)ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၀/၂၀၂၁)ဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌမှ ဥက္ကဋ္ဌ၊ ပြည်ထဲရေးဝန်ကြီးဌာနနှင့်လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး

ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးတို့မှ ဒုတိယဥက္ကဋ္ဌများ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးမှ အတွင်းရေးမှူး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်မှ တွဲဖက်အတွင်းရေးမှူးအဖြစ်ပါဝင်သော **အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ** နှင့် **လုပ်ငန်းကော်မတီ(၁၂)ခု၊**

( စ ) နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ (၃၀-၉-၂၀၂၁)ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ်(၂၈၃/၂၀၂၁)ဖြင့် ဒုတိယဝန်ကြီးချုပ်မှ ဥက္ကဋ္ဌ၊ ပြည်ထဲရေးဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးတို့မှ ဒုတိယဥက္ကဋ္ဌများ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးမှ အတွင်းရေးမှူး၊ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်မှ တွဲဖက်အတွင်းရေးမှူး အဖြစ်ပါဝင်သော **အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ** နှင့် **လုပ်ငန်းကော်မတီ(၁၂)ခု။**

**အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ အောက်ရှိ လုပ်ငန်းကော်မတီများ**

၂၈။ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ကော်မတီ၏ မူဝါဒ၊ လမ်းညွှန်ချက်များကို ကဏ္ဍအလိုက်ထိရောက်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးများ ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်သော အောက်ပါလုပ်ငန်းကော်မတီ (၁၂)ခုကို အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီက (၂၇-၁-၂၀၂၂)နေ့တွင် ပြင်ဆင်ဖွဲ့စည်းခဲ့ပါသည်-

| လုပ်ငန်းကော်မတီအမည် | တာဝန်ယူဆောင်ရွက်သည့် ဝန်ကြီးဌာန |
|---|---|
| (က) အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုလုပ်ငန်းကော်မတီ | လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန |
| (ခ) ဘဏ္ဍာငွေရှာဖွေရေးနှင့်ရန်ပုံငွေထိန်းသိမ်းရေးလုပ်ငန်းကော်မတီ | လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန |
| (ဂ) နိုင်ငံတကာဆက်ဆံရေးလုပ်ငန်းကော်မတီ | အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန |
| (ဃ) ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းကော်မတီ | ပြည်ထဲရေးဝန်ကြီးဌာန |
| (င) လုံခြုံရေးလုပ်ငန်းကော်မတီ | ပြည်ထဲရေးဝန်ကြီးဌာန |
| (စ) ပို့ဆောင်ဆက်သွယ်ရေးလုပ်ငန်းကော်မတီ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန |
| (ဆ) သတင်းနှင့် ပြန်ကြားရေးလုပ်ငန်းကော်မတီ | ပြန်ကြားရေးဝန်ကြီးဌာန |
| (ဇ) ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းကော်မတီ | ဆောက်လုပ်ရေးဝန်ကြီးဌာန |
| (ဈ) ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာစီမံခန့်ခွဲမှုလုပ်ငန်းကော်မတီ | ကျန်းမာရေးဝန်ကြီးဌာန |
| (ည) ကနဦးလိုအပ်ချက်စစ်တမ်းကောက်ယူရေး၊ ပျက်စီးဆုံးရှုံးမှုအတည်ပြုရေးနှင့်လိုအပ်ချက်များ ဆန်းစစ်ဖော်ထုတ်ရေးလုပ်ငန်းကော်မတီ | စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန |
| (ဋ) အသက်မွေးဝမ်းကျောင်းလုပ်ငန်းများပြန်လည်ထူထောင်ရေးလုပ်ငန်းကော်မတီ | သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန |

| | |
|---|---|
| (၄) သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်း ကော်မတီ | သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန |

၂၉။ အဆိုပါလုပ်ငန်းကော်မတီ(၁၂)ခု၏ လုပ်ငန်းတာဝန်များသည် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုလုပ်ငန်းစဉ်များဖြစ်သော ဘေးအန္တရာယ်မဖြစ်မီ သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေလျော့ပါးရေးလုပ်ငန်းများ၊ ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းများ၊ ဘေးအန္တရာယ်ကျရောက်နေစဉ် အရေးပေါ်တုံ့ပြန်ရေးလုပ်ငန်းများ၊ ဘေးအန္တရာယ်ဖြစ်ပြီးနောက် ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများအားလုံးကို ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများ၏ လုပ်ငန်းတာဝန်များနှင့်အညီ ခွဲဝေသတ်မှတ်ထားခြင်းဖြစ်ပါသည်။

**ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့များ**

၃၀။ ပြည်ထောင်စုနယ်မြေ နေပြည်တော်နှင့် တိုင်းဒေသကြီး/ပြည်နယ်အဆင့်တွင် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုလုပ်ငန်းများကို အနီးကပ်ကြီးကြပ်ဆောင်ရွက်နိုင်ရန်အတွက် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့များကိုလည်း ယခင်ကပင် ဖွဲ့စည်းဆောင်ရွက်ခဲ့ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ (၄-၅-၂၀၂၁)ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ်(၁၃၂)ဖြင့် ပြည်ထောင်စုနယ်မြေ နေပြည်တော် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့၏ ဥက္ကဋ္ဌအဖြစ် နေပြည်တော်ကောင်စီ ဥက္ကဋ္ဌကလည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ (၃၀-၉-၂၀၂၁)ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်(၂၈၁)နှင့် (၂၈၂)တို့ဖြင့် တိုင်းဒေသကြီး/ပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့များကို တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်များက ဥက္ကဋ္ဌအဖြစ်လည်းကောင်း တာဝန်ယူ၍ ဖွဲ့စည်းထားရှိပါသည်။

၃၁။ ပြည်ထောင်စုနယ်မြေ နေပြည်တော်နှင့် တိုင်းဒေသကြီး/ပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့များ၏အောက်တွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ခရိုင်၊ မြို့နယ်၊ရပ်ကွက်နှင့် ကျေးရွာအုပ်စုများတွင် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့များကိုလည်း အဆင့်ဆင့် ထပ်မံဖွဲ့စည်းထားရှိပြီး သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုလုပ်ငန်းများကိုအနီးကပ်ကြီးကြပ်ဆောင်ရွက်လျက်ရှိပါသည်။

## အခန်း(၄)

## သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုအတွက်စံလုပ်ငန်းစဉ်များ

**သဘာဝဘေးအန္တရာယ်ကျရောက်သောဒေသဖြစ်ကြောင်းကြေညာခြင်း**

၃၂။ သဘာဝဘေးအန္တရာယ်ကျရောက်သောဒေသဖြစ်ကြောင်း ကြေညာခြင်းနှင့် စပ်လျဉ်း၍ သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဥပဒေ၊ ၂၀၁၃၊ ပုဒ်မ(၁၁)တွင် **"နိုင်ငံတော်သမ္မတသည် နိုင်ငံတော်တစ်ဝန်းလုံးတွင်သော်လည်းကောင်း၊ နိုင်ငံတော်၏နယ်မြေဒေသ တစ်ခုခုတွင်သော်လည်းကောင်း အသက်အိုးအိမ်စည်းစိမ်နှင့် သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှု အလွန်ကြီးမားသည့် ဘေးအန္တရာယ်ကျရောက်ကြောင်း အမျိုးသားကော်မတီက တင်ပြ၍ဖြစ်စေ၊ အခြားတစ်နည်းနည်းဖြင့် ဖြစ်စေ သိရှိရသည့်အခါ ယင်းဒေသကို မူလ အခြေအနေသို့ အမြန်ပြန်လည်ရောက်ရှိစေရေးဆောင်ရွက်ရာတွင် အခက်အခဲရှိမည်ဟု ယုံကြည်ပါက အဆိုပါဒေသကို အချိန်ကာလနှင့် နယ်မြေဒေသ ပိုင်းခြားသတ်မှတ်၍ သဘာဝဘေးအန္တရာယ် ကျရောက်သောဒေသဖြစ်ကြောင်း ကြေညာနိုင်သည်"** ဟုဖော်ပြထားပါသည်။ အချိန်ကာလနှင့် နယ်မြေဒေသ တိုးမြှင့်ခြင်းနှင့်စပ်လျဉ်း၍ ပုဒ်မ(၁၂)တွင် **"နိုင်ငံတော်သမ္မတသည် သဘာဝဘေးအန္တရာယ် ကျရောက်သည့်ဒေသဖြစ်ကြောင်း ကြေညာပြီးနောက် သတ်မှတ်ထားသည့် အချိန်ကာလနှင့် နယ်မြေဒေသကို လိုအပ်သလို တိုးချဲ့ခြင်း၊ ပြင်ဆင်ခြင်းပြုနိုင်သည်"** ဟု ဖော်ပြထားပါသည်။

၃၃။ ထို့အပြင် သဘာဝဘေးအန္တရာယ်ကျရောက်သောဒေသဖြစ်ကြောင်း ကြေညာနိုင်သည့် အခြေအနေနှင့် တည်မြဲသည့်အချိန်ကာလနှင့် စပ်လျဉ်း၍ သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုနည်းဥပဒေများ၊ ၂၀၁၅၊ အခန်း(၆)တွင် အသေးစိတ်ဖော်ပြထားပါသည်။ **(နည်းဥပဒေ ၂၅၊ ၂၆၊ ၂၇ တို့အား ကိုးကားဆောင်ရွက်ရန်ဖြစ်ပါသည်။)**

**သဘာဝဘေးအန္တရာယ်တုံ့ပြန်ဆောင်ရွက်ခြင်းအဆင့်သတ်မှတ်ချက်များ**

၃၄။ သဘာဝဘေးအန္တရာယ်တုံ့ပြန်ဆောင်ရွက်မှုအတွက် အောက်ပါအတိုင်း အဆင့်သတ်မှတ်ပါသည်-

(က) အမျိုးသားအဆင့် တုံ့ပြန်ဆောင်ရွက်ခြင်း

(ခ) ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်အဆင့် တုံ့ပြန်ဆောင်ရွက်ခြင်း

၃၅။ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုနည်းဥပဒေများ၊ ၂၀၁၅၊ အခန်း(၈)၊ နည်းဥပဒေ (၃၀)တွင် သဘာဝဘေးအန္တရာယ်အရေးပေါ်အခြေအနေကို အောက်ပါအတိုင်း အမျိုးအစားခွဲခြားသတ်မှတ်ရမည်ဟုဖော်ပြထားပါသည်-

(က) ရပ်ကွက်၊ ကျေးရွာအုပ်စုအဆင့်မှ ထိန်းချုပ်ဆောင်ရွက်နိုင်သည်ဟု ယူဆလျှင် အရေးပေါ် အခြေအနေ အဆင့်- ၅၊

(ခ) မြို့နယ်အဆင့်မှ ထိန်းချုပ်ဆောင်ရွက်နိုင်သည်ဟု ယူဆလျှင် အရေးပေါ် အခြေအနေ အဆင့်- ၄၊

(ဂ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအဆင့် သို့မဟုတ် ခရိုင်အဆင့်မှ ထိန်းချုပ်ဆောင်ရွက်နိုင်သည်ဟု ယူဆလျှင် အရေးပေါ် အခြေအနေ အဆင့်- ၃၊

(ဃ) တိုင်းဒေသကြီး၊ ပြည်နယ်အဆင့်မှ ထိန်းချုပ်ဆောင်ရွက်နိုင်သည်ဟု ယူဆလျှင် အရေးပေါ်အခြေအနေ အဆင့်- ၂၊

(င) အမျိုးသားအဆင့်မှ ထိန်းချုပ်ဆောင်ရွက်ရန်လိုအပ်သည်ဟု ယူဆလျှင် အရေးပေါ် အခြေအနေ အဆင့်- ၁၊

၃၆။ နည်းဥပဒေပါသတ်မှတ်ချက်များအရ အမျိုးသားအဆင့် သဘာဝဘေးအန္တရာယ် တုံ့ပြန်ဆောင်ရွက်မှုအတွက် အရေးပေါ်အခြေအနေ အဆင့်-၁ နှင့်အညီ ဆောင်ရွက်၍ ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ်အဆင့် တုံ့ပြန်ဆောင်ရွက်ခြင်းအတွက် အရေးပေါ်အခြေအနေ အဆင့်-၂၊ ၃၊ ၄၊ ၅ တို့နှင့်အညီ ဆောင်ရွက်ရန်ဖြစ်ပါသည်။ (နည်းဥပဒေ-၃၁၊ ၃၂၊ ၃၃၊ ၃၄၊ ၃၅၊ ၃၆၊ ၃၇၊ ၃၈ တို့ကို ရည်ညွှန်းကိုးကားဆောင်ရွက်ရန်ဖြစ်ပါသည်။)

**အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ၏လုပ်ငန်းတာဝန်များ**

၃၇။ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေ၊ ၂၀၁၃၊ ပုဒ်မ(၅)တွင် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်(က)မှ(ဟ)အထိ (၃၁)ချက်ကို ဖော်ပြထားပါသည်။ ထို့အပြင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ (၃၀-၉-၂၀၂၁)ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်(၂၈၃/၂၀၂၁)ဖြင့် ဖွဲ့စည်းထားရှိသည့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ ဖွဲ့စည်းပုံတွင် လုပ်ငန်းတာဝန်များကို (က)မှ (င)အထိ (၅)ချက် သတ်မှတ်ထားပါသည်။

၃၈။ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီသည် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုလုပ်ငန်းများနှင့်စပ်လျဉ်း၍ သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဥပဒေပါ တာဝန်နှင့်လုပ်ပိုင်ခွင့်များ၊ ဖွဲ့စည်းပုံပါ လုပ်ငန်းတာဝန်များနှင့်အညီ ဦးဆောင်ကြီးကြပ်ဆောင်ရွက်လျက်ရှိပြီး သဘာဝဘေးအန္တရာယ်အရေးပေါ်အခြေအနေတစ်ရပ်ရပ် ဖြစ်ပေါ်လာနိုင်သည့်အချိန်တွင် အောက်ပါအတိုင်း ဆောင်ရွက်ပါမည်-

(က) အမျိုးသားကော်မတီအရေးပေါ်အစည်းအဝေးခေါ်ယူခြင်း၊

(ခ) သဘာဝဘေးအန္တရာယ်၏ ပြင်းထန်မှုနှင့်ထိခိုက်ပျက်စီးဆုံးရှုံးမှု ပမာဏအပေါ် မူတည်၍ အမျိုးသားအဆင့် တုံ့ပြန်ဆောင်ရွက်ရန် သို့မဟုတ် ပြည်ထောင်စု

နယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် အဆင့်တုံ့ပြန်ဆောင်ရွက်ရန် အတွက် အဆင့်ခွဲခြားသတ်မှတ်ခြင်း၊

(ဂ) သဘာဝဘေးအန္တရာယ် ကျရောက်မှု၊ ထိခိုက်ပျက်စီးဆုံးရှုံးမှု၊ တုံ့ပြန်ဆောင်ရွက် ရမည့် အတိုင်းအတာ၊ အခြေအနေများကို သုံးသပ်၍ အဆိုပါဒေသအား သဘာဝ ဘေးအန္တရာယ်ကျရောက်သည့်ဒေသဖြစ်ကြောင်းကြေညာရန်လိုအပ်မှု အခြေအနေ ကို နိုင်ငံတော်သမ္မတ/ နိုင်ငံတော်အကြီးအကဲထံ တင်ပြခြင်း၊

(ဃ) အမျိုးသားအဆင့် တုံ့ပြန်ဆောင်ရွက်ရမည့်အခြေအနေဖြစ်ပါက သဘာဝဘေး အန္တရာယ်တုံ့ပြန်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ လျင်မြန်ထိရောက်စွာ နှင့် ကြီးကြပ်ချိတ်ဆက်ဆောင်ရွက်နိုင်ရန်အတွက် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဗဟိုဌာန (Disaster Management Centre-DMC) ကို ဖွင့်လှစ် ဆောင်ရွက်ခြင်း၊

(င) ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ်အဆင့် တုံ့ပြန် ဆောင်ရွက်ရမည့် အခြေအနေဖြစ်ပါက လိုအပ်သည့် လမ်းညွှန်ချက်များချမှတ် ပေးခြင်း၊ ပံ့ပိုးချိတ်ဆက်ဆောင်ရွက်ရမည့် ဌာန/အဖွဲ့အစည်းများ သတ်မှတ်တာဝန် ပေးအပ်ခြင်း၊

(စ) အမျိုးသားအဆင့် တုံ့ပြန်ဆောင်ရွက်ရမည့် အခြေအနေဖြစ်စေ၊ ပြည်ထောင်စု နယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်အဆင့် တုံ့ပြန်ဆောင်ရွက်ရမည့် အခြေအနေဖြစ်စေ ပါဝင်ဆောင်ရွက်သူများအားလုံး၏ စီမံခန့်ခွဲဆောင်ရွက်မှုများ ကို ကြီးကြပ်သုံးသပ်၍ အချိန်နှင့်တစ်ပြေးညီ လမ်းညွှန်ချက်များ၊ ဆုံးဖြတ်ချက်များ ချမှတ်ပေးခြင်း၊

(ဆ) သဘာဝဘေးအန္တရာယ်တုံ့ပြန်ဆောင်ရွက်မှုအခြေအနေကို နိုင်ငံတော်သမ္မတ/ နိုင်ငံတော်အကြီးအကဲထံသို့ အချိန်နှင့်တစ်ပြေးညီအစီရင်ခံတင်ပြခြင်း၊ လမ်းညွှန်မှု ခံယူခြင်း၊ ညွှန်ကြားချက်များနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

**အမျိုးသားကော်မတီအရေးပေါ်အစည်းအဝေးခေါ်ယူခြင်း**

၃၉။ အောက်ပါအခြေအနေများအနက်မှ တစ်ခု သို့မဟုတ် တစ်ခုထက်ပိုသော အခြေအနေများ ဖြစ်ပေါ်ပါက အမျိုးသားကော်မတီအရေးပေါ်အစည်းအဝေးခေါ်ယူနိုင်ရေးအတွက် အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုလုပ်ငန်းကော်မတီသည် အမျိုးသားကော်မတီသို့ အလျင် မြန်ဆုံးနည်းလမ်းဖြင့်/ အချိန်နှင့်တစ်ပြေးညီ တင်ပြဆောင်ရွက်ရမည်-

(က) နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ်တစ်ခုခုတွင် သဘာဝဘေးအန္တရာယ် ဖြစ်ပေါ်သည့် အခြေအနေသည် ၎င်းဒေသ၏ တုံ့ပြန်ဆောင်ရွက်နိုင်မှုထက် ကျော်လွန်နေသည့်အခြေအနေဖြစ်ပေါ်နေခြင်း၊

(ခ) သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်သည့်အခြေအနေသည် သဘာဝဘေးအန္တရာယ် ဆိုင်ရာစီမံခန့်ခွဲမှု နည်းဥပဒေများ၊ နည်းဥပဒေ(၃၀)၊ နည်းဥပဒေခွဲ(င)ပါ ဖော်ပြချက်အတိုင်း အမျိုးသားအဆင့်မှ ထိန်းချုပ်ဆောင်ရွက်ရန် လိုအပ်သည်ဟု ယူဆရသည့် အခြေအနေဖြစ်ပေါ်ခြင်း၊

(ဂ) နေရာဒေသတစ်ခုတွင် သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်မှုအခြေအနေသည် လူ့ အသက်များစွာဆုံးရှုံးမှုဖြစ်ပေါ်စေပြီး ရှာဖွေကယ်ဆယ်ရေးအတွက်/ အရေးပေါ် တုံ့ပြန်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ ဦးစားပေးဆောင်ရွက်ရန် လိုအပ်နေသည့် အခြေအနေ ဖြစ်ပေါ်နေခြင်း၊ (ဥပမာ-လျောင်ဘေး၊ ဆူနာမီဘေး၊ မြေပြိုဘေး စသည်)

(ဃ) ဒေသတစ်ခုခုသို့ သဘာဝဘေးအန္တရာယ် ကျရောက်လာနိုင်သည့်အခြေအနေ သို့မဟုတ် ကျရောက်တော့မည့်အခြေအနေ တစ်ရပ်ရပ်ဖြစ်ပေါ်ခြင်း၊ (ဥပမာ- အင်အား ပြင်းထန်သည့် ဆိုင်ကလုန်းမုန်တိုင်း ဝင်ရောက်တိုက်ခတ်ရန် သေချာနေသည့်အခြေအနေစသည်)

(င) နှစ်နိုင်ငံ နယ်နမိတ်ချင်းထိစပ်နေသည့် နယ်စပ်ဒေသများတွင် မိမိနိုင်ငံဘက်၌သော်လည်းကောင်း၊ အိမ်နီးချင်းနိုင်ငံဘက်၌သော်လည်းကောင်း ဘေးအန္တရာယ်တစ်ခုခုဖြစ်ပွားပါက အပြန်အလှန်သက်ရောက်မှုရှိနိုင်သည့်အခြေအနေဖြစ်ပေါ်ခြင်း၊

၄၀။ အမျိုးသားကော်မတီ အရေးပေါ်အစည်းအဝေးခေါ်ယူနိုင်ရေးအတွက် လိုအပ်သည့် အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များနှင့် အစည်းအဝေးအတွက် ပံ့ပိုးဆောင်ရွက်ရမည့် သတင်းအချက်အလက်များ၊ နည်းပညာပိုင်းဆိုင်ရာအကြံပြုချက်များ၊ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်မှုများကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက စီစဉ်ဆောင်ရွက်ပေးရမည်။

၄၁။ ဘေးသင့်ဒေသရှိ သို့မဟုတ် ဘေးဖြစ်ပွားနိုင်သည့်/ဘေးဖြစ်ပွားမည်ဟု ကြိုတင်သတိပေးချက်ထုတ်ပြန်ထားသည့် ဒေသရှိ သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့သည် ဘေးဖြစ်ပွားမှုအခြေအနေ၊ ပျက်စီးဆုံးရှုံးမှုအခြေအနေ၊ ဒေသမှတုံ့ပြန်ဆောင်ရွက်နိုင်မှု အခြေအနေနှင့် အခြားလိုအပ်သည့် အကူအညီများအား အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုလုပ်ငန်းကော်မတီသို့ အမြန်ဆုံးနည်းလမ်းဖြင့် တင်ပြရမည်။

**သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဗဟိုဌာန (Disaster Management Centre-DMC)**

၄၂။ သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဗဟိုဌာန (Disaster Management Centre-DMC) ဖွင့်လှစ်ခြင်းနှင့်စပ်လျဉ်း၍ သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဥပဒေနှင့် နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များအရ အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဥပဒေ ပုဒ်မ ၅၊ ပုဒ်မခွဲ(ဇ)တွင် ဖော်ပြချက်နှင့်အညီ ကျရောက်သည့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ သတင်းအချက်အလက်များကို စောင့်ကြည့်လေ့လာခြင်း၊ စိစစ်ခြင်းနှင့် အချိန်နှင့်တစ်ပြေးညီ ကြိုတင်သတိပေးချက်ထုတ်ပြန်ခြင်းတို့ကို ဆောင်ရွက်နိုင်ရန် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဗဟိုဌာန(DMC)တည်ထောင်ရမည်၊

( ခ ) သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဥပဒေ ပုဒ်မ ၅၊ ပုဒ်မခွဲ(ဗ)တွင်ဖော်ပြချက်နှင့်အညီ အမျိုးသားကော်မတီသည် သဘာဝဘေးအန္တရာယ်ကျရောက်နိုင်သည့်ဒေသတွင်ဖြစ်စေ၊ သဘာဝဘေးအန္တရာယ်ကျရောက်သည့် ဒေသတွင်ဖြစ်စေ အမျိုးသားကော်မတီက တိုက်ရိုက်တာဝန်ယူ၍ ကြီးကြပ်ဆောင်ရွက်သည့် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကို လိုအပ်ပါက ယင်းဒေသနှင့် အနီးအနားရှိ ဒေသများ၌ အခြေစိုက်ဆောင်ရွက်ရမည်၊

( ဂ ) သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု နည်းဥပဒေများ၊ နည်းဥပဒေ(၆)အရ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသည် သဘာဝဘေးအန္တရာယ်ပေါ်ပေါက်လာသည့်အခါ သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ထိရောက်စွာဆောင်ရွက်နိုင်ရေးအတွက် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဗဟိုဌာန (DMC)ကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် တည်ထောင်ထားရမည်။ လိုအပ်ပါက ဘေးသင့်ဒေသရှိ သင့်လျော်သောနေရာတွင် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုယာယီဗဟိုဌာနခွဲကိုဖြစ်စေ၊ နယ်လှည့်ဗဟိုဌာနခွဲကိုဖြစ်စေ တည်ထောင်၍ ဆောင်ရွက်ရမည်၊

(ဃ) သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု နည်းဥပဒေများ၊ နည်းဥပဒေ(၇)အရ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသည် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဗဟိုဌာန(DMC)၏ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရန် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်ညှိနှိုင်း၍ သင့်လျော်သော ဝန်ထမ်းများဖြင့် စုဖွဲ့ဆောင်ရွက်ရမည်၊

(င) သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု နည်းဥပဒေများ၊ နည်းဥပဒေ(၁၂)၊ နည်းဥပဒေခွဲ(တ)အရ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနသည် သဘာဝဘေးအန္တရာယ် ပေါ်ပေါက်လာသည့်အခါ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဗဟိုဌာန(DMC)၏ လုပ်ငန်းတာဝန်များကို အမျိုးသားကော်မတီနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့၏ လမ်းညွှန်ချက်နှင့်အညီ တာဝန်ယူဆောင်ရွက်ရမည်၊

၄၃။ သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု နည်းဥပဒေများ၊ နည်းဥပဒေ(၆)ပါ သတ်မှတ်ပြဋ္ဌာန်းချက်များနှင့်အညီ သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဗဟိုဌာန(DMC)ကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် ဖွင့်လှစ်နိုင်ရေး အောက်ပါတို့အား ဆောင်ရွက်ထားရမည်-

(က) သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဗဟိုဌာန(DMC) ဖွင့်လှစ်ပါက လုပ်ငန်းကော်မတီများ၊ ဝန်ကြီးဌာနများမှကိုယ်စားလှယ်များ အချိန်နှင့်တစ်ပြေးညီ တာဝန်ထမ်းဆောင်ရန် ညွှန်ကြားရေးမှူးအဆင့်ထက်မနိမ့်သော အရာထမ်း ကိုယ်စားလှယ်များ၊ တပ်မတော်အရာရှိကြီးများ၏ အမည်စာရင်း၊ ဆက်သွယ်ရန် ဖုန်းနံပါတ်တို့ကို စုစည်းပြုစုထားရမည်။ အဆိုပါ ပြုစုစာရင်းကို နှစ်စဉ်ဧပြီလတွင်လည်းကောင်း၊

အမည်စာရင်းပေးပို့ထားသည့် အရာထမ်းအပြောင်းအလဲဖြစ်ချိန်တွင်လည်းကောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသို့ စာရင်းပေးပို့နိုင်ရေးချိတ်ဆက်ဆောင်ရွက်ရမည်၊

(ခ) သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဗဟိုဌာန(DMC) ဖွင့်လှစ်သည်နှင့် တစ်ပြိုင်နက် ဗဟိုဌာန၏လုပ်ငန်းများ လွယ်ကူလျင်မြန်စွာ ဆောင်ရွက်လည်ပတ်နိုင်ရန် လိုအပ်သော လုပ်ထုံးလုပ်နည်းများ၊ ဖြစ်ပေါ်သည့် ဘေးအမျိုးအစားနှင့် ပြင်းထန်မှု အဆင့်တို့အပေါ်မူတည်၍ နေ့စဉ်ဆောင်ရွက်ရမည့် တာဝန်များ (Checklist)ကို ကြိုတင်ပြုစုအတည်ပြုချက်ရယူထားနိုင်ရေးအတွက် အမျိုးသားကော်မတီကိုယ်စား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသည် လိုအပ်သလို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ရမည်၊

(ဂ) သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဗဟိုဌာန (DMC)အဖြစ် အသုံးပြုမည့် ရုံးခန်းနေရာများကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် ကြိုတင်စီမံထားရှိရမည်၊

(ဃ) ဗဟိုဌာန ဖွင့်လှစ်၍ (၂၄)နာရီ၊ (၇)ရက် (၂၄/၇)လုပ်ငန်းလည်ပတ်နိုင်ရေးအတွက် စီမံဆောင်ရွက်ပေးရမည့် အုပ်ချုပ်ထောက်ပံ့မှုကိစ္စရပ်များနှင့် လိုအပ်သော ရုံးသုံး၊ လုပ်ငန်းသုံးပစ္စည်းများ၊ အသုံးအဆောင်များအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသည် အမျိုးသားကော်မတီ၏ လမ်းညွှန်မှုဖြင့် ကြိုတင်ပြင်ဆင်ထားရမည်၊

၄၄။ အောက်ဖော်ပြပါ အခြေအနေတစ်ရပ်ရပ်တွင် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဗဟိုဌာန(DMC) ဖွင့်လှစ်၍ လုပ်ငန်းဆောင်ရွက်ရန် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်

နေရာချထားရေးဝန်ကြီးဌာနက အမျိုးသားကော်မတီသို့ ဆောလျင်စွာ တင်ပြရမည်-

(က) ကြီးမားပြင်းထန်သော သို့မဟုတ် ဘေးသင့်ဧရိယာ ကျယ်ပြန့်စွာ ဖြစ်ပွားနိုင်သော သဘာဝဘေး(ဘေးအန္တရာယ်)တစ်မျိုးမျိုးအတွက်ကြိုတင်ပြင်ဆင်ရန်နှင့်တုံ့ပြန်ရန် လိုအပ်သည့်အချိန်၊

( ခ ) ဘေးသင့်ဒေသတစ်ခု သို့မဟုတ် တစ်ခုထက်ပိုသော ဒေသများအား သဘာဝဘေး အန္တရာယ်ကျရောက်သောဒေသဖြစ်ကြောင်း ကြေညာသည့် အချိန်၊

( ဂ ) ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ အရေးပေါ်အခြေအနေစီမံခန့်ခွဲမှုဗဟိုဌာန (Emergency Operations Centre- EOC)၏ လုပ်ငန်းဆောင်ရွက်မှုအဆင့် သတ်မှတ်ချက်အရ ဘေးသင့်ဒေသတစ်ခုတွင် ဘေးသင့်လူဦးရေ (၁၀၀,၀၀၀) ကျော်လာခြင်း သို့မဟုတ် တိုင်းဒေသကြီး/ပြည်နယ်အများအပြားတွင် တစ်ချိန်တည်း ဘေးဖြစ်ပွားနေခြင်း သို့မဟုတ် အချိန်တိုအတွင်း ပျက်စီးဆုံးရှုံးထိခိုက်မှု ကြီးမားများပြားခြင်းကြောင့် ဝန်ကြီးဌာနအဆင့် တုံ့ပြန်မှုထက် ကျော်လွန်ဆောင်ရွက်ရန် လိုအပ်သည့်အချိန်၊

၄၅။ အမျိုးသားကော်မတီက ဗဟိုဌာနဖွင့်လှစ် လုပ်ငန်းဆောင်ရွက်ရန် ညွှန်ကြားသည့်အချိန် သို့မဟုတ် အမျိုးသားကော်မတီက သီးခြားလိုအပ်ချက်အရ တာဝန်ပေးအပ်သည့်အချိန်တွင် ဗဟိုဌာန၌ တာဝန်ထမ်းဆောင်မည့်သူများကို ဆောလျင်စွာစုစည်းပြီး လုပ်ငန်းများ စတင် ဆောင်ရွက်ရမည်။ အမျိုးသားကော်မတီ အတွင်းရေးမှူး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး သို့မဟုတ် အမျိုးသားကော်မတီဥက္ကဋ္ဌမှ တာဝန်ပေးအပ်သူက ဗဟိုဌာန၏ လုပ်ငန်းများအား ပေါင်းစပ်ညှိနှိုင်း ကြီးကြပ်ကွပ်ကဲရမည်။

၄၆။ သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုယာယီဗဟိုဌာနခွဲ သို့မဟုတ် နယ်လှည့်ဗဟိုဌာနခွဲ ဖွင့်လှစ်ရန် လိုအပ်သည့် အခြေအနေမျိုးတွင် ဗဟိုဌာနကို အမျိုးသားကော်မတီ ဒုတိယ ဥက္ကဋ္ဌ

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ကြီးကြပ်ကွပ်ကဲပြီး ယာယီဗဟိုဌာနခွဲ သို့မဟုတ် နယ်လှည့်ဗဟိုဌာနခွဲကို အမျိုးသားကော်မတီ အတွင်းရေးမှူး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီး သို့မဟုတ် အမျိုးသားကော်မတီဥက္ကဋ္ဌမှ တာဝန်ပေးအပ်သူက ပေါင်းစပ်ညှိနှိုင်း ကြီးကြပ် ကွပ်ကဲရမည်။

၄၇။ ဗဟိုဌာန ဖွင့်လှစ်ဆောင်ရွက်နေသည့်ကာလအတွင်း နည်းဥပဒေ(၁၂)၊ နည်းဥပဒေခွဲ (က) အရ ဗဟိုဌာန၏ လုပ်ငန်းတာဝန်များအား ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနက အဓိက ပေါင်းစပ်ညှိနှိုင်းပြီး လုပ်ငန်းကော်မတီများ/ သက်ဆိုင်ရာဝန်ကြီးဌာနများကလည်း ဦးစားပေး တာဝန်အဖြစ် ညှိနှိုင်းပူးပေါင်းဆောင်ရွက်ရမည်။

၄၈။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသည် ဗဟိုဌာန ဖွင့်လှစ်ဆောင်ရွက်သည့်အချိန်တွင် လုပ်ငန်းကော်မတီ/ ဝန်ကြီးဌာနအလိုက် ကြိုတင်အမည် စာရင်းပေးထားသည့် အရာထမ်းများ၊ ၎င်းတို့အား ပံ့ပိုးမည့် ဌာနအလိုက် အမှုထမ်းများ၊ တပ်မတော်နှင့် ဝန်ကြီးဌာနများအကြား ပေါင်းစပ်ညှိနှိုင်းရေးအတွက် တာဝန်ပေးထားသည့် တပ်မတော် အရာရှိကြီးများသည် ဗဟိုဌာနတွင် အချိန်ပြည့် တွဲဖက်တာဝန်ထမ်းဆောင်ရမည်။

၄၉။ သဘာဝဘေးစီမံခန့်ခွဲမှုလုပ်ငန်းများအတွက် ပေါင်းစပ်ညှိနှိုင်းရန် လိုအပ်ပါက မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၊ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုလုပ်ငန်းများနှင့် လူသားချင်းစာနာမှုအကူအညီ ပေးရေးလုပ်ငန်းများတွင် စဉ်ဆက်မပြတ် ပူးပေါင်းဆောင်ရွက်နေသည့် အဖွဲ့အစည်းအသီးသီးမှ ကိုယ်စားလှယ်များအား အမျိုးသားကော်မတီ၏ ခွင့်ပြုချက်ဖြင့် ဗဟိုဌာနတွင် ပူးပေါင်းတာဝန် ထမ်းဆောင်ရန် အကြောင်းကြားဖိတ်ခေါ်နိုင်သည်။

၅၀။ အဆိုပါ အဖွဲ့အစည်းအသီးသီးမှ ကိုယ်စားလှယ်များ၏ အုပ်ချုပ်ထောက်ပံ့မှုအတွက် ၎င်းတို့၏ သက်ဆိုင်ရာ ဌာနများက အဓိကဆောင်ရွက်ပေးရမည်။ သီးခြားလိုအပ်ချက် သို့မဟုတ်

(၂၄)နာရီ၊ (၇)ရက် (၂၄/၇)အချိန်ပြည့်တာဝန်ထမ်းဆောင်ချိန်တွင် လိုအပ်လာနိုင်သည့် ပံ့ပိုးမှုများအတွက် အမျိုးသားကော်မတီသို့ ခွင့်ပြုချက်ရယူဆောင်ရွက်ရမည်။

၅၁။ သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဗဟိုဌာန(DMC)၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုလုပ်ငန်းများ ထိရောက်မြန်ဆန်စွာ ဆောင်ရွက်နိုင်ရန် ကြီးကြပ်ခြင်း၊

(ခ) လုပ်ငန်းကော်မတီများ၊ ဝန်ကြီးဌာနများ၊ ဘေးသင့်ဒေသရှိ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုအဖွဲ့များ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ တပ်မတော် တပ်ရင်း/တပ်ဖွဲ့များကြား ညှိနှိုင်းပေါင်းစပ်ပေးခြင်း၊ လိုအပ်သည်များ စီစဉ်ဆောင်ရွက်ခြင်းနှင့် အထောက်အကူပေးခြင်း၊

(ဂ) ဘေးလွတ်ရာသို့ ကြိုတင်ရွှေ့ပြောင်းရေး၊ ရှာဖွေကယ်ဆယ်ရေး၊ အရေးပေါ် ကူညီထောက်ပံ့ရေးပစ္စည်းများပံ့ပိုးကူညီရေး၊ ဘေးလွတ်ရာနေရာများနှင့် ယာယီ ခိုလှုံရာနေရာများစီစဉ်ပေးရေး၊ ဘေးသင့်ပြည်သူများ ဆက်လက်ရှင်သန်ရပ်တည်နိုင်ရေးအတွက် ညှိနှိုင်းပေါင်းစပ်မှုများဆောင်ရွက်ပေးခြင်း၊

(ဃ) ဘေးသင့်ဒေသတွင် ဒေသဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့များ၏ သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုလုပ်ငန်းများ ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် ပံ့ပိုးခြင်းနှင့် ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊

(င) အချိန်နှင့်တစ်ပြေးညီသတင်းရယူခြင်း၊ သတင်းကွန်ရက် ချိတ်ဆက်ဆောင်ရွက်ခြင်းနှင့် သတင်းထုတ်ပြန်ခြင်းများတွင် ကြီးကြပ်ပံ့ပိုးဆောင်ရွက်ခြင်း၊

(စ) သဘာဝဘေးအန္တရာယ်ကျရောက်သည့်အခါ ပြည်တွင်း/ ပြည်ပရှိ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့်အချိန်မီ ဆက်သွယ်ဆောင်ရွက်နိုင်ရန် ကြိုတင်စီမံထားသည့်

အရေးပေါ်ဆက်သွယ်ရေးစနစ်နှင့် ဆက်သွယ်ရေးစခန်းများဖွင့်လှစ်နိုင်ရေးအတွက် လိုအပ်သည်များ အထောက်အကူပေးခြင်း၊

(ဆ) ဘေးသင့်သူများအတွက်လိုအပ်သော လူသားချင်းစာနာမှုအကူအညီများ ထောက်ပံ့နိုင်ရန် သက်ဆိုင်သည့် အစိုးရဌာန၊ အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ နိုင်ငံတကာအကူအညီပေးသူများနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ရေး အတွက် လိုအပ်သော အစီအစဉ်များ ညှိနှိုင်းဖော်ဆောင်ပေးခြင်း၊

(ဇ) ထိခိုက်ခံရလွယ်သူများ ချန်လှပ်ခံရမှုမရှိစေရေး၊ ခွဲခြားဆက်ဆံမှုမရှိစေရေး၊ ကျား၊ မ အခြေပြု အကြမ်းဖက်မှုများ မပေါ်ပေါက်စေရေး၊ လူကုန်ကူးမှုများနှင့် မူးယစ်ဆေးဝါးရောင်းဝယ်မှုများ မဖြစ်ပွားစေရေးတို့အတွက် ညှိနှိုင်းပေါင်းစပ်ခြင်း၊

(ဈ) ဘေးဖြစ်ပွားမှုအခြေအနေနှင့် လိုအပ်မှုအတိုင်းအတာအရ ကနဦးသတင်း ထုတ်ပြန်ခြင်း(Flash Appeal)/ အချိန်အလိုက် အခြေအနေဖော်ပြချက် အစီရင်ခံစာ (Situation Report)များ ထုတ်ပြန်နိုင်ရန် စီမံဆောင်ရွက်ခြင်း၊

(ည) ကျရောက်ဖြစ်ပွားနေသည့် ဘေးအန္တရာယ်နှင့်စပ်လျဉ်းသည့် စီမံခန့်ခွဲဆောင်ရွက်မှု အစီရင်ခံစာအား အမျိုးသားကော်မတီသို့ နေ့စဉ်တင်ပြခြင်း၊

၅၂။ သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ယာယီဗဟိုဌာနခွဲ (Branch of Disaster Management Centre) သို့မဟုတ် နယ်လှည့်ဗဟိုဌာနခွဲ (Mobile Disaster Management Centre) ဖွင့်လှစ်ခြင်း၊ စုဖွဲ့ခြင်းနှင့် လုပ်ငန်းတာဝန်များကို အောက်ပါအတိုင်းဆောင်ရွက်ရမည်-

(က) ယာယီဗဟိုဌာနခွဲ သို့မဟုတ် နယ်လှည့်ဗဟိုဌာနခွဲ ဖွင့်လှစ်ခြင်း

(၁) သဘာဝဘေးအန္တရာယ်ပြင်းထန်စွာ ကျရောက်တော့မည့် အခိုက်တွင် သက်ဆိုင်ရာနယ်မြေဒေသတွင်ဖြစ်စေ၊ သဘာဝဘေးအန္တရာယ်ကျရောက် လျက်ရှိသည့် နေရာဒေသတွင်ဖြစ်စေ အမျိုးသားကော်မတီက တိုက်ရိုက်

တာဝန်ယူ ကြီးကြပ်ဆောင်ရွက်ရန် လိုအပ်ကြောင်း ဆုံးဖြတ်ညွှန်ကြားမှု ပြုသည့်အချိန်တွင် ဖွင့်လှစ်ရမည်၊

(၂) ကာလရှည်ဖြစ်ပွားသော ဘေးများတွင် ဒေသဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့များကို အားဖြည့်ကူညီရန် လိုအပ်ကြောင်း အမျိုးသားကော်မတီက ဆုံးဖြတ်ညွှန်ကြားသည့်အချိန်တွင် ဖွင့်လှစ်ရမည်၊

(၃) ဘေးသင့်ဒေသရှိသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့က ၎င်းတို့၏ အရင်းအမြစ်ဖြင့် ဆောင်ရွက်ရန် ကန့်သတ်ချက်ရှိလျှင်ဖြစ်စေ၊ ဘေးသင့်ဒေသရှိ သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု အရေးပေါ်ကွပ်ကဲရေးရုံး (Emergency Management Centre)ကို အားဖြည့် ဆောင်ရွက်ရန် လိုအပ်လျှင်ဖြစ်စေ၊ အမျိုးသားအဆင့် ပံ့ပိုးကူညီမှုလိုအပ်ကြောင်း တင်ပြမှုအပေါ် အမျိုးသားကော်မတီက လက်ခံညွှန်ကြားသည့် အချိန်တွင် ဖွင့်လှစ်ရမည်၊

( ခ ) ယာယီဗဟိုဌာနခွဲ သို့မဟုတ် နယ်လှည့်ဗဟိုဌာနခွဲတွင်တာဝန်ထမ်းဆောင်မည့်သူများ

(၁) ဘေးဖြစ်ပွားမှုပမာဏအရ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်/ညွှန်ကြားရေးမှူးချုပ် သို့မဟုတ် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး သို့မဟုတ် အမျိုးသားကော်မတီ ဥက္ကဋ္ဌမှ တာဝန်ပေးအပ်သူက ပေါင်းစပ်ညှိနှိုင်းကြီးကြပ်ကွပ်ကဲရမည်၊

(၂) ယာယီဗဟိုဌာနခွဲ သို့မဟုတ် နယ်လှည့်ဗဟိုဌာနခွဲအား ကြီးကြပ်သူ၏ အဆင့်နှင့် လိုက်လျောညီထွေ ရာထူးရှိသည့် ဘေးသင့်ဒေသရှိ သဘာဝဘေး

အန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပူးတွဲတာဝန် ထမ်းဆောင်ရမည်၊

(၃) ဗဟိုဌာနတွင် တာဝန်ထမ်းဆောင်နေသည့် လုပ်ငန်းကော်မတီ/ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများက တာဝန်ပေးအပ်သည့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ်အဆင့် ဌာနဆိုင်ရာ ကိုယ်စားလှယ်များနှင့် ဒေသခံတပ်မတော် တပ်ရင်း/ တပ်ဖွဲ့ကိုယ်စားလှယ်များက အချိန်ပြည့် ပူးပေါင်း တာဝန်ထမ်းဆောင်ရမည်၊

(၄) အမျိုးသားကော်မတီ၏ခွင့်ပြုချက်နှင့်အညီ မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ Red Cross Movement ၊ Humanitarian Country Team နှင့် သဘာဝဘေး စီမံခန့်ခွဲမှုလုပ်ငန်းများတွင် ပုံမှန်ပူးပေါင်းဆောင်ရွက်နေသည့် ဒေသဆိုင်ရာ အဖွဲ့အစည်းများမှ ဒေသဆိုင်ရာကိုယ်စားလှယ်တို့အား ဖိတ်ကြားနိုင်သည်၊

(ဂ) ယာယီဗဟိုဌာနခွဲ သို့မဟုတ် နယ်လှည့်ဗဟိုဌာနခွဲ၏ လုပ်ငန်းတာဝန်များ

(၁) ဘေးသင့်ဒေသ၏ သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုလုပ်ငန်းများ ထိရောက်မြန်ဆန်စွာ ဆောင်ရွက်နိုင်ရန် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ခြင်း၊

(၂) သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဗဟိုဌာနနှင့်ချိတ်ဆက်၍ ဘေးသင့် ဒေသရှိ သဘာဝဘေးစီမံခန့်ခွဲမှုအဖွဲ့များ၊ အမျိုးသားအဆင့်/ ဒေသအဆင့် အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ တပ်မတော်မှ တပ်ရင်း/ တပ်ဖွဲ့များ အကြား ညှိနှိုင်းပေါင်းစပ်ပေးခြင်း၊ လိုအပ်သည်များ စီစဉ်ဆောင်ရွက်ခြင်း နှင့် အထောက်အကူပေးခြင်း၊

(၃) ဘေးသင့်ဒေသတွင် အရေးပေါ်အထောက်အကူပြုလုပ်ငန်းများ အဆင်ပြေ ချောမွေ့ထိရောက်စေရေး ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ခြင်း၊

(၄) ထိခိုက်ဆုံးရှုံးမှုဆိုင်ရာ သတင်းအချက်အလက် ကောက်ယူခြင်း၊ အထက် အဆင့်ဆင့်သို့တင်ပြခြင်း၊ဘေးသင့်သူများအတွက်လိုအပ်ချက်ဆန်းစစ်ခြင်း စသည့်လုပ်ငန်းများ မှန်ကန်မြန်ဆန်စေရေးအတွက် ပံ့ပိုးစီမံဆောင်ရွက်ခြင်း၊

၅၃။ သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဗဟိုဌာန(DMC)သည် လုပ်ငန်းလိုအပ်ချက်အပေါ် မူတည်၍ ဘေးသင့်ဒေသများသို့အချိန်နှင့်တစ်ပြေးညီကွင်းဆင်းသွားရောက်နိုင်ရေးစီမံဆောင်ရွက် ရမည်။ ဘေးသင့်ဒေသသို့ ကွင်းဆင်းသွားရောက်ရာတွင် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များက ဦးစားပေးအဖြစ် ပံ့ပိုးပူးပေါင်းဆောင်ရွက်ရမည်။

၅၄။ အရေးပေါ်တုံ့ပြန်မှုလုပ်ငန်းများ ဆောင်ရွက်ပြီးစီး၍ သက်ဆိုင်ရာ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် သဘာဝဘေးစီမံခန့်ခွဲမှုအဖွဲ့အနေဖြင့်သာ စီမံခန့်ခွဲရန် လိုအပ်သည့် အချိန် သို့မဟုတ် အမျိုးသားကော်မတီက ဗဟိုဌာနအပါအဝင် အရေးပေါ်စီမံခန့်ခွဲမှုဌာနများ ဖွင့်လှစ်ဆောင်ရွက်ရန် မလိုအပ်တော့ကြောင်း ဆုံးဖြတ်လမ်းညွှန်မှုပြုသည့်အချိန်တို့တွင် သဘာဝ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဗဟိုဌာန သို့မဟုတ် ယာယီဗဟိုဌာနခွဲ သို့မဟုတ် နယ်လှည့်ဗဟို ဌာနခွဲအား ပိတ်သိမ်းရမည်။ ပိတ်သိမ်းပြီးချိန်တွင် အောက်ပါလုပ်ငန်းများအား ဆောင်ရွက်ရမည်-

(က) လုပ်ငန်းဆောင်ရွက်ခဲ့မှု အစီရင်ခံစာအား ဌာနပိတ်သိမ်းပြီး (၁)လအတွင်း ပြုစု တင်ပြခြင်း၊

(ခ) ဗဟိုဌာန သို့မဟုတ် ယာယီဗဟိုဌာနခွဲ သို့မဟုတ် နယ်လှည့် ဗဟိုဌာနခွဲ၏ လုပ်ငန်း ဆောင်ရွက်ခဲ့မှုများ၊ ကူညီထောက်ပံ့ရေးပစ္စည်းများ လက်ခံ၊ ထိန်းသိမ်း၊ ဖြန့်ဝေခဲ့မှု များ၊ ငွေကြေးသုံးစွဲခဲ့မှုများအား မှတ်တမ်းဓာတ်ပုံများနှင့်တကွ စနစ်တကျ မှတ်တမ်းထားရှိခြင်း၊

(ဂ) ဆက်လက်ဆောင်ရွက်ရန်များအား သက်ဆိုင်သည့် ကော်မတီများ၊ ဌာန အဖွဲ့အစည်းများ၊ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု အဖွဲ့များထံသို့ စနစ်တကျ လွှဲပြောင်း ဆောင်ရွက်ခြင်း၊

(ဃ) ဇုဟိုဌာန သို့မဟုတ် ယာယီဇုဟိုဌာနခွဲ သို့မဟုတ် နယ်လှည့်ဇုဟိုဌာနခွဲ၏ လုပ်ငန်းဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍အကောင်းဆုံးဆောင်ရွက်နိုင်ခဲ့သည်များ၊နောင်တွင်ပိုမိုကောင်းမွန်အောင် ဆောင်ရွက်နိုင်သည်များ၊ တွေ့ကြုံဖြေရှင်းခဲ့ရသည့် အခက်အခဲများနှင့် ရယူနိုင်သည့် သင်ခန်းစာများစသည့် ပြန်လည်သုံးသပ်မှု (After Action Review)အား ဆောင်ရွက်ခြင်း၊

(င) သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဇုဟိုဌာန သို့မဟုတ် ယာယီဇုဟိုဌာနခွဲ သို့မဟုတ် နယ်လှည့်ဇုဟိုဌာန ဖွဲ့စည်းမှုနှင့် လုပ်ငန်းတာဝန်များအား ပြန်လည်သုံးသပ်ခြင်း၊

(စ) ဇုဟိုဌာန သို့မဟုတ် ယာယီဇုဟိုဌာနခွဲ သို့မဟုတ် နယ်လှည့်ဇုဟိုဌာနခွဲ၏ လုပ်ငန်းဆောင်ရွက်မှုများနှင့် ပြန်လည်သုံးသပ်တွေ့ရှိမှုများအား အနီးဆုံးအချိန်တွင်ကျင်းပသည့် အမျိုးသားကော်မတီ အစည်းအဝေး၌ တင်ပြလမ်းညွှန်မှုခံယူခြင်း။

**အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုလုပ်ငန်းကော်မတီ၏လုပ်ငန်းတာဝန်များ**

၅၅။ နိုင်ငံတော်အတွင်း အချိန်ကာလအလျောက် ဖြစ်ပေါ်လာနိုင်သည့် သဘာဝဘေးအန္တရာယ်အတွက်စီမံခန့်ခွဲမှုလုပ်ငန်းစဉ်များကို ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု လုပ်ငန်းကော်မတီသည် အောက်ပါလုပ်ငန်းများအား ဆောင်ရွက်ရမည်-

(က) **ကြိုတင်ပြင်ဆင်ခြင်း**

(၁) သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု လုပ်ငန်းများနှင့် ပတ်သက်၍ အမျိုးသား

သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီက ချမှတ်ပေးထားသည့် မူဝါဒများ၊ လမ်းညွှန်ချက်များနှင့်အညီ လိုအပ်သည့် လုပ်ထုံးလုပ်နည်းများ ရေးဆွဲသတ်မှတ်နိုင်ရေး ညှိနှိုင်းဆောင်ရွက်ရမည်၊

(၂) သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေလျော့ချရေးအတွက် လိုအပ်သည့် ဥပဒေ၊ နည်းဥပဒေများ၊ စီမံချက်များ၊ လုပ်ငန်းအစီအစဉ်များကို အမျိုးသားကော်မတီ၏ လမ်းညွှန်မှုဖြင့်ရေးဆွဲနိုင်ရေး စီမံဆောင်ရွက်ရမည်၊

(၃) ရေးဆွဲပြဋ္ဌာန်းပြီးဖြစ်သည့် ဥပဒေ၊ နည်းဥပဒေများ၊ စီမံချက်များ၊ လုပ်ငန်းအစီအစဉ်များကို ခေတ်ကာလနှင့်လျော်ညီမှုရှိစေရန် သုံးသပ် ပြင်ဆင်နိုင်ရေး လမ်းညွှန်ကြီးကြပ်ရမည်၊

(၄) နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းများတွင် သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေလျော့ချရေးအစီအမံများပါဝင်စေရေးအတွက် သက်ဆိုင်ရာ လုပ်ငန်းကော်မတီများ၊ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များ၊ ပုဂ္ဂလိကအဖွဲ့အစည်းများစသည်တို့နှင့် ပေါင်းစပ် ညှိနှိုင်းဆောင်ရွက်နိုင်ရေး လမ်းညွှန်စီမံရမည်၊

(၅) ဖြစ်ပေါ်လာနိုင်သည့် သဘာဝဘေးအန္တရာယ်များကို စနစ်တကျ စီမံခန့်ခွဲနိုင်ရေးအတွက် ဘေးအန္တရာယ်ကြောင့်ထိခိုက်ဆုံးရှုံးနိုင်ခြေ ဆန်းစစ်လေ့လာခြင်းကို သက်ဆိုင်ရာလုပ်ငန်းကော်မတီများ၊ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရေး လမ်းညွှန်စီမံရမည်၊

(၆) လေ့လာတွေ့ရှိချက်များအပေါ် မူတည်၍ ထိခိုက်ဆုံးရှုံးနိုင်ခြေလျော့ချရေး အစီအမံများကို သက်ဆိုင်ရာလုပ်ငန်းကော်မတီများ၊ ဝန်ကြီးဌာနများ၊ တိုင်း

ဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များက အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး လမ်းညွှန်ကြီးကြပ်ရမည်၊

(၇) သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးဆိုင်ရာ လုပ်ငန်းများကို ပြည်သူလူထုအနေဖြင့် ကျယ်ကျယ်ပြန့်ပြန့် သိရှိနားလည်ပြီး ပိုမိုပူးပေါင်းပါဝင်စေရေး စီမံဆောင်ရွက်ရမည်၊

(၈) သဘာဝဘေးအန္တရာယ်လျော့ပါးရေး လုပ်ငန်းများနှင့်ပတ်သက်၍ နိုင်ငံတကာ နည်းပညာများစဉ်ဆက်မပြတ်ရရှိစေရေး၊ သုတေသနလုပ်ငန်းများ အားကောင်းလာစေရေးတို့အတွက် နည်းပညာပိုင်းဆိုင်ရာ ပံ့ပိုးပူးပေါင်း ဆောင်ရွက်နိုင်သည့် ပြည်တွင်း/ ပြည်ပအဖွဲ့အစည်းများ၊ တက္ကသိုလ်များနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ရေး လမ်းညွှန်ကြီးကြပ်ရမည်၊

(၉) သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု လုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်နေသူများ၏ စွမ်းဆောင်ရည်မြင့်မားတိုးတက်စေရေးအတွက် နည်းပညာ၊ ပစ္စည်းကိရိယာ၊ ငွေကြေးစသည့် အရင်းအမြစ်လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရေး သက်ဆိုင်ရာ လုပ်ငန်းကော်မတီများ၊ ပြည်တွင်း/ ပြည်ပအဖွဲ့အစည်းများနှင့် ချိတ်ဆက်ပံ့ပိုးဆောင်ရွက်ရမည်၊

(၁၀) သဘာဝဘေးကြောင့် ထိခိုက်ဆုံးရှုံးမှုလျော့နည်းစေရန်အတွက် လိုအပ်သည့် ယာယီခိုလှုံရာအဆောက်အအုံများ၊ ကမ်းထိန်းနံရံ၊ မြေထိန်းနံရံနှင့် ကမ်းပတ်တာများ တည်ဆောက်ခြင်းစသည့် ဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းစဉ်များကို ဆောင်ရွက်ရာတွင် သက်ဆိုင်ရာလုပ်ငန်းကော်မတီများ၊ ဝန်ကြီးဌာနများနှင့် ပူးပေါင်းညှိနှိုင်း၍ စိစစ်ထောက်ပံ့နိုင်ရေး ဆောင်ရွက်ရမည်၊

(၁၁) သဘာဝဘေးဖြစ်ပွားပါက ရွှေ့ပြောင်းခိုလှုံနိုင်ရေးအတွက် ယာယီခိုလှုံရာနေရာများ ကြိုတင်ရွေးချယ်သတ်မှတ်ခြင်း၊ လမ်းကြောင်းများရွေးချယ်ထားခြင်းနှင့် ရွှေ့ပြောင်းရေးစီမံချက်များရေးဆွဲခြင်းတို့ကို ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ်၊ ခရိုင်၊ မြို့နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့များက ကြိုတင်ဆောင်ရွက်ထားရှိရေး လမ်းညွှန် ကြီးကြပ်ရမည်၊

(၁၂) သဘာဝဘေးအန္တရာယ်များနှင့် စပ်လျဉ်း၍ မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန၏ ကြိုတင်သတိပေးချက်များရရှိပါက သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုလုပ်ငန်းများ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့များအား လမ်းညွှန်ကြီးကြပ်ရမည်၊

(၁၃) ဘေးဖြစ်ပွားချိန်တွင် အရေးပေါ်စားရေရိက္ခာရရှိနိုင်ရေး စီမံခြင်းနှင့် ကယ်ဆယ်ရေးပစ္စည်းများ ဆောလျင်စွာထောက်ပံ့နိုင်ရန်အတွက် အသင့်သိုလှောင်ထားရှိခြင်းတို့အား ကြီးကြပ်ဆောင်ရွက်ရမည်။

(ခ) **အရေးပေါ်တုံ့ပြန်ခြင်း**

(၁) ကျရောက်သည့် သဘာဝဘေးအန္တရာယ်၏ ထိခိုက်မှုအခြေအနေပေါ် မူတည်၍ အမျိုးသားကော်မတီ၏ အရေးပေါ်အစည်းအဝေး ခေါ်ယူရန် လိုအပ်ပါက ခေါ်ယူနိုင်ရေး ကြီးကြပ်ဆောင်ရွက်ရမည်၊

(၂) သဘာဝဘေးအန္တရာယ်နှင့်စပ်လျဉ်းသည့် သတင်းအချက်အလက်ရယူရန်နှင့် စီမံခန့်ခွဲရန်အရေးပေါ်အခြေအနေစီမံခန့်ခွဲမှုဗဟိုဌာနကိုအနီးကပ်ကြီးကြပ်၍ အမျိုးသားကော်မတီသို့ အချိန်နှင့်တစ်ပြေးညီတင်ပြခြင်း၊ အရေးပေါ်

အခြေအနေအထောက်အကူပြု လုပ်ငန်းလိုအပ်ချက်အလိုက် လုပ်ငန်းကော်မတီအသီးသီးနှင့် ညှိနှိုင်းပေါင်းစပ်ခြင်းတို့အား ဆောင်ရွက်ရမည်၊

(၃) ရှာဖွေကယ်ဆယ်ရေးနှင့် ကူညီထောက်ပံ့ရေးလုပ်ငန်းများကို ထိရောက်လျင်မြန်စွာဆောင်ရွက်နိုင်ရေးအတွက် ကျရောက်သည့် သဘာဝဘေးအန္တရာယ် အပေါ်မူတည်၍ ပါဝင်ဆောင်ရွက်ပေးရမည့် လုပ်ငန်းကော်မတီများ၊ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ရမည်၊

(၄) သဘာဝဘေးအန္တရာယ်ကျရောက်သည့်ဒေသတွင် အရေးပေါ်လိုအပ်သည့် စားရေရိက္ခာနှင့် ကယ်ဆယ်ရေးပစ္စည်းများ ဖြည့်တင်းထောက်ပံ့ရေးအတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ရေး ကြီးကြပ်ကွပ်ကဲရမည်၊

(၅) သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုလုပ်ငန်းများအတွက် ပြည်တွင်းအကူအညီများကို စီမံခန့်ခွဲခြင်းနှင့် အမျိုးသားကော်မတီမှ တာဝန်ပေးအပ်ပါက အခြားလုပ်ငန်းကော်မတီများနှင့်ပူးပေါင်း၍ ပြည်ပအကူအညီများကိုပါ စီမံခန့်ခွဲ ဆောင်ရွက်ရမည်၊

(၆) အရေးပေါ်တုံ့ပြန်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ထိရောက်စွာ ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာ လုပ်ငန်းကော်မတီများ၊ ဝန်ကြီးဌာနများ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရေး ကြီးကြပ်စီမံရမည်။

(ဂ) **ပြန်လည်ထူထောင်ခြင်း**

(၁) ကျရောက်သည့် ဘေးအန္တရာယ်ပေါ်မူတည်၍ ပြန်လည်ထူထောင်ရေး

လုပ်ငန်းစဉ်များ စနစ်တကျဆောင်ရွက်နိုင်ရေး ကာလတို၊ ကာလလတ်၊ ကာလရှည်စီမံချက်များ ရေးဆွဲရာတွင် ပံ့ပိုးကူညီဆောင်ရွက်ရမည်၊

(၂) သဘာဝဘေးအန္တရာယ်ကျရောက်ပြီးနောက် ဘေးသင့်ပြည်သူများ မူလအခြေအနေထက် ပိုမိုကောင်းမွန်သည့် လူနေမှုဘဝရရှိစေရန်အတွက် ကဏ္ဍအလိုက် ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို သက်ဆိုင်ရာ လုပ်ငန်းကော်မတီများ၊ ဝန်ကြီးဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ၊ နိုင်ငံတကာအကူအညီပေးသူများနှင့် ညှိနှိုင်းဆောင်ရွက်နိုင်ရေး ကြီးကြပ်ဆောင်ရွက်ရမည်၊

(၃) သဘာဝဘေးဒဏ်ကြောင့် စိတ်ပိုင်းဆိုင်ရာထိခိုက်သည့် အသက်ရှင်ကျန်ရစ်သူများအား စိတ်ပိုင်းဆိုင်ရာဖြည့်ဆည်းဆောင်ရွက်မှုလုပ်ငန်းများ (Psychosocial Support) အပါအဝင် လူမှုအဖွဲ့အစည်းများတွင် ပြန်လည်ဝင်ဆံ့နိုင်ရန် စိတ်ဓာတ်မြှင့်တင် ထူထောင်ပေးသည့် လုပ်ငန်းများကို သက်ဆိုင်ရာလုပ်ငန်းကော်မတီများ၊ ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးနိုင်ရေး လမ်းညွှန်စီမံရမည်၊

(၄) ဘေးသင့်ဒေသတွင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ပြန်လည်ဆောင်ရွက်နိုင်ရေး၊ အသက်မွေးဝမ်းကျောင်းနှင့် စီးပွားရေးလုပ်ငန်းများ ပြန်လည်လုပ်ကိုင်နိုင်ရေးနှင့် အခြားကဏ္ဍများအတွက် ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို သက်ဆိုင်ရာလုပ်ငန်းကော်မတီများ၊ ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းချိတ်ဆက် ဆောင်ရွက်နိုင်ရေး လမ်းညွှန်စီမံရမည်၊

(၅) ကဏ္ဍအလိုက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် နောင်တွင် ဖြစ်ပေါ်လာနိုင်ခြေရှိသည့် ဘေးအန္တရာယ်များကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနည်းလမ်းများအားသက်ဆိုင်ရာလုပ်ငန်းကော်မတီများမှ ထည့်သွင်းစဉ်းစားရေး တွန်းအားပေးဆောင်ရွက်ရမည်။

**ဘဏ္ဍာငွေရှာဖွေရေးနှင့် ရန်ပုံငွေထိန်းသိမ်းရေးလုပ်ငန်းကော်မတီ၏လုပ်ငန်းတာဝန်များ**

၅၆။ ဘဏ္ဍာငွေရှာဖွေရေးနှင့် ရန်ပုံငွေထိန်းသိမ်းရေးလုပ်ငန်းကော်မတီအနေဖြင့် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုလုပ်ငန်းများကို ပိုမိုထိရောက်လျင်မြန်စွာ အကောင်အထည်ဖော်နိုင်ရေးနှင့် ငွေကြေးကိစ္စရပ်များ ဆောင်ရွက်ရာတွင် ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျဖြစ်စေရေးတို့အတွက် အောက်ပါလုပ်ငန်းစဉ်များကို ဆောင်ရွက်ရမည်-

(က) **ကြိုတင်ပြင်ဆင်ခြင်း**

(၁) သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဥပဒေအရ သဘာဝဘေးစီမံခန့်ခွဲမှုလုပ်ငန်းစဉ်များကို စနစ်တကျထိရောက်လျင်မြန်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လိုအပ်သည့်ဘဏ္ဍာရန်ပုံငွေများဖြင့် အထောက်အကူပြုဆောင်ရွက်နိုင်ရေးအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ရန်ပုံငွေတစ်ရပ်ကို ထူထောင်နိုင်ရန် သက်ဆိုင်ရာဌာန (စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန)သို့ တင်ပြခွင့်ပြုချက်ရယူ၍ (မြန်မာငွေ/ နိုင်ငံခြားငွေစာရင်း) ဖွင့်လှစ်နိုင်ရေးဆောင်ရွက်ရမည်၊

(၂) အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ရန်ပုံငွေစာရင်းတွင် ရန်ပုံငွေလိုအပ်ချက်များ ပြည့်မီစေရေးအတွက် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပြည်ထောင်စု

ဘဏ္ဍာရန်ပုံငွေမှ နှစ်စဉ်ရန်ပုံငွေ ထည့်ဝင်နိုင်ရေး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသို့ ညှိနှိုင်းတင်ပြ ဆောင်ရွက်ရမည်၊

(၃) အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ရန်ပုံငွေများကို စနစ်တကျ သုံးစွဲနိုင်ရေးအတွက်ရေးဆွဲထားရှိသော ဘဏ္ဍာရေးစည်းမျဉ်းသည် ခေတ်ကာလနှင့်အညီ ပြင်ဆင်ရန်လိုအပ်လာပါက စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးတို့နှင့် ညှိနှိုင်းရေးဆွဲဆောင်ရွက်ရမည်၊

(၄) သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဥပဒေအရ ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များတွင်တိုင်းဒေသကြီး/ပြည်နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုရန်ပုံငွေစာရင်းများ (OA) ဖွင့်လှစ်ထားရှိရေးကြီးကြပ်ဆောင်ရွက်ခြင်း၊ အဆိုပါ ရန်ပုံငွေစာရင်းများကို စနစ်တကျသုံးစွဲ ဆောင်ရွက်နိုင်ရန်အတွက် ဘဏ္ဍာရေးစည်းမျဉ်းရေးဆွဲ အသုံးပြုထိန်းသိမ်းနိုင်ရေး လိုအပ်သည့် ပံ့ပိုးပေးခြင်းများအား ဆောင်ရွက်ပေးရမည်၊

(၅) ဘဏ္ဍာရေးစည်းမျဉ်းနှင့်အညီ ရရှိလာသည့် ဘဏ္ဍာရန်ပုံငွေများကို စနစ်တကျ မှတ်တမ်းတင်စာရင်းပြုစုခြင်း၊ သုံးစွဲမှုများကို စနစ်တကျ ဖြစ်စေရေး ကြီးကြပ်ခြင်းတို့ကို ဆောင်ရွက်ရမည်၊

(၆) သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုလုပ်ငန်းများအတွက် ရန်ပုံငွေရရှိခြင်း၊ သုံးစွဲခြင်းနှင့် လက်ကျန်ရှင်းတမ်းကို လစဉ်တင်ပြခြင်း၊ အနီးကပ်ဆုံးကျင်းပသည့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ

အစည်းအဝေးသို့ တင်ပြအတည်ပြုချက်ရယူ မှတ်တမ်းတင်ခြင်းတို့ ဆောင်ရွက်ရမည်။

(ခ) **အရေးပေါ်တုံ့ပြန်ခြင်း**

(၁) သဘာဝဘေးအန္တရာယ်ကျရောက်သည့်အချိန်တွင် အရေးပေါ်ကယ်ဆယ် ထောက်ပံ့ရေးလုပ်ငန်းများအတွက် ပုံမှန်ထောက်ပံ့ဆောင်ရွက်မှုအပြင် သီးခြားလိုအပ်ချက်ရှိ၍ သက်ဆိုင်ရာ လုပ်ငန်းကော်မတီအသီးသီးက အရေးပေါ်တင်ပြ တောင်းခံလာပါက စိစစ်ပြီး အမျိုးသားသဘာဝဘေး အန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ကော်မတီသို့ တင်ပြကာ လမ်းညွှန်မှုများနှင့် အညီဆောင်ရွက်ရမည်၊

(၂) သဘာဝဘေးများဖြစ်ပွားမှုကြောင့် ပုံမှန်ထောက်ပံ့မှုအပြင် အသက်ဆုံးရှုံးမှု၊ ထိခိုက်ဒဏ်ရာရရှိမှု၊ ပျက်စီးဆုံးရှုံးမှုများပြား၍ ထပ်မံထောက်ပံ့ရန် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီက ညွှန်ကြား လာပါက အမျိုးသားကော်မတီ၏ သဘာဝဘေးရန်ပုံငွေမှ ထောက်ပံ့နိုင်ရေး ပံ့ပိုးဆောင်ရွက်ရမည်၊

(၃) တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များက ယာယီခိုလှုံရာနေရာများ ဆောက်လုပ်ပေးနိုင်ရေး တင်ပြလာပါက လိုအပ်မှုအပေါ်မူတည်၍ ရန်ပုံငွေ အသုံးပြုရမည့် နည်းလမ်းအားဆောလျင်စွာ စိစစ်အကြံပြုရမည်၊

(၄) ပြည်ပနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများမှ အလှူငွေ(မြန်မာ/နိုင်ငံခြား ငွေ)များ လှူဒါန်းသည့်ကိစ္စရပ်များနှင့် စပ်လျဉ်း၍ နိုင်ငံတကာဆက်ဆံရေး လုပ်ငန်းကော်မတီ၏ ဆက်သွယ်မှုဖြင့်လည်းကောင်း၊ ပြည်တွင်းအလှူရှင် များ၊ လူမှုရေးအဖွဲ့အစည်းများမှ ငွေကြေးလှူဒါန်းခြင်းကိစ္စရပ်များနှင့်

စပ်လျဉ်း၍ ဆက်သွယ်လာသည့် လုပ်ငန်းကော်မတီနှင့်လည်းကောင်း ပူးပေါင်း၍ အလှူငွေများ လွှဲပြောင်းလက်ခံရယူနိုင်ရေးဆောင်ရွက်ရမည်၊

(၅) ရန်ပုံငွေတိုးပွားရရှိနိုင်ရေးအတွက် လှူဒါန်းရရှိငွေများကို သဘာဝဘေး အန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဥပဒေပါဖော်ပြချက်များနှင့်အညီ စီမံဆောင်ရွက်ရမည်။ ရန်ပုံငွေတိုးတက်ရရှိမှုအခြေအနေကို အမျိုးသားသဘာဝဘေး အန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီသို့ အစီရင်ခံတင်ပြရမည်၊

(၆) အမျိုးသားသဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌထံမှ ခွင့်ပြုမိန့်ရရှိပြီးဖြစ်သည့်ရန်ပုံငွေများကို သက်ဆိုင်ရာဝန်ကြီးဌာန/ အဖွဲ့ အစည်းများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များ၏ သဘာဝဘေး ရန်ပုံငွေစာရင်းအမှတ်များသို့ လွှဲပြောင်းထည့်သွင်းနိုင်ရေး ဆောင်ရွက်ရမည်။

(ဂ) **ပြန်လည်ထူထောင်ခြင်း**

(၁) ဘေးသင့်ပြည်သူများအား အိုးအိမ်များ ပြန်လည်ဆောက်လုပ်ပေးခြင်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်ထူထောင်ပေးခြင်း၊ ရေနှင့် သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းတို့အတွက် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်နှင့် တိုင်းဒေသကြီး/ ပြည်နယ်များက တင်ပြလာပါက လိုအပ်သည့် ရန်ပုံငွေကို စိစစ်ပံ့ပိုး ဆောင်ရွက်ပေးရမည်၊

(၂) ဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက် နိုင်ရန်နှင့် ဒေသတွင်းငွေကြေးစီးဆင်းမှုရရှိစေရန်အတွက် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်နှင့်

တိုင်းဒေသကြီး/ ပြည်နယ်များက ပြန်လည်ထူထောင်ရေးစီမံချက်တင်ပြလာပါက သင့်လျော်မည့်ရန်ပုံငွေ အသုံးပြုနိုင်ရေး စိစစ်အကြံပြုရမည်၊

(၃) ဘေးဖြစ်ပြီးချိန်နောက်ပိုင်းတွင် လူမှုကာကွယ် စောင့်ရှောက်မှုပေးရန်လိုအပ်သူများအတွက် သဘာဝဘေးအန္တရာယ်ကြံ့ကြံ့ခံရန် နေအိမ်များပြန်လည်ပြုပြင်ပေးခြင်း၊ ဘေးလွတ်ရာသို့ ရှောင်တိမ်းနိုင်သည့် ကျေးရွာလမ်းများ၊ ချောင်းကူး၊ မြစ်ကူးတံတားငယ်များ ဆောက်လုပ်ပေးခြင်း၊ သဘာဝဘေးဒဏ်ခံဘက်စုံသုံး အဆောက်အအုံများ ဆောက်လုပ်ခြင်းစသည်တို့ အပါအဝင် သဘာဝဘေးလျော့ပါးရေးနှင့် ဆက်စပ်သည့် လူမှုကာကွယ်စောင့်ရှောက်မှု အစီအမံများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများ၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်နှင့်တိုင်းဒေသကြီး/ ပြည်နယ်များကတင်ပြလာပါက ရန်ပုံငွေကိုစိစစ်ထောက်ပံ့ပေးရမည်၊

(၄) အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေမှ လွှဲပြောင်းထောက်ပံ့ငွေများဖြင့် လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်သည့်သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များသို့လုပ်ငန်းတစ်ခုချင်းစီအလိုက် ငွေကြေးသုံးစွဲမှုရှင်းတမ်းများကို စာရင်းစစ်ဆေးခံနိုင်ရေးအတွက် ပြန်လည်တောင်းခံ၍ စိစစ်ရမည်၊

(၅) အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေမှ လွှဲပြောင်းထောက်ပံ့ငွေများဖြင့် လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်သည့်သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်နှင့်တိုင်းဒေသကြီး/ ပြည်နယ်အစိုးရ အဖွဲ့များသည်လည်း သက်ဆိုင်ရာ

ပြည်ထောင်စုနယ်မြေ နေပြည်တော်နှင့် တိုင်းဒေသကြီး/ ပြည်နယ် စာရင်းစစ်ချုပ်ရုံးများ၏ စာရင်းစစ်ဆေးမှုခံယူနိုင်ရေးအတွက် ရန်ပုံငွေ ဘဏ္ဍာရေးစည်းမျဉ်းနှင့်အညီ ငွေစာရင်းများ ထိန်းသိမ်းထားရှိရန်နှင့် စာရင်းဇယား၊ အထောက်အထား၊ ပြေစာများဖြင့် စနစ်တကျထားရှိ ဆောင်ရွက်ရန် ကြီးကြပ်ညွှန်ကြားဆောင်ရွက်ရမည်။

**နိုင်ငံတကာဆက်ဆံရေးလုပ်ငန်းကော်မတီ၏လုပ်ငန်းတာဝန်များ**

၅၇။ နိုင်ငံတကာဆက်ဆံရေး လုပ်ငန်းကော်မတီ၏ လုပ်ငန်းများ ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် အောက်ပါလုပ်ငန်းများအား ဆောင်ရွက်ရမည်-

(က) **ကြိုတင်ပြင်ဆင်ခြင်း**

(၁) အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ အောက်ရှိ သက်ဆိုင်ရာ လုပ်ငန်းကော်မတီများ၏ အဓိကဆက်သွယ်ရမည့် ဖုန်း နံပါတ်များ၊ သဘာဝဘေးဖြစ်ပွားပါက ချက်ချင်းဆက်သွယ်နိုင်ရန် ဖုန်း နံပါတ်များ၊ သဘာဝဘေးနှင့်ပတ်သက်၍ သတင်းအချက်အလက်များ ရယူရန် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ဖုန်းနံပါတ်များကို ပြုစုထားခြင်း၊ ကာလသတ်မှတ်ချက်ဖြင့်နောက်ဆုံးအခြေအနေနှင့်အညီ ပြုစုခြင်းတို့ကို ဆောင်ရွက်ရမည်၊

(၂) ကြီးမားသော သဘာဝဘေးအန္တရာယ်ဖြစ်ပွားပါက ဆက်သွယ်နိုင်ရန် ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံအခြေစိုက် နိုင်ငံခြားသံရုံးများ၊ ကုလသမဂ္ဂ အဖွဲ့အစည်းများ၊ ဖွံ့ဖြိုးမှု မိတ်ဖက်အဖွဲ့အစည်းများနှင့်ဆက်သွယ်ရန် တယ်လီဖုန်း၊ Fax၊ E-mail တို့အား စာရင်းပြုစုထားရမည်၊

(၃) သဘာဝဘေးဖြစ်ပွားပါက တုံ့ပြန်ဆောင်ရွက်ရေးနှင့်ပတ်သက်၍ အခြား နိုင်ငံများ၏ နမူနာကောင်းများကို လေ့လာ၍ ဝန်ကြီးဌာနအတွင်းနှင့် ကော်မတီအတွင်း အသိပညာပေးမှု၊ သင်တန်းပေးမှု၊ သင်တန်းတက်မှု၊ ဇာတ်တိုက် လေ့ကျင့်မှုများ ပြုလုပ်သွားနိုင်ရေးအတွက် ကော်မတီ အဖွဲ့ဝင် သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်ရေး ပြင်ဆင်ထား ရမည်၊

(၄) နိုင်ငံတကာ အကူအညီရယူမည်ဟုဆုံးဖြတ်သော သဘာဝဘေးဖြစ်ပွားမှု များတွင် ASEAN Coordinating Centre for Humanitarian Assistance on Disaster Management (AHA Centre) အပါအဝင် အာဆီယံ ဒေသတွင်းယန္တရားအောက်မှ လျင်မြန်ချောမွေ့စွာ ပူးပေါင်းညှိနှိုင်း ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည်များ ကြိုတင်ဆက်သွယ်ညှိနှိုင်း ထားရမည်၊

(၅) သဘာဝဘေးတုံ့ပြန်ရေးအတွက် ကုလသမဂ္ဂအဖွဲ့အစည်းများမှ ဖွင့်လှစ် သည့် United Nations Disaster Assessment and Coordination (UNDAC) သင်တန်းအပါအဝင် သဘာဝဘေးစီမံခန့်ခွဲမှု စွမ်းဆောင်ရည် မြှင့်တင် နိုင်မည့် သင်တန်းများ၊ ရှာဖွေကယ်ဆယ်ရေးဆိုင်ရာသင်တန်းများ နှင့်အခြားသင်တန်းများ တက်ရောက်နိုင်ရေးညှိနှိုင်း ဆက်သွယ်ပေးရမည်၊

(၆) သဘာဝဘေးအန္တရာယ်ဖြစ်ပွားမှုသည် ထိခိုက်မှုကြီးမားပြီး ပျက်စီးဆုံးရှုံးမှု များကာ နိုင်ငံတကာအကူအညီရယူရန် အမျိုးသားသဘာဝဘေးအန္တရာယ် ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ၏ ညွှန်ကြားချက်နှင့်အညီ အကူအညီ

တောင်းခံရေး၊ လက်ခံရယူရေးတို့အတွက် လိုအပ်သည့် ညှိနှိုင်းပေါင်းစပ်မှုများ ကြိုတင် ဆောင်ရွက်ထားရမည်၊

(၇) မြန်မာသံရုံး၊ အဖွဲ့ရုံး၊ ကောင်စစ်ဝန်ချုပ်ရုံးများအား ၎င်းတို့အခြေစိုက်ရာနိုင်ငံများ၏ ဘေးဖြစ်ပွားက တုံ့ပြန်ဆောင်ရွက်သည့်နမူနာကောင်းများအား လေ့လာစုစည်းတင်ပြစေကာ နိုင်ငံတကာဆက်ဆံရေးလုပ်ငန်းကော်မတီမှ လိုအပ်သည်များအား စိစစ်၍ အမျိုးသားကော်မတီသို့ တင်ပြရမည်။

(ခ) **အရေးပေါ်တုံ့ပြန်ခြင်း**

(၁) သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှု အခြေအနေသည် နိုင်ငံတကာအကူအညီလိုအပ်သည်ဟု လမ်းညွှန်ပါက ကုလသမဂ္ဂအဖွဲ့အစည်း၊ အာဆီယံအဖွဲ့အစည်း၊ မိတ်ဆွေနိုင်ငံများ၊ ပြည်ပရှိ မြန်မာသံရုံး၊ အဖွဲ့ရုံး၊ ကောင်စစ်ဝန်ချုပ်ရုံးများသို့ အကြောင်းကြားခြင်းများကို ဆောလျင်စွာ ဆောင်ရွက်ရမည်၊

(၂) ရှာဖွေကယ်ဆယ်ရေးအပါအဝင် အစိုးရမှဆောင်ရွက်နေသည့် အရေးပေါ်တုံ့ပြန်ရေးလုပ်ငန်းများကို ကူညီရန်အလို့ငှာ ပြည်တွင်းရှိလူသားချင်းစာနာထောက်ထားမှုဆိုင်ရာကုလသမဂ္ဂအဖွဲ့အစည်းများ၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်းများက ဆက်သွယ်လာပါက ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနစသည့် ဆက်နွယ်ဌာနများနှင့် ချိတ်ဆက်၍ လိုအပ်သလို ပံ့ပိုးကူညီရမည်၊

(၃) နိုင်ငံတကာအကူအညီရယူမည်ဟုဆုံးဖြတ်သည့် သဘာဝဘေးတုံ့ပြန်မှုများတွင် ကယ်ဆယ်ရေးပစ္စည်းများ၊ ကျွမ်းကျင်သူများ တင်ဆောင်လာသော ပြည်ပလေယာဉ်များ ဖြတ်ကျော်ပျံသန်းခွင့်၊ လေယာဉ်ဆင်းသက်ရပ်နားခွင့်၊ ပြည်ဝင်ဗီဇာကိစ္စများနှင့်ပတ်သက်၍ ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အပါအဝင် သက်ဆိုင်ရာ ဝန်ကြီးဌာန/ လုပ်ငန်းကော်မတီနှင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်ရမည်။ ယင်းဝန်ကြီးဌာန/ လုပ်ငန်းကော်မတီများကလည်း လုပ်ငန်းလိုအပ်ချက်ပေါ်မူတည်၍ အကန့်အသတ်ဖြစ်နေသည့် လုပ်ငန်းစဉ်၊ လုပ်ထုံးလုပ်နည်းများဖြေလျှော့သည့် အထူးအစီအစဉ် (Fast Track Procedure) များဖြင့် လျင်မြန်လွယ်ကူစေရေး ပူးပေါင်းဆောင်ရွက်ရမည်၊

(၄) အရေးပေါ်အချိန်တွင် နိုင်ငံတကာမှပေးအပ်သည့် အကူအညီများအားသဘာဝဘေးသင့်သည့် ဝေးလံခေါင်းပါးနေရာများသို့ ဖြန့်ဝေရာတွင် အမျိုးသားကော်မတီ၏ လမ်းညွှန်မှုခံယူ၍ သက်ဆိုင်ရာလုပ်ငန်းကော်မတီများနှင့် လိုအပ်သလို ညှိနှိုင်းပေးရမည်။ အရပ်ဘက်သွားလာရေး နည်းလမ်းများဖြင့် ဆောင်ရွက်ရန် ကန့်သတ်ချက်ရှိပါက တပ်မတော်၏ အကူအညီရယူရမည်။

## (ဂ) **ပြန်လည်ထူထောင်ခြင်း**

(၁) ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် နှစ်နိုင်ငံအစိုးရ အချင်းချင်းသော်လည်းကောင်း၊ ပြည်ပရှိ နိုင်ငံတကာအဖွဲ့အစည်းများကသော်လည်းကောင်း၊ မြန်မာသံရုံး/ အဖွဲ့ရုံးနှင့် ကောင်စစ်ဝန်ချုပ်ရုံးများမှတစ်ဆင့်

သော်လည်းကောင်း၊ ပြည်ပရှိမြန်မာအသိုက်အဝန်းများကသော်လည်းကောင်း ပေးအပ်ကူညီလာပါက သက်ဆိုင်ရာ လုပ်ငန်းကော်မတီများနှင့် ချိတ်ဆက်၍ ဆောင်ရွက်ပေးရမည်၊

(၂) ပြည်ပမှလှူဒါန်းမှုများ၊ နည်းပညာအကူအညီပေးလိုမှုများနှင့် စပ်လျဉ်း၍ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီသို့ တင်ပြခွင့်ပြုချက်ယူရမည်။ ခွင့်ပြုချက်အရကုန်းကြောင်း၊ရေကြောင်း၊ လေကြောင်းဖြင့် ပြည်ပမှရောက်ရှိလာသည့် လူသားချင်းစာနာမှု အကူအညီများ၊ ဆေးပစ္စည်းနှင့် ဆေးဝါးကျွမ်းကျင်သူအဖွဲ့များအတွက် ပြည်ဝင်ခွင့်ဗီဇာ၊ အထောက်အပံ့ပစ္စည်းများအတွက် အကောက်ခွန် ကင်းလွတ်ခွင့်နှင့် ထုတ်ယူခွင့်များစသည်တို့နှင့်စပ်လျဉ်း၍ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတို့ အပါအဝင် ဆက်နွယ်ဝန်ကြီးဌာနတို့က ဆောင်ရွက်ပေးရေး လိုအပ်သလိုညှိနှိုင်းပေးရမည်၊

(၃) သဘာဝဘေးဒဏ်သင့်နေရာများသို့ သွားရောက်ခွင့်နှင့် ပတ်သက်၍ သံတမန်များ၊ အာဆီယံအဖွဲ့များ၊ ကုလသမဂ္ဂအဖွဲ့အစည်းများမှ တောင်းခံလာပါက လုပ်ငန်းကော်မတီအနေဖြင့်ဖြစ်စေ၊ MoU, LoA သဘောတူလက်မှတ်ရေးထိုးထားသည့် ဝန်ကြီးဌာနများကဖြစ်စေလျင်မြန်စွာပေါင်းစပ်ကူညီရေးညှိနှိုင်းပေးရမည်။ ခရီးသွားလာခွင့်များ ဆောင်ရွက်ပေးရာတွင် ကန့်သတ်နယ်မြေများဖြစ်ပါက ကာကွယ်ရေးဝန်ကြီးဌာနနှင့် ပြည်ထဲရေးဝန်ကြီးဌာနတို့၏ လုံခြုံရေးဆိုင်ရာ သဘောထားမှတ်ချက်ရယူရမည်၊

(၄) အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီက တာဝန်ပေးအပ်သည့် ဝန်ကြီးဌာန သို့မဟုတ် လုပ်ငန်းကော်မတီတစ်ရပ်ရပ်က မြေပြင်တွင် အမှန်တကယ်လိုအပ်သည့် ပစ္စည်းများအား မိတ်ဆွေနိုင်ငံများသို့ အကူအညီတောင်းခံလိုကြောင်း မူဝါဒခွင့်ပြုချက်ဖြင့် အသိပေးအကြောင်းကြားလာပါက ချိတ်ဆက်ဆောင်ရွက်ပေးရမည်။ ထို့ပြင် ပြည်ပမှ လှူဒါန်းမှုများအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီမှပေးအပ်သည့် ကျေးဇူးတင်လွှာများကို သက်ဆိုင်ရာနိုင်ငံရှိ မြန်မာသံရုံးများမှတစ်ဆင့် ဆက်လက်ပေးပို့ရမည်၊

(၅) ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် သဘာဝဘေးသင့်နေရာများသို့လူသားချင်းစာနာမှုအကူအညီပေးသည့်အဖွဲ့များသွားရောက်ရန် ဆက်သွယ်လာပါက လုပ်ငန်းများအဆင်ပြေမှုရှိစေရန်နှင့် စနစ်တကျဖြစ်စေရန်အတွက် သက်ဆိုင်ရာ လုပ်ငန်းကော်မတီများနှင့် ညှိနှိုင်းဆောင်ရွက်ရမည်၊

(၆) သံတမန်အဖွဲ့များအား ဘေးသင့်ဒေသများသို့ လိုက်လံပြသရေးကိစ္စများရှိလာပါက ခရီးသွားလာရေးအတွက် လိုအပ်သည့် တပ်မတော်ရဟတ်ယာဉ်အသုံးပြုခွင့်၊ သံတမန်များလုံခြုံရေးကိစ္စနှင့်ပတ်သက်၍ ဆက်နွယ်ဝန်ကြီးဌာနများဖြစ်သည့် ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာနတို့နှင့် ပူးပေါင်းဆောင်ရွက်ရမည်။

**ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းကော်မတီ၏လုပ်ငန်းတာဝန်များ**

၅၈။ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းကော်မတီ၏ လုပ်ငန်းများ ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက် နိုင်ရန်အတွက် အောက်ပါလုပ်ငန်းများအား ဆောင်ရွက်ရမည်-

(က) **ကြိုတင်ပြင်ဆင်ခြင်း**

(၁) တိုင်းဒေသကြီး/ ပြည်နယ်၊ ခရိုင်၊ မြို့နယ် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်း စီမံချက်ကို အချိန်အခါ၊ အခြေအနေနှင့် ကိုက်ညီမှုရှိစေရေးတို့အတွက် ပုံမှန် သုံးသပ်ပြင်ဆင်စေရေး ကြီးကြပ်ကွပ်ကဲရမည်၊

(၂) ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ အသိပညာပေးခြင်း၊ သဏ္ဍာန်တူဇာတ်တိုက်လေ့ကျင့်ခြင်း၊ အသက်ကယ်လုပ်ငန်းများကြိုတင် လေ့ကျင့်ခြင်းနှင့် လိုအပ်သောသင်တန်းများ ဖွင့်လှစ်၍ သင်ကြားပေးခြင်း ပြုနိုင်ရန် လိုအပ်သလို ညှိနှိုင်းဆောင်ရွက်ရမည်၊

(၃) တိုင်းဒေသကြီး/ပြည်နယ်/ခရိုင်/မြို့နယ်အလိုက် ရှာဖွေကယ်ဆယ်ရေးအဖွဲ့ များ ဖွဲ့စည်းထားရေး၊ လိုအပ်သည့် စုဖွဲ့လေ့ကျင့်မှုများ ဆောင်ရွက်ထား ရေးတို့အား ကြပ်မတ်ဆောင်ရွက်ရမည်၊

(၄) ဒေသအလိုက်ဘေးကျရောက်နိုင်ခြေအား လေ့လာ၍ ရှာဖွေရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများအတွက် လိုအပ်နိုင်သည့် လူအင်အား၊ စက် ယန္တရား၊ ပစ္စည်းကိရိယာ၊ စက်သုံးဆီစသည်တို့ကို တွက်ချက်လျာထားခြင်း၊ မြေပြင်အနေအထားပေါ်မူတည်၍ ဘေးသင့်သူများ တိမ်းရှောင်ခိုလှုံနိုင် သောနေရာများ၊ အသက်ရှင်နေထိုင်ရန် လိုအပ်သောရိက္ခာ၊ ပစ္စည်းအခြေ အနေများအား ခန့်မှန်းလျာထားခြင်း၊ ယင်းလိုအပ်ချက်များအား အရေးပေါ် အခြေအနေတွင် အမြန်ဆုံးရရှိနိုင်ရေး ကြိုတင်ပြင်ဆင်ထားခြင်းတို့အား ကြီးကြပ်ကွပ်ကဲရမည်၊

(၅) ဒေသအလိုက် ဥတုရာသီမရွေးအသုံးပြုနိုင်သည့် မော်တော်ယာဉ်လမ်း ကြောင်းများ၊ ရေလမ်းကြောင်းများ/ ဆိပ်ခံများ၏ အနေအထားနှင့်

အခြေအနေအား ဆန်းစစ်လေ့လာပြုစုရေး၊ လေဆိပ်များ၊ ရဟတ်ယာဉ်ဆင်းကွင်းနေရာများအား ကြိုတင်စာရင်းပြုစုထားရေးနှင့် အရေးပေါ်အချိန်တွင် စက်သုံးဆီရရှိနိုင်သည့် အရင်းအမြစ်နေရာများ ပြုစုထားရေးတို့အား လမ်းညွှန်ကွပ်ကဲရမည်၊

(၆) ဘေးအမျိုးအစားအလိုက်၊ နေရာဒေသအလိုက် လိုအပ်သော ရှာဖွေကယ်ဆယ်ရေးနည်းပညာများ၊ ပစ္စည်းကိရိယာများ၊ ယာဉ်ယန္တရားများရရှိအောင် ပြည်တွင်း/ပြည်ပ ပညာရှင်များ၏ အကြံဉာဏ်ရယူကာ ဘဏ္ဍာနှစ်အလိုက် တောင်းခံဖြည့်တင်းခြင်း၊ အရေးပေါ်လိုအပ်ချက်များအတွက် သင့်လျော်သော ရန်ပုံငွေတစ်ရပ်ရပ်မှ ဝယ်ယူဖြည့်တင်းခြင်းတို့အတွက် ကြိုတင်ဆောင်ရွက်ရမည်၊

(၇) ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို လျင်မြန်ထိရောက်စွာဆောင်ရွက်နိုင်ရေးတို့အတွက် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့အပါအဝင် ဌာနဆိုင်ရာများ၊ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုအဖွဲ့များ၊ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော အခြားအဖွဲ့အစည်းများ၏ အကူအညီများ ညှိနှိုင်းပြင်ဆင်ထားရေး တွန်းအားပေးကြီးကြပ်ရမည်၊

(၈) အရေးပေါ်လူသားချင်းစာနာမှု အကူအညီပေးရေးပစ္စည်းများ စနစ်တကျဖြန့်ဖြူးနိုင်ရေးအတွက် ဒေသဆိုင်ရာအုပ်ချုပ်ရေး အဖွဲ့အစည်းများ၊ လုံခြုံရေးတပ်ဖွဲ့များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ညှိနှိုင်း၍ ကြိုတင်ပြင်ဆင်ထားရေးလမ်းညွှန်ကွပ်ကဲရမည်၊

(ဇ) ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများဆောင်ရွက်ရာတွင် ပြည်ပမှ အကူအညီ လိုအပ်သည်ဟုဆုံးဖြတ်သည့်အခါနိုင်ငံတကာနှင့်ပူးပေါင်းဆောင်ရွက်နိုင်ရေး ကြိုတင် ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်ခြင်း၊ ပြင်ဆင်စုဖွဲ့လေ့ကျင့်ခြင်း၊ ဆင့်ပွားလေ့ကျင့်ခြင်းတို့အား ကွပ်ကဲရမည်။

(ခ) **အရေးပေါ်တုံ့ပြန်ခြင်း**

(၁) သဘာဝဘေးအမျိုးအစားပေါ်မူတည်၍ ရှာဖွေကယ်ဆယ်ရေးနှင့် အရေးပေါ် တုံ့ပြန်ရေးလုပ်ငန်းများအား စုဖွဲ့ထားသည့်အတိုင်း ချက်ချင်း ဆောင်ရွက် နိုင်ရေး ကွပ်ကဲရမည်။ လိုအပ်ပါက ဘေးသင့်ဒေသနှင့် အနီးဆုံးဒေသမှ ရှာဖွေကယ်ဆယ်ရေးဆိုင်ရာအဖွဲ့များ ဆောလျင်စွာ အင်အားဖြည့်စေလွှတ် နိုင်ရေး စီမံရမည်၊

(၂) ဘေးသင့်သူများအား ဘေးလွတ်ရာသို့ ပြောင်းရွှေ့ခြင်းနှင့် ယာယီခိုလှုံရာ အဆောက်အအုံများတွင် နေရာချထားခြင်း၊ အသက်ရှင်သန်ရေး အခြေခံ လိုအပ်ချက်များ ပံ့ပိုးနိုင်ရေး၊ ဘေးသင့်ဒေသရှိဌာနဆိုင်ရာ၊ ပရဟိတအဖွဲ့ များနှင့်လိုအပ်သလို ပူးပေါင်းဆောင်ရွက်ခြင်း၊ နည်းပညာပိုင်းဆိုင်ရာပံ့ပိုး ကူညီခြင်းများ ဆောင်ရွက်နိုင်ရေး ကြီးကြပ်ရမည်၊

(၃) အရေးပေါ်လိုအပ်ချက်အပါအဝင် သတင်းအချက်အလက်များအား အရေး ပေါ် တုံ့ပြန်မှုအတွက် ဒေသအလိုက် တာဝန်ရှိအဖွဲ့အဆင့်ဆင့် သို့မဟုတ် ပြည်ထောင်စုအဆင့်သို့ တင်ပြစေရေးကွပ်ကဲရမည်။ ပြည်ထောင်စုအဆင့်မှ ပံ့ပိုးကူညီရန် လိုအပ်မှုများအား အမျိုးသားကော်မတီသို့ ဆောလျင်စွာ တင်ပြရမည်၊

(၄) ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေစဉ်အတွင်း ဘေးကြောင့် သေဆုံးသူများဆယ်တင်ခြင်း၊ အတည်ပြုခြင်း၊ လူ့ဂုဏ်သိက္ခာရှိစွာ သင်္ဂြိုဟ်ခြင်းလုပ်ငန်းများအတွက် လိုအပ်သလို ပံ့ပိုးပေးခြင်းနှင့် ချိတ်ဆက်ခြင်းများဆောင်ရွက်ရမည်၊

(၅) ဘေးဒဏ်ကျရောက်ပြီးနောက်ပိုင်းတွင် အခြေခံပြည်သူ့ဝန်ဆောင်မှုများ အမြန်ပြန်လည်ရရှိစေရန် အပျက်အစီးများရှင်းလင်းဖယ်ရှားခြင်း အပါအဝင် လိုအပ်သလို ပူးပေါင်းဆောင်ရွက်ရေး၊ ပျက်စီးဆုံးရှုံးမှုများကို ပဏာမစာရင်းပြုစုရေးနှင့် ထောက်ပံ့ရန်လိုအပ်မှုများအတွက် ဆန်းစစ်ချက်များ ပူးပေါင်းဆောင်ရွက်ရေးတို့အတွက် ပံ့ပိုးကြိုးကြပ်ရမည်၊

(၆) နိုင်ငံတကာအကူအညီ လက်ခံဆောင်ရွက်သည့် ဘေးတုံ့ပြန်မှုများ နိုင်ငံတကာရှာဖွေကယ်ဆယ်ရေးအဖွဲ့များ နိုင်ငံအတွင်း၊ ဘေးသင့်ဒေသအတွင်းစနစ်တကျဝင်/ထွက်သွားလာရေး၊ နေရာချထားရေး၊ လုပ်ငန်းတာဝန်သတ်မှတ်ရေးတို့အား လိုအပ်သလို ပံ့ပိုးဆောင်ရွက်ရမည်၊

(၇) ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ အမျိုးသားကော်မတီသို့ တင်ပြခြင်း၊ သက်ဆိုင်ရာလုပ်ငန်းကော်မတီများ၊ ဒေသအလိုက် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှု အဖွဲ့များနှင့် ညှိနှိုင်း ပူးပေါင်းခြင်းတို့အား ဆောင်ရွက်ရမည်။

(ဂ) **ပြန်လည်ထူထောင်ခြင်း**

(၁) ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများပြီးသည်နှင့် ကယ်ဆယ်စောင့်ရှောက်ရေးနှင့်ထောက်ပံ့ရေး၊ နေရာချထားရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ

တွင် မြေပြင်ရှိ ရှာဖွေကယ်ဆယ်ရေးအဖွဲ့များ ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရေး စီမံလမ်းညွှန်ရမည်၊

(၂) ဘေးဖြစ်ဒေသတွင် ပြိုကျမှုမရှိသေးသော်လည်း ခိုင်ခံ့မှုမရှိတော့သဖြင့် ဖြိုဖျက်သင့်သည့် အဆောက်အအုံများ ဖြိုဖျက်ခြင်း၊ အပျက်အစီးများ ရှင်းလင်းဖယ်ရှားခြင်း၊ လတ်တလော နေရာချထားခြင်းလုပ်ငန်းများ၊ ဒေသအလိုက် ရှာဖွေကယ်ဆယ်ရေးအဖွဲ့များမှ သက်ဆိုင်ရာဌာန/ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရေး စီမံလမ်းညွှန်ရမည်၊

(၃) သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးမှုစာရင်းများကို ကနဦးရယူပြီး ကနဦးလိုအပ်ချက်စစ်တမ်းကောက်ယူရေး၊ ပျက်စီးဆုံးရှုံးမှု အတည်ပြုရေးနှင့် လိုအပ်ချက်များဆန်းစစ်ဖော်ထုတ်ရေးလုပ်ငန်းကော်မတီသို့ ပေးပို့ခြင်း၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီသို့ တင်ပြခြင်းတို့ကိုဆောင်ရွက်ရမည်။ ပျက်စီးဆုံးရှုံးမှု အတည်ပြုရေးလုပ်ငန်းများတွင် လိုအပ်ပါက ပံ့ပိုးပူးပေါင်းဆောင်ရွက်နိုင်ရေး လမ်းညွှန်စီမံရမည်၊

(၄) ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းအလိုက် အားသာချက်၊ အားနည်းချက် ဖော်ထုတ်ဆန်းစစ်ခြင်း၊ လိုအပ်သလိုပြင်ဆင်စုဖွဲ့ခြင်း၊ လိုအပ်သည့် နည်းပညာနှင့်ပစ္စည်းကိရိယာများ ဖြည့်တင်းခြင်းတို့အား ဆောင်ရွက်ရေး ကြီးကြပ်လမ်းညွှန်ခြင်း၊ ပြည်ထောင်စုအဆင့်မှ ပံ့ပိုးပေးရန် လိုအပ်ချက်များကို အမျိုးသားကော်မတီသို့ တင်ပြခြင်းတို့အား ဆောင်ရွက်ရမည်။

**လုံခြုံရေးလုပ်ငန်းကော်မတီ၏လုပ်ငန်းတာဝန်များ**

၅၉။ လုံခြုံရေးလုပ်ငန်းကော်မတီ၏ လုပ်ငန်းများ ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် အောက်ပါလုပ်ငန်းများအား ဆောင်ရွက်ရမည်-

(က) **ကြိုတင်ပြင်ဆင်ခြင်း**

(၁) တိုင်းဒေသကြီး/ ပြည်နယ်၊ ခရိုင်၊ မြို့နယ် လုံခြုံရေးလုပ်ငန်းစီမံချက်ကို အခြေအနေ အချိန်အခါနှင့် ကိုက်ညီမှုရှိစေရေးတို့အတွက် ပုံမှန်သုံးသပ် ပြင်ဆင်ရေး ကြီးကြပ်ကွပ်ကဲရမည်၊

(၂) သဘာဝဘေးအန္တရာယ်နှင့် ဆက်စပ်ဖြစ်ပွားနိုင်သော အမှုအခင်းများ၊ ပြဿနာများ၊ ပဋိပက္ခများကို ကြိုတင်တွက်ဆ၍ လုံခြုံရေးစီမံချက်တွင် ထည့်သွင်းရေးဆွဲရန်၊ စီမံချက်များအတိုင်း ဆောင်ရွက်နိုင်ရေး လေ့ကျင့် ဆောင်ရွက်ရန် ကြီးကြပ်ကွပ်ကဲရမည်၊

(၃) လုံခြုံရေးစီမံချက်တွင် အထူးကာကွယ်စောင့်ရှောက်မှုပေးရန် လိုအပ်သော သက်ကြီးရွယ်အိုများ၊ ကလေးသူငယ်များ၊ မသန်စွမ်းသူများ၊ ကိုယ်ဝန် ဆောင်များ၊ သားသည်မိခင်များ၊ ကိုယ်စိတ်မကျန်းမာသူများကိုအလေးထား ထည့်သွင်းစဉ်းစားရေး လမ်းညွှန်ရမည်၊

(၄) သဘာဝဘေးကျရောက်သည့် ဒေသတွင် လုံခြုံရေးဆောင်ရွက်ပေးရန် မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ အင်အားအပြင် လိုအပ်ပါက တပ်မတော်၏ အင်အားကို ရယူဆောင်ရွက်နိုင်ရန် ကြိုတင်ညှိနှိုင်းခြင်း၊ တိုင်းဒေသကြီး/ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အလိုက် ဒေသဆိုင်ရာအုပ်ချုပ်မှုအဖွဲ့များနှင့် ညှိနှိုင်းပြင်ဆင်ထားရန် စီမံကွပ်ကဲခြင်းတို့အား ဆောင်ရွက်ရမည်၊

(၅) ဘေးသင့်မှုအမျိုးအစားနှင့် ပြင်းအားအလိုက် လုံခြုံရေးအတွက် စုဖွဲ့ထား ရှိရမည့် လူအင်အား၊ လက်နက်ပစ္စည်းကိရိယာ၊ ယာဉ်ယန္တရား၊ စက်သုံးဆီ၊ ရိက္ခာစသည်တို့ကို ဒေသအလိုက်ပြင်ဆင်ထားရှိစေရေး၊ လေ့ကျင့်စုဖွဲ့ထား ရှိစေရေးတို့အား ကွပ်ကဲလမ်းညွှန်ရမည်၊

(၆) ရှာဖွေကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးတို့အတွက် ပြည်ပမှ အကူအညီ လိုအပ်သည်ဟု ဆုံးဖြတ်သောကိစ္စရပ်များတွင် လုံခြုံရေး လုပ်ငန်းများ ထိရောက်စွာ ဆောင်ရွက်နိုင်ရန် လုပ်ငန်းကွန်ယက်ချိတ်ဆက် ပြင်ဆင်လေ့ကျင့်ရေး၊ မိမိနိုင်ငံ၏ ဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ ညွှန်ကြားချက် များသာမက နိုင်ငံတကာလူသားချင်းစာနာမှု အကူအညီပေးရေး လုပ်ငန်း နှင့် ယင်းလုပ်ငန်းအား ပံ့ပိုးကူညီခြင်းဆိုင်ရာ စံနှုန်းများ၊ သတ်မှတ်ချက် များအား သိရှိအလေးထားတတ်စေရေး လမ်းညွှန်ပံ့ပိုးရမည်။

(ခ) **အရေးပေါ်တုံ့ပြန်ခြင်း**

(၁) သဘာဝဘေးကျရောက်သောဒေသ၌ သဘာဝဘေးစီမံခန့်ခွဲမှုဆိုင်ရာအမိန့် နှင့်ထုတ်ပြန်ချက်များအား ဘေးသင့်ပြည်သူများ သိရှိလိုက်နာစေရေး၊ လုံခြုံရေး တာဝန်ရှိသူများ ကြီးကြပ်ဆောင်ရွက်ရန် စီမံညွှန်ကြားရမည်၊

(၂) သဘာဝဘေးကြောင့် နေအိမ်မှယာယီစွန့်ခွာသူများ၏ ပစ္စည်းဥစ္စာ ပိုင်ဆိုင်မှုများ မသမာသူများကြောင့် ပျက်စီးဆုံးရှုံးမှုမရှိစေရန် ကာကွယ် တားဆီးခြင်း၊ သဘာဝဘေးစီမံခန့်ခွဲမှုလုပ်ငန်း လုပ်ဆောင်သူများအား နှောင့်ယှက်တားဆီးမှုမှ ကာကွယ်ခြင်း၊ ဘေးသင့်ဒေသ၏ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး လုပ်ငန်းများအတွက် အဆင့်အလိုက် လိုအပ်သလို ပေါင်းစပ်စီမံညွှန်ကြားရမည်၊

(၃) သဘာဝဘေးကျရောက်မှုအား အခွင့်ကောင်းယူ၍ လူကုန်ကူးမှု အပါအဝင် ရာဇဝတ်မှုများ ကာကွယ်တားဆီးရေး ဆောင်ရွက်ရန် စီမံ ကွပ်ကဲရမည်၊

(၄) ရှာဖွေကယ်ဆယ်ရေးအပါအဝင် လိုအပ်သည့် စီမံခန့်ခွဲမှုများဆောင်ရွက်စဉ် လုံခြုံရေးပိုင်းဆိုင်ရာ ပံ့ပိုးခြင်း၊ မသက်ဆိုင်သူများ ဝင်ရောက်မှုမရှိစေရေး

စောင့်ရှောက်ခြင်းလုပ်ငန်းများအား ထိရောက်စွာ ဆောင်ရွက်နိုင်ရန် ပံ့ပိုး စီမံရမည်၊

(၅) ရှာဖွေကယ်ဆယ်ရေး၊ ကယ်ဆယ်စောင့်ရှောက်ရေး၊ ထောက်ပံ့ရေး၊ ယာယီ နေရာချထားရေးလုပ်ငန်းများတွင်လည်း လုံခြုံရေးတပ်ဖွဲ့ဝင်များ ညှိနှိုင်း ပူးပေါင်းရေး စီမံညွှန်ကြားရမည်၊

(၆) နယ်နိမိတ်ချင်းထိစပ်နေသော နယ်စပ်ဒေသများတွင် သဘာဝဘေးဖြစ်ပွား ပါက အထူးလုပ်ငန်းအဖွဲ့များ စေလွှတ်ခြင်း၊ လိုအပ်ပါက ပြည်ထောင်စု အဆင့် အခြားလုပ်ငန်းကော်မတီများနှင့် ညှိနှိုင်းပေါင်းစပ်ခြင်း ဆောင်ရွက် ရမည်။

(ဂ) **ပြန်လည်ထူထောင်ခြင်း**

(၁) လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းအား လုံလောက်သော အင်အား ဖြင့်စုဖွဲ့ဆောင်ရွက်ရေး လမ်းညွှန်ကြီးကြပ်ရမည်၊

(၂) ပြန်လည်နေရာချထားချိန်တွင် တာဝန်ရှိဌာနများ၏ ဆောင်ရွက်မှုအား နှောင့်ယှက် တားဆီးမှုမရှိစေရေး စီမံကွပ်ကဲရမည်၊

(၃) ပြန်လည်ထူထောင်ရေးဆောင်ရွက်သည့်ဒေသတွင်ရာဇဝတ်မှုများ မဖြစ်ပွား စေရေး လိုအပ်သည့်အစီအမံများ ဆောင်ရွက်ရန် ညှိနှိုင်းပေါင်းစပ်ရမည်၊

(၄) ပြန်လည်ထူထောင်ရေးလုပ်ငန်းအတွက် နိုင်ငံတော်မှ ပံ့ပိုးကူညီမှုအပြင် အဖွဲ့အစည်းများ/ အလှူရှင်များ၏ ထောက်ပံ့မှုများကို မသမာသူများမှ ဖျက်ဆီးလုယူခြင်း မဖြစ်ပွားစေရေး လုံခြုံရေးပူးပေါင်းဆောင်ရွက်ရန် စီမံညွှန်ကြားရမည်။

**ပို့ဆောင်ဆက်သွယ်ရေးလုပ်ငန်းကော်မတီ၏လုပ်ငန်းတာဝန်များ**

၆၀။ ပို့ဆောင်ဆက်သွယ်ရေး လုပ်ငန်းကော်မတီ၏ လုပ်ငန်းများ ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက် နိုင်ရန်အတွက် အောက်ပါလုပ်ငန်းများအား ဆောင်ရွက်ရမည်-

(က) **ကြိုတင်ပြင်ဆင်ခြင်း**

(၁) ဒေသအလိုက်ဖြစ်ပွားနိုင်သည့် သဘာဝဘေးအမျိုးအစားများအပေါ် မူတည်၍ လိုအပ်လာနိုင်သော ယာဉ်၊ ယန္တရားများစာရင်းကို ကြိုတင်ပြုစုထားရေး ကြီးကြပ်ကွပ်ကဲရမည်၊

(၂) ဒေသအလိုက်ရာသီမရွေး အသုံးပြုနိုင်သည့် မော်တော်ယာဉ်လမ်းကြောင်း၊ ရေလမ်းကြောင်း၊ လေဆိပ်၊ ရဟတ်ယာဉ်ဆင်းကွင်းများအား ကြိုတင်စာရင်းပြုစုဆောင်ရွက်ရေး ကြီးကြပ်ကွပ်ကဲရမည်၊

(၃) သဘာဝဘေးအန္တရာယ် ကြိုတင်ခန့်မှန်းချက်များကို အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးနိုင်ရေး၊ သဘာဝဘေးအန္တရာယ် ကျရောက်နိုင်ခြေရှိသည့် ဒေသများသို့ ကြိုတင်သတိပေးထုတ်ပြန်ချက်များ အချိန်မီရောက်ရှိရေးအတွက် ကြိုတင်ပြင်ဆင်စီမံထားရမည်၊

(၄) သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုလုပ်ငန်းများတွင် ကြိုတင်သတိပေးစနစ်ကို အထောက်အကူဖြစ်စေသည့် အဆင့်မြင့် ဆက်သွယ်ရေးလုပ်ငန်းများ ပေါ်ပေါက်လာရေး ကြီးကြပ်ဆောင်ရွက်ရမည်၊

(၅) သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကြိုတင်သတိပေးချက်နှင့် သတင်းများဖြန့်ဝေသည့် ဆက်သွယ်ရေးကွန်ရက်များ ပြတ်တောက်မှု ကြုံတွေ့ပါက အရေးပေါ် ချိတ်ဆက်နိုင်မည့် ဆက်သွယ်ရေးစနစ်များ ကြိုတင်စီစဉ်ထားရှိရမည်၊

(၆) ယခင်ဖြစ်ပေါ်ခဲ့သည့် သဘာဝဘေးအရေးပေါ်တုံ့ပြန်ရေး လုပ်ငန်းများ၌ ကြုံတွေ့ခဲ့ရသောပို့ဆောင်ဆက်သွယ်ရေးနှင့်စပ်လျဉ်းသည့် အားနည်းချက်၊ အားသာချက်များအား ဆန်းစစ်ဖော်ထုတ်၍ ပိုမိုကောင်းမွန်စွာ စီမံခန့်ခွဲနိုင်ရေး လိုအပ်သော သုတေသနလုပ်ငန်းများ ဆောင်ရွက်ထားရှိရမည်၊

(၇) သဘာဝဘေးကျရောက်ချိန်တွင် ပို့ဆောင်ဆက်သွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသင့်အနေအထားရှိစေရန် ဇာတ်တိုက်လေ့ကျင့်ခြင်းများ ဆောင်ရွက်ထားရှိရမည်၊

(၈) သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုလုပ်ငန်းများတွင် ဆက်သွယ်ဆောင်ရွက်နိုင်ရန်အတွက် တိုင်းဒေသကြီး/ပြည်နယ်အလိုက် ပို့ဆောင်ဆက်သွယ်ရေးလုပ်ငန်းကော်မတီများအနေဖြင့် ဆက်သွယ်ရမည့် အော်တိုတယ်လီဖုန်း၊ မိုဘိုင်း၊ ဖက်စ်နံပါတ်များ ပြုစုရေး၊ ဖြန့်ဝေနိုင်ရေးနှင့် ပြောင်းလဲမှုရှိပါက အချိန်နှင့်တစ်ပြေးညီ ပြင်ဆင်နိုင်ရေးတို့အား ကွပ်ကဲလမ်းညွှန်ရမည်၊

(၉) ဆက်သွယ်ရေးကေဘယ်လ်များ၊ တယ်လီဖုန်းကွန်ကရစ်တိုင်များ ပြိုလဲခဲ့လျှင် အမြန်ပြုပြင်ပေးနိုင်ရန် လိုင်းအရန်ဆက်စပ်ပစ္စည်းများ ကြိုတင်စီစဉ်ထားရှိ ခြင်း၊ Cable Joint ပစ္စည်းများ၊ Equipment များ၊ Copper နှင့် Fiber လိုင်းကေဘယ်လ်များနှင့် ဆက်စပ်ပစ္စည်းများအား အရန်သင့်စုဆောင်းထားရှိခြင်း၊ အရန်ဆက်သွယ်ရေးစနစ် ထူထောင်ထားခြင်းတို့အား လမ်းညွှန်ကြီးကြပ်ရမည်၊

(၁၀) သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာန (Global Maritime Distress and Safety System-GMDSS) စခန်းများ၏ ဆက်သွယ်ရေးဆက်ကြောင်းမှတစ်ဆင့် အရေးပေါ်တုံ့ပြန်မှု ပင်မစခန်းများ

သို့/မှ သတင်းအချက် အလက်များကို ပေးပို့/ရယူနိုင်ရေး ပြင်ဆင်ထားခြင်း၊ ဒေသအလိုက် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု တာဝန်ရှိသူများ အသုံးချတတ်စေရေး အသိပေးစီမံခြင်းတို့ကိုဆောင်ရွက်ရမည်။

(ခ) **အရေးပေါ်တုံ့ပြန်ခြင်း**

(၁) နိုင်ငံတော်အဆင့် တုံ့ပြန်ရမည့် သဘာဝဘေးအန္တရာယ်ကျရောက်မှုများတွင် သယ်ယူပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးလုပ်ငန်းများ ဆောင်ရွက်မည့် ဌာနကိုယ်စားလှယ် (Focal Person) များဖြင့် ဆောလျင်စွာစုဖွဲ့၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနတွင် Command Center ဖွင့်လှစ်ပြီး သယ်ယူပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးကိစ္စရပ်များကို ဆောင်ရွက်နိုင်ရန်၊ အရပ်ဘက်နှင့် စစ်ဘက်လုပ်ငန်းဆောင်ရွက်မှု ယာဉ်များကို စနစ်တကျ စီမံခန့်ခွဲနိုင်ရန် ဆောင်ရွက်ခြင်းနှင့် အမျိုးသား ကော်မတီသို့ တင်ပြခြင်းများကို ဆောင်ရွက်ရမည်၊

(၂) အရေးပေါ်တုံ့ပြန်ရေးဆောင်ရွက်မည့် အဖွဲ့အစည်း (Emergency Response Team) များနှင့်ချိတ်ဆက်၍ ဆက်လက်ဖြစ်ပေါ်လာနိုင်သည့် နောက်ဆက်တွဲ မိုးလေဝသနှင့်ဇလဗေဒဆိုင်ရာ ဘေးအန္တရာယ် (Secondary Disasters) များအတွက် ခန့်မှန်းချက်၊ ထုတ်ပြန်ချက်၊ အကြံပြုချက် (Advisory)များ ပံ့ပိုးကူညီရမည်၊

(၃) ဘေးအန္တရာယ်ဆိုင်ရာကြိုတင်သတိပေးထုတ်ပြန်ချက်များ၊ နောက်ဆက်တွဲ ထုတ်ပြန်ချက်များကို မျက်ခြည်မပြတ်စောင့်ကြည့်ပြီး၊ ဘေးလွတ်ရာသို့ ပြောင်းရွှေ့နိုင်ရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင်

သက်ဆိုင်ရာဌာနဆိုင်ရာ အဖွဲ့အစည်းများအတွက် အထောက်အကူ ဖြစ်စေရေး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရမည်၊

(၄) စောင့်ကြည့်လေ့လာနိုင်သည့် သဘာဝဘေးအန္တရာယ်များအတွက် အစပျိုးပေါ်ပေါက်ချိန်မှစ၍ မျက်ခြည်မပြတ် စောင့်ကြည့်လေ့လာပြီး သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပြည်သူများသို့ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ အချိန်နှင့်အမျှ ထုတ်ပြန်သော သတင်းထုတ်ပြန်ချက်များအား အချိန်နှင့်တစ်ပြေးညီ ရရှိနိုင်ရန် ဆက်သွယ်ရေးစနစ်များ ပြတ်တောက်မှုမရှိစေရေး အထူးအလေးထား ဆောင်ရွက်ရမည်၊

(၅) ဘေးသင့်ဒေသတွင်မိုက်ခရိုနှင့် ဖိုက်ဘာဆက်ကြောင်း ပြတ်တောက်မှုများဖြစ်ပေါ်ပါက MPT Satellite Terminal သို့မဟုတ် Very Small Aperture Terminal (VSAT) ဂြိုဟ်တုစနစ်သုံး ဆက်သွယ်ရေးစနစ်တစ်မျိုးမျိုးစသည့် သင့်လျော်သည့်နည်းလမ်းဖြင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့များအပါအဝင် ဦးစားပေးအဆင့်အလိုက် အဆက်အသွယ်ရရှိစေရန် ဆောင်ရွက်ရမည်၊(လိုအပ်ပါကဘေးသင့်ဒေသနှင့်အနီးဆုံးဒေသမှကျွမ်းကျင်ပညာရှင်၊ လူအင်အား၊ စက်ပစ္စည်းကိရိယာများ စုစည်းပို့ဆောင်ရေးစီမံကွပ်ကဲရမည်။)

(၆) ဘေးဒဏ်ကြောင့် အဓိကလမ်းတံတားများ ပျက်စီးမှုရှိပါက လတ်တလောလမ်းပန်းဆက်သွယ်မှုပြန်လည်ရရှိစေရေး လိုအပ်သည့် လူ၊ ပစ္စည်း၊ စက်ယန္တရားများစုစည်းပြီးချက်ချင်းဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာဝန်ကြီးဌာန၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များ၊ လိုအပ်ပါက နယ်မြေခံ တပ်ရင်း၊ တပ်ဖွဲ့များနှင့် ချိတ်ဆက်ပူးပေါင်းဆောင်ရွက်ရေး လမ်းညွှန်စီမံရမည်၊

(၇) အရေးပေါ်တုံ့ပြန်ရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန် လိုအပ်သည့် သယ်ယူပို့ဆောင်ရေးအတွက် အသုံးပြုနိုင်သည့် လမ်းကြောင်းများကို လမ်းညွှန်ပေးရေး ညွှန်ကြားရမည်၊

(၈) နိုင်ငံတကာ အကူအညီလက်ခံရယူသည့် သဘာဝဘေးတုံ့ပြန်မှုမျိုး၌ ကား၊ ရေယာဉ်၊ လေယာဉ်များ ဝင်/ထွက် သွားလာခွင့်၊ ဆိုက်နားခွင့်အတွက် ပံ့ပိုးပူးပေါင်းခြင်း၊ ပြည်ပမှ ကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးပစ္စည်းများ၊ ယာဉ်ယန္တရားများ လက်ခံရယူရန်ရှိပါက လုပ်ငန်းဆောင်ရွက်မှုများ၊ Fast Track လုပ်ထုံးလုပ်နည်းဖြင့် လက်ခံရယူနိုင်ရေး ပံ့ပိုးပူးပေါင်းခြင်းများအတွက် စီမံကွပ်ကဲရမည်၊

(၉) ဘေးသင့်ဒေသတွင် လမ်းကြောင်းရှင်းလင်းရေးနှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများအား ကြီးကြပ်ဆောင်ရွက်ရန် နိုင်ငံတော်အဆင့်(သို့မဟုတ်) တိုင်းဒေသကြီး/ ပြည်နယ်အဆင့် ပို့ဆောင်ဆက်သွယ်ရေး လုပ်ငန်းကော်မတီ၏ အထူးအဖွဲ့ (Mobile Team) ကို စေလွှတ်နိုင်ရေး စီမံညွှန်ကြားရမည်။

(ဂ) **ပြန်လည်ထူထောင်ခြင်း**

(၁) ဘေးသင့်ဒေသ ပြန်လည်ထူထောင်ရေးအတွက် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန် လုပ်ငန်းအမျိုးအစားအလိုက် လိုအပ်သည့်ယာဉ်များ ရရှိရေးအား ညှိနှိုင်းစီစဉ်ပေးရမည်၊

(၂) ပြန်လည်ထူထောင်ရေးကဏ္ဍများ ဆောင်ရွက်ရာတွင် သဘာဝဘေးအန္တရာယ်ကျရောက်ခဲ့သည့်ဒေသများ၏ နှစ်အလိုက်၊ လအလိုက် ဖြစ်ပေါ်ခဲ့

သည့်၊ ဖြစ်ပေါ်နိုင်သည့်၊ မိုးလေဝသနှင့် ဇလဗေဒဆိုင်ရာ ဖြစ်မြဲ အချက်အလက် (Data)များအား တောင်းခံလာပါက စိစစ်ပံ့ပိုးဆောင်ရွက်ရမည်၊

(၃) သဘာဝဘေးကြောင့်ပျက်စီးခဲ့သော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးစနစ်များ အမြန်ဆုံးပြန်လည်ကောင်းမွန်ရေး ကွင်းဆင်းစစ်ဆေးပြီး ဆောလျင်စွာ ပြုပြင်နိုင်ရေး ဆောင်ရွက်ရမည်၊

(၄) ဘေးအန္တရာယ်ကြောင့် ပို့ဆောင်ဆက်သွယ်ရေးကဏ္ဍ ပျက်စီးဆုံးရှုံးမှု ကနဦး စာရင်းများ ပြုစုပြီး ကနဦးလိုအပ်ချက် စစ်တမ်းကောက်ယူရေး၊ ပျက်စီးဆုံးရှုံးမှုအတည်ပြုရေးနှင့် လိုအပ်ချက်များဆန်းစစ်ဖော်ထုတ်ရေး လုပ်ငန်း ကော်မတီသို့ပေးပို့ခြင်း၊ အသေးစိတ်စိစစ်စာရင်း ပြုစုရာ၌ ပံ့ပိုး ပူးပေါင်းပါဝင်ခြင်းနှင့် ပြန်လည်ထူထောင်ရေးအတွက် လိုအပ်ချက်များအား အမျိုးသားကော်မတီသို့တင်ပြခြင်းတို့ ဆောင်ရွက်ရမည်။

**သတင်းနှင့် ပြန်ကြားရေးလုပ်ငန်းကော်မတီ၏လုပ်ငန်းတာဝန်များ**

၆၁။ သတင်းနှင့် ပြန်ကြားရေးလုပ်ငန်းကော်မတီ၏ လုပ်ငန်းများ ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် အောက်ပါလုပ်ငန်းများအား ဆောင်ရွက်ရမည်-

(က) **ကြိုတင်ပြင်ဆင်ခြင်း**

(၁) သဘာဝဘေးကျရောက်မှုများအတွက် သတင်းရယူနိုင်ရန် တိုင်းဒေသကြီး/ ပြည်နယ်အဆင့်၊ ခရိုင်/မြို့နယ်အဆင့်အလိုက်စုဖွဲ့ထားခြင်း၊ ဘေးသတင်း ရရှိပါက ချက်ချင်းဆောင်ရွက်ရမည့် လုပ်ထုံးလုပ်နည်းများ သတ်မှတ်ထား ခြင်းတို့အား ညွှန်ကြားထားရမည်။ ဆောင်ရွက်ထားရှိမှုအခြေအနေအား အမျိုးသားကော်မတီသို့ တင်ပြထားရှိရမည်၊

(၂) သဘာဝဘေးအန္တရာယ်ဆိုင်ရာပညာပေးအစီအစဉ်များကို နိုင်ငံတော်ပိုင်/ ပုဂ္ဂလိကပိုင်မီဒီယာများနှင့် Social Media အသုံးပြု၍ ပြည်သူလူထု အသိပညာပေးနိုင်ရန် ကြိုတင်ပြင်ဆင်ထားရမည်၊

(၃) အချိန်ကာလအလိုက် သို့မဟုတ် ဒေသအလိုက် ဖြစ်ပွားတတ်သော သဘာဝဘေးဆိုင်ရာအသိပညာပေးလုပ်ငန်းအတွက် သက်ဆိုင်ရာ ဝန်ကြီး ဌာနများ၊ လုပ်ငန်းကော်မတီများ၊ UN၊ INGOs၊ NGOs အဖွဲ့များ၊ ပုဂ္ဂလိက အဖွဲ့အစည်းများနှင့် ချိတ်ဆက်ပူးပေါင်းညှိနှိုင်းကာ သတင်းအချက်အလက် ရယူနိုင်ရေး ဆောင်ရွက်ထားရမည်၊

(၄) သဘာဝဘေးကြောင့် ထိခိုက်ဆုံးရှုံးမှုလျှော့ချရေးအတွက် ပညာပေး ဆောင်းပါးများ၊ တွေ့ဆုံမေးမြန်းခန်းများ၊ ဆောင်ပုဒ်များ၊ ကာတွန်းများ၊ အစီအစဉ်များ၊ သီချင်းများ၊ ဇာတ်လမ်းများ၊ ရုပ်ရှင်များ ထုတ်လွှင့်ဖော်ပြ နိုင်ရေးဆောင်ရွက်ရမည်၊

(၅) သဘာဝဘေးနှင့်စပ်လျဉ်းသည့် ကြိုတင်သတိပေးမှုများ ရရှိပြီးချိန်တွင် အချိန်နှင့်တစ်ပြေးညီ အသိပေးနိုင်ရေး၊ ဘေးကျရောက်နိုင်ခြေရှိသည့် ဒေသတွင် လှည့်လည်ကြေညာအသိပေးနိုင်ရေး လိုအပ်သလို ပေါင်းစပ် ညှိနှိုင်းထားရမည်၊

(၆) ရုပ်ရှင်ရုံများနှင့် ရုပ်ရှင်ပြသရေး လုပ်ငန်းများတွင် သဘာဝဘေးနှင့် ပတ်သက်သော သတင်းနှင့်ပညာပေးအစီအစဉ်များ၊ သတိပေးနှိုးဆော်ချက် များ ထည့်သွင်းပြသရေး ပံ့ပိုးညွှန်ကြားရမည်၊

(၇) ပြည်ထောင်စုအဆင့်၊ တိုင်းဒေသကြီး/ ပြည်နယ်အဆင့်တို့တွင် အနည်းဆုံး သတင်းအဖွဲ့တစ်ဖွဲ့နှင့်ရိုက်ကူးရေးယာဉ်၊ သတင်းဖတ်ကြားသူ အပါအဝင်

ထုတ်လွှင့်ရေးအဖွဲ့တစ်ဖွဲ့တို့အား လိုအပ်ပါက ချက်ချင်းစုဖွဲ့စေလွှတ်နိုင်ရေး ပြင်ဆင်ထားရမည်၊

(၈) သဘာဝဘေးဖြစ်ပွားမှုနှင့်စပ်လျဉ်းသည့် သတင်းထုတ်ပြန်မှုများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ရန်နှင့် လိုအပ်ပါက တိုင်းရင်းသား ဘာသာစကားအပြင် လက်သင်္ကေတပြဘာသာစကားဖြင့်ပါ ထုတ်လွှင့်နိုင်ရန် ပြင်ဆင်ထားရမည်။

(ခ) **အရေးပေါ်တုံ့ပြန်ခြင်း**

(၁) သဘာဝဘေးအန္တရာယ် ကျရောက်နေစဉ် သက်ဆိုင်ရာဌာနများမှ ထုတ်ပြန်သည့် သတင်းထုတ်ပြန်ချက်များ၊ သတိပေးချက်များ၊ ကြေညာချက်များကို ပြည်သူလူထုထံသို့ ကျယ်ပြန့်စွာရောက်ရှိစေရေး ဆောင်ရွက်ရမည်၊

(၂) သဘာဝဘေးကျရောက်သည့် ဒေသများသို့ ရိုက်ကူးရေးယာဉ်နှင့်တကွ သတင်းထောက်များ၊ စက်မှုအဖွဲ့များနှင့် သတင်းအဖွဲ့များဆောလျင်စွာ စေလွှတ်၍မြေပြင်သတင်းအချက်အလက်များရယူကာ အချိန်နှင့်တစ်ပြေးညီ သတင်းထုတ်ပြန်မှုများ ဆောင်ရွက်ရမည်၊

(၃) သဘာဝဘေးကျရောက်နေချိန် အခြေအနေများ၊ ထိခိုက်ဒဏ်ရာရ ပျက်စီးဆုံးရှုံးမှုများ၊ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေများကို အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်နိုင်ရေး အမျိုးသားကော်မတီသို့ တင်ပြနိုင်ရေး ဆောင်ရွက်ရမည်၊

(၄) သဘာဝဘေးအမျိုးအစား၊ ကျရောက်သည့်နေရာ၊ စတင်ကျရောက်ချိန်နှင့် ဖြစ်ပေါ်ပြောင်းလဲမှုအခြေအနေများ၊ သဘာဝဘေးအန္တရာယ်၏ ပြင်းအား အတိုင်းအတာပမာဏများ၊ သဘာဝဘေးကျရောက်မှုနောက်ဆုံးအခြေအနေ

များ၊ လူ၊ အဆောက်အအုံပစ္စည်းများ၊ ပျက်စီးဆုံးရှုံးမှုပမာဏနှင့် ခန့်မှန်းတန်ဖိုး၊ ဒေသဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများ၊ အခြားအဖွဲ့အစည်းများနှင့်ပူးပေါင်းပါဝင် ဆောင်ရွက်ပေးရန် လိုအပ်ချက်များအား ပုံမှန်မီဒီယာလမ်းကြောင်းများအပြင် လူမှုကွန်ရက်စာမျက်နှာများ ဖြစ်သည့် Facebook Page, MOI Website, Blog၊ Twitter, Telegram နှင့် Youtube တို့တွင်လည်းကောင်း၊ နေပြည်တော်နှင့် တိုင်းဒေသကြီး/ ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး Facebook Page များတွင်လည်းကောင်း အချိန်နှင့်တစ်ပြေးညီ လွှင့်တင်ဆောင်ရွက်ရမည်။

(ဂ) **ပြန်လည်ထူထောင်ခြင်း**

(၁) သဘာဝဘေးကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများအပေါ် သက်ဆိုင်ရာဝန်ကြီးဌာနများ၏ ကူညီဆောင်ရွက်မှုများကို သတင်းမှတ်တမ်းရယူရိုက်ကူးထားမှု၊ အခက်အခဲကြုံနေသည့် ပြည်သူများ၏ လိုအပ်ချက်များအားတွေ့ဆုံမေးမြန်းမှု အစီအစဉ်များ ထုတ်လွှင့်ရမည်၊

(၂) သဘာဝဘေး (မုန်တိုင်း၊ ငလျင်၊ ရေကြီး၊ မြေပြိုစသည့်) တစ်ခုခုကြောင့် ကွဲကွာသွားသည့် ဆွေမျိုးသားချင်းများ ပြန်လည်ဆုံတွေ့နိုင်ရေး လူမှုစာနာပြန်ကြားလွှာအစီအစဉ်မှ ဆက်သွယ်လိုသည်များကို ဆက်သွယ်ပြန်ကြားပေးရမည်။ ဘေးသင့်ဒေသရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံးများတွင်လည်း အဆိုပါကိစ္စများ ဆောင်ရွက်ထားရှိရမည်၊

(၃) ဘေးသင့်ဒေသ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ပြည်သူများကျယ်ပြန့်စွာသိရှိစေရေးအတွက် အချိန်နှင့်တစ်ပြေးညီ သတင်းလွှင့်တင်

ဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာလုပ်ငန်းကော်မတီများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ရမည်၊

(၄) ဘေးအန္တရာယ်ကျရောက်ပြီးနောက် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ အတွက် ဆောင်ရန်၊ ရှောင်ရန်သိကောင်းစရာ သတင်းအချက်အလက်များ၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအတွက် နှိုးဆော်ချက်များ၊ ယာယီ ကယ်ဆယ်ရေးစခန်းများမှ ပြည်သူများအတွက် သက်ဆိုင်ရာ တာဝန်ရှိသူ များ၏ထောက်ပံ့ကူညီမှုသတင်းများ၊ အလှူငွေနှင့်ပစ္စည်းများ လက်ခံရရှိမှု နှင့် ထောက်ပံ့မှုသတင်းများကို ပြည်သူသို့ အသိပေးထုတ်ပြန်ရမည်။ နိုင်ငံတကာသို့ ထုတ်ပြန်ပေးရန် လိုအပ်နိုင်သည့် သတင်းအချက်အလက် မှတ်တမ်းများအား သက်ဆိုင်ရာ လုပ်ငန်းကော်မတီများသို့ ပေးပို့ရမည်၊

(၅) ထိခိုက်ပျက်စီးဆုံးရှုံးမှုကြီးမားသည့် သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်မှုများ၌ အရေးပေါ်တုံ့ပြန်မှုနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ သည့် လုပ်ငန်းရုပ်သံမှတ်တမ်းဗီဒီယိုများအား ဆောင်ရွက်ပြီး အမျိုးသား ကော်မတီသို့ တင်ပြရမည်။

**ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များ**

၆၂။ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းကော်မတီ၏ လုပ်ငန်းများ ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် အောက်ပါလုပ်ငန်း များအား ဆောင်ရွက်ရမည်-

(က) **ကြိုတင်ပြင်ဆင်ခြင်း**

(၁) တိုင်းဒေသကြီး/ ပြည်နယ်အလိုက် ဖြစ်ပွားနိုင်သည့် သဘာဝဘေးအန္တရာယ် များ(အထူးသဖြင့်မြေငလျင်ဘေး) အပေါ်မူတည်၍ အခြေခံအဆောက်အအုံ

များ ထိခိုက်ဆုံးရှုံးနိုင်မှုအခြေအနေကို ကြိုတင်လေ့လာ ဆန်းစစ်ဖော်ထုတ်ရေး ညွှန်ကြားကွပ်ကဲရမည်၊

(၂) ဒေသအလိုက် ဖြစ်ပွားလေ့ရှိသည့် သဘာဝဘေးအန္တရာယ်များ (ဥပမာ- ရေကြီးခြင်း၊ မြေလျှောက်လှုပ်ခြင်း၊ မီးလောင်ခြင်း)ကြောင့် အရေးပါသည့် အခြေခံအဆောက်အအုံ၊ လမ်းတံတားများ ပျက်စီးဆုံးရှုံးပါက အရေးပေါ် ဆောင်ရွက်နိုင်မည့် အစီအမံများပြုစုထားရှိရေး၊ လိုအပ်ပါက ယင်းဒေသရှိ တပ်မတော်တပ်ရင်း၊ တပ်ဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရန် ကြိုတင် ညှိနှိုင်းရေး လမ်းညွှန်ကြီးကြပ်ရမည်၊

(၃) အများပြည်သူဆိုင်ရာ အခြေခံအဆောက်အအုံများ၊ ပုဂ္ဂလိကပိုင်စက်ရုံ/ အလုပ်ရုံနှင့် ရုံးဌာနများ ဆောက်လုပ်ချိန်တွင် သဘာဝဘေးကြံ့ကြံ့ခံ ရင်ဆိုင်နိုင်ရေးအတွက် နည်းပညာပိုင်းဆိုင်ရာအကြံပြုချက်များပေးနိုင်ရေး၊ ဆောက်လုပ်ရေးဆိုင်ရာ ညွှန်ကြားချက်၊ ဥပဒေများ ထုတ်ပြန်ရေးနှင့် လိုက်နာရန်တွန်းအားပေးရေး၊ စနစ်ကျသည့် ဘေးဒဏ်ခံနိုင်သော မြို့ပြ ဖွံ့ဖြိုးမှုဖြစ်စေရေး လိုအပ်ချက်/လမ်းညွှန်ချက်များအား ကြိုတင်ညှိနှိုင်း၍ ကျယ်ကျယ်ပြန့်ပြန့် သိရှိလိုက်နာစေရေး လိုအပ်သလို ကြီးကြပ် ဆောင်ရွက် ခြင်း၊ အမျိုးသားကော်မတီသို့ တင်ပြ၍ လိုအပ်သလို ညွှန်ကြားကြပ်မတ် ခြင်း ဆောင်ရွက်ရမည်၊

(၄) သဘာဝဘေးအန္တရာယ်များ ကျရောက်ပြီးနောက် ဘေးသင့်သူများ အရေးပေါ်ခိုလှုံနေထိုင်နိုင်ရန် ဘေးကင်းလုံခြုံသော ယာယီနေထိုင်နိုင်သည့် အခိုအကာများရှိစေရေး ကြိုတင်စီမံဆောင်ရွက်ထားရမည်။ (ဥပမာ- ရေကြီးရေလျှံဘေးနှင့် မုန်တိုင်းဘေးများ ဖြစ်ပွားလေ့ရှိသည့် ဧရာဝတီတိုင်း

ဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့အတွင်း အသက်ကယ်ကုန်းများ၊ မုန်တိုင်း ဒဏ်ခံအဆောက်အအုံများ ကြိုတင်ဆောက်လုပ်ခြင်း) လိုအပ်ပါက တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များက ဘဏ္ဍာနှစ်အလိုက် လျာထား ဆောက်လုပ်ရေး အကြံပြုခြင်း၊ နည်းပညာပိုင်းဆိုင်ရာ ပံ့ပိုးခြင်း ဆောင်ရွက် ရမည်။

(ခ) **အရေးပေါ်တုံ့ပြန်ခြင်း**

(၁) သဘာဝဘေးအန္တရာယ်များ ကြုံတွေ့ချိန်တွင် အရေးပေါ်ခိုလှုံရန် ယာယီ ခိုလှုံရာနေရာများသို့ သွားရောက်နေထိုင်နိုင်ရေး သက်ဆိုင်သည့် အဖွဲ့ အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရမည်၊

(၂) သဘာဝဘေးအန္တရာယ်များ ဖြစ်ပွားလာပါက ဒေသအလိုက်ပျက်စီးဆုံးရှုံး သည့် လမ်း၊ တံတားများအတွက် လတ်တလော လမ်းပန်းဆက်သွယ်မှု မပြတ်တောက်စေရေး ယာယီအစီအမံများ ဆောလျင်စွာ ဆောင်ရွက်နိုင် ရေးကြီးကြပ်ကွပ်ကဲရမည်။ လိုအပ်ပါက တပ်မတော်၏ အကူအညီရယူ နိုင်ရေးအတွက် အမျိုးသားကော်မတီ (သို့မဟုတ်) DMC (သို့မဟုတ်) သဘာဝဘေးတုံ့ပြန်မှုအတွက် တပ်မတော်နှင့် ဝန်ကြီးဌာနများအကြား ပေါင်းစပ်ညှိနှိုင်းရေးလုပ်ငန်းအဖွဲ့မှတစ်ဆင့် ညှိနှိုင်းလုပ်ဆောင်ရမည်၊

(၃) အခြေခံအဆောက်အအုံ၊ အများပြည်သူဝန်ဆောင်မှုလုပ်ငန်းများ ထိခိုက် ပျက်စီးပါက ယာယီအစားထိုးဆောင်ရွက်နိုင်ရေး နည်းပညာပံ့ပိုးခြင်း၊ နိုင်ငံ တကာမှ နည်းပညာ/ပညာရှင် အကူအညီ လက်ခံရယူပါက လိုအပ်သလို ကြီးကြပ်ခြင်း၊ ပူးပေါင်းညှိနှိုင်းခြင်းများ ဆောင်ရွက်ရမည်။

(ဂ) **ပြန်လည်ထူထောင်ခြင်း**

(၁) နေအိမ်ပျက်စီးဆုံးရှုံးသည့် ဘေးသင့်ပြည်သူများအတွက် ဘေးကင်း လုံခြုံသည့် သင့်လျော်သောနေရာများတွင် ခိုင်ခံ့သည့်နေအိမ်များ ပြန်လည်တည်ဆောက်နိုင်ရေး နည်းပညာပံ့ပိုးခြင်းနှင့် မြို့ပြအင်္ဂါရပ်နှင့်အညီ စနစ်တကျနေရာချထားပေးနိုင်ရေးတို့အား အလေးထားဆောင်ရွက်ရမည်၊

(၂) ဘေးဒဏ်ကြောင့် ပျက်စီးဆုံးရှုံးသည့် အခြေခံအဆောက်အအုံနှင့် အများပြည်သူဆိုင်ရာနေရာများ အမြန်ဆုံးပြန်လည်တည်ဆောက်နိုင်ရေးအတွက် အရေးပေါ်ပြန်လည်ထူထောင်ရေး၊ ကာလလတ်ပြန်လည်ထူထောင်ရေး၊ ကာလရှည် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအား လုပ်ငန်းပမာဏအလိုက် စနစ်တကျ စီမံဆောင်ရွက်ရမည်။ ကဏ္ဍအလိုက် ပြန်လည်ထူထောင်ရေးလုပ်ငန်းဆောင်ရွက်မှုများအား လုပ်ငန်းကော်မတီအနေဖြင့် စနစ်တကျ ကြီးကြပ်ကွပ်ကဲခြင်း၊ ဆောင်ရွက်မှုအခြေအနေများအား အမျိုးသားကော်မတီသို့ တင်ပြ အစီရင်ခံခြင်းများ ဆောင်ရွက်ရမည်၊

(၃) အချိန်/ ငွေကြေးလိုအပ်ချက် များပြားသော ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများဆောင်ရွက်ရန်အတွက် လုပ်ငန်းကော်မတီအနေဖြင့် အခက်အခဲရှိပါက အမှန်တကယ်ဆောင်ရွက်ရန် လိုအပ်မှုအခြေအနေ၊ အကျိုးခံစားခွင့် ရရှိမည့်သူများနှင့် ဦးစားပေးဆောင်ရွက်ရန် လိုအပ်မှုတို့ကို ဖော်ပြ၍ လိုအပ်မည့် ရန်ပုံငွေရရှိစေရေးနှင့် ဆောင်ရွက်ခွင့်ပြုနိုင်ရေးတို့အား အမျိုးသားကော်မတီသို့ ဆောလျင်စွာ တင်ပြရမည်၊

(၄) ဘေးသင့်ဒေသ၏ ကဏ္ဍအလိုက် ထိခိုက်ပျက်စီးမှု စစ်တမ်းရလဒ်များအရ လူမှုစီးပွားဘဝများ ပုံမှန်ပြန်လည် လည်ပတ်စေရေး ဦးစားပေးပြီး သဘာဝဘေးရင်ဆိုင်တုံ့ပြန်နိုင်စွမ်းရှိစေရန် ထည့်သွင်းစဉ်းစားထားသည့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဖြစ်စေရေးလမ်းညွှန်ခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်း၊ ပေါင်းစပ်ညှိနှိုင်းခြင်းများ ဆောင်ရွက်ရမည်၊

(၅) ဘေးသင့်ဒေသအတွင်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ယှဉ်တွဲဆောင်ရွက်ရာတွင် နောင်ဖြစ်ပွားလာနိုင်သည့် ဘေးအန္တရာယ်များ လျော့ပါးသက်သာစေရေးအတွက် ထည့်သွင်းပေါင်းစပ်စေရေး နည်းပညာပိုင်းပံ့ပိုးကူညီရမည်၊

(၆) ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဘေးသင့်ပြည်သူများ ကိုယ်တိုင်ပါဝင်ဆောင်ရွက်ခွင့်ရရှိစေရန် စီမံကြီးကြပ်ခြင်းဖြင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရမည်။

(၇) နိုင်ငံတကာအသိုင်းအဝိုင်းက အကူအညီများ ကမ်းလှမ်းလာပါက အမျိုးသားကော်မတီ၏ လမ်းညွှန်မှုခံယူကာ သက်ဆိုင်ရာဝန်ကြီးဌာနများ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ရမည်။

**ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာစီမံခန့်ခွဲမှုလုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များ**

၆၃။ ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာစီမံခန့်ခွဲမှုလုပ်ငန်းကော်မတီ၏လုပ်ငန်းများ ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် အောက်ပါလုပ်ငန်းများအား ဆောင်ရွက်ရမည်-

(က) **ကြိုတင်ပြင်ဆင်ခြင်း**

(၁) ကျန်းမာရေးဝန်ကြီးဌာန ကွပ်ကဲမှုအောက်ရှိ ဦးစီးဌာနများမှ လိုအပ်သည့် လုပ်ငန်းလမ်းညွှန်မှုနှင့် မူဝါဒများချမှတ်နိုင်ရေး ဗဟို၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ်၊ခရိုင်၊မြို့နယ်အဆင့်လိုက်လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက်လိုအပ်သော နည်းပညာဆိုင်ရာ အထောက်အကူများ ပေးအပ်ရေးတို့အား ကြပ်မတ်စီစဉ်ရမည်၊

(၂) ဘေးအန္တရာယ်ကျရောက်ချိန်တွင် အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များမှ လူအင်အားများ ထုတ်နုတ်၍ ဘေးအန္တရာယ်ကျရောက်သည့်ဒေသများတွင် သွားရောက်ဆောင်ရွက်ရေးအတွက် မူဝါဒများချမှတ်ကာ လမ်းညွှန်မှုပေးရမည်။ ဘေးအန္တရာယ်ကျရောက်ပါက အသုံးပြုမည့် လူ့စွမ်းအားအရင်းအမြစ်များကို အချက်အလက်စနစ် (Database)ဖြင့် ပြုစုထားခြင်းနှင့် ပုံမှန်မွမ်းမံရေးဆွဲခြင်း (Update) ပြုလုပ်ရန် ကြီးကြပ်ရမည်၊

(၃) ဘေးအန္တရာယ်ကျရောက်နိုင်သော ဒေသများအတွက် လိုအပ်မည့် ဆေးနှင့်ဆေးဝါးပစ္စည်းများ၊ ရောဂါရှာဖွေရေးစက်ပစ္စည်းများနှင့် ကိရိယာများ၊ လုပ်ငန်းအထောက်အကူပြုပစ္စည်းကိရိယာများ၊ သယ်ယူပို့ဆောင်ရေးယာဉ်၊ လူနာတင်ယာဉ်များနှင့် ဆက်သွယ်ရေးကိရိယာများကို လိုအပ်ချက်ခန့်မှန်း တွက်ချက်တင်ပြစေခြင်း၊ စုဆောင်းထားရန် စီမံခန့်ခွဲစေခြင်းနှင့် သိုလှောင်ထားရှိမှု၊ ဖြန့်ဖြူးမှုတို့အတွက် လမ်းညွှန်ချက်များ ချမှတ်လုပ်ဆောင်ရမည်၊

(၄) ကုလသမဂ္ဂ လက်အောက်ခံအဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် ညှိနှိုင်း၍ ကြိုတင်ဆောင်ရွက်ထားရန် လိုအပ်သောလုပ်ငန်းများအတွက်

အရင်းအမြစ်များအား စနစ်တကျ ကျိုးကြောင်းဆီလျော်စွာခွဲဝေချထားခြင်း (Resource Mobilization) ကို ကြိုတင်ပြင်ဆင် ဆောင်ရွက်ရမည်၊

(၅) ဘေးအန္တရာယ်ကျရောက်ရာ နေရာဒေသသို့ တတ်နိုင်သမျှ အစောဆုံး သွားရောက်၍ ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ်အလိုက် သယ်ယူပို့ဆောင်ရေး ယာဉ်များ ကြိုတင်ပြင်ဆင်ထားရှိရုံသာမက တပ်မတော်ရဟတ်ယာဉ်များ၊ ရေယာဉ်များ၊ မော်တော်ယာဉ်များကို လိုအပ်သောနေရာတွင် အသုံးပြု နိုင်ရေးအတွက် ဒေသအလိုက် ကာကွယ်ရေးဆိုင်ရာတာဝန်ရှိသူများနှင့် ပူးပေါင်းညှိနှိုင်းထားစေရေး လမ်းညွှန်ကွပ်ကဲရမည်၊

(၆) နေပြည်တော်နှင့် တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ မြို့နယ်များ၊ ကျေးရွာများ၌ သဘာဝဘေးအန္တရာယ် ကျရောက်ချိန်တွင် ကျန်းမာရေး စောင့်ရှောက်မှုပေးနိုင်ရန်အတွက် ကြိုတင်ပြင်ဆင်မှုနှင့် လိုအပ်သည့် သင်တန်းများပေးနိုင်ရေး၊ သဘာဝဘေးအန္တရာယ် ကျရောက်ပါက အသုံးပြု နိုင်ရန်လိုအပ်သော လမ်းညွှန်ချက်များ၊ ပုံစံများ ပြုစု၍ ဆက်နွယ်သူများ အားလုံးသိရှိစေရေးတို့အား လမ်းညွှန်ကြီးကြပ်ရမည်၊

(၇) နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် အသီးသီး တွင် ဘေးအန္တရာယ်အတွက် ကြိုတင်ပြင်ဆင်မှုနှင့် တုံ့ပြန်ဆောင်ရွက်မှု ဆိုင်ရာ လေ့ကျင့်သင်ကြားမှုများပြုလုပ်ခြင်းနှင့် အရေးပေါ်ကျန်းမာရေး အဖွဲ့ (Rapid Response Team, Emergency Medical Team စသည်)များ ကြိုတင်ဖွဲ့စည်းနိုင်ရေးလမ်းညွှန်ကြီးကြပ်ရမည်၊

(၈) တိုင်းဒေသကြီး/ ပြည်နယ်အဆင့်၊ ခရိုင်အဆင့်နှင့် မြို့နယ်အဆင့်တို့တွင် ပြည်သူ့ကျန်းမာရေးအရေးပေါ်ကွပ်ကဲမှု ဗဟိုဌာန (Public Health Emergency Operations Centre)များ ဖွင့်လှစ်နိုင်ရေးလိုအပ်သည်များ ဖြည့်ဆည်းပေးခြင်းနှင့် လေ့ကျင့်သင်ကြားပေးခြင်းများ ဆောင်ရွက်ရမည်၊

(၉) ဘေးအန္တရာယ်ကျရောက်ချိန်တွင် အသုံးပြုနိုင်သည့် ရောဂါစောင့်ကြပ်ကြည့်ရှုမှု (Surveillance) စနစ်တစ်ရပ် တည်ထောင်ထားရမည်၊

(၁၀) အရေးပေါ်လူနာများရွှေ့ပြောင်းထားရှိနိုင်ရန် နေရာနှင့် အဆောက်အဦများအား နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်များတွင် ကြိုတင်ပြင်ဆင်သတ်မှတ်ထားရှိရန် လမ်းညွှန်မှုပြုရမည်၊

(၁၁) ဘေးအန္တရာယ်ကြောင့် ကျန်းမာရေးကဏ္ဍ ထိခိုက်ဆုံးရှုံးနိုင်ခြေဆန်းစစ်သုံးသပ်မှုနှင့် ကျန်းမာရေးဌာနအဆောက်အအုံများ၊ ဆေးနှင့်ဆေးပစ္စည်းများ၊ ကိရိယာများပျက်စီးဆုံးရှုံးမှုနှင့် ကျန်းမာရေးကဏ္ဍဆိုင်ရာ ထိခိုက်ဆုံးရှုံးမှုများအား ဆန်းစစ်သုံးသပ်မှုတို့ ဆောင်ရွက်နိုင်ရေးအတွက် နီးနွယ်ဌာနဆိုင်ရာများ၊ လုပ်ငန်းကော်မတီများနှင့်ပူးပေါင်း၍ စွမ်းဆောင်ရည်မြှင့်တင်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး လမ်းညွှန်မှုပေးရမည်၊

(၁၂) ပြည်သူလူထုထံသို့ ဘေးအန္တရာယ်ကြောင့် ဆုံးရှုံးနိုင်ခြေကို ဆက်သွယ်ပြောဆိုခြင်း(Risk Communication) ဆောင်ရွက်နိုင်ရန်အတွက် ပြောရေးဆိုခွင့်ရှိသူအား လျာထားသတ်မှတ်ထားရမည်။

(ခ) **အရေးပေါ်တုံ့ပြန်ခြင်း**

(၁) သဘာဝဘေးကျရောက်မှုသည် ပြည်ထောင်စုမှ ပါဝင်ဆောင်ရွက်ရန်လိုအပ်ပါက ပြည်ထောင်စုအဆင့် ပြည်သူ့ကျန်းမာရေး အရေးပေါ်ကွပ်ကဲမှု

ဗဟိုဌာန(Central Public Health Emergency Operations Centre) ကို ဖွင့်လှစ်ကာ အရေးပေါ်အခြေအနေ စီမံကွပ်ကဲမှုစနစ် (Incident Management System – IMS)နှင့်အညီ ဆောင်ရွက်ရမည်၊

(၂) သတ်မှတ်ထားသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် တာဝန်ရှိပုဂ္ဂိုလ် (Focal Person)များက သဘာဝဘေးကျရောက်ရာ တိုင်းဒေသကြီး/ ပြည်နယ်အလိုက် ပြည်သူ့ကျန်းမာရေး အရေးပေါ်ကွပ်ကဲမှုဗဟိုဌာန (Public Health Emergency Operations Centre)များကို ဖွင့်လှစ်၍ ဗဟိုအဆင့်နှင့် ချိတ်ဆက်ကာ သတင်းဆက်သွယ်မှုရယူတင်ပြခြင်းနှင့် တုံ့ပြန်ဆောင်ရွက်ခြင်းတို့အား ဆောင်ရွက်ရမည်၊

(၃) ပြည်ထောင်စုအဆင့် ပြည်သူ့ကျန်းမာရေး အရေးပေါ်ကွပ်ကဲမှုဗဟိုဌာန (Central Public Health Emergency Operations Centre) အနေဖြင့် ဘေးအန္တရာယ်စီမံခန့်ခွဲမှုဗဟိုဌာန (Disaster Management Centre) သို့မဟုတ် အရေးပေါ်အခြေအနေစီမံခန့်ခွဲမှုဗဟိုဌာန (Emergency Operations Centre)နှင့် ချိတ်ဆက်၍ သတင်းပေးပို့မှု၊ ပေါင်းစပ်ညှိနှိုင်းမှု တို့ကို ဆောင်ရွက်ရမည်၊

(၄) ကျန်းမာရေးဌာန အဆောက်အအုံပျက်စီးမှုစာရင်းကို ကနဦးကောက်ယူ၍ ကနဦးလိုအပ်ချက်စစ်တမ်းကောက်ယူရေး၊ ပျက်စီးဆုံးရှုံးမှုအတည်ပြုရေး နှင့် လိုအပ်ချက်များဆန်းစစ်ဖော်ထုတ်ရေးလုပ်ငန်းကော်မတီထံသို့ ပေးပို့ ရမည်၊

(၅) အရေးပေါ်ကျန်းမာရေးအဖွဲ့ (Rapid Response Team, Emergency Medical Team)များအား ဘေးအန္တရာယ်ကျရောက်ရာနေရာဒေသသို့

တာဝန်ပေးအပ်စေလွှတ်ရမည်။ အရင်းအမြစ်လိုအပ်ချက်ရှိပါကတပ်မတော် ဆေးတပ်ဖွဲ့၏အကူအညီ ရယူဆောင်ရွက်ရမည်၊

(၆) အရေးပေါ်အခြေအနေတွင် ရောဂါစောင့်ကြပ်ကြည့်ရှုမှု (Surveillance) စနစ် (ဥပမာ-Early Warning, Alert and Response System -EWARS)ကို စတင်ဆောင်ရွက်ကာ သင့်လျော်သော တုံ့ပြန်ဆောင်ရွက်ရေး အစီအမံနှင့် လုပ်ငန်းများ ဆောင်ရွက်ရမည်၊

(၇) ကူးစက်ရောဂါ ကပ်အသွင်ဖြစ်ပွားနိုင်ခြေရှိပါက အတည်ပြုနိုင်ရေးနှင့် ဆောလျင်စွာထိန်းချုပ်တုံ့ပြန်နိုင်ရေး ညှိနှိုင်းစီစဉ်ဆောင်ရွက်ရမည်၊

(၈) ပြည်သူများအတွက် ဘေးအန္တရာယ်ဆိုင်ရာ ကျန်းမာရေး အသိပေး နှိုးဆော်ချက် (short message)များကို ပြုစုကာ သင့်လျော်ရာနည်းလမ်း များ အသုံးပြု၍ ဖြန့်ဝေပေးရမည်၊

(၉) အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် မိတ်ဖက်နိုင်ငံများအပါအဝင် နိုင်ငံတကာမှ ကမ်းလှမ်းလာသော ဆေးအဖွဲ့အကူအညီများနှင့် ဆေးဝါးပစ္စည်းအကူအညီ များအား စိစစ်ခြင်းနှင့် လိုအပ်ချက်နှင့်အညီ ညှိနှိုင်းလက်ခံခြင်းတို့ကို ဆောင်ရွက်ရမည်။

(ဂ) **ပြန်လည်ထူထောင်ခြင်း**

(၁) ကျန်းမာရေးဌာနအဆောက်အအုံ၊ ဆေးဝါးနှင့်ဆေးပစ္စည်းများ၊ ကျန်းမာရေး ဆိုင်ရာ ထိခိုက်ပျက်စီးဆုံးရှုံးမှု အခြေအနေများကို ဆန်းစစ်၍ အပြီးသတ် အစီရင်ခံစာအား ကနဦးလိုအပ်ချက် စစ်တမ်းကောက်ယူရေး၊ ပျက်စီး ဆုံးရှုံးမှု အတည်ပြုရေးနှင့်လိုအပ်ချက်များဆန်းစစ်ဖော်ထုတ်ရေး လုပ်ငန်း ကော်မတီနှင့်ပူးပေါင်းပြုစု၍ အမျိုးသားကော်မတီထံသို့ တင်ပြရမည်၊

(၂) ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် နှီးနွှယ်ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်ခြင်းအတွက် လမ်းညွှန်ကြီးကြပ်မှုများ ဆောင်ရွက်ရမည်၊

(၃) ဆောင်ရွက်ခဲ့သောလုပ်ငန်းများ၏ အားနည်းချက်နှင့် အားသာချက်များကို ပြန်လည်သုံးသပ်၍ ပိုမိုကောင်းမွန်သော ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ရမည်၊

(၄) ထိခိုက်ပျက်စီးခဲ့သော ကျန်းမာရေးဌာနအဆောက်အအုံများအား ပြင်ဆင်ရာတွင် လမ်းညွှန်ပံ့ပိုးမှုပေးခြင်းနှင့် ပြန်လည်တည်ဆောက်ရပါက ဘေးအန္တရာယ်လွတ်ကင်းသောနေရာတွင် တည်ဆောက်ခြင်း၊ နဂိုမူလကထက် ပိုမိုကြံ့ခိုင်ကောင်းမွန်သောအဆောက်အအုံတည်ဆောက်ခြင်းကိုဆောင်ရွက်ရန် လမ်းညွှန်မှုနှင့် ပံ့ပိုးမှုပေးခြင်းတို့ကို ဆောင်ရွက်ရမည်၊

(၅) ဘေးသင့်ဒေသများတွင် ရောဂါပိုးသယ်ဆောင်သော ပိုးမွှားများမှတစ်ဆင့်ကူးစက်တတ်သောရောဂါများ၊ ရေကြောင့်ကူးစက်တတ်သောရောဂါများ၊ လူအများစုဝေးနေထိုင်ရခြင်းကြောင့် ကူးစက်တတ်သောရောဂါများ ကပ်ရောဂါအသွင်မဖြစ်ပွားစေရေး ဒေသအလိုက် ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ တာဝန်ရှိသူများနှင့် ဆက်နွယ်အဖွဲ့အစည်းများ ချိတ်ဆက်ပူးပေါင်းဆောင်ရွက်ရေး ကြီးကြပ်လမ်းညွှန်ရမည်၊

(၆) ကျန်းမာရေးအသိပညာမြှင့်တင်ခြင်းလုပ်ငန်းများကိုအလေးထားဆက်လက်ဆောင်ရွက်ရန် လမ်းညွှန်မှုနှင့် ပံ့ပိုးမှုများဆောင်ရွက်ရမည်။

**ကနဦးလိုအပ်ချက် စစ်တမ်းကောက်ယူရေး၊ ပျက်စီးဆုံးရှုံးမှုအတည်ပြုရေးနှင့် လိုအပ်ချက်များ ဆန်းစစ်ဖော်ထုတ်ရေးလုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များ**

၆၄။ ကနဦးလိုအပ်ချက်စစ်တမ်းကောက်ယူရေး၊ ပျက်စီးဆုံးရှုံးမှုအတည်ပြုရေးနှင့် လိုအပ်ချက်များဆန်းစစ်ဖော်ထုတ်ရေးလုပ်ငန်းကော်မတီ၏ လုပ်ငန်းများ ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် အောက်ပါလုပ်ငန်းများအား ဆောင်ရွက်ရမည်-

(က) **ကြိုတင်ပြင်ဆင်ခြင်း**

(၁) သဘာဝဘေးဖြစ်ပွားပြီးနောက်ပျက်စီးဆုံးရှုံးမှု ကိန်းဂဏန်းအချက်အလက်များကောက်ယူနိုင်ရေး၊ ကနဦးလိုအပ်ချက်များ စိစစ်နိုင်ရေးတို့အတွက် ယခင်အတွေ့အကြုံများပေါ်မူတည်၍ လိုအပ်သည့်စာရင်း ကောက်ယူမှုပုံစံများ ပြင်ဆင်ထားရမည်၊

(၂) တိုင်းဒေသကြီး/ပြည်နယ်များတွင် သဘာဝဘေးအလိုက်ဖြစ်ပွားပြီးချိန်တွင် ဆောလျင်စွာ ဆန်းစစ်နိုင်ရေးအတွက် Standard Operating Procedure (SOP)များအား ဆက်နွယ်ဌာနများနှင့်ညှိနှိုင်းရေးဆွဲရေး ကြပ်မတ်ဆောင်ရွက်ရမည်၊

(၃) ဒေသအလိုက်ဖြစ်ပွားနိုင်သည့် သဘာဝဘေးအန္တရာယ်များနှင့် ထိခိုက်ဆုံးရှုံးနိုင်သည့် အခြေအနေများကို ကြိုတင်ဆန်းစစ်ဖော်ထုတ်ရေးနှင့် ပြည်ထောင်စုအဆင့်သို့ ပုံမှန်စုစည်းတင်ပြနိုင်ရေး၊ ဒေသအလိုက် လူဦးရေ (ကျား+မ)၊ သက်ကြီးရွယ်အို၊ ကလေးသူငယ်နှင့် မသန်စွမ်းစာရင်း၊ ယာယီခိုလှုံရာနေရာများအား သဘာဝဘေးစီမံခန့်ခွဲမှုအဖွဲ့များနှင့် ပေါင်းစပ်စာရင်းပြုစုထားနိုင်ရေး ကြီးကြပ်လမ်းညွှန်ရမည်၊

(၄) သဘာဝဘေးဖြစ်ပေါ်လာပါက ဖြစ်ပွားသည့်ဒေသရှိ ကဏ္ဍအလိုက် ပျက်စီးဆုံးရှုံးမှုကို အမြန်ဆန်ဆုံးနှင့်အနီးစပ်ဆုံး ခန့်မှန်း၍အချက်အလက်များ ကောက်ယူနိုင်ရေး၊ အတည်ပြုရေးနှင့် အမျိုးသားကော်မတီသို့ တင်ပြရေး သို့မဟုတ် အမျိုးသားကော်မတီမှလမ်းညွှန်ပါက အရေးပေါ်အခြေအနေ စီမံခန့်ခွဲမှုဗဟိုဌာနသို့ ပေးပို့နိုင်ရေးတို့အတွက် ညှိနှိုင်းလမ်းညွှန်ထားရမည်၊

(၅) ကနဦးပျက်စီးဆုံးရှုံးမှုကောက်ယူရေးနှင့် လိုအပ်ချက်များစိစစ်ရေးအတွက် ဘေးသင့်ဒေသ၌အမြန်ဆောင်ရွက်နိုင်မည့်အဖွဲ့ ဖွဲ့စည်းပြင်ဆင်ထားရန် သို့မဟုတ် Mobile Team များ စေလွှတ်စေရန် လိုအပ်သည့် ရင်းမြစ်များ၊ ရန်ပုံငွေများ လျာထားခြင်းတို့အား ကြိုတင်စီစဉ်ဆောင်ရွက်ထားရမည်၊

(၆) တိုင်းဒေသကြီး/ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အထိ ဆက်သွယ်ရေး၊ ကွန်ရက် ဖွဲ့စည်းခြင်းနှင့် မြေပြင်သတင်းရယူရေးအဖွဲ့တို့ကို ဖွဲ့စည်းချိတ်ဆက်ခြင်း များ ကြိုတင်ဆောင်ရွက်ရမည်။

(ခ) **အရေးပေါ်တုံ့ပြန်ခြင်း**

(၁) ဘေးအန္တရာယ်ဖြစ်ပွားကြောင်း သတင်းရရှိချိန်တွင် တိုင်းဒေသကြီး/ ပြည်နယ် တာဝန်ခံများသည် စုဖွဲ့ထားသည့်အဖွဲ့နှင့်အတူ သဘာဝဘေး ကျရောက်ရာ ဒေသသို့ထွက်ခွာပြီး ဒေသတာဝန်ခံနှင့်ပူးပေါင်း၍ ပျက်စီး ဆုံးရှုံးမှုစာရင်းများ၊ ဘေးသင့်လူဦးရေ၊ ထိခိုက်ပျက်စီးသည့် အိမ်ခြေနှင့် အခြေခံအဆောက်အအုံဆိုင်ရာများ၊ လတ်တလောလိုအပ်ချက်များ စသည် တို့အား ကြိုတင်ပြင်ဆင်ထားသည့် စာရင်းကောက်ယူမှုပုံစံများ အသုံးပြု၍ ကနဦးဆန်းစစ်ခြင်း ဆောင်ရွက်နိုင်ရေး ပံ့ပိုးညှိနှိုင်းပေးရမည်၊

(၂) ကနဦးအချက်အလက်များရရှိပါက ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ၊ ထောက်ပံ့ရေးလုပ်ငန်းများ၊ ဘေးသင့်ဒေသ၏ လိုအပ်ချက်များ ဆောင်ရွက်နိုင်ရန်အတွက်သက်ဆိုင်ရာ သဘာဝဘေးစီမံခန့်ခွဲမှုအဖွဲ့နှင့် လုပ်ငန်းကော်မတီများသို့ဆောလျင်စွာ အကြောင်းကြား အကြံပြုပေးရမည်၊

(၃) ကနဦးရရှိထားသော ပျက်စီးဆုံးရှုံးမှုစာရင်းများ၊ လိုအပ်ချက်များကို အမျိုးသားကော်မတီသို့တင်ပြခြင်း သို့မဟုတ် အမျိုးသားကော်မတီက တာဝန်ပေးအပ်သည့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဗဟိုဌာန (DMC)/အရေးပေါ်အခြေအနေစီမံခန့်ခွဲမှုဗဟိုဌာန(EOC)သို့အကြောင်းကြားရမည်။

(၄) အသေးစိတ်ဆန်းစစ်မှုလုပ်ငန်းများ စတင်ဆောင်ရွက်နိုင်သည့်အချိန်တွင် ထိခိုက်ပျက်စီးမှု အခြေအနေများနှင့်စပ်လျဉ်းသည့် ကိန်းဂဏန်းအချက်အလက်များ ကွင်းဆင်းကောက်ယူခြင်းကို အမြန်ဆုံးစတင် ဆောင်ရွက်ရမည်၊ လိုအပ်ပါက အမျိုးသားကော်မတီသို့ တင်ပြပြီး ပေါင်းစပ်ညှိနှိုင်းခြင်းများ ဆောင်ရွက်ရမည်၊

(၅) အတည်ပြုပြီးသည့် ပျက်စီးဆုံးရှုံးမှုစာရင်းများ၊ လိုအပ်ချက်များအား ပြည်သူသို့ ထုတ်ပြန်ကြေညာရန်နှင့် နိုင်ငံတကာသို့ ကြေညာနိုင်ရန်အတွက် သက်ဆိုင်ရာလုပ်ငန်းကော်မတီများနှင့် ပူးပေါင်းဆောင်ရွက်ရမည်။

(ဂ) **ပြန်လည်ထူထောင်ခြင်း**

(၁) ဘေးအန္တရာယ်တစ်ခုဖြစ်ပွားပြီးနောက် ကနဦးလိုအပ်ချက်များ၊ ရေရှည်အတွက် လိုအပ်ချက်များ၊ ကြိုတင်ကာကွယ်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်သည့် ပြန်လည်ထူထောင်ရေးလုပ်ငန်းအတွက် ကဏ္ဍအလိုက်နှင့်

ပျက်စီးဆုံးရှုံးမှုစာရင်းများကို စစ်တမ်းကောက်ယူ၍ အမျိုးသားကော်မတီသို့ တင်ပြရမည်၊

(၂) ကျယ်ပြန့်သော/ ပြင်းထန်သောဘေးသင့်မှုများအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် လိုအပ်ချက်ပေါ်မူတည်၍ ကာလတိုဘေးဖြစ်ပွားပြီးနောက်(၆)လအတွင်း၊ ကာလလတ်(၆)လမှ(၁၂)လအတွင်း၊ ကာလရှည်(၁)နှစ်နောက်ပိုင်း ဆောင်ရွက်သင့်သည်များအား သက်ဆိုင်ရာကဏ္ဍအလိုက် စာရင်းကောက်ယူနိုင်ရေး ပေါင်းစပ်ဆောင်ရွက်ရမည်၊ ကဏ္ဍအလိုက် ဆန်းစစ်တွေ့ရှိမှုများအား အမျိုးသားကော်မတီသို့ တင်ပြခြင်း၊ သက်ဆိုင်ရာလုပ်ငန်းကော်မတီ သက်ဆိုင်ရာဝန်ကြီးဌာနသို့ အကြောင်းကြားခြင်းများ ဆောင်ရွက်ရမည်။

**အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်ထူထောင်ရေး လုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များ**

၆၅။ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်ထူထောင်ရေး လုပ်ငန်းကော်မတီ၏ လုပ်ငန်းများ ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် အောက်ပါလုပ်ငန်းများအား ဆောင်ရွက်ရမည်-

(က) **ကြိုတင်ပြင်ဆင်ခြင်း**

(၁) ဒေသအလိုက် ဖြစ်ပွားနိုင်သည့် သဘာဝဘေးအန္တရာယ်များအပေါ် မူတည်၍ ဒေသ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ထိခိုက်နိုင်ခြေကို လေ့လာဆန်းစစ်ဖော်ထုတ်ခြင်း၊ ဘေးကြောင့် ထိခိုက်ဆုံးရှုံးမှုလျှော့ချနိုင်ရေး အသိပညာပေးခြင်းနှင့် နည်းပညာပိုင်းပံ့ပိုးခြင်းတို့ ဆောင်ရွက်နိုင်ရေး ကြိုးကြပ်စီမံရမည်၊

(၂) သဘာဝဘေးကြောင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်းများထိခိုက်ပျက်စီးပါက ဆောလျင်စွာ ပြန်လည်ထူထောင်ရေးအတွက် လိုအပ်ပါက သုတေသနပြုခြင်း၊ ကြိုတင်ပြင်ဆင်စီမံထားခြင်းတို့အား ဒေသအလိုက် ဆောင်ရွက်ထားရှိရန် လမ်းညွှန်ကွပ်ကဲရမည်၊

(၃) ဘေးအန္တရာယ်ကြောင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ထိခိုက်ပျက်စီးမှုလျော့နည်းစေရန်အတွက် ဘေးမဖြစ်ပွားမီ၊ ဘေးဖြစ်ပွားစဉ်နှင့် ဘေးဖြစ်ပွားပြီးနောက် ဆောင်ရွက်ရမည့် လုပ်ငန်းများအတွက် ဒေသအလိုက် လိုအပ်သည့် အမိန့်များ၊ ညွှန်ကြားချက်များ ထုတ်ပြန်ရမည်၊

(၄) ရေကြီးနစ်မြုပ်မှုဖြစ်လေ့ရှိသော ဒေသများတွင် ကျရောက်လာနိုင်သည့် ရောဂါပိုးမွှား အန္တရာယ်ကာကွယ်နှိမ်နင်းရေး၊ အချိန်မီ ပြန်လည်စိုက်ပျိုးနိုင်ရေးအတွက် မျိုးစေ့များ စုဆောင်းထားရှိရေး၊ ခေတ်မီစိုက်ပျိုးနည်းစနစ်ဖြင့် ပျိုးထောင်နိုင်ရေး လမ်းညွှန်စီမံရမည်၊

(၅) ဘေးသင့်ကာလတွင် တိရစ္ဆာန်ရောဂါကြိုတင်ကာကွယ်ရေး၊ ကာကွယ်ဆေးထိုးရေး၊ တိရစ္ဆာန်ကယ်ဆယ်ရေးစခန်းနေရာများ ရွေးချယ်ရေး အစရှိသည့်လုပ်ငန်းများဆောင်ရွက်နိုင်ရေးအတွက်ကြိုတင်စီမံဆောင်ရွက်ရမည်၊

(၆) ဘေးသင့်ကာလတွင် တိရစ္ဆာန်ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို အင်အားပြည့်ဆောင်ရွက်နိုင်ရန် အထူးအဖွဲ့(Task Force)များ ဖွဲ့စည်းနိုင်ရေး လမ်းညွှန်စီမံရမည်၊

(၇) ဘေးသင့်ကာလနောက်ပိုင်း နယ်မြေဒေသအလိုက် ဖြစ်ပွားတတ်သော အပင်ရောဂါ၊ တိရစ္ဆာန်ရောဂါများနှင့်စပ်လျဉ်း၍ သုတေသနပြုခြင်း၊

စွမ်းရည်မြှင့်သင်တန်းများပို့ချခြင်း၊ လူထုပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ လက်ကမ်းစာစောင်များဖြန့်ဝေခြင်း၊ သတင်းမီဒီယာများမှတစ်ဆင့် သတိပေးချက်များ ထုတ်ပြန်ခြင်းတို့အား လမ်းညွှန်ကွပ်ကဲရမည်၊

(၈) အဓိကတာတမံကြီးအလိုက် ဘေးကင်းလုံခြုံမှုတည်နေရာပြမြေပုံ (Flood Hazard Map)ရေးဆွဲရေး၊ တည်ဆောက်ပြီး ရေလှောင်တာတမံများတွင် လျောင်ဒဏ်ခံနိုင်ရေးအတွက်ခေတ်မီနည်းပညာများဖြင့်ပြန်လည်တွက်ချက်၍ ပြုပြင်ရန်လိုအပ်ချက်များကို ဖော်ထုတ်ရေး၊ ရေလှောင်တမံများ၊ ရေဘေးကာကွယ်ရေးတာများအတွက် အရေးပေါ်အခြေအနေ ကြိုတင်စီမံခန့်ခွဲမှုစီမံချက်များ စနစ်တကျ ရေးဆွဲထားရှိရေးတို့အား စီမံဆောင်ရွက်ရမည်၊

(၉) ပူပြင်းခြောက်သွေ့ခြင်းကြောင့် ထိခိုက်လွယ်မှုလျော့ချရန် မြစ်ရေတင်စခန်းများဆောင်ရွက်ရေး၊ မိုးခေါင်ရေရှားဒေသများတွင် သောက်သုံးရေရရှိရေးအတွက် သဲချောင်းများ၌ မြေအောက်တမံ(Underground Dam) တည်ဆောက်ရေး၊ တည်ဆောက်ပြီးရေလှောင်တမံများသို့ ရေကူဖြည့်တင်းပေးနိုင်မည့် ရေကူရေလှောင်တမံများ တည်ဆောက်ရေးတို့အား စီမံလမ်းညွှန်ရမည်၊

(၁၀) မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်သော မုန်တိုင်းသတင်းများကို ငါးဖမ်းရေယာဉ်နှင့် ရေလုပ်သားများ သတိပြုရှောင်ရှားနိုင်ရေးအတွက် ဆက်သွယ်ရေး စကားပြောစက်ဖြင့်လည်းကောင်း၊ ကမ်းရိုးတန်းဒေသရှိ ငါးလုပ်ငန်းစခန်းများသို့လည်းကောင်း၊ နိုင်ငံပိုင်သတင်းစာများတွင်လည်းကောင်း အရေးပေါ်ထည့်သွင်းကြေညာခြင်းများကို စီမံဆောင်ရွက်ရမည်။

(ခ) **အရေးပေါ်တုံ့ပြန်ခြင်း**

(၁) သဘာဝဘေးအန္တရာယ်ဖြစ်ပွားလာပါက ပျက်စီးဆုံးရှုံးသည့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ကဏ္ဍအလိုက် အလျင်အမြန် စာရင်းကောက်ယူတင်ပြခြင်း၊ ချက်ချင်းကုစားနိုင်မည့် လုပ်ငန်းများအတွက် လိုအပ်ချက်ဖော်ထုတ်တင်ပြခြင်းများကို လမ်းညွှန်ကြီးကြပ်ရမည်၊

(၂) ပျက်စီးဆုံးရှုံးသည့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ အမြန်ဆုံးပြန်လည်လုပ်ကိုင်နိုင်ရေးအတွက် နည်းပညာပံ့ပိုးပေးရေး၊ အရင်းအမြစ်မတည်ပေးရေး၊ လုပ်ငန်းလည်ပတ်ရေးတို့အတွက်ပံ့ပိုးကူညီနိုင်ရေး စီမံကြီးကြပ်ရမည်၊

(၃) ဘေးသင့်ဒေသ၏ ကုန်စည်စီးဆင်းမှု ပုံမှန်ပြန်လည်ဖြစ်စေရေးအတွက် လိုအပ်သလို ပေါင်းစပ်ညှိနှိုင်းပံ့ပိုးရမည်၊

(၄) သဘာဝဘေးအန္တရာယ် ကျရောက်ချိန်တွင် နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ်များရှိ အရင်းအမြစ် များကို ထိရောက်စွာ အသုံးပြု၍ လူနှင့် လုပ်ငန်းသုံး တိရစ္ဆာန်များ ကယ်ဆယ်ရေး၊ ရွှေ့ပြောင်းရေး အစီအမံများတွင် စနစ်တကျဆောင်ရွက် နိုင်ရေး စီမံကွပ်ကဲရမည်။

(ဂ) **ပြန်လည်ထူထောင်ခြင်း**

(၁) ပျက်စီးဆုံးရှုံးခဲ့ရသည့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအလိုက် အစောပိုင်းကာလ ပြန်လည်ထူထောင်ရေးနှင့် ရေရှည်ပြန်လည်ထူထောင်ရေးတို့အတွက် အစိုးရဌာနဆိုင်ရာများ၊ ပညာရှင်အဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ မိတ်ဖက်နိုင်ငံများနှင့်ပူးပေါင်း အကောင်အထည်ဖော်ရမည်၊

(၂) ဘေးသင့်ဒေသအတွင်း အသက်မွေးဝမ်းကျောင်းလုပ်ငန်းများနှင့် ကုန်စည်စီးဆင်းမှု ပုံမှန်လည်ပတ်စေရေးအပြင် စျေးကွက်ဖော်ဆောင်ပေးနိုင်မှုတို့အား အလေးထားဆောင်ရွက်ရေး စီမံကြီးကြပ်ရမည်၊

(၃) ဘေးအန္တရာယ်ကြောင့် ခိုကိုးရာမဲ့ဖြစ်သွားသော ထိခိုက်လွယ်အုပ်စုများအပါအဝင် ဘေးသင့်သူများအတွက် စိတ်ဓာတ်မြှင့်တင်ရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးနိုင်ရေးတို့အတွက် ဆက်နွယ်ဌာနများနှင့် ပူးပေါင်းစီမံရမည်၊

(၄) သဘာဝဘေးအန္တရာယ်များဖြစ်ပွားပြီးနောက် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်ယှဉ်တွဲဆောင်ရွက်ရာတွင် နောင်ဖြစ်ပွားလာနိုင်သည့် ဘေးအန္တရာယ်များ လျော့ပါးသက်သာစေရေးအတွက် ထည့်သွင်းပေါင်းစပ်ဆောင်ရွက်စေရေး စီမံကွပ်ကဲရမည်၊

(၅) သဘာဝဘေးကြောင့် ထိခိုက်ပျက်စီးမှုများအတွက် အစားထိုးပြန်လည်စိုက်ပျိုးနိုင်ရန် အရန်မျိုးစပါးများ စနစ်တကျဖြန့်ဝေရေး၊ အချိန်မီပြန်လည်စိုက်ပျိုးနိုင်ရန် ခေတ်မီစိုက်ပျိုးနည်းစနစ်များဖြင့် ပျိုးထောင်နိုင်ရေးတို့အတွက် ဒေသအလိုက် ထိထိမိမိဆောင်ရွက်နိုင်ရန် စီမံကွပ်ကဲရမည်၊

(၆) သဘာဝဘေးကြောင့် ရေရှားပါးမှုများနှင့် မိုးခေါင်မှုများ ဖြစ်ပေါ်လာပါက ရေကိုအကျိုးရှိထိရောက်စွာ အသုံးချနိုင်ရန် တိုင်းဒေသကြီး/ပြည်နယ်များတွင် ရေအသုံးချသူများအဖွဲ့ (Water User Group- WUG)များ ဖွဲ့စည်းဆောင်ရွက်ရမည်၊

(၇) သဘာဝဘေးကြောင့် စိုက်ပျိုးရေးလုပ်ငန်းတွင် ထိခိုက်ပျက်စီးမှုများအတွက် အစောပိုင်းကာလပြန်လည်ထူထောင်ရေး၌ ထွန်ယက်စိုက်ပျိုးရန် မြေယာပြုပြင် ထွန်ယက်ရေးကို လိုအပ်ချက်ရှိသော တောင်သူများအတွက် ဌာနပိုင်ထွန်စက်ကြီးများဖြင့် ထွန်ယက်ပေးနိုင်ရေးတို့အား စနစ်တကျ စီမံအကောင်အထည်ဖော်နိုင်ရန် ဆောင်ရွက်ရမည်၊

(၈) သဘာဝဘေးကျရောက်ပြီးနောက် လုပ်ငန်းသုံးတိရစ္ဆာန်ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ရန် လိုအပ်သောအသုံးအဆောင် ပစ္စည်း၊ ငွေကြေး ထောက်ပံ့မှုများအား ဒေသအလိုက် စနစ်တကျစုဖွဲ့၍ ဖြန့်ခွဲစေလွှတ်ရေး၊ တိရစ္ဆာန်ကပ်ရောဂါများ ကျရောက်ပါက ကျန်းမာရေး စောင့်ရှောက်မှုပေးရေးနှင့် နောက်ဆက်တွဲဖြစ်ပေါ်လာနိုင်သည့် ကူးစက်ရောဂါအန္တရာယ်များမှ ကာကွယ်နိုင်ရေးတို့အတွက် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ချိတ်ဆက်ထောက်ပံ့ကူညီရေးစီမံကွပ်ကဲရမည်၊

(၉) လိုအပ်ပါက သဘာဝဘေးကျရောက်ရာ ဒေသမှ တိရစ္ဆာန်များ ရွှေ့ပြောင်းသွားလာမှုထိန်းချုပ်ခြင်း၊ တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းများ တင်သွင်း/တင်ပို့မှု ယာယီရပ်ဆိုင်းခြင်း၊ ရောဂါဖြစ်ပွားသည့် တိရစ္ဆာန်များအား ခွဲခြားထားရှိ၍ စနစ်တကျ ကုသမှုပေးခြင်း၊ ဆုံးရှုံးမှုအနည်းဆုံး ဖြစ်စေရေးနှင့် အလျင်အမြန်ထောက်ပံ့ပေးနိုင်ရေးတို့ကို အစီအမံများ စီမံထားရှိခြင်းတို့ကို ကြီးကြပ်ဆောင်ရွက်ရမည်။

**သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းကော်မတီ၏လုပ်ငန်းတာဝန်များ**

၆၆။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းကော်မတီ၏ လုပ်ငန်းများ ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် အောက်ပါလုပ်ငန်းများအား

ဆောင်ရွက်ရမည်-

(က) **ကြိုတင်ပြင်ဆင်ခြင်း**

(၁) ဒေသအလိုက် ဖြစ်ပွားလေ့ရှိသည့် သဘာဝဘေးအန္တရာယ်များနှင့် ယင်းတို့ ဖြစ်ပွားပါက သဘာဝပတ်ဝန်းကျင်ဆုံးရှုံးနိုင်မှု အခြေအနေများကို လေ့လာ ဆန်းစစ်ဖော်ထုတ်ရေး လမ်းညွှန်ကြီးကြပ်ရမည်၊

(၂) ရာသီဥတုပြောင်းလဲခြင်းနှင့် ရာသီဥတုဖောက်ပြန်ခြင်းကြောင့် ဖြစ်ပေါ်နိုင်သည့် သဘာဝပတ်ဝန်းကျင် ယိုယွင်းပျက်စီးနိုင်မှု အခြေအနေများကို လေ့လာဆန်းစစ်ဖော်ထုတ်ရေးနှင့် ကြိုတင်ကာကွယ်မှု အစီအမံများ ချမှတ်ဆောင်ရွက်ရေး စီမံကွပ်ကဲရမည်၊

(၃) ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောညီထွေစွာ နေထိုင်ရေးနှင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးမှု အစီအစဉ်များ၊ စွမ်းဆောင်ရည်မြှင့်တင်ခြင်းလုပ်ငန်းများကို ဆက်နွှယ်ဌာန၊ အဖွဲ့အစည်း များနှင့်ပူးပေါင်း၍ ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ရေး လမ်းညွှန်စီမံရမည်၊

(၄) သဘာဝသစ်တောများ၊ ဒီရေတောများ ပြုစုထိန်းသိမ်းရေး၊ အကြောင်း အမျိုးမျိုးကြောင့် ပျက်စီးနေသော သဘာဝတောများ၊ ဒီရေတောများ ပြန်လည်ပြုစု စိုက်ပျိုးရေး၊ ကြီးထွားမြန်သစ်ပင်များ စိုက်ပျိုးရေးလုပ်ငန်း အား ကြီးကြပ်ကွပ်ကဲရမည်၊

(၅) သစ်နှင့် သစ်တောထွက်ပစ္စည်းများကို စည်းကမ်းမဲ့အလွန်အကျွံ စီးပွားဖြစ် ထုတ်လုပ်ခြင်း၊ တွင်းထွက်နှင့် သဘာဝသယံဇာတများထုတ်ယူခြင်း အပါအဝင် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်ပျက်စီးစေသည့် လူတို့၏ လုပ်ဆောင်မှုများ လျော့ပါးစေရေး၊ အသိပညာပေးတိုးမြှင့်ဆောင်ရွက်နိုင်

ရေး၊ ဥပဒေကြောင်းအရ ကြပ်မတ်ရေးတို့အား တွန်းအားပေး ဆောင်ရွက်ရမည်၊

(၆) သဘာဝဘေးအန္တရာယ်ကြောင့် သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုများ ကြုံတွေ့ရပါက လျင်မြန်စွာပြန်လည်ထိန်းသိမ်းနိုင်ရေး၊ ပြန်လည်ထူထောင်နိုင်ရေးအတွက် ဆက်နွယ်ဌာန၊ အဖွဲ့အစည်းများ သဘာဝပတ်ဝန်းကျင်ကို အမှီပြုသော စီးပွားရေးလုပ်ငန်းရှင်များနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရေး ကြိုတင် ပြင်ဆင်ချိတ်ဆက်ထားရမည်၊

(၇) သဘာဝဘေးအန္တရာယ်ကြောင့် သစ်တောသယံဇာတဆုံးရှုံးမှုများကို ဒေသခံ သစ်တောဝန်ထမ်းများ၊ သုတေသနအဖွဲ့၊ ကျွမ်းကျင်ပညာရှင်များပါဝင်သည့် အဖွဲ့ဖြင့် ကာလသတ်မှတ်ချက်ထားကာ ကွင်းဆင်းစစ်ဆေး စာရင်းပြုစုရေး နှင့် လိုအပ်သလို ကုစားရေးအတွက် ပြင်ဆင်မှုများအား လမ်းညွှန်ကြီးကြပ် ရမည်၊

(၈) လူတို့၏ပယောဂကြောင့် သဘာဝပတ်ဝန်းကျင် ထိခိုက်စေမှုများအတွက် နိုင်ငံတကာအတွေ့အကြုံအခြေခံ၍ ဖြစ်တန်ခြေနှင့် ကုစားမည့်နည်းလမ်း များ၊ ပူးပေါင်းဆောင်ရွက်ရမည့်အဖွဲ့/ ကဏ္ဍများ သတ်မှတ်ပြုစုထားရမည်။

(ခ) **အရေးပေါ်တုံ့ပြန်ခြင်း**

(၁) သဘာဝဘေးကြောင့် ပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုအခြေအနေအား ဆောလျင်စွာဆန်းစစ်ရန်၊ အရေးပေါ်တုံ့ပြန်ကုစားရန် လိုအပ်သလို ပေါင်းစပ်ညှိနှိုင်းကွပ်ကဲခြင်း အကောင်အထည်ဖော်ခြင်း ဆောင်ရွက်ရမည်၊

(၂) လူပယောဂကြောင့် သဘာဝပတ်ဝန်းကျင် ထိခိုက်ယိုယွင်းစေသော ဖြစ်စဉ် များ၌ တတ်နိုင်သမျှ ဆောလျင်စွာ ကုစားနိုင်ရေး၊ ထပ်မံမဖြစ်ပေါ်စေရေး၊

ဥပဒေနှင့်အညီ ထိရောက်စွာဟန့်တားနိုင်ရေး လိုအပ်သလို စီမံဆောင်ရွက်ရမည်၊

(၃) သဘာဝဘေးတုံ့ပြန်ရေးအတွက် အခြားလုပ်ငန်းကော်မတီများ၊ ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများနှင့် လိုအပ်သလို ပူးပေါင်းဆောင်ရွက်ရမည်။

(ဂ) **ပြန်လည်ထူထောင်ခြင်း**

(၁) သဘာဝဘေးအမျိုးမျိုးနှင့် လူကြောင့်ဖြစ်သော ဘေးများကြောင့် သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုများအား ဆန်းစစ်ခြင်း၊ ပြန်လည်ကုစားထူထောင်ခြင်းအတွက် ဆက်နွှယ်ဌာနများ၊ အဖွဲ့အစည်းများနှင့် လိုအပ်သလို ပူးပေါင်းဆောင်ရွက်နိုင်ရေးစီမံရမည်။ နိုင်ငံတကာ၏ နည်းပညာနှင့် အခြား အရင်းအမြစ် အကူအညီလိုအပ်ပါက စိစစ်၍ အမျိုးသားကော်မတီသို့ တင်ပြခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းများ ဆောင်ရွက်ရမည်၊

(၂) သဘာဝပတ်ဝန်းကျင် အရည်အသွေးလျော့ကျလာမှုများ၊ သစ်တောပြုန်းတီးမှုများ၊ ပင်လယ်ကမ်းခြေဒေသများတွင် ဆားငန်ရေဝင်ရောက်မှုကြောင့် ပတ်ဝန်းကျင်ထိခိုက်မှုများ လျော့နည်းစေရေး၊ ပြန်လည်ထူထောင်ရေးတို့အတွက် လိုအပ်သလို အစီအမံများချမှတ်ရမည်။

# အခန်း(၅)

## ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့များ၏ လုပ်ငန်းတာဝန်များ

**ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့များ၏ လုပ်ငန်းတာဝန်များ**

၆၇။ သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဥပဒေ၊ ပုဒ်မ(၉)တွင် နေပြည်တော်၊တိုင်းဒေသကြီး/ ပြည်နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့များ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်(က)မှ(ထ)ထိ (၁၇)ချက်ကိုဖော်ပြထားပါသည်။

၆၈။ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့များ အနေဖြင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဥပဒေပါ တာဝန်နှင့် လုပ်ပိုင်ခွင့်များကိုအသုံးပြု၍ သဘာဝဘေးအန္တရာယ်မကျရောက်မီ ကြိုတင်ပြင်ဆင်ခြင်း၊ သဘာဝဘေးအန္တရာယ်ကျရောက်မည့်အခြေအနေနှင့် ကျရောက်နေစဉ်အခြေအနေတွင် တုံ့ပြန်ဆောင်ရွက်ခြင်းနှင့် သဘာဝဘေးအန္တရာယ်ကျရောက်ပြီးနောက် ပြန်လည်ထူထောင်ခြင်းလုပ်ငန်းများကို အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) **ကြိုတင်ပြင်ဆင်ခြင်း**

(၁) နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ်အတွင်း ဘေးအန္တရာယ်မကျရောက်မီ၊ ဘေးကျရောက်နေစဉ်နှင့် ဘေးကျရောက်ပြီး ကာလများတွင် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာလုပ်ငန်းများ ထိရောက်လျင်မြန်စွာ ဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာဌာနများ၊ ဆက်စပ်အဖွဲ့အစည်းများ ပါဝင်သည့် လုပ်ငန်းအဖွဲ့များကို အဆင့်ဆင့်ဖွဲ့စည်းထားရှိရမည်။

(၂) နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ်အတွင်း ဖြစ်ပွားခဲ့သည့် သဘာဝဘေးအန္တရာယ်အမျိုးအစားအလိုက်မှတ်တမ်းများ၊ ဒေသဆိုင်ရာ ပထဝီအချက်အလက်များ ပြုစုထားရှိရန်နှင့် သဘာဝဘေးအန္တရာယ်ကျရောက်ဖြစ်ပွားနိုင်ခြေရှိမှုနှင့် ထိခိုက်ဆုံးရှုံးနိုင်ခြေဆိုင်ရာ ဆန်းစစ်လေ့လာမှုများဆောင်ရွက်ရမည်၊

(၃) ဆန်းစစ်လေ့လာတွေ့ရှိချက်များအရ ဖြစ်ပေါ်လာနိုင်သည့် သဘာဝဘေးအန္တရာယ်များနှင့်စပ်လျဉ်း၍ ကြိုတင်ကာကွယ်ရေး၊ ကြိုတင်ပြင်ဆင်ရေး၊ အရေးပေါ်တုံ့ပြန်ဆောင်ရွက်ရေး၊ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးဆိုင်ရာ လိုအပ်သောစီမံချက်များ ရေးဆွဲထားရှိရမည်၊

(၄) စီမံချက်များရေးဆွဲရာတွင် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုနည်းဥပဒေများ၊ နည်းဥပဒေ(၁၆)ပါ အချက်များကို ထည့်သွင်းစဉ်းစား၊ ရည်ညွှန်းကိုးကား ဆောင်ရွက်ရမည်၊

(၅) နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ်များက ရေးဆွဲထားသော စီမံချက်များကို အတည်ပြုပေးနိုင်ရန် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီမှတစ်ဆင့် အမျိုးသားကော်မတီသို့ တင်ပြရမည်၊ (သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု နည်းဥပဒေ ၁၄-က)

(၆) ရေးဆွဲထားသောစီမံချက်များကို ဖြစ်ပေါ်ပြောင်းလဲနေသော အခြေအနေများနှင့် ကိုက်ညီစေရန် ပြန်လည်သုံးသပ်ခြင်းနှင့်ပြင်ဆင်ဖြည့်စွက်ခြင်းများဆောင်ရွက်ရမည်၊(သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုနည်းဥပဒေ၁၈)

(၇) နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ်/ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ တိုင်း/ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများ သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု

တည်မြဲအမိန့်များ ရေးဆွဲထားရှိရမည်၊ (သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုနည်းဥပဒေ ၁၉၊ ၂၀၊ ၂၁)

(၈) နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ်/ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်း/ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း သဘာဝဘေးအန္တရာယ်ကျရောက်နိုင်ခြေ ရှိ/မရှိကို စောင့်ကြည့်လေ့လာပြီး ဘေးအန္တရာယ်ဖြစ်ပေါ်နိုင်သည့် သတင်းအချက်အလက်များ ရရှိပါက အမျိုးသားကော်မတီသို့ ဆောလျင်စွာ တင်ပြရမည်၊ (ဥပမာ- တောင်ပြို၊ မြေပြိုမှုပြင်းထန်စွာဖြစ်နိုင်ခြင်း၊ ဆည်မြောင်းတာဘောင်များ ရေလွှမ်းမိုးမှု/ ကျိုးပေါက်မှုဖြစ်နိုင်ခြေရှိခြင်း)

(၉) နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ်/ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်း/ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိ အရင်းအမြစ် များကိုစနစ်တကျ စီမံခန့်ခွဲပြီး ကြိုတင်ပြင်ဆင်ခြင်း၊ တုံ့ပြန်ဆောင်ရွက်ခြင်း၊ ပြန်လည်ထူထောင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် အရင်းအမြစ်အခြေပြမြေပုံ (Resource Mapping) ရေးဆွဲဆောင်ရွက်ရမည်၊ (ဥပမာ- Cyclone Shelter တည်နေရာများ၊ ရေဘေးကင်းလွတ်ရာ ကုန်းမြင့်နေရာများ၊ သဘာဝဘေး စီမံခန့်ခွဲမှုအဖွဲ့ ရုံးစိုက်ရာနေရာများ၊ ဆက်သွယ်ရမည့်ဖုန်းနံပါတ်များ)

(၁၀) သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် ကြိုတင်ပြင်ဆင်ရေး ဆောင်ရွက်ရာတွင် အခြေခံအဆောက်အအုံဆိုင်ရာအရင်းအမြစ်၊ လူသား အရင်းအမြစ်နှင့် နည်းပညာဆိုင်ရာအရင်းအမြစ်များအတွက် ဘဏ္ဍာငွေ လိုအပ်ချက်များရှိပါက သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဥပဒေ ပုဒ်မ(၂၀)အရ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် ထူထောင်

ထားရမည့် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုရန်ပုံငွေမှ သုံးစွဲရန်နှင့် လိုအပ်ပါက အမျိုးသားကော်မတီသို့ တင်ပြဆောင်ရွက်ရမည်၊

(၁၁) နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ်တစ်ခုခုတွင် သဘာဝဘေး အန္တရာယ်ကျရောက်သည့်အခါ ဘေးအန္တရာယ်ကျရောက်သည့် ဒေသက လိုအပ်သောအကူအညီ တောင်းခံလာခြင်း သို့မဟုတ် လိုအပ်သော အကူအညီရယူခြင်း ဆောင်ရွက်နိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ထားရှိ ရမည်၊

(၁၂) သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကြိုတင်သတိပေးစနစ်များကို ထူထောင်ပြီး ပြည်သူများသို့ အချိန်နှင့်တစ်ပြေးညီ ကြိုတင်သတိပေးချက်များ ထုတ်ပြန် နိုင်ရေး ဆောင်ရွက်ရမည်၊

(၁၃) ကြိုတင်သတိပေးချက်များကို ပြည်သူများ သိရှိနားလည်ရန်အတွက် အသိပညာပေးရန်နှင့် ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုနှင့် လိုက်လျော ညီထွေစွာ ကျင့်သုံးဆောင်ရွက်တတ်ပြီး သဘာဝဘေးအန္တရာယ်ကို ကြံ့ကြံ့ခံ နိုင်သည့် လူ့အဖွဲ့အစည်း တစ်ရပ်ပေါ်ပေါက်ရေးအတွက် ပြည်သူလူထု၏ စွမ်းဆောင်ရည်ကို မြှင့်တင်ဆောင်ရွက်ပေးရမည်၊

(၁၄) ဘေးအန္တရာယ်ကျရောက်သည့်နယ်မြေတွင် လုံခြုံရေးနှင့် တရားဥပဒေ စိုးမိုးရေးဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သောအစီအစဉ်များ ကြိုတင် ရေးဆွဲထားရမည်၊

(၁၅) သဘာဝဘေးအန္တရာယ်ကျရောက်သောဒေသသို့ လိုအပ်သော ထောက်ပံ့ ပို့ဆောင်မှုလုပ်ငန်းများဆောင်ရွက်ပေးနိုင်စေရေးအတွက်သယ်ယူပို့ဆောင်

ရေးလမ်းကြောင်းများ (ကုန်းလမ်း၊ ရေလမ်း၊ လေကြောင်းလမ်းများ)ကို ကြိုတင်သတ်မှတ်ထားရှိရန်နှင့်လမ်းကြောင်းပြမြေပုံများရေးဆွဲထားရမည်၊

(၁၆) နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ်၏ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများတွင် သဘာဝဘေးလျော့ပါးရေး အစီအစဉ်များ ထည့်သွင်းရေးဆွဲဆောင်ရွက်ရမည်၊

(၁၇) ဒေသအတွင်း သဘာဝဘေးတုံ့ပြန်ရေးနှင့် ပြန်လည်ထူထောင်ရေးအတွက် တပ်မတော်၏ အကူအညီရယူရန် လိုအပ်ပါက ပေါင်းစပ်ဆောင်ရွက်နိုင်ရေးအတွက် ကြိုတင်ချိတ်ဆက်စီမံထားရမည်၊

(၁၈) သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်ကို ထိခိုက်စေနိုင်သော လူတို့၏ ပြုမူဆောင်ရွက်မှုများဖြစ်သည့်သစ်ခုတ်ခြင်း၊ ကျောက်ထုတ်လုပ်ခြင်း၊သယံဇာတနှင့် သတ္တုတူးဖော်ခြင်းစသည်တို့အား ဥပဒေမဲ့ဆောင်ရွက်မှု မရှိစေရေး စီမံဆောင်ရွက်ထားရမည်၊

(၁၉) ဌာနအလိုက် အရေးပေါ်တုံ့ပြန်ရေးတွင် စေလွှတ်နိုင်မည့်သူများကို ကြိုတင်ရွေးချယ်လျာထားခြင်း၊ မြို့နယ်အလိုက် Mobile Team များ ဖွဲ့စည်းထားခြင်းနှင့် ၎င်းတို့ကို လိုအပ်သောသင်တန်းများသို့ မဖြစ်မနေ စေလွှတ်လေ့ကျင့်ထားရမည်၊

(၂၀) သဘာဝဘေးကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေကို ထည့်သွင်းစဉ်းစားသည့် မြေယာစီမံခန့်ခွဲမှုနှင့် သဘာဝဘေးဒဏ်ကြံ့ကြံ့ခံနိုင်သည့် ဆောက်လုပ်ရေးဆိုင်ရာမူဝါဒ၊ ဥပဒေများ အသက်ဝင်စေရေးတွန်းအားပေးဆောင်ရွက်ရမည်။

( ခ) **အရေးပေါ်တုံ့ပြန်ခြင်း**

(၁) ဖြစ်ပေါ်နေသည့် ဘေးအန္တရာယ်နှင့်ပတ်သက်သော သတင်း/ သတိပေးချက်များ၊ လိုက်နာရန်များကို ပြည်သူလူထုထံ အချိန်နှင့်တစ်ပြေးညီ ရောက်ရှိစေရေး စီမံဆောင်ရွက်ရမည်၊

(၂) အလျင်အမြန်တုံ့ပြန်နိုင်ရေးအတွက် နေပြည်တော်၊တိုင်းဒေသကြီး/ပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု အဖွဲ့အလိုက် အတွင်းရေးမှူး သို့မဟုတ် တွဲဖက်အတွင်းရေးမှူးကတင်ပြချိန်တွင်အရေးပေါ်အစည်းအဝေး အမြန်ဆုံးဆောင်ရွက်ရမည်၊

(၃) သဘာဝဘေးအန္တရာယ်ကျရောက်နိုင်သည့် ဒေသများရှိ တိမ်းရှောင်ရန် လိုအပ်သည့် ပြည်သူလူထုများကို ဘေးလွတ်ရာနေရာများနှင့် ယာယီခိုလှုံရာ အဆောက်အအုံများသို့ ကြိုတင်စီမံထားရှိသည့်အတိုင်း ရွှေ့ပြောင်းနိုင်ရေး ဆောင်ရွက်ရမည်၊

(၄) အရေးပေါ်ရှာဖွေကယ်ဆယ်ကူညီရေးလုပ်ငန်းများအမြန်ဆုံးဆောင်ရွက်ရန်၊ ဘေးဖြစ်ပွားသည့်ဒေသတွင် အရေးပေါ်ကွပ်ကဲရေးရုံးများ ဖွင့်လှစ်ရန်နှင့် လိုအပ်ပါက တပ်မတော်၏ အကူအညီရယူ ဆောင်ရွက်ရမည်၊

(၅) ဘေးအန္တရာယ်ကျရောက်ပြီးလျှင်ပြီးချင်း အခြေခံပြည်သူ့ဝန်ဆောင်မှုများ ဆက်လက်ရရှိစေရေးအတွက်ဆောလျင်စွာပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရမည်၊

(၆) သတင်းအချက်အလက်ရယူခြင်း၊ မျှဝေခြင်းနှင့် လုပ်ငန်းအဖွဲ့များအလိုက် ဆောင်ရွက်ရန်များအား သက်ဆိုင်ရာ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့၏ ကြီးကြပ်မှုဖြင့် ဆောလျင်စွာ ဆောင်ရွက်နိုင်ရေး၊ လိုအပ်ပါက သဘာဝဘေးအန္တရာယ်

ဆိုင်ရာစီမံခန့်ခွဲမှုဗဟိုဌာန သို့မဟုတ် အမျိုးသားကော်မတီသို့ အချိန်နှင့် တစ်ပြေးညီ တင်ပြလမ်းညွှန်မှုခံယူနိုင်ရေး စီစဉ်ဆောင်ရွက်ရမည်၊

(၇) ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် သက်ဆိုင်ရာ သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်၏ ဦးဆောင်မှုဖြင့် သက်ဆိုင်ရာဌာနများ၊ အစိုးရမဟုတ်သော ပြည်တွင်း/ ပြည်ပ အဖွဲ့အစည်းများ၊ အလှူရှင်များနှင့် ပြည်သူများ၏ အရင်းအမြစ်များကို စုစည်းရယူ၍ ထိရောက်စွာ စီမံခန့်ခွဲဆောင်ရွက်ရမည်၊

(၈) နိုင်ငံတော်အစိုးရမှ ထောက်ပံ့သည့် သို့မဟုတ် အလှူရှင်များက လှူဒါန်းသည့် အရေးပေါ်စားရေရိက္ခာ၊ ကယ်ဆယ်ရေးပစ္စည်းများကို စနစ်တကျ ဖြန့်ဝေနိုင်ရေး ကြီးကြပ်ဆောင်ရွက်ရမည့်အပြင် ထိခိုက်ခံရလွယ်သော အုပ်စုများ၏ လိုအပ်ချက်များကိုပါ ဖြည့်ဆည်းပေးနိုင်ရေး စီမံဆောင်ရွက်ရမည်၊

(၉) မလိုလားအပ်သော ကောလာဟလသတင်းများ မဖြစ်ပေါ်စေရေးအတွက် နိုင်ငံပိုင်ရေဒီယို၊ ရုပ်မြင်သံကြား၊ သတင်းစာ၊ ဂျာနယ်များ အပါအဝင် တယ်လီဖုန်းအော်ပရေတာများ၊ လူမှုကွန်ရက် မီဒီယာများမှတစ်ဆင့် အချိန်နှင့်တစ်ပြေးညီ သတင်းထုတ်ပြန်ခြင်းများ ဆောင်ရွက်ရမည်၊

(၁၀) အရေးပေါ်ရှာဖွေ ကယ်ဆယ်ရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ရန် လိုအပ်သည့်စက်ယန္တရားများအား ကြိုတင်ချိတ်ဆက်ထားသည့် အစိုးရ/ ပုဂ္ဂလိကအဖွဲ့အစည်းများထံမှ ရယူအသုံးပြု၍ အမြန်ဆုံးရှင်းလင်း ဖယ်ရှားရမည်၊

(၁၁) သဘာဝဘေးအန္တရာယ်ကြောင့်ထိခိုက်ဆုံးရှုံးမှုပမာဏများပြားသောကြောင့် နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ်အဆင့်၏ ထိန်းချုပ် ဆောင်ရွက်နိုင်မှုအဆင့်ထက် ကျော်လွန်သည်ဟု သုံးသပ်တွေ့ရှိရပါက တုံ့ပြန်ဆောင်ရွက်ရေးလုပ်ငန်းများတွင် ပံ့ပိုးကူညီမှုပေးနိုင်ရန် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဗဟိုဌာန သို့မဟုတ် အမျိုးသားကော်မတီသို့ တင်ပြရမည်။

## (ဂ) ပြန်လည်ထူထောင်ခြင်း

(၁) ဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှု စာရင်းများကို သက်ဆိုင်ရာ သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု အဖွဲ့များမှ စိစစ်၊ အတည်ပြုပြီး ကဏ္ဍအလိုက် လိုအပ်ချက်များကို ဆန်းစစ်ဖော်ထုတ်ကာ ပြန်လည်ထူထောင်ရေး၊ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများအတွက် ဦးစားပေးအလိုက် လုပ်ငန်းများ ရွေးချယ်၍ အမျိုးသားကော်မတီသို့ တင်ပြရမည်၊

(၂) ဘေးသင့်သူများအနေဖြင့် မူလအခြေအနေထက် ပိုမိုကောင်းမွန်သော ပြန်လည်ထူထောင်မှုရရှိစေရေးအတွက် ဒေသဆိုင်ရာအဆင့် ပံ့ပိုးကူညီမှု ခိုင်မာအားကောင်းစွာရရှိစေရေး၊ လိုအပ်ပါက ပြည်ထောင်စုအဆင့် ပံ့ပိုးကူညီမှုတောင်းခံနိုင်ရေးအတွက် သက်ဆိုင်ရာ သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့များက စီမံဆောင်ရွက်ရမည်၊

(၃) ဘေးသင့်သူများအနေဖြင့် ယာယီခိုလှုံရာစခန်းများတွင် ကာလရှည် နေထိုင်ရပါက လူမှုစီးပွားဘဝထိခိုက်နိုင်သဖြင့် ပြန်လည်နေရာချထားရေး လုပ်ငန်းများကို ဘေးသင့်ကာလပြီးသည်နှင့်တစ်ပြိုင်တည်း အမြန်ဆုံး ဆောင်ရွက်ရမည်၊

(၄) မူလနေရာများသည် သဘာဝဘေးကျရောက်နိုင်ခြေမြင့်မားပါက ပြန်လည်ထူထောင်မှု၊ ပြန်လည်အခြေချမှုတို့အားဘေးလွတ်ကင်းသည့် သင့်လျော်ရာနေရာများတွင် ဘေးသင့်သူများနှင့်ညှိနှိုင်း၍ ပြန်လည်တည်ဆောက်နေရာချထားနိုင်ရေးဆောင်ရွက်ရမည်၊ လိုအပ်ပါက အမျိုးသားကော်မတီသို့ လမ်းညွှန်မှုခံယူတင်ပြရမည်၊

(၅) ရုပ်ဝတ္ထုပိုင်းဆိုင်ရာ ပြန်လည်ထူထောင်မှုအပြင် စိတ်လူမှုပိုင်းဆိုင်ရာ ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် ဌာနဆိုင်ရာများ၊ အခြားသင့်လျော်သည့် အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းခြင်း၊ အသက်မွေးဝမ်းကျောင်းနှင့် စီးပွားရေးလုပ်ငန်းများ ပြန်လည်စတင်နိုင်ရေး ဆောင်ရွက်ခြင်း၊ ဘေးသင့်သူများအား ကာကွယ်စောင့်ရှောက်ခြင်း၊ လူကုန်ကူးမှုမှ ကာကွယ်ခြင်း၊ ဘေးသင့်ဒေသတွင် ဒုစရိုက်မှုများ မဖြစ်ပွားစေရေး ကြိုတင်ကာကွယ်ခြင်းစသည့် လုပ်ငန်းများအား ဆောင်ရွက်ရန်နှင့် ကျား၊ မ တန်းတူညီမျှရှိစေရေးကိုလည်း အလေးထားဆောင်ရွက်ရမည်၊

(၆) ပြန်လည်ထူထောင်ရေးလုပ်ငန်းအားလုံးကို ဘေးသင့်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းအစီအစဉ်များ၏အစိတ်အပိုင်းတစ်ခုအနေဖြင့် သတ်မှတ်ပြီး ဘေးအန္တရာယ်ကြံ့ကြံ့ခံနိုင်ရေး၊ ထိခိုက်ခံရလွယ်မှုကို လျှော့ချနိုင်ရေးတို့အား ဦးတည်ဆောင်ရွက်ရမည်၊

(၇) ဘေးအန္တရာယ်ကျရောက်သောဒေသတွင် ဘေးအန္တရာယ်ကျရောက်မှုကြောင့် ထိခိုက်ပျက်စီးသွားသော သဘာဝပတ်ဝန်းကျင်ကို ပြန်လည်ပြုပြင်ခြင်းနှင့် ထိန်းသိမ်းခြင်းများ ဆောင်ရွက်ရမည်။

## အခန်း(၆)

## သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုအတွက် တပ်မတော်နှင့် ဝန်ကြီးဌာနများအကြား ပူးပေါင်းဆောင်ရွက်ခြင်း

**သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအတွက် တပ်မတော်မှ ပူးပေါင်းဆောင်ရွက်နိုင်သည့် ကဏ္ဍများ**

၆၈။ သဘာဝဘေး ကြိုတင်ပြင်ဆင်မှု၊ တုံ့ပြန်မှု၊ ပြန်လည်ထူထောင်မှုတို့တွင် တပ်မတော်မှ ပူးပေါင်းဆောင်ရွက်နိုင်သော ကဏ္ဍများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လုံခြုံရေး

(ခ) ရှာဖွေရေးနှင့် ကယ်ဆယ်ရေး

(ဂ) ဆေးကုသရေး

(ဃ) အရေးပေါ်သယ်ယူပို့ဆောင်ရေး

(င) အရေးပေါ်ဆက်သွယ်ရေး

(စ) အရေးပေါ်လမ်း၊ တံတားတည်ဆောက်ရေး

(ဆ) ပြန်လည်နေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေး

၆၉။ သဘာဝဘေးစီမံခန့်ခွဲမှုအတွက် တပ်မတော်မှ လူနှင့်ပစ္စည်းအကူအညီတောင်းခံလိုပါက ကော်မတီ/ လုပ်ငန်းကော်မတီအဆင့်အလိုက် အောက်ပါအတိုင်း ဆက်သွယ်ရမည်-

(က) **သဘာဝဘေးကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီ သို့မဟုတ် သဘာဝ ဘေးကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းကော်မတီ။** ကာကွယ်ရေးဝန်ကြီးဌာနမှတစ်ဆင့် ဆက်သွယ်ဆောင်ရွက်ရမည်။

(ခ) **တိုင်းစစ်ဌာနချုပ်အဆင့် သဘာဝဘေးကာကွယ်စောင့်ရှောက်ရေးစီမံခန့်ခွဲမှုလုပ်ငန်းကော်မတီ။** သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့်ဆက်သွယ်ဆောင်ရွက်ရမည်။

(ဂ) **တပ်မ/ စကခ/ ဒကစအဆင့် သဘာဝဘေးကာကွယ်စောင့်ရှောက်ရေး စီမံခန့်ခွဲမှု လုပ်ငန်းကော်မတီ။** သက်ဆိုင်ရာ တပ်မ/ စကခ/ ဒကစများမှတစ်ဆင့် ဆက်သွယ်ဆောင်ရွက်ရမည်။

(ဃ) **တပ်ရင်း/တပ်ဖွဲ့အဆင့် သဘာဝဘေးကာကွယ်စောင့်ရှောက်ရေးစီမံခန့်ခွဲမှုလုပ်ငန်းကော်မတီ။** သက်ဆိုင်ရာ တပ်ရင်း/တပ်ဖွဲ့များမှတစ်ဆင့် ဆက်သွယ်ဆောင်ရွက်ရမည်။

**တပ်မတော်(ကြည်း/ ရေ/ လေ) တပ်ရင်း/တပ်ဖွဲ့များ၏ သဘာဝဘေး စီမံခန့်ခွဲမှု**

၇၀။ တပ်မတော်(ကြည်း/ ရေ/ လေ) တပ်ရင်း/တပ်ဖွဲ့များအနေဖြင့် သာမန်အချိန်၊ နှိုးဆော်သတိပေးချက်ရရှိချိန်၊ ဘေးအန္တရာယ်ကျရောက်ချိန်၊ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးဆောင်ရွက်ချိန်ဟူ၍ အချိန်ကာလလေးမျိုးတွင် အောက်ပါတာဝန်များအား စီမံခန့်ခွဲရမည်-

(က) **သာမန်အချိန်စီမံခန့်ခွဲမှု**

(၁) **ကာကွယ်ရေးဝန်ကြီးဌာန**။ အောက်ပါလုပ်ငန်းများ ဆောင်ရွက်ရမည်-

(កក) သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးကွပ်ကဲမှုရုံး ဖွဲ့စည်းထားရှိပြီးတိုင်း/တပ်မစစ်ဌာနချုပ်များမှတစ်ဆင့် တပ်ရင်း/တပ်ဖွဲ့များသို့ အသိပေးအကြောင်းကြားထားခြင်း၊

(ခခ) အဆိုပါ ကွပ်ကဲမှုရုံးသည် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီနှင့် ချိတ်ဆက်ဆက်သွယ်မှု မပြတ်ရှိနေခြင်း၊

(ဂဂ) တိုင်း/တပ်မဌာနချုပ်များတွင် သဘာဝဘေးအန္တရာယ် ကာကွယ်စောင့်ရှောက်ရေးစီမံခန့်ခွဲမှုဆိုင်ရာလုပ်ငန်းကော်မတီများ ဖွဲ့စည်းထားရှိခြင်း၊

(ဃဃ) ဆိုင်ကလုန်းမုန်တိုင်းများ၊ ရေကြီးခြင်း၊ ဆူနာမီ ဖြစ်ပွားခြင်းနှင့် မြေငလျင်ဒဏ်ကြောင့်ဆည်ပြိုကျခြင်းစသဖြင့် သဘာဝဘေး ဒဏ် ဖြစ်ပွားနိုင်ခြေရှိသော/ ဖြစ်ပွားလေ့ရှိသောဒေသများတွင် သဘာဝဘေးအန္တရာယ် ကျရောက်လာပါက လူ/ ပစ္စည်းများအား တပ်မတော်ပိုင်ယာဉ်များဖြင့် သယ်ယူပို့ဆောင်ရေး ဆောင်ရွက် ပေးမည့် အရေးပေါ်ကယ်ဆယ်ရေးစီမံချက်များ ကြိုတင်ရေးဆွဲ ထားရှိခြင်း၊

(ငင) ကြိုတင်သတိပေးခြင်း၊ ကယ်ဆယ်ရွှေ့ပြောင်းခြင်းနှင့် ပြန်လည် ထူထောင်ရေးလုပ်ငန်းများ ထိရောက် အောင်မြင်စွာ အကောင် အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ကြည်း/ ရေ/ လေ တပ်ဖွဲ့ များတွင် ဖွဲ့စည်းထားသော စီမံခန့်ခွဲရေးကော်မတီများနှင့် ညှိနှိုင်း ပူးပေါင်းဆောင်ရွက်ခြင်း၊

(စစ) ကာကွယ်ရေးဝန်ကြီးဌာနအောက်ရှိ တပ်ရင်း/ တပ်ဖွဲ့များတွင် သဘာဝဘေးအန္တရာယ် ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများ အတွက် လိုအပ်သော အသုံးအဆောင်ပစ္စည်းများ ဖြည့်တင်းပေး ခြင်းနှင့် အဆိုပါတပ်ဖွဲ့များ၏ ကယ်ဆယ်ရေး လုပ်ငန်းများ အတွက် ပြင်ဆင်ထားရှိမှုနှင့် အသင့်ဖြစ်မှု အနေအထားတို့အား ပုံမှန်စစ်ဆေးခြင်း၊

(ဆဆ) ရေကြီးခြင်း၊ မြစ်ရေတိုက်စားခြင်း၊ မြေငလျင် လှုပ်ခြင်းနှင့် မုန်တိုင်း တိုက်ခတ်ခြင်းစသည့် သဘာဝဘေးအန္တရာယ်များ၊ ၎င်းသဘာဝဘေးအန္တရာယ်များဆိုင်ရာ စီမံခန့်ခွဲမှုစသည်တို့နှင့်

ပတ်သက်သည့် ဗဟုသုတများကို တပ်မတော်သားများနှင့် မိသားစုဝင်များအား အသိပညာဖြန့်ဖြူးပေးခြင်း၊

(ဇဇ) သဘာဝဘေးအန္တရာယ် ကာကွယ်ရေးနှင့် စီမံခန့်ခွဲရေးဆိုင်ရာ ကြိုတင် ဇာတ်တိုက်လေ့ကျင့်မှုများအားတပ်ရင်း/တပ်ဖွဲ့ အားလုံးတွင် ပုံမှန်ဆောင်ရွက်စေခြင်း၊

(ဈဈ) သဘာဝဘေးအန္တရာယ် ကယ်ဆယ်ရေးလုပ်ငန်းများဆိုင်ရာ ရန်ပုံငွေများအား အမျိုးသားသဘာဝ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ လမ်းညွှန် သတ်မှတ်ချက်များနှင့်အညီ စနစ်တကျ ခွဲဝေအသုံး ပြုခြင်း၊

(ညည) တပ်မတော်သင်တန်းကျောင်းများတွင် သဘာဝ ဘေးအန္တရာယ် ကာကွယ်တားဆီးရေးနှင့်ပတ်သက်၍ သင်ခန်းစာဘာသာရပ် တစ်ခုအဖြစ်ထည့်သွင်း သင်ကြားပို့ချခြင်း၊

(ဋဋ) ရေကြီးခြင်း၊ မြစ်ရေတိုက်စားခြင်း၊ မြေငလျင် လှုပ်ခြင်းနှင့် မုန်တိုင်း တိုက်ခတ်ခြင်းစသဖြင့် သဘာဝဘေးအန္တရာယ် ကျရောက်နိုင်သောဒေသများကို ဆန်းစစ်ဖော်ထုတ်မှတ်တမ်း ပြုစုထားခြင်း၊ သဘာဝဘေးအန္တရာယ်ဖြစ်ပွားပါက တပ်မတော်သားများနှင့် မိသားစုဝင်များအတွက် လိုအပ်သောနေရာထိုင်ခင်း အဆောက်အအုံများ၊ ငလျင်ဒဏ်ခံအဆောက်အအုံများ ဆောက်လုပ်ခြင်းတို့တွင် စနစ်တကျကြီးကြပ် ကွပ်ကဲခြင်းတို့ဆောင်ရွက်ခြင်း။

(၂) **တပ်မတော်(ကြည်း)**။ အောက်ပါလုပ်ငန်းများဆောင်ရွက်ရမည်-

(ကက) သဘာဝဘေးအန္တရာယ်ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပါဝင်မည့် တပ်ရင်း/တပ်ဖွဲ့များ၊ အသုံးပြုမည့် မော်တော်ယာဉ်များအား ကြိုတင်သတ်မှတ်တာဝန်ပေးထားခြင်း၊

(ခခ) သင်တန်းကျောင်းများတွင် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးဆိုင်ရာ ဘာသာရပ်သင်ခန်းစာများအား အရာရှိ၊ စစ်သည် အဆင့်အတန်းအားလုံးသို့ သင်ကြားပို့ချပေးခြင်း၊

(ဂဂ) သဘာဝဘေးအန္တရာယ် ကြိုတင်ပြင်ဆင်ခြင်းနှင့် ရှာဖွေကယ်ဆယ်ခြင်းဆိုင်ရာ ကြိုတင်ဇာတ်တိုက် လေ့ကျင့်မှုများ ပုံမှန်ဆောင်ရွက်ခြင်း၊

(ဃဃ) မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန အပါအဝင် ဆက်နွယ်ဌာနများနှင့် ညှိနှိုင်းချိတ်ဆက်ပူးပေါင်းဆောင်ရွက်ခြင်း၊

(ငင) သဘာဝဘေးအန္တရာယ် ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများအတွက် လိုအပ်သော အခြေခံအဆောက်အအုံများ တည်ဆောက်ခြင်း၊

(စစ) သဘာဝဘေးအန္တရာယ်ရှာဖွေကယ်ဆယ်ရေးဆိုင်ရာ စီမံချက်များရေးဆွဲထားခြင်း၊

(ဆဆ) တိုင်း/ တပ်မဌာနချုပ်များအလိုက် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးကော်မတီများ ဖွဲ့စည်းထားရှိခြင်း၊

(ဇဇ) သဘာဝဘေးအန္တရာယ် ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများအတွက် လိုအပ်သော အသုံးအဆောင်၊ အရင်းအမြစ်များ ရှာဖွေစုဆောင်းထားခြင်း၊

(ဈဈ) တပ်ရင်း/တပ်ဖွဲ့များတွင်သဘာဝဘေးအန္တရာယ်ဆိုင်ရာ ဆွေးနွေးပွဲများ၊ ဟောပြောပွဲများ ပြုလုပ်ပေးခြင်း။

(၃) **တပ်မတော်(ရေ)**။ အောက်ပါလုပ်ငန်းများဆောင်ရွက်ရမည်-

(ကက) ရေတပ်ဌာနချုပ်/ စခန်းများသည် မုန်တိုင်းနှင့် ဆူနာမီ ကဲ့သို့ သဘာဝဘေးအန္တရာယ်များ သတင်းရရှိရေးအတွက် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)တို့နှင့် ညှိနှိုင်းချိတ်ဆက် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ခခ) မုန်တိုင်းနှင့် ဆူနာမီကဲ့သို့ သဘာဝဘေးအန္တရာယ်များကြောင့် ဖြစ်ပေါ်လာမည့် ပျက်စီးဆုံးရှုံးခြင်း ဖြစ်စဉ်များဖြစ်ပွားစဉ် ဆောင်ရွက်ရမည့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများအတွက် ပြင်ဆင်ခြင်း၊ အရေးပေါ်အခြေအနေတွင် လိုအပ်သော ရေရရှိစေရေးအတွက် ရေထောက်ပံ့ပို့ဆောင်ရေးစနစ် စီစဉ်ဆောင်ရွက်ထားခြင်း၊

(ဂဂ) သဘာဝဘေးအန္တရာယ် ရှာဖွေကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေး လုပ်ငန်းများနှင့်ပတ်သက်၍ အရာရှိ၊ စစ်သည်များ လေ့ကျင့်မှုများ ပုံမှန်ပြုလုပ်ခြင်း၊

(ဃဃ) သဘာဝဘေးအန္တရာယ်ဖြစ်ပွားခဲ့ပါက အရာရှိ၊ စစ်သည်များ၊ စစ်လက်နက်ပစ္စည်းများ၊ အဆောက်အအုံများနှင့် စစ်သင်္ဘောများစသည်တို့ ဘေးကင်းလုံခြုံစွာရှိစေရေးအတွက် ဆောင်ရွက်မည့် အစီအမံများပါဝင်သည့် စီမံချက်ရေးဆွဲထားရှိခြင်း၊

(ငင) ရေတပ်ဌာနချုပ်/ စခန်းများသည် သဘာဝဘေးအန္တရာယ် အမျိုးအစားအလိုက် ဆောင်ရွက်ရမည့် အရေးပေါ် စီမံချက်များ ရေးဆွဲခြင်း၊ လေ့ကျင့်မှုပြုလုပ်ခြင်းတို့ ဆောင်ရွက်ခြင်း၊ အဆိုပါ ရေးဆွဲထားသော စီမံချက်များအား အမြဲလေ့လာဆန်းစစ်၍ ခေတ်နှင့်အညီ မွမ်းမံပြင်ဆင်ရေးသားခြင်း၊ လိုအပ်ပါက လေ့ကျင့်သင်ကြားမှုများ ပြုလုပ်ခြင်း၊

(စစ) သင်္ဘောများ အစုလိုက်ဆိုက်ကပ်ထားရာတွင် မုန်တိုင်းနှင့် ဆူနာမီဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှု မဖြစ်ပေါ်စေရေးအတွက် သင်္ဘောများအား စစ်ဆေးမှုများ ပုံမှန်ပြုလုပ်ခြင်းနှင့် လိုအပ်ပါက သင်္ဘော ချည်ကြိုးနှင့် ကျောက်ဆူးကြိုးများအား အသစ်လဲလှယ်ခြင်းတို့ ဆောင်ရွက်ခြင်း၊

(ဆဆ) ရေလမ်းကြောင်းသတ်မှတ်ထားမှုများအား စစ်ဆေးရေးအဖွဲ့များက ပုံမှန်စနစ်တကျ စစ်ဆေးဆောင်ရွက်ခြင်းနှင့် အရေးပေါ် ကျောက်ချရပ်နားရန်နေရာများ သတ်မှတ်ထားရှိခြင်း၊

(ဇဇ) သဘာဝဘေးအန္တရာယ်ကျရောက်ပါက တပ်မတော် မိသားစုများ အပါအဝင် အများပြည်သူများအား ဘေးကင်းလုံခြုံရာနေရာများသို့ သယ်ယူရွှေ့ပြောင်းရေး ဆောင်ရွက်ပေးနိုင်ရန်၊ ရှာဖွေ

ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ရန်အတွက် လိုအပ်သော ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ထားခြင်း။

(၄) **တပ်မတော်(လေ)**။ အောက်ပါလုပ်ငန်းများဆောင်ရွက်ရမည်-

(ကက) လေတပ်ဌာနချုပ် စခန်းများ/ တပ်ဖွဲ့များသည် သဘာဝဘေး အန္တရာယ်ဆိုင်ရာ သတင်းအချက်အလက်များ ပုံမှန်ကောက်ယူ စုဆောင်းခြင်းနှင့် တွေ့ရှိချက်များ အစီရင်ခံတင်ပြခြင်းတို့အား စနစ်တကျ ဆောင်ရွက်ခြင်း၊

(ခခ) သဘာဝဘေးအန္တရာယ်များ၏ နောက်ဆုံးရ သတင်းအချက် အလက်များနှင့် အကျိုးသက်ရောက်မှုများ၊ လေယာဉ်ကွင်းနှင့် ရဟတ်ယာဉ်ကွင်းများနှင့်ပတ်သက်သောသတင်းအချက်အလက် များအား စနစ်တကျမှတ်တမ်းတင် ရေးဆွဲပြုစုထားရှိခြင်း၊

(ဂဂ) ရာသီဥတုဆိုင်ရာ သတင်းအချက်အလက်များ ရရှိရေးအတွက် ဌာနဆိုင်ရာအသီးသီးသို့ နည်းလမ်းအမျိုးမျိုးဖြင့် ချိတ်ဆက် ဆောင်ရွက်ခြင်း၊

(ဃဃ) သဘာဝဘေးအန္တရာယ်ဖြစ်ပွားစဉ် လေယာဉ်များ၊ ရဟတ်ယာဉ် များ၊ စစ်လက်နက်ပစ္စည်းများ၊ စက်ယန္တရားများနှင့် အဆောက် အအုံများ ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် လိုအပ်သော စီမံချက်များ ရေးဆွဲထားရှိခြင်း၊

(ငင) ဝေဟင်မှဝေဟင်နှင့် ဝေဟင်မှမြေပြင်ဆက်သွယ်ရေး စနစ်များ နှင့် အရန်စနစ်များအား ကောင်းစွာအသုံးပြုနိုင်စေရေးအတွက်

လုပ်ဆောင်ခြင်း၊

(စစ) သဘာဝဘေးအန္တရာယ် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ၌ ပါဝင်ဆောင်ရွက်ရာတွင် ပြောင်းလွယ်ပြင်လွယ်ရှိမှုနှင့် လျင်မြန်စွာလှုပ်ရှားပုံသန်း ရွှေ့ပြောင်းနိုင်မှုစသည့် စွမ်းရည်များအပါအဝင် လေတပ်၏ထူးခြားသောဝိသေသသွင်ပြင်လက္ခဏာများအား ထိရောက်စွာအသုံးချနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ထားခြင်း။

(ခ) **နှိုးဆော်သတိပေးချက်ရရှိချိန် စီမံခန့်ခွဲမှု**

(၁) **ကာကွယ်ရေးဝန်ကြီးဌာန**။ အောက်ပါအတိုင်း တာဝန်ယူဆောင်ရွက်ရမည်-

(ကက) ကြီးကြပ်ကွပ်ကဲမှုလုပ်ဆောင်ရန် တိုင်းစစ်ဌာနချုပ်၌ ၂၄ နာရီကြီးကြပ်ကွပ်ကဲရေးစင်တာများ ဖွဲ့စည်းခြင်း၊

(ခခ) တပ်ဖွဲ့အဆင့်အထိ သတိပေးမှုနှင့်ပတ်သက်၍ တစ်နာရီ တစ်ကြိမ်နောက်ဆုံးအခြေအနေ ထုတ်ပြန်ခြင်း၊

(ဂဂ) နေ့စဉ်သတင်းစာများ၊ ရုပ်မြင်သံကြားနှင့် ရေဒီယိုတို့ဖြင့် ထုတ်လွှင့်သည့် သဘာဝဘေးအန္တရာယ်သတင်းများအား စစ်သည်မိသားစုများ သိရှိစေခြင်း၊

(ဃဃ) မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနထံမှ သဘာဝဘေးအန္တရာယ်နှင့်ပတ်သက်သည့်သတင်းများနှင့်အချက်အလက်များ စုဆောင်းခြင်း၊ တပ်မတော်တစ်ရပ်လုံးသို့ ဖြန့်ဝေခြင်း၊

(ငင) ပြည်သူလူထုနှင့် ဘေးအန္တရာယ်ကျရောက်သည့် ဒေသများမှဦးစားပေးပစ္စည်းများကို ဘေးလွတ်ရာသို့ရွှေ့ပြောင်းရန် ရေ

ကြောင်းနှင့် လေကြောင်းသယ်ယူ ပို့ဆောင်ရေးအတွက် လုပ်ဆောင်မည့် စီမံချက် တစ်ရပ်ကြိုတင်ပြင်ဆင်ခြင်း၊

(စစ) ဘေးကင်းရာသို့ ပြောင်းရွှေ့မှုများအတွက် ပြည်သူလူထုကို အထောက်အကူပြုခြင်း၊

(ဆဆ) မုန်တိုင်းနှင့် ဘေးအန္တရာယ်များနှင့်ပတ်သက်၍ ရာသီတစ်ခုချင်း အလိုက်ဘေးအန္တရာယ်ဖြစ်ပေါ်မှုစာရင်း(ပြက္ခဒိန်)၊ ဘေးအန္တရာယ် ကျရောက်မှု မြေပုံများ၊ ထိခိုက်မှု ဖြစ်ပေါ်နိုင်သည့် နေရာပြ မြေပုံများကို ရေတပ်၊ လေတပ်နှင့် တိုင်းစစ်ဌာနချုပ်များက ကြိုတင်ပြင်ဆင်ခြင်း။

(၂) **တပ်မတော်(ကြည်း)**။ အောက်ပါအတိုင်း တာဝန်ယူ ဆောင်ရွက်ရမည်-

(ကက) သက်ဆိုင်သည့် ဌာနချုပ်များအားလုံးသို့ ဘေးအန္တရာယ် သတိပေးမှု များထုတ်ပြန်ခြင်း၊ တပ်မတော်သားများအား လျင်မြန်စွာ စုစည်းနိုင်ရေးအတွက် အမိန့်များထုတ်ပြန်ခြင်း၊ လိုအပ်ပါက တပ်မတော်သားများ၏ မိသားစုများကို ဘေးလွတ်ရာသို့ ပြောင်းရွှေ့ခြင်း၊

(ခခ) ခြေလျင်၊ ဆက်သွယ်ရေးတပ်ဖွဲ့၊ အင်ဂျင်နီယာတပ်ဖွဲ့၊ ဆေးတပ်ဖွဲ့၊ တပ်ထိန်းတပ်ဖွဲ့၊ ပြန်လည်နေရာချထားရေး ညွှန်ကြားရေးမှူးရုံး၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံးနှင့် ထောက်ပံ့နှင့်ပို့ဆောင်ရေး ညွှန်ကြားရေး မှူးရုံးတို့မှ ကိုယ်စားလှယ်များဖြင့် လုပ်ငန်းအဖွဲ့များ ဖွဲ့စည်းကာ အမျိုးသားကော်မတီ၏ လုပ်ငန်းများအား ပံ့ပိုးဆောင်ရွက်ခြင်း၊

(ဂဂ) ဆက်သွယ်ရေးညွှန်ကြားရေးမှူးရုံးသည် ဆက်သွယ်ရေးရှေ့တန်းစခန်းများဖွဲ့စည်းပြီး ဆက်သွယ်မှုပြတ်တောက်ခြင်းမဖြစ်စေရန် အစီအစဉ်များ ဆောင်ရွက်ခြင်း၊

(ဃဃ) ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံးသည် ဆရာဝန်များ၊ သူနာပြုများ၊ ဆေးဘက်ဆိုင်ရာအထောက်အပံ့နှင့် ဆေးပစ္စည်းများ ပါဝင်သည့် ဆေးဘက်ဆိုင်ရာအဖွဲ့များ ဖွဲ့စည်းခြင်း၊

(ငင) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်ရှိ တပ်ဖွဲ့များသည် လက်ကမ်းစာစောင်များ ဝေငှခြင်းနှင့် ရုပ်မြင်သံကြားမှ ပညာပေးအစီအစဉ်များ ထုတ်လွှင့်ခြင်းတို့ဖြင့် ပြည်သူလူထုနှင့် တပ်မတော်သားများကို ပညာပေးခြင်း၊

(စစ) စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူးရုံးသည် ရှာဖွေကယ်ဆယ်ရေးနှင့် တည်ဆောက်ရေးပစ္စည်းကိရိယာ/ စက်ယန္တရားများအတွက် လိုအပ်သည့်ပစ္စည်းများထောက်ပံ့ပြီး အင်ဂျင်နီယာတပ်ဖွဲ့များ ဖွဲ့စည်းခြင်း၊

(ဆဆ) သယ်ယူပို့ဆောင်ရေးတာဝန်အတွက် ယာဉ်များ၊ ယာဉ်မောင်းများနှင့် စက်သုံးဆီများလိုအပ်ပါက ကူညီရန်အသင့်ပြင်ဆင်ထားခြင်း၊

(ဇဇ) အရန်တပ်ဖွဲ့များဖွဲ့စည်းပြီး လိုအပ်ပါက အခြားဒေသများသို့ ဖြန့်ကြက်ခြင်း၊

(ဈဈ) ဘေးအန္တရာယ်ဖြစ်ပေါ်နိုင်သည့်ဒေသများမှ တပ်မတော်သား မိသားစုများ၊ ပြည်သူလူထုနှင့် ဦးစားပေး ပစ္စည်းများအား လုံခြုံစိတ်ချရသောနေရာများသို့ ပြောင်းရွှေ့ခြင်းကို သဘာဝဘေး အန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ တာဝန်ရှိဌာနများမှ အကြောင်းကြား ချိန်တွင် အချိန်မီလုပ်ဆောင်ခြင်း။

(၃) **တပ်မတော်(ရေ)**။ အောက်ပါအတိုင်း တာဝန်ယူဆောင်ရွက်ရမည်-

(ကက) ရေတပ်အခြေစိုက်စခန်းများအားလုံးသို့ သတိပေးအမိန့်များ ထုတ်ပြန်ခြင်း၊

(ခခ) ရေတပ်အခြေစိုက်စခန်းများ၌ သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲ ရေးစင်တာများဖွဲ့စည်းခြင်း၊ ကာကွယ်ရေးဝန်ကြီးဌာန၊ ကာကွယ် ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)တို့နှင့် ဆက်သွယ်ရန်အတွက် တာဝန်ခံအရာရှိများ သတ်မှတ်ပေးခြင်း၊

(ဂဂ) ဘေးအန္တရာယ်ကျရောက်နိုင်သည့် ဒေသများ၌ တပ်ဆင်ထား သည့် ပစ္စည်းကိရိယာများ၊ အရာရှိ၊ စစ်သည်များနှင့် ရေတပ် စစ်ရေယာဉ်များ ဘေးအန္တရာယ် ကင်းရှင်းရေးအတွက် လိုအပ် သော အစီအမံများ ဆောင်ရွက်ခြင်း၊

(ဃဃ) သဘာဝဘေးအန္တရာယ်များအတွက် သတင်းအချက်အလက် ထိထိရောက်ရောက်ဖြန့်ချိနိုင်သည့်ကွန်ရက်တစ်ခု တည်ဆောက် ခြင်း၊

(ငင) လုံလောက်သောကြံ့ခိုင်မှုမရှိသည့် ထိခိုက်လွယ်သော နယ်မြေ၊ သင်္ဘောကျင်း၊ သို့မဟုတ် ကမ်းခြေပြင်ပရှိ လုံခြုံစိတ်ချရသော

နေရာများသို့ ရေယာဉ်များအနေဖြင့် ၎င်းတို့၏ ကိုယ်ပိုင် စွမ်းအင်ဖြင့် ရွှေ့ပြောင်းခြင်း၊

(စစ) သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုဆိုင်ရာ တာဝန်ရှိ ဌာနများမှ အကြောင်းကြားချိန်တွင် ဘေးအန္တရာယ် ကျရောက်နိုင်သည့် နယ်မြေများမှ တပ်မတော်သားများ၏ မိသားစုများ၊ ပြည်သူလူထုနှင့် ဦးစားပေးပစ္စည်းများအား ဘေးလွတ်ရာ လုံခြုံစိတ်ချရသော နေရာများသို့ ကြိုတင်ရွှေ့ပြောင်းခြင်း။

(ဇ) **တပ်မတော်(လေ)**။ အောက်ပါအတိုင်း တာဝန်ယူဆောင်ရွက်ရမည်-

(ကက) ကြိုတင်သတိပေးခြင်းနှင့် သဘာဝဘေးအန္တရာယ်နှင့် ပတ်သက်၍ မိုးလေဝသသတင်းများ၊ သတင်းများနှင့် သတင်းအချက်အလက်များရရှိပါက လေတပ်အခြေစိုက်စခန်းနှင့် လေတပ်စခန်းများသို့ ညွှန်ကြားချက်ထုတ်ပြန်ခြင်း၊

(ခခ) လေတပ်အခြေစိုက်စခန်းများ၌ သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးစင်တာများဖွဲ့စည်းခြင်း၊ ကာကွယ်ရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)တို့နှင့် ဆက်သွယ်ရန်အတွက် တာဝန်ခံအရာရှိများ သတ်မှတ်ပေးခြင်း၊

(ဂဂ) သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ တာဝန်ရှိဌာနများမှ အကြောင်းကြားချိန်တွင် ဘေးအန္တရာယ်ကျရောက်နိုင်သည့် နယ်မြေများမှ တပ်မတော်သားများ၏ မိသားစုများ၊ ပြည်သူလူထုနှင့် ဦးစားပေးပစ္စည်းများအား ဘေးလွတ်ရာ လုံခြုံစိတ်ချရသော နေရာများသို့ ကြိုတင်ရွှေ့ပြောင်းခြင်း၊

(ဃဃ) ဘေးအန္တရာယ်ကျရောက်နိုင်သည့် ဒေသများ၌ တပ်ဆင်ထားသည့် ပစ္စည်းကိရိယာများ၊ အရာရှိစစ်သည်များနှင့် လေယာဉ်၊ ရဟတ်ယာဉ်များအား ဘေးအန္တရာယ် ကင်းရှင်းရေးအတွက် လိုအပ်သော အစီအမံများ ဆောင်ရွက်ခြင်း၊

(ငင) ဘေးအန္တရာယ်ကျရောက်နိုင်သည့် ဒေသများမှ လေယာဉ်နှင့် ရဟတ်ယာဉ်များကို လုံခြုံစိတ်ချရသော နေရာများသို့ ရွှေ့ပြောင်းခြင်း၊

(စစ) ဦးစားပေးပစ္စည်းကိရိယာ၊ စက်ယန္တရားနှင့် တပ်ဖွဲ့ဝင်များ သယ်ယူပို့ဆောင်ရေးအတွက် လေယာဉ်နှင့် ရဟတ်ယာဉ်များ အသင့်ထားရှိခြင်းနှင့် တာဝန်များ သတ်မှတ်ချထားခြင်း၊

(ဆဆ) အခြားဌာနများနှင့် သတင်းအချက်အလက် အပြန်အလှန် ဖလှယ်ခြင်း။

(ဂ) **သဘာဝဘေးအန္တရာယ်ကျရောက်ချိန်ကာလ စီမံခန့်ခွဲမှု**

(၁) **ကာကွယ်ရေးဝန်ကြီးဌာန**။ အောက်ပါအတိုင်း လုပ်ဆောင်ရမည်-

(ကက) သဘာဝဘေးအန္တရာယ် အခြေအနေကို စဉ်ဆက်မပြတ် စောင့်ကြည့်ခြင်း၊

(ခခ) သဘာဝဘေးအန္တရာယ် အခြေအနေအပေါ်မူတည်၍ စစ်ဘက်ကွပ်ကဲမှုဌာနချုပ်များသို့ ရှာဖွေကယ်ဆယ်ရေးနှင့် ကနဦးပြန်လည်ထူထောင်ရေး လုပ်ငန်းတာဝန်များပေးအပ်ခြင်း၊

(ဂဂ) ဘေးအန္တရာယ်ကျရောက်နေစဉ်အတွင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၊ စစ်ဘက်ကွပ်ကဲမှုဌာနချုပ်များနှင့် ဒေသဆိုင်ရာ

အာဏာပိုင်များအကြား လမ်းညွှန်မှုနှင့် သတင်းပေးပို့မှုများ လုပ်ဆောင်ခြင်း၊

(ဃဃ) ဌာနချုပ်များရှိ ကော်မတီများဖွဲ့စည်းမှုနှင့် ကော်မတီများ၏ သဘာဝဘေးအန္တရာယ်လျော့ပါးရေး လုပ်ရှားမှုများအား စစ်ဆေးခြင်းနှင့် လမ်းညွှန်မှုပေးခြင်း၊

(ငင) ဘေးအန္တရာယ် ကျရောက်နိုင်သည့်နယ်မြေများ၏ အခြေအနေအပေါ် မူတည်၍ ဒေသဆိုင်ရာအာဏာပိုင်များအတွက် ပေါင်းစပ်ညှိနှိုင်းမှုဆောင်ရွက်ခြင်း။

(၂) **တပ်မတော်(ကြည်း)**။ အောက်ပါအတိုင်း လုပ်ဆောင်ရမည်-

(ကက) မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနသို့ ရရှိနိုင်သည့် သတင်းအချက်အလက်များ ဆက်လက် ဖြည့်စွက်နိုင်ရန်အတွက် တိုင်းစစ်ဌာနချုပ်များမှ ရရှိသော မိုးလေဝသသတင်း အချက်အလက်များနှင့်ပတ်သက်၍ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) သို့ ဆက်လက်ပေးပို့ခြင်း၊

(ခခ) အမျိုးသားသဘာဝ ဘေးအန္တရာယ် ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာနတို့နှင့် ကာကွယ်ရေးဝန်ကြီးဌာနတို့ပေါင်းစပ် ညှိနှိုင်းမှုအရ ဘေးအန္တရာယ်အမျိုးအစားအပေါ် မူတည်ကာ ဘေးဒဏ်သင့်ဒေသများသို့ လေ့ကျင့်ထားသည့် ရှာဖွေကယ်ဆယ်ရေးအဖွဲ့များ စေလွှတ်ခြင်း၊

(ဂဂ) ဘေးဒဏ်သင့်နယ်မြေတွင် ဆောင်ရွက်သည့် ရှာဖွေရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများကို အထောက်အကူ ပြုခြင်းနှင့် ဒေသဆိုင်ရာ အာဏာပိုင်များကို အကူအညီပေးခြင်း၊

(ဃဃ) တပ်ရင်း/တပ်ဖွဲ့များနှင့် ဌာနချုပ်များရှိ သဘာဝဘေးအန္တရာယ် ကျရောက်မှုဆိုင်ရာကွပ်ကဲမှုရုံးအတွက် ကြီးကြပ်ရေး အဖွဲ့ဝင် များကို ၂၄ နာရီ အသင့်အနေ အထားရှိခြင်း။

(၃) **တပ်မတော်(ရေ)**။ အောက်ပါအတိုင်း လုပ်ဆောင်ရမည်-

(ကက) ရေတပ်စခန်းဌာနချုပ်များရှိ သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေး စင်တာများသို့ လိုအပ်သည့် အရာရှိနှင့် စစ်သည်များ တာဝန် ပေးအပ်ခြင်း၊

(ခခ) ရှာဖွေရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများကို နှောင့်နှေး ကြန့်ကြာမှု မရှိဘဲ ဆောင်ရွက်ခြင်း၊

(ဂဂ) ဒေသဆိုင်ရာအာဏာပိုင်များနှင့် ပေါင်းစပ်ညှိနှိုင်း၍ ဖြစ်နိုင်သည့် လုံခြုံရေးအစီအစဉ်များ ဆောင်ရွက်ခြင်း၊

(ဃဃ) ရာသီဥတုကောင်းမွန်ချိန်တွင် ဘေးအန္တရာယ် ကျရောက်သည့် ဒေသများသို့ စစ်ရေယာဉ်များစေလွှတ်၍ ကယ်ဆယ်ရေးလုပ်ငန်း များဆောင်ရွက်ပြီး ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)မှ ညွှန်ကြား ချက် အတိုင်းဖြစ်နိုင်သည့် သယ်ယူပို့ဆောင်ရေး လုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ငင) ညွှန်ကြားချက်အတိုင်း ဒေသ ဆိုင်ရာအာဏာပိုင်များနှင့် ပြည်သူ များသို့ အထောက်အပံ့များ ပေးအပ်ခြင်း၊

(စစ) ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)သို့ ပုံမှန်လုပ်ငန်းဆောင်ရွက်မှုများကို အစီရင်ခံပေးပို့ခြင်း။

(၄) **တပ်မတော်(လေ)။** အောက်ပါအတိုင်း လုပ်ဆောင်ရမည်-

(ကက) သဘာဝဘေးအန္တရာယ်အခြေအနေကို စဉ်ဆက်မပြတ် စောင့်ကြည့်ခြင်း၊

(ခခ) ဘေးအန္တရာယ်ကျရောက်မှုကြောင့် သက်ရောက်မှုများအား အကဲဖြတ်ရန်နှင့် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် လေယာဉ်နှင့်ရဟတ်ယာဉ်များကိုအသင့်အနေအထား ထားရှိခြင်း၊

(ဂဂ) ကာကွယ်ရေးဝန်ကြီးဌာနမှ ညွှန်ကြားချက်အတိုင်း ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ခြင်း၊

(ဃဃ) လေတပ်စခန်းဌာနချုပ်များရှိ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေး စင်တာများသို့ လိုအပ်သည့်အရာရှိနှင့် စစ်သည်များ တာဝန်ပေးအပ်ခြင်း၊

(ငင) ရှာဖွေရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများကို နှောင့်နှေးကြန့်ကြာမှုမရှိဘဲ ဆောင်ရွက်ခြင်း၊

(စစ) ဒေသဆိုင်ရာအာဏာပိုင်များနှင့် ပေါင်းစပ်ညှိနှိုင်း၍ ဖြစ်နိုင်သည့် လုံခြုံရေးအစီအစဉ်များ ဆောင်ရွက်ခြင်း၊

(ဆဆ) ရာသီဥတုကောင်းမွန်ချိန်တွင် ဘေးအန္တရာယ် ကျရောက်သည့် ဒေသများသို့ လေယာဉ်နှင့် ရဟတ်ယာဉ်များစေလွှတ်၍ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီး ကာကွယ်ရေးဦးစီး

ချုပ်ရုံး(လေ)မှ ညွှန်ကြားချက်အတိုင်း ဖြစ်နိုင်သည့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ဇဇ) ညွှန်ကြားချက်အတိုင်း ဒေသဆိုင်ရာ အာဏာပိုင်များနှင့် ပြည်သူများသို့ အထောက်အပံ့များ ပေးအပ်ခြင်း၊

(ဈဈ) ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)သို့ ပုံမှန်လုပ်ငန်းဆောင်ရွက်မှုများကို အစီရင်ခံ ပေးပို့ခြင်း။

(ဃ) **ကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေးဆောင်ရွက်ချိန် စီမံခန့်ခွဲမှု**

(၁) **ကာကွယ်ရေးဝန်ကြီးဌာန။** အောက်ပါအတိုင်း လုပ်ဆောင်ရမည်-

(ကက) ဘေးသင့်ဒေသရှိ တပ်မတော်သားများ၏ မိသားစုဝင်များအား ကယ်ဆယ်ရေးအတွက် အစားအစာနှင့် နေရာထိုင်ခင်းများ စီစဉ်ဆောင်ရွက်ခြင်း၊

(ခခ) ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် လိုအပ်ချက်များစိစစ် ဖော်ထုတ်ရန် အမျိုးသားသဘာဝ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီက ဘေးဒဏ်သင့်နယ်မြေများသို့ ကွင်းဆင်းအကဲဖြတ်အဖွဲ့များ စေလွှတ်ရာတွင် ပံ့ပိုးကူညီခြင်း၊

(ဂဂ) ဘေးဒဏ်သင့်ဒေသများမှ ရုပ်အလောင်းများ ဖယ်ရှားရေးနှင့် အပျက်အစီးများ ဖယ်ရှားရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေးတို့တွင် အကူအညီများပံ့ပိုးပေးခြင်း၊

(ဃဃ) သန့်ရှင်းသည့် သောက်သုံးရေရရှိရေးအတွက် ဒေသခံအုပ်ချုပ်ရေးအဖွဲ့များသို့ အထောက်အကူပေးခြင်း၊

(ငင) လိုအပ်လျှင် ယာယီဆေးရုံများဖွင့်လှစ်ပေးခြင်း၊

(စစ) ယာယီအမိုးအကာများ တည်ဆောက်ခြင်းဖြင့် ဘေးဒဏ်သင့်ဒုက္ခသည်များအား အကူအညီပေးခြင်း၊

(ဆဆ) ဘေးအန္တရာယ်ကျရောက်မှုအခြေအနေကို မှတ်တမ်းထား၍စနစ်တကျ ခွဲခြမ်းလေ့လာခြင်း။

(၂) **တပ်မတော်(ကြည်း)။** အောက်ပါအတိုင်း လုပ်ဆောင်ရမည်-

(ကက) ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံးမှ စီစဉ်ပေးသည့် အထူးအဖွဲ့၊ ရွေ့လျားဆေးကုသရေးအဖွဲ့နှင့် ဆေးရုံသင်္ဘော စသည်တို့ဖြင့် ဘေးသင့်ဒေသရှိ ကျေးရွာများနှင့် ဝေးလံခေါင်ဖျားသည့် ဒေသများသို့ ဆေးဝါးကုသရေး ဆောင်ရွက်ပေးခြင်း၊

(ခခ) ဝမ်းရောဂါ၊ ဝမ်းကိုက်ရောဂါနှင့် သွေးလွန်တုပ်ကွေး ရောဂါဖြစ်ပွားမှုမှ ကာကွယ်တားဆီးရန်အတွက် ရေတွင်း၊ ရေကန်များသန့်ရှင်းရေး၊ အိမ်သာတည်ဆောက်ရေး၊ ရေသန့်စက်များတပ်ဆင်ရေးနှင့် ခြင်နှင့်ယင်သတ်ဆေးများ ဖျန်းခြင်းများကိုဆောင်ရွက်ခြင်း၊

(ဂဂ) အညစ်အကြေးများ စနစ်တကျဖယ်ရှားရေးနှင့် အများပြည်သူများပါဝင်စေခြင်းဖြင့် ကျန်းမာရေးဆိုင်ရာ သတိပြုစောင့်ကြည့်မှုမြင့်မားစေခြင်း၊

(ဃဃ) သဘာဝဘေးကျရောက်ပြီးပါက ဆက်သွယ်ရေး ညွှန်ကြားရေးမှူး ရုံး ကွပ်ကဲမှုအောက်ရှိ တပ်ဖွဲ့များနှင့် သက်ဆိုင်ရာဝန်ကြီးဌာနတို့ ပေါင်းစပ်ညှိနှိုင်း၍ ဆက်သွယ်မှုစနစ်များ အမြန်ဆုံးပြန်လည် ကောင်းမွန်စေရန် ပံ့ပိုးကူညီခြင်း၊

(ငင) ဒေသဆိုင်ရာစစ်တိုင်းမှူးများက ဆယ်တင်ရေးနှင့် ပြန်လည် ထူထောင်ရေးလုပ်ငန်းဆောင်ရွက်မှုများကို ပံ့ပိုး ဆောင်ရွက်ခြင်း၊ (ဥပမာ- စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ငါးဖမ်း လုပ်ငန်း ကဲ့သို့သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဆောလျင်စွာပြန်လည် ဆောင်ရွက်နိုင်ရန် ကူညီခြင်း)

(စစ) စစ်ဘက်နှင့်ရဲတပ်ဖွဲ့ဝင်များအား လုံလောက်သည့် အစားအစာ၊ စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးခြင်း၊

(ဆဆ) ဘေးဒဏ်သင့်ဒေသများတွင် ပျက်စီးဆုံးရှုံးမှု အကဲဖြတ်ခြင်းကို ပံ့ပိုးကူညီခြင်းနှင့် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး အတွက် လိုအပ်ချက်များ ဖြည့်ဆည်းပေးခြင်း၊

(ဇဇ) ဘေးဒဏ်သင့်ပြည်သူများသို့ အစားအစာထောက်ပံ့မှုနှင့် သောက် သုံးရေ ဖြန့်ဝေပေးခြင်းနှင့် ဘေးဒဏ်သင့် ပြည်သူများကို အထောက်အပံ့ပြုရာတွင်ဒေသအာဏာပိုင်များအား ပံ့ပိုးကူညီခြင်း၊

(ဈဈ) မြို့နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့များက အကူအညီ တောင်းခံလျှင် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင် ရေး လုပ်ငန်းများတွင် ပါဝင်ခြင်း၊

(ညည) ကယ်ဆယ်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်လျက် ရှိသော စစ်ဘက်နှင့်အခြားအဖွဲ့အစည်းများအကြား ရင်းနှီးသည့် ပူးပေါင်း ဆောင်ရွက်မှုပြုလုပ်ရန်နှင့် လိုအပ်လျှင် ကယ်ဆယ်ရေးလုပ်ငန်း များ အားညှိနှိုင်းဆောင်ရွက်နိုင်ရန် ဆက်ဆံရေးအရာရှိ ခန့်အပ် ထားရှိခြင်း။

(၃) **တပ်မတော်(ရေ)**။ အောက်ပါအတိုင်း လုပ်ဆောင်ရမည်-

(ကက) ဘေးသင့်ဒေသရှိ တပ်မတော်သားများ၏ မိခိုသူမိသားစုဝင် များအား ကယ်ဆယ်ရေးအတွက် အစားအစာနှင့် နေရာထိုင်ခင်း များ စီစဉ်ဆောင်ရွက်ခြင်း၊

(ခခ) ဘေးဒဏ်သင့်ဒေသများတွင် ကယ်ဆယ်ရေးနှင့် ပြန်လည် ထူထောင်ရေး လုပ်ငန်းများအတွက် သက်ဆိုင်ရာ အာဏာပိုင် များသို့ ဖြစ်နိုင်သည့် အထောက်အပံ့များ ပံ့ပိုးပေးခြင်း၊

(ဂဂ) ဘေးဒဏ်သင့်ဒေသများတွင် ကယ်ဆယ်ရေးပစ္စည်းများ ဖြန့်ဝေ ရေးလုပ်ငန်းများအတွက် သက်ဆိုင်ရာအာဏာပိုင်များသို့ ပံ့ပိုး ကူညီပေးခြင်း။

(၄) **တပ်မတော်(လေ)**။ အောက်ပါတို့ကို လုပ်ဆောင်မည်ဖြစ်သည်-

(ကက) သက်ရောက်မှုအကဲဖြတ်ရေးအတွက် ဘေးဒဏ်သင့် နယ်မြေကို လေကြောင်းဓာတ်ပုံရိုက်ကူးခြင်းနှင့် ကာကွယ်ရေးဝန်ကြီးဌာန၏ လမ်းညွှန်ချက်အတိုင်း လေကြောင်းကင်းလှည့်မှုပြုလုပ်ခြင်း၊

(ခခ) ဘေးဒဏ်သင့်ပြည်သူများ ရှာဖွေကယ်ဆယ်ရေးနှင့် လူနာများ အား ဘေးလွတ်ရာသို့ ရွှေ့ပြောင်းရေးအတွက် လေယာဉ်နှင့်

ရဟတ်ယာဉ်များအား ဖြန့်ကြက်ခြင်း၊

(ဂဂ) သက်ဆိုင်ရာပုဂ္ဂိုလ်များ၊ စာနယ်ဇင်းသမားများ၊ သံတမန်များနှင့် အခြားအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များအား ကွင်းဆင်းခရီးစဉ် အတွက်သယ်ယူပို့ဆောင်ပေးရန်အမျိုးသားသဘာဝဘေးအန္တရာယ် ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီက အကူအညီတောင်းခံလာပါက လေယာဉ်နှင့် ရဟတ်ယာဉ်များ ဖြန့်ကြက်ပေးခြင်း၊

(ဃဃ) လိုအပ်ပါက ကယ်ဆယ်ရေးပစ္စည်းများ၊ ဆေးပစ္စည်းများ၊ အစားအစာနှင့် ထောက်ပံ့မှုများ၊ အခြားကယ်ဆယ်ရေးပစ္စည်း များအား ဘေးဒဏ်သင့်နယ်မြေသို့ ပေးပို့ခြင်း၊

(ငင) သက်ဆိုင်ရာနိုင်ငံများမှ ကယ်ဆယ်ရေးအဖွဲ့ သယ်ဆောင်သည့် လေယာဉ်အမှုထမ်းများအတွက် ဆက်ဆံရေးအရာရှိများ သတ်မှတ် ပေးခြင်း၊

(စစ) လိုအပ်ပါက ပြန်လည်ထူထောင်ရေးလုပ်ငန်းအတွက် ဘေးဒဏ် သင့်နယ်မြေများသို့ လေတပ်မှ အရာရှိနှင့်စစ်သည်များ ဖြန့်ကြက် ပေးခြင်း၊

(ဆဆ) ကာကွယ်ရေးဝန်ကြီးဌာနမှ လမ်းညွှန်ချက်အတိုင်း အခြား လုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ဇဇ) ဘေးအန္တရာယ် ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်း အသေးစိတ် အား မှတ်တမ်းတင်၍ သင်ခန်းစာရယူရန်အတွက် ယင်းတို့အား သုံးသပ်မှုပြုလုပ်ခြင်း၊

(ဈဈ) ဘေးသင့်ဒေသရှိ တပ်မတော်သားများ၏ မိခိုသူမိသားစုဝင်များအား ကယ်ဆယ်ရေးအတွက် အစားအစာနှင့် နေရာထိုင်ခင်းများ စီစဉ်ဆောင်ရွက်ခြင်း။

**ပြည်ထောင်စုအဆင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ/ လုပ်ငန်းကော်မတီများ၊ တိုင်းဒေသကြီး/ ပြည်နယ်အဆင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ရေး ဆိုင်ရာများ**

၇၁။ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုလုပ်ငန်းများအတွက် တပ်မတော်နှင့် အရပ်ဘက်သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့များအောက်ပါအတိုင်း ပူးပေါင်းဆောင်ရွက်ရမည်-

(က) တပ်မတော်သားများနှင့် ၎င်းတို့၏ မိသားစုဝင်များအတွက် သဘာဝဘေးအသိပညာပေးလုပ်ငန်းများအား အဆင့်ဆင့်သော သက်ဆိုင်ရာကော်မတီများနှင့် ပူးပေါင်းဆောင်ရွက်ရမည်၊

(ခ) တပ်နယ်အသီးသီး၌ Disaster Calendar, Hazard Maps, Risk Maps, Contingency Plans ပြုစုနိုင်ရေးတို့အတွက် တိုင်းစစ်ဌာနချုပ်များ၏ သဘာဝဘေးကာကွယ်စောင့်ရှောက်ရေးစီမံခန့်ခွဲမှုလုပ်ငန်းကော်မတီက သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်အဆင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်ရမည်၊

(ဂ) သဘာဝဘေးစီမံခန့်ခွဲမှုလုပ်ငန်းအတွက် တိုင်းစစ်ဌာနချုပ်/ တပ်နယ်အလိုက် ဆက်သွယ်ရမည့် Focal Person များ၊ နေရာအလိုက် အရပ်ဘက် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ တာဝန်ရှိသူများနှင့် ကြိုတင် ချိတ်ဆက်နိုင်ရေးအား တိုင်းစစ်ဌာနချုပ်များ၏ သဘာဝဘေးကာကွယ်စောင့်ရှောက်ရေးစီမံခန့်ခွဲမှုလုပ်ငန်းကော်မတီနှင့် ပူးပေါင်းဆောင်ရွက်ရမည်၊

(ဃ) သဘာဝဘေးကျရောက်နိုင်သည့်အဆင့်၌ တပ်မတော်၏ အကူအညီ လိုအပ်ပါက တိုင်းစစ်ဌာနချုပ်/ တပ်နယ်အလိုက် ဆက်သွယ် တောင်းခံနိုင်ရန် တိုင်းစစ်ဌာနချုပ်များ၏ သဘာဝဘေးအန္တရာယ် ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်း ကော်မတီနှင့် ပူးပေါင်းဆောင်ရွက်ရမည်၊

(င) သဘာဝဘေးကျရောက်နိုင်သည့်အဆင့်၌ ရွှေ့ပြောင်းရန်လိုအပ်ပါက ပူးပေါင်းဆောင်ရွက်နိုင်ရန် လိုအပ်သည့် အမိန့်/ညွှန်ကြားချက်များ ထုတ်ပြန်နိုင်ရေးအတွက် တိုင်းစစ်ဌာနချုပ်များ၏ သဘာဝဘေးအန္တရာယ်ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းကော်မတီနှင့် ပူးပေါင်းဆောင်ရွက်ရမည်၊

(စ) သဘာဝဘေးဆိုင်ရာ ကြိုတင်သတိပေးမှု (Early Warning) များ အချိန်နှင့်တစ်ပြေးညီ အပြန်အလှန်ဖလှယ်နိုင်ရေးအတွက် လိုအပ်သည့်အမိန့်နှင့် ညွှန်ကြားချက်များအား တိုင်းစစ်ဌာနချုပ်များ၏ သဘာဝဘေးအန္တရာယ်ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းကော်မတီနှင့် ပူးပေါင်းဆောင်ရွက်၍ ထုတ်ပြန်ရမည်၊

(ဆ) သဘာဝဘေးဆိုင်ရာ ဓာတ်တိုက်လေ့ကျင့်မှု/ စားပွဲဝိုင်းလေ့ကျင့်မှုများအား ပြည်ထောင်စု/ တိုင်းဒေသကြီး/ ပြည်နယ်/ ခရိုင်/ မြို့နယ် အဆင့်အလိုက် ပူးပေါင်းဆောင်ရွက်နိုင်ရေး ကြိုတင်ညှိနှိုင်းရန် သက်ဆိုင်ရာကော်မတီအလိုက် ပူးပေါင်းဆောင်ရွက်ရမည်၊

(ဇ) ဓာတ်တိုက်လေ့ကျင့်မှု/စားပွဲဝိုင်းလေ့ကျင့်မှုများအား ပြည်ထောင်စု/တိုင်းဒေသကြီး/ ပြည်နယ်/ ခရိုင်/ မြို့နယ် အဆင့်အလိုက် ပူးပေါင်း ဆောင်ရွက်နိုင်ရေး ကြိုတင်ညှိနှိုင်းရမည့် ကာလမှာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီမှ ချမှတ်ပေးသည့် ကာလအတိုင်း ဆောင်ရွက်ရမည်၊

(ဈ) တပ်နယ်အသီးသီး၌ တပ်မတော်သားများအတွက် ရှာဖွေကယ်ဆယ်ရေး အပါအဝင် ကျွမ်းကျင်သင်တန်းများ ဆောင်ရွက်ရန် လိုအပ်ပါက သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်အဆင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့နှင့် ပူးပေါင်း ဆောင်ရွက်ရမည်၊

(ည) သဘာဝဘေးအရေးပေါ်တုံ့ပြန်ချိန်တွင် အရေးပေါ်သယ်ယူပို့ဆောင်ရေး၊ အရေးပေါ် ဆက်သွယ်ရေး၊ ရွှေ့လျားဆေးပေးခန်း/ဆေးရုံ၊ ယာယီခိုလှုံရာနေရာ တည်ဆောက် ရေး၊ အရေးကြီးအခြေခံအဆောက်အအုံများ ပြင်ဆင်ရေးတို့အတွက် အကူအညီ လိုအပ်ပါက တပ်မတော် (ကြည်း/ ရေ/ လေ)မှ ပူးပေါင်းဆောင်ရွက်နိုင်ရေး ဆက်သွယ်ရန်သဘာဝဘေးအန္တရာယ်ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းကော်မတီ နှင့်ပူးပေါင်း ဆောင်ရွက်ရမည်၊

(ဋ) တပ်မတော်အဆောက်အအုံ/ တပ်နယ်များတွင် သဘာဝဘေးကျရောက်ပါက အရပ်ဘက် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့များမှ ကူညီပူးပေါင်း ပံ့ပိုးရေးအတွက် သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်အဆင့် သဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့နှင့် တိုင်းစစ်ဌာနချုပ်များ၏ သဘာဝဘေး ကာကွယ်စောင့်ရှောက်ရေးစီမံခန့်ခွဲမှုလုပ်ငန်းကော်မတီနှင့် ညှိနှိုင်းပူးပေါင်း ဆောင်ရွက်ရမည်။

# အခန်း(၇)

# သဘာဝဘေးလျော့ပါးရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ

## ကမ္ဘာလုံးဆိုင်ရာပူးပေါင်းဆောင်ရွက်မှု

၇၂။ မြန်မာနိုင်ငံသည် ဘေးအန္တရာယ်စီမံခန့်ခွဲမှုလုပ်ငန်းများကို ကမ္ဘာလုံးဆိုင်ရာ မူဘောင်များ၊ ဒေသတွင်းမူဘောင်များနှင့်အညီ နိုင်ငံတကာနှင့်ပူးပေါင်း၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ ဘေးအန္တရာယ်ကြောင့်ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေး ဆန်ဒိုင်းမူဘောင် (Sendai Framework for Disaster Risk Reduction) (၂၀၁၅-၂၀၃၀)သည် ကမ္ဘာလုံးဆိုင်ရာ မူဘောင်တစ်ခုဖြစ်ပါသည်။ ဆန်ဒိုင်းမူဘောင်သည် ယိုဂိုမူဘောင်လုပ်ငန်းစဉ် (၂၀၁၀-၂၀၁၅) အတွေ့အကြုံများကိုအခြေခံ၍ ကမ္ဘာ့နိုင်ငံများအနေဖြင့် (၁၅)နှစ်တာကာလအတွင်း သဘာဝဘေးကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေများလျှော့ချပြီး ဘေးဒဏ်ကြံ့ကြံ့ခံနိုင်သည့် ကမ္ဘာ့နိုင်ငံများဖြစ်စေရန် ရည်ရွယ်၍ ကမ္ဘာ့အဆင့်ရည်မှန်းချက်(၇)ခုနှင့် ဦးစားပေးလုပ်ငန်းစဉ်(၄)ရပ် ချမှတ်ခဲ့ပါသည်။ ဆန်ဒိုင်းမူဘောင်ကို အကောင်အထည်ဖော်ရန်အတွက် ဦးစားပေးလုပ်ငန်းစဉ် (၄)ခုမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ဘေးအန္တရာယ်ဖြစ်ပွားကျရောက်မှုများအား သိမြင်သဘောပေါက်နားလည်ခြင်း၊

( ခ ) ဘေးအန္တရာယ်များအပေါ် စီမံခန့်ခွဲမှုများဆောင်ရွက်နိုင်ရန် ဘေးအန္တရာယ်ဆိုင်ရာ အုပ်ချုပ်ကွပ်ကဲမှု ပိုမိုအားကောင်းလာစေခြင်း၊

( ဂ ) ဘေးအန္တရာယ်များမှရင်ဆိုင်တုံ့ပြန်နိုင်ရေးအတွက် ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးလုပ်ငန်းများ၌ ရင်းနှီးမြှုပ်နှံမှုများဆောင်ရွက်ခြင်း၊

(ဃ) ထိရောက်သော တုံ့ပြန်ဆောင်ရွက်မှုများအတွက် ဘေးအန္တရာယ်ဆိုင်ရာကြိုတင်ပြင်ဆင်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်

တည်ဆောက်ရေးလုပ်ငန်းများကို ပိုမိုကောင်းမွန်အောင် ပြန်လည်တည်ဆောက်ခြင်းတို့ဖြင့် ပိုမိုတိုးတက်လာစေရန် ဆောင်ရွက်ခြင်း၊

၇၃။ ဆန်ဒိုင်းမူဘောင်ရလဒ်နှင့် ရည်မှန်းချက်များရောက်ရှိနိုင်စေရန်အတွက် ကမ္ဘာ့အဆင့်တိုးတက်မှုအကဲဖြတ်ခြင်းကို အညွှန်းကိန်းများဖြင့် တိုင်းတာဆောင်ရွက်လျက်ရှိပါသည်။ ဆန်ဒိုင်းမူဘောင်အရ နိုင်ငံအသီးသီး၏ ဘေးအန္တရာယ်ကြောင့် လူသေဆုံး/ပျောက်ဆုံးမှု၊ ထိခိုက်ဒဏ်ရာရမှု၊ ဘေးသင့်သူဦးရေများလျှော့ချရန်၊ ဘေးအန္တရာယ်ကြောင့်စီးပွားရေးဆိုင်ရာ တိုက်ရိုက်ဆုံးရှုံးမှုများနှင့် အခြေခံအဆောက်အအုံ ထိခိုက်ပျက်စီးမှုများကိုလျှော့ချရန်၊ ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရေးလုပ်ငန်းများတွင် မိတ်ဖက်အဖွဲ့အစည်းများနှင့်ပူးပေါင်း ဆောင်ရွက်မှုကိုမြှင့်တင်ရန်နှင့် ကြိုတင်သတိပေးစနစ်များ အဆင့်မြှင့်တင်ဆောင်ရွက်ရန်အတွက် အညွှန်းကိန်း (Indicator) (၃၈)ခု ဖော်ထုတ်ထားပါသည်။ နိုင်ငံအလိုက် ဘေးအန္တရာယ်ကြောင့် ထိခိုက်ခဲ့သည့်ကဏ္ဍများနှင့် ပြန်လည်ထူထောင်မှုနှင့် စီမံချက်များရေးဆွဲမှုအခြေအနေများကို သက်ဆိုင်ရာအညွှန်းကိန်းများတွင် Online မှတစ်ဆင့် ဖြည့်သွင်းရပါသည်။ ဆန်ဒိုင်းမူဘောင် စောင့်ကြည့်လေ့လာရေး Website: https://sendaimonitor.unisdr.org/ သို့ ဖြည့်သွင်းပြီး ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးဆိုင်ရာ ကုလသမဂ္ဂရုံး (United Nations Office for Disaster Risk Reduction - UNDRR)သို့ Online မှတစ်ဆင့် အစီရင်ခံခြင်းကို နှစ်စဉ် တင်သွင်းဆောင်ရွက်ရပါသည်။ မြန်မာနိုင်ငံအနေဖြင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနသည် ကဏ္ဍအလိုက်ဝန်ကြီးဌာနများ/ဦးစီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်များ၊ အဖွဲ့အစည်းများနှင့်ပေါင်းစပ်ညှိနှိုင်း၍ ဆန်ဒိုင်းမူဘောင်၏ ကမ္ဘာ့အဆင့်ပန်းတိုင်(၇)ရပ်ပါ အညွှန်းကိန်းများအလိုက်ဘေးကြောင့်ထိခိုက်ပျက်စီး၊ ဆုံးရှုံးမှုစာရင်းများ၊ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ဖြည့်သွင်း၍ UNDRR သို့ Online တစ်ဆင့် အစီရင်ခံတင်သွင်းလျက်ရှိပါသည်။

**အာဆီယံသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ (ASEAN Committee on Disaster Management-ACDM) နှင့် ပူးပေါင်းဆောင်ရွက်မှု**

၇၄။ အာဆီယံ၏ ပင်မအသိုက်အဝန်းကြီး (၃)ရပ်ဖြစ်သည့် အာဆီယံလုံခြုံရေးအသိုက်အဝန်း (ASEAN Security Community)၊ အာဆီယံစီးပွားရေးအသိုက်အဝန်း(ASEAN Economic Community)နှင့် အာဆီယံလူမှုရေး-ယဉ်ကျေးမှုအသိုက်အဝန်း (ASEAN Socio-Cultural Community-ASCC) တို့အနက် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကိစ္စရပ်များသည် အာဆီယံ လူမှုရေး-ယဉ်ကျေးမှုအသိုက်အဝန်း၏လုပ်ငန်းစဉ်များတွင် ပါဝင်ပါသည်။ အာဆီယံ ဒေသတွင်း သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုလုပ်ငန်းများကို ထိရောက်စွာဆောင်ရွက်ရန်အတွက် အာဆီယံသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ (ASEAN Committee on Disaster Management-ACDM) ကို ၂၀၀၃ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ပါသည်။ ACDM သည် သဘာဝ ဘေးဒဏ်ရင်ဆိုင်တုံ့ပြန်နိုင်စွမ်းရှိသည့် အာဆီယံလူမှုအသိုက်အဝန်း ဖြစ်ပေါ်လာစေရေးနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကဏ္ဍများအားလုံးတွင် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေး တို့ကို ဆောင်ရွက်ရန်ဖြစ်ပါသည်။

၇၅။ မြန်မာနိုင်ငံအနေဖြင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနအောက်ရှိ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနသည် မြန်မာနိုင်ငံကိုယ်စား ACDM တွင် အဓိကဆက်သွယ်ဆောင်ရွက်သည့် ဦးစီးဌာနအဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိပါသည်။ ACDM ၏ မူအရ အဖွဲ့ဝင်နိုင်ငံများသည် ACDM Senior Official Meeting- SOM Level အဆင့်မြင့် အရာရှိကြီးများအဆင့်အစည်းအဝေးနှင့် အခြားဆက်စပ်အစည်းအဝေးများကို နိုင်ငံအလိုက် အက္ခရာစဉ်အရ အလှည့်ကျဥက္ကဋ္ဌအဖြစ်တာဝန်ယူ၍ တစ်နှစ်လျှင်(၂)ကြိမ် ကျင်းပပြုလုပ်လျက် ရှိပါသည်။ မြန်မာနိုင်ငံသည် အလှည့်ကျဥက္ကဋ္ဌအဖြစ် ၂၀၀၉ ခုနှစ်နှင့် ၂၀၁၉ ခုနှစ်တို့တွင် တာဝန်ယူဆောင်ရွက်ခဲ့ပါသည်။

၇၆။ ACDM ၏ အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံသည် အခြားအဖွဲ့ဝင်နိုင်ငံများနှင့်အတူ သဘာဝဘေးအန္တရာယ်ဆိုင်ရာ အောက်ပါလုပ်ငန်းများတွင် ပူးပေါင်းပါဝင် ဆောင်ရွက်လျက်ရှိပါသည်-

(က) **သဘာဝဘေးစီမံခန့်ခွဲမှုနှင့် အရေးပေါ်တုံ့ပြန်မှုဆိုင်ရာ လုပ်ငန်းအစီအစဉ် (Agreement on Disaster Management and Emergency Response -AADMER Work Program) အတွက် ပူးပေါင်းဆောင်ရွက်မှု။** AADMER လုပ်ငန်းအစီအစဉ် (၂၀၂၁-၂၀၂၅)တွင် ဦးစားပေးအစီအစဉ်(၅)ရပ် (ဘေးဖြစ်နိုင်ခြေဆန်းစစ်လေ့လာရေးနှင့် စောင့်ကြည့်သုံးသပ်ရေး၊ ကြိုတင်ကာကွယ်ရေးနှင့် လျော့ပါးစေရေး၊ ကြိုတင်ပြင်ဆင်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေး၊ ဘေးဒဏ်ကြံ့ကြံ့ခံနိုင်သောပြန်လည်ထူထောင်ရေး၊ ကမ္ဘာ့အဆင့်ဦးဆောင်မှုပေးရေး) ကို ဖော်ထုတ်ရေးဆွဲထားပါသည်။ အဆိုပါ ဦးစားပေးအစီအစဉ်(၅)ရပ်ကို ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရန်အတွက် ACDM အဖွဲ့ဝင်နိုင်ငံများပါဝင်သော လုပ်ငန်းအဖွဲ့(၃)ဖွဲ့ကို ဖွဲ့စည်းထားပြီး မြန်မာနိုင်ငံအနေဖြင့် ကြိုတင်ပြင်ဆင်ရေး၊ တုံ့ပြန်ဆောင်ရွက်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းအဖွဲ့တွင် မလေးရှားနိုင်ငံ၊ စင်္ကာပူနိုင်ငံတို့နှင့်အတူ ပူးတွဲ ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိပြီး ကြိုတင်ကာကွယ်ရေးနှင့် လျော့ပါးစေရေးလုပ်ငန်းအဖွဲ့တွင် အဖွဲ့ဝင်နိုင်ငံအဖြစ် ပါဝင်ဆောင်ရွက်လျက်ရှိပါသည်။

(ခ) **သဘာဝဘေးကယ်ဆယ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး ဒေသတွင်း အသင့်စီစဉ်ထားရှိနိုင်ရန် စံသတ်မှတ်ထားသော လုပ်ငန်းဆောင်ရွက်မှု လုပ်ထုံးလုပ်နည်းများ (Standard Operating Procedure for Regional Standby Arrangements and Coordination of Joint Disaster Relief**

**and Emergency Response Operations - SASOP)။** သဘာဝဘေး ကယ်ဆယ်ရေးနှင့်အရေးပေါ်တုံ့ပြန်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် ရေးဆွဲထားရှိသော စံသတ်မှတ်ထားသောလုပ်ထုံးလုပ်နည်းများ (SASOP)ကို အာဆီယံအဖွဲ့ဝင်နိုင်ငံများသည် လုပ်ငန်းလမ်းညွှန်အဖြစ် အသုံးပြုရန်ဖြစ်ပြီး ASEAN Coordinating Centre for Humanitarian Assistance on Disaster Management (AHA Centre) က အဖွဲ့ဝင်နိုင်ငံများအကြား ညှိနှိုင်းချိတ်ဆက် ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ဤ စံသတ်မှတ်ထားသောလုပ်ထုံးလုပ်နည်း(SOP) တွင် (၁) သဘာဝဘေးကယ်ဆယ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးတွင် အာဆီယံ အဆင့် အစီအစဉ်များတည်ထောင်ရန်အတွက် လမ်းညွှန်ချက်များနှင့် သတ်မှတ်ပုံစံ များ၊ (၂) သဘာဝဘေးကယ်ဆယ်ရေးနှင့်အရေးပေါ်တုံ့ပြန်ရေးများတွင် ပူးပေါင်း ဆောင်ရွက်ရန်အတွက်လုပ်ငန်းအဆင့်များနှင့် လုပ်ထုံးလုပ်နည်းများ၊ (၃)အရပ်ဘက် နှင့် စစ်ဘက်များ၏ ပိုင်ဆိုင်မှုနှင့် စွမ်းဆောင်ရည်များ အသုံးပြုနိုင်ရေးနှင့် ကူညီ ပံ့ပိုးနိုင်ရေးအတွက်လုပ်ထုံးလုပ်နည်းများ၊ (၄) သဘာဝဘေးဆိုင်ရာ အရေးပေါ် တုံ့ပြန်မှုများအတွက် အာဆီယံအဆင့်သဏ္ဍာန်တူလေ့ကျင့်ခန်း (ARDEX)ကို အချိန်ကာလသတ်မှတ်၍ဆောင်ရွက်နိုင်ရေးနည်းလမ်းများပါရှိပါသည်။မြန်မာနိုင်ငံ အနေဖြင့်ဒေသတွင်းသဘာဝဘေးဖြစ်ပွားမှုများတွင် အာဆီယံ၏ လုပ်ထုံးလုပ်နည်း များနှင့်အညီ ဆောင်ရွက်နိုင်ရေးပြင်ဆင်ထားရှိပါသည်။

**အာဆီယံသဘာဝဘေးစီမံခန့်ခွဲမှုဆိုင်ရာ လူသားချင်းစာနာမှုအကူအညီပေးရေးညှိနှိုင်းမှုဌာန (ASEAN Coordinating Centre for Humanitarian Assistance on Disaster Management-AHA Centre)နှင့်ပူးပေါင်းဆောင်ရွက်မှု**

၇၇။ AADMER သဘောတူစာချုပ်၏ အခန်း(၂၀)ပါ ပြဋ္ဌာန်းချက်အရ အာဆီယံအဖွဲ့ဝင်နိုင်ငံ

များက အာဆီယံသဘာဝဘေးစီမံခန့်ခွဲမှုဆိုင်ရာ လူသားချင်းစာနာမှုအကူအညီပေးရေး ညှိနှိုင်းမှု ဌာန ထူထောင်ရေးဆိုင်ရာ သဘောတူစာချုပ်ကို အင်ဒိုနီးရှားနိုင်ငံ၊ ဂျာကာတာမြို့တွင် ၂၀၁၁ ခုနှစ်၊ နိုဝင်ဘာလ (၁၇)ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် (၁၉) ကြိမ်မြောက် အာဆီယံ ထိပ်သီးအစည်းအဝေး၌ လက်မှတ်ရေးထိုးအတည်ပြု၍ စတင်ထူထောင်ခဲ့ပါသည်။ AHA Centre ထူထောင်ခြင်း၏ ရည်ရွယ်ချက်မှာ သဘာဝဘေးစီမံခန့်ခွဲမှုနှင့် အရေးပေါ် တုံ့ပြန်မှုများတွင် ဒေသ ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်နိုင်ရန်နှင့် ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံများ၊ အလှူရှင်နိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် အာဆီယံနိုင်ငံများအကြား ညှိနှိုင်းပူးပေါင်း ဆောင်ရွက်မှုများ ပြုလုပ်ပေးရန်ဖြစ်ပါသည်။

၇၈။ AHA Centre ၏လုပ်ငန်းများလည်ပတ်နိုင်ရေးအတွက် အာဆီယံအဖွဲ့ဝင်နိုင်ငံများ နှစ်စဉ် ရန်ပုံငွေများထည့်ဝင်လျက်ရှိပါသည်။

၇၉။ ရန်ပုံငွေထည့်ဝင်ခြင်းဖြင့် အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံတွင် အရေးပေါ်အခြေအနေ ဖြစ်ပွားပါက အဖွဲ့ဝင်နိုင်ငံများ၏သဘောတူညီမှုဖြင့် လူသားချင်းစာနာထောက်ထားမှု အကူအညီများကို ထောက်ပံ့ပေးခြင်း၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုလုပ်ငန်းများတွင် ဆောင်ရွက်နေရသူများအား စွမ်းဆောင်ရည်မြှင့်တင်သည့် သင်တန်းများပေးခြင်းနှင့် လိုအပ်သည့်အရင်းအမြစ်များ ရရှိနိုင်ရန် ညှိနှိုင်းပေါင်းစပ်ပေးခြင်းစသည့် အကျိုးကျေးဇူးများရရှိပါသည်။ ထို့အပြင် ဘေးအန္တရာယ် ဖြစ်ပွားမှုများနှင့်ပတ်သက်၍ လိုအပ်သည့် ဆန်းစစ်လေ့လာမှုများနှင့်အရေးပေါ် တုံ့ပြန်မှုများ ဆောင်ရွက်နိုင်ရန် အာဆီယံအရေးပေါ်တုံ့ပြန်ရေးနှင့် ဆန်းစစ်လေ့လာရေးအဖွဲ့ ASEAN-Emergency Response and Assessment Team (ASEAN-ERAT) ကိုလည်း ဒေသတွင်း အဆင့်တွင် ဖွဲ့စည်းထားပါသည်။ အာဆီယံနိုင်ငံများအတွင်း ဘေးအန္တရာယ်ကျရောက်သည့် အချိန်များတွင် အရေးပေါ်လူသားချင်းစာနာမှုအကူအညီများပံ့ပိုးပေးနိုင်ရေးနှင့် ဆန်းစစ်လေ့လာ မှုများ ဆောင်ရွက်နိုင်ရေးအတွက် ASEAN-ERAT အဖွဲ့ကို ဘေးဖြစ်ပွားရာနိုင်ငံသို့ အချိန်နှင့်

တစ်ပြေးညီ စေလွှတ်ပေးလျက်ရှိပါသည်။

၈၀။ ထို့အပြင် အာဆီယံဒေသတွင်း ဘေးအန္တရာယ်များဖြစ်ပွားပါက ကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများကို ထိရောက်မြန်ဆန်စွာ ဆောင်ရွက်နိုင်ရန်အတွက် အာဆီယံသဘာဝဘေး အရေးပေါ်ထောက်ပံ့ပို့ဆောင်ရေးစနစ် Disaster Emergency Logistic System for ASEAN-DELSA ကို ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ (၇)ရက်နေ့တွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်။ DELSA စီမံကိန်းအရ ကယ်ဆယ်ထောက်ပံ့ရေးပစ္စည်းများကို မလေးရှားနိုင်ငံ၊ ဆူဘန်းမြို့တွင် ဗဟိုသိုလှောင်ရုံ တစ်ခုဖွင့်လှစ်၍ သိုလှောင်ထားပြီး အရန်သိုလှောင်ရုံများကို ထိုင်းနိုင်ငံ၊ ချိုင်းနတ်နှင့် ဖိလစ်ပိုင်နိုင်ငံ၊ ကွာဇုန်မြို့ (Quezon City) တို့တွင် အသီးသီးတည်ဆောက်၍ ကယ်ဆယ်ထောက်ပံ့ရေးပစ္စည်းများ သိုလှောင်ထားရှိပါသည်။

**ကုလသမဂ္ဂနှင့် နိုင်ငံတကာအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်မှု**

၈၁။ နိုင်ငံတစ်နိုင်ငံတွင် ဘေးအန္တရာယ်ကြုံတွေ့ရပါက ထိရောက်စွာ တုံ့ပြန်ဆောင်ရွက်ရန် လူသားချင်းစာနာထောက်ထားမှုအကူအညီများပေးနိုင်ရေးရည်ရွယ်၍ နိုင်ငံတော်နှင့် ကုလသမဂ္ဂ၊ နိုင်ငံတကာအဖွဲ့အစည်းများအကြား ဥပဒေအရစည်းနှောင်ထားခြင်းမဟုတ်ဘဲ အကူအညီပေးအပ်ရမည်ဟူသည့် မူဘောင်ရှိပါသည်။

၈၂။ မြန်မာနိုင်ငံရှိ လူသားချင်းစာနာထောက်ပံ့မှုလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ရန် Humanitarian Country Team (HCT)ကို Humanitarian Coordinator(HC) ခေါင်းဆောင်မှုဖြင့်ဆောင်ရွက်လျက်ရှိပါသည်။ HCT တွင် လူသားချင်းစာနာထောက်ထားမှုလုပ်ငန်းများ ဆောင်ရွက်နေသောအဖွဲ့အစည်းများပါဝင်ပြီး အဓိကအားဖြင့် အဖွဲ့အစည်းများအတွင်းနည်းပညာဆိုင်ရာပူးပေါင်းဆောင်ရွက်မှုနှင့် အစိုးရ၊ ဌာနဆိုင်ရာအဖွဲ့အစည်းများအကြား ဆက်သွယ်ညှိနှိုင်းဆောင်ရွက်ပေးပါသည်။ ကုလသမဂ္ဂနှင့် နိုင်ငံတကာ အဖွဲ့အစည်းများက ဆောင်ရွက်လျက်ရှိသော လုပ်ငန်းကဏ္ဍများမှာအောက်ပါအတိုင်းဖြစ်ပါသည်-

(က) အရေးပေါ်အခိုအကာရရှိရေးကဏ္ဍ

( ခ) ကျန်းမာရေးကဏ္ဍ

( ဂ) ပညာရေးကဏ္ဍ

(ဃ) အသက်မွေးဝမ်းကျောင်းကဏ္ဍ

( င) စခန်းစီမံခန့်ခွဲမှုနှင့် စခန်းအတွင်းပူးပေါင်းဆောင်ရွက်မှုလုပ်ငန်း

( စ) ရေနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးလုပ်ငန်း

(ဆ) အစာအာဟာရလုပ်ငန်း

( ဇ) အစားအစာမဟုတ်သော ပစ္စည်းများထောက်ပံ့ရေးလုပ်ငန်း

( ဈ) ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်း

၈၃။ အဆိုပါ လုပ်ငန်းကဏ္ဍများဆောင်ရွက်ရန်အတွက် အဖွဲ့အစည်းများအကြား United Nations Office for the Coordination of Humanitarian Affairs(OCHA) က ကြားခံအဖြစ် ဆက်သွယ်ညှိနှိုင်းပေးပါသည်။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနသည် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုလုပ်ငန်းများနှင့် လူသားချင်းစာနာထောက်ပံ့ခြင်း လုပ်ငန်းများကို ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအစိုးရ မဟုတ်သော အဖွဲ့အစည်းများနှင့် ဆက်သွယ်ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ ဆက်သွယ်ပူးပေါင်းခြင်းကို သဘာဝဘေး အန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုနည်းဥပဒေများ (၂၀၁၅)၊ အခန်း(၁၀)ပါ နိုင်ငံတကာအကူအညီပေးသူ များနှင့် ဆက်သွယ်ပူးပေါင်းဆောင်ရွက်ခြင်းကဏ္ဍတွင် ဖော်ပြထားသည့် လုပ်ငန်းများနှင့် သက်ဆိုင်ရာလုပ်ငန်းကော်မတီများ၏ လုပ်ငန်းတာဝန်ဖော်ပြချက်များနှင့်အညီ ဆောင်ရွက် ရမည်။

**ပြည်တွင်းလူမှုရေးအသင်းအဖွဲ့များ၊အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့်ပူးပေါင်း ဆောင်ရွက်မှု**

၈၄။ တရားဝင်အသိအမှတ်ပြုထားသော ပြည်တွင်းလူမှုရေးအသင်းအဖွဲ့များ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများသည် အောက်ဖော်ပြပါ သဘာဝဘေးလျော့ပါးရေးလုပ်ငန်းများနှင့် လူသားချင်း စာနာထောက်ထားမှု အကူအညီပေးရေးလုပ်ငန်းများတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ်၊ ခရိုင်၊ မြို့နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့များနှင့် ချိတ်ဆက်၍ ပူးပေါင်းပါဝင် ဆောင်ရွက်နိုင် ပါသည်-

(က) ရပ်ရွာအခြေပြု သဘာဝဘေးအန္တရာယ်လျော့ပါးသက်သာစေရေးဆိုင်ရာ ဆွေးနွေး ဟောပြောပွဲများနှင့် သဘာဝဘေးအသိပညာပေးလုပ်ငန်းများတွင် ပူးပေါင်း ဆောင်ရွက်ခြင်း၊

( ခ) သဘာဂဘေးအန္တရာယ် တုံ့ပြန်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ကြိုတင်ဇာတ်တိုက် လေ့ကျင့်မှုများ ဆောင်ရွက်ရာတွင် ပူးပေါင်းပါဝင်ခြင်း၊

( ဂ) သဘာဝဘေးစီမံခန့်ခွဲမှုအတွက် လိုအပ်သောသင်တန်းများရရှိနိုင်ရေး ညှိနှိုင်းတင်ပြ ဆောင်ရွက်ခြင်း၊

(ဃ) ရပ်ရွာအခြေပြုသဘာဂဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုလုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် သဘာဂဘေးအန္တရာယ်လျော့ပါးရေး စေတနာ့ဂန်ထမ်း အဖွဲ့များ ဖွဲ့စည်းရာတွင်ပါဝင်ခြင်း၊

( င) မိမိတို့အဖွဲ့အခြေပြုရာဒေသတွင် ဖြစ်ပွားနိုင်ဖွယ်ရှိသော ဘေးအမျိုးအစားများနှင့် ဘေးလွတ်ရာနေရာများစာရင်းပြုစုခြင်း၊သဘာဝဘေးတုံ့ပြန်မှုအတွက်အရင်းအမြစ် များ ရှာဖွေဖော်ထုတ်ခြင်းတို့တွင် သက်ဆိုင်ရာ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံ ခန့်ခွဲမှုအဖွဲ့များနှင့်ပူးပေါင်းပါဝင်ခြင်း၊

(စ) လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ သဘာဝဘေးအန္တရာယ်ဆိုင်ရာသတင်းအချက်အလက်များ၊ ပြည်သူသို့အသိပေး ထုတ်ပြန်ချက်များ၊ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ကြိုတင်သတိပေးချက်များအား အများပြည်သူအချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ရေးအတွက် ပူးပေါင်းဖြန့်ဝေသတိပေးနှိုးဆော်ပေးခြင်း၊

(ဆ) သဘာဝဘေးအန္တရာယ် ဖြစ်ပွားနေစဉ် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများအား ကူညီဆောင်ရွက်ခြင်း၊ အရေးပေါ်အကူအညီပေးခြင်းနှင့် ဘေးလွတ်ရာနေရာသို့ ရွှေ့ပြောင်းခြင်း၊ ထိခိုက်ဒဏ်ရာရသူများအား ရှေးဦးသူနာပြုစုခြင်းလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဇ) ကယ်ဆယ်ရေးနှင့် အရေးပေါ်အကူအညီထောက်ပံ့ရေးလုပ်ငန်းများကို လျင်မြန်ထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့်အတူ မိမိတို့၏ ပစ္စည်းကိရိယာအရင်းအမြစ်များနှင့် လူအင်အားများကို ထည့်သွင်းအသုံးပြုဆောင်ရွက်ခြင်း၊

(ဈ) သဘာဝဘေးအန္တရာယ်ဖြစ်ပွားပြီးနောက် စားနပ်ရိက္ခာထောက်ပံ့ခြင်း၊ လူသုံးကုန်ပစ္စည်းထောက်ပံ့ခြင်း၊ လိုအပ်ပါက ယာယီခိုလှုံရာနေရာများသို့ ပို့ဆောင်ပေးခြင်းလုပ်ငန်းများတွင် သက်ဆိုင်ရာ သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့များနှင့် ညှိနှိုင်းပူးပေါင်း ဆောင်ရွက်ခြင်း၊

(ည) သဘာဝဘေးအန္တရာယ်ဖြစ်ပွားပြီးနောက် ကဏ္ဍအလိုက် ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင်ပူးပေါင်းပါဝင်ခြင်း။

**နောက်ဆက်တွဲများ**

(က) အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဖွဲ့စည်းမှုနှင့် လုပ်ငန်းတာဝန်များ

( ခ ) သဘာဝဘေးစီမံခန့်ခွဲမှုအတွက် တပ်မတော်မှဖွဲ့စည်းထားမှုနှင့်လုပ်ငန်းတာဝန်များ

( ဂ) သဘာဝဘေးကျရောက်ပြီးနောက် ပျက်စီးဆုံးရှုံးမှုစာရင်း ကောက်ယူစာရင်းပုံစံ

(ဃ) National Indicators Framework အတွက် ပေးပို့ရသည့်သဘာဝဘေး ဖြစ်ပွားမှု ဆိုင်ရာအချက်အလက်များ

(င) ဘေးဒဏ်ခံအဆောက်အအုံ (Shelter) များပြမြေပုံ

(စ) သဘာဝဘေးဆိုင်ရာသတင်းအချက်အလက်ရယူနိုင်သော Website များ

(ဆ) တည်မြဲအမိန့်ပြင်ဆင်ရေးဆွဲရေး လုပ်ငန်းဆောင်ရွက်မှုအကျဉ်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

အမိန့်ကြော်ငြာစာအမှတ် ၂၈၃ /၂၀၂၂

၁၃၈၃ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၀ ရက်

(၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၂၀ ရက်)

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ဒုတိယဝန်ကြီးချုပ် | ဥက္ကဋ္ဌ |
| (ခ) | ပြည်ထောင်စုဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ပြည်ထောင်စုဝန်ကြီး<br>လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး<br>ဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဃ) | ပြည်ထောင်စုဝန်ကြီး<br>ကာကွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ပြည်ထောင်စုဝန်ကြီး<br>နိုင်ငံခြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ပြည်ထောင်စုဝန်ကြီး<br>ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန(၁) | အဖွဲ့ဝင် |
| (ဆ) | ပြည်ထောင်စုဝန်ကြီး<br>နယ်စပ်ရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ပြည်ထောင်စုဝန်ကြီး<br>စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ပြည်ထောင်စုဝန်ကြီး<br>ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | ပြည်ထောင်စုဝန်ကြီး<br>အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဋ) | ပြည်ထောင်စုဝန်ကြီး<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဌ) | ပြည်ထောင်စုဝန်ကြီး<br>သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန | အဖွဲ့ဝင် |

(ဍ) ပြည်ထောင်စုဝန်ကြီး အဖွဲ့ဝင်
စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

(ဎ) ပြည်ထောင်စုဝန်ကြီး အဖွဲ့ဝင်
သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန

(ဏ) ပြည်ထောင်စုဝန်ကြီး အဖွဲ့ဝင်
ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန

(တ) ပြည်ထောင်စုဝန်ကြီး အဖွဲ့ဝင်
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

(ထ) ပြည်ထောင်စုဝန်ကြီး အဖွဲ့ဝင်
လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန

(ဒ) ပြည်ထောင်စုဝန်ကြီး အဖွဲ့ဝင်
စက်မှုဝန်ကြီးဌာန

(ဓ) ပြည်ထောင်စုဝန်ကြီး အဖွဲ့ဝင်
လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန

(န) ပြည်ထောင်စုဝန်ကြီး အဖွဲ့ဝင်
အလုပ်သမားဝန်ကြီးဌာန

(ပ) ပြည်ထောင်စုဝန်ကြီး အဖွဲ့ဝင်
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

(ဖ) ပြည်ထောင်စုဝန်ကြီး အဖွဲ့ဝင်
ပညာရေးဝန်ကြီးဌာန

(ဗ) ပြည်ထောင်စုဝန်ကြီး အဖွဲ့ဝင်
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန

(ဘ) ပြည်ထောင်စုဝန်ကြီး အဖွဲ့ဝင်
ကျန်းမာရေးဝန်ကြီးဌာန

(မ) ပြည်ထောင်စုဝန်ကြီး အဖွဲ့ဝင်
အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန

(ယ) ပြည်ထောင်စုဝန်ကြီး အဖွဲ့ဝင်
ဆောက်လုပ်ရေးဝန်ကြီးဌာန

(ရ) ပြည်ထောင်စုဝန်ကြီး အဖွဲ့ဝင်
ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန

(လ) ပြည်ထောင်စုဝန်ကြီး အဖွဲ့ဝင်
တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန

(ဝ) နေပြည်တော်ကောင်စီဥက္ကဋ္ဌ — အဖွဲ့ဝင်
ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်

(သ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်များ — အဖွဲ့ဝင်
တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ အားလုံး

(ဟ) စစ်ဦးစီးအရာရှိချုပ်(ကြည်း) — အဖွဲ့ဝင်
ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)

(ဠ) စစ်ဦးစီးအရာရှိချုပ်(ရေ) — အဖွဲ့ဝင်
ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)

(အ) စစ်ဦးစီးအရာရှိချုပ်(လေ) — အဖွဲ့ဝင်
ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)

(ကက) ဒုတိယဝန်ကြီး — အတွင်းရေးမှူး
လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး
ဝန်ကြီးဌာန

(ခခ) ညွှန်ကြားရေးမှူးချုပ် — တွဲဖက်အတွင်းရေးမှူး
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

၂။ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ကော်မတီ၏လုပ်ငန်းစဉ်များအား အကောင်အထည်ဖော်ရန်အတွက် လိုအပ်သော အဖွဲ့များဖွဲ့စည်းပေးခြင်း၊ အဆင့်ဆင့်သောလုပ်ငန်းများအနက် အရေးကြီးသော လုပ်ငန်းများအား မူဝါဒပေးခြင်း၊ ကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက် တိုးတက်မှုကို ပြန်လည်သုံးသပ်၍ လိုအပ်သလိုလမ်းညွှန်ခြင်း၊

(ခ) သဘာဝဘေးကြုံတွေ့နေချိန်တွင် ပြည်တွင်းစွမ်းအားစုများကို လိုအပ်သလို ထုတ်နုတ်သုံးစွဲနိုင်ရေးဆိုင်ရာ မူဝါဒလမ်းညွှန်ချက်များ ချမှတ်ပေးခြင်း၊

(ဂ) ပြည်ပမှ အကူအညီလိုသည်ဟု ဆုံးဖြတ်သောကိစ္စများအတွက် ပေါင်းစပ် ဆောင်ရွက်ရေးဆိုင်ရာ အခြေခံမူဝါဒများချမှတ်ပေးခြင်း၊

(ဃ) နိုင်ငံတော်ဘဏ္ဍာနှင့် နိုင်ငံတော်ပိုင်အရင်းအမြစ်များအား စီမံခန့်ခွဲလျက် လိုအပ်သောနေရာများသို့ ကူညီပေးခြင်း၊

(င) သဘာဝဘေးကာကွယ်စောင့်ရှောက်ရေးစီမံခန့်ခွဲမှုလုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်နိုင်စေရေးနှင့် အခက်အခဲအဟန့်အတား မရှိစေရေးအတွက်လည်း ကောင်း၊ သဘာဝဘေးကြုံတွေ့နေချိန်နှင့် ကြုံတွေ့ပြီးချိန်တွင် ရပ်ရွာအေးချမ်း သာယာရေးနှင့်တရားဥပဒေစိုးမိုးရေးအတွက်လည်းကောင်း လိုအပ်ပါက အမိန့်၊ ညွှန်ကြားချက်များ ထုတ်ပြန်ဆောင်ရွက်ခြင်း။

၃။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀-၂-၂၀၂၁ ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ် ၁၀/၂၀၂၁ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

စာအမှတ်၊ ၃/၁၆၅-(သဘာဝဘေး)/နစက(၂၀၂၁)။
ရက်စွဲ ၊ ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်။

ဖြန့်ဝေခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး
ပြည်ထောင်စုအစိုးရအဖွဲ့ရုံး
ပြည်ထောင်စုလွှတ်တော်ရုံး
ပြည်သူ့လွှတ်တော်ရုံး
အမျိုးသားလွှတ်တော်ရုံး
ပြည်ထောင်စုတရားလွှတ်တော်ချုပ်
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး
ပြည်ထောင်စုဝန်ကြီးဌာနအားလုံး
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး
ပြည်ထောင်စုရာထူးဝန်အဖွဲ့
နေပြည်တော်ကောင်စီ
တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့အားလုံး
မြန်မာနိုင်ငံတော်ဗဟိုဘဏ်
နေပြည်တော်စည်ပင်သာယာရေးကော်မတီ
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး
မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး
သက်ဆိုင်ရာပုဂ္ဂိုလ်များ
ညွှန်ကြားရေးမှူးချုပ်
ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန

} မြန်မာနိုင်ငံပြန်တမ်းအပိုင်း(၁)တွင် ထည့်သွင်းကြေညာပေးပါရန်။

အမိန့်အရ

ဇော်သန်းသင်း
အမြဲတမ်းအတွင်းဝန်

နောက်ဆက်တွဲ(ခ)

**သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအတွက် တပ်မတော်မှ ဖွဲ့စည်းဆောင်ရွက်မှုနှင့် လုပ်ငန်းတာဝန်များ**

၁။ သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအတွက် တပ်မတော်အနေဖြင့် ဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီ၊ တိုင်းအဆင့်ကော်မတီ၊ တပ်မ/ စကခ/ ဒကစအဆင့်ကော်မတီ၊ တပ်ရင်းတပ်ဖွဲ့အဆင့်ကော်မတီများအား အောက်ပါအတိုင်း ဖွဲ့စည်းဆောင်ရွက်ပါသည်-

(က) **သဘာဝဘေးကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီ-** တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဒုတိယဥက္ကဋ္ဌအဖြစ် ဦးဆောင်ပြီး ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ) အပါအဝင် အရာရှိကြီးများက အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ စစ်ထောက်ချုပ်က တွဲဖက်အတွင်းရေးမှူးအဖြစ်လည်းကောင်း ဖွဲ့စည်းထားပါသည်။

(ခ) **သဘာဝဘေးကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းကော်မတီ-** ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)က ဥက္ကဋ္ဌအဖြစ် ဦးဆောင်ပြီး ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ) အပါအဝင် စစ်တိုင်းမှူးများက အဖွဲ့ဝင်အဖြစ်ပါဝင်ကာ လက်ထောက်စစ်ဦးစီးအရာရှိချုပ်က အတွင်းရေးမှူးအဖြစ် ဖွဲ့စည်းထားပါသည်။

(ဂ) **တိုင်းစစ်ဌာနချုပ်အဆင့် သဘာဝဘေးကာကွယ်စောင့်ရှောက်ရေး စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီ-** တိုင်းမှူးက ဥက္ကဋ္ဌအဖြစ် ဦးဆောင်ကာ တိုင်းစစ်ဌာနချုပ်ရှိ အရာရှိကြီးများ (ဆက်သွယ်ရေးတပ်၊ ဆေးတပ်၊ ထောက်ပံ့နှင့် ပို့ဆောင်ရေးတပ်၊ တပ်ထိန်းတပ်အပါအဝင်)က အဖွဲ့ဝင်အဖြစ်ပါဝင်ကာ တိုင်းဦးစီးချုပ်က

အတွင်းရေးမှူး အဖြစ်လည်းကောင်း၊ တပ်ခွဲမှူး(ဆောက်လုပ်ရေးအင်ဂျင်နီယာ)က တွဲဖက်အတွင်းရေးမှူးအဖြစ် လည်းကောင်း ဖွဲ့စည်းထားပါသည်။

(ဃ) **တပ်မ/စကခ/ဒကစအဆင့် သဘာဝဘေးကာကွယ်စောင့်ရှောက်ရေး စီမံခန့်ခွဲမှု လုပ်ငန်းကော်မတီ-** တပ်မ /စကခ/ ဒကစမှူးက ဥက္ကဋ္ဌအဖြစ် ဦးဆောင်ကာ တပ်မ/စကခ/ဒကစရှိ အရာရှိကြီး/ အရာရှိများကအဖွဲ့ဝင်အဖြစ် ပါဝင်ကာ စစ်ဦးစီးမှူး(ပထမတန်း)က အတွင်းရေးမှူးအဖြစ် လည်းကောင်း၊ တပ်ခွဲမှူး (စစ်မြေပြင်အင်ဂျင်နီယာ)က တွဲဖက်အတွင်းရေးမှူးအဖြစ် လည်းကောင်း ဖွဲ့စည်းထားပါသည်။

(င) **တပ်ရင်း/ တပ်ဖွဲ့အဆင့် သဘာဝဘေးကာကွယ်စောင့်ရှောက်ရေး စီမံခန့်ခွဲမှု လုပ်ငန်းကော်မတီ-** တပ်ရင်းမှူးက ဥက္ကဋ္ဌအဖြစ် ဦးဆောင်ကာ တပ်ရင်းရှိ အရာရှိများက အဖွဲ့ဝင်အဖြစ်ပါဝင်ကာ ဌာနချုပ်တပ်ခွဲမှူးက အတွင်းရေးမှူးအဖြစ် လည်းကောင်း၊ တပ်ထောက်ဗိုလ်ကြီးက တွဲဖက်အတွင်းရေးမှူးအဖြစ်လည်းကောင်း ဖွဲ့စည်းထားပါသည်။

၂။ ဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီအသီးသီး၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) **သဘာဝဘေးကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီ၏လုပ်ငန်းတာဝန်များ**

(၁) တပ်မတော်ဆိုင်ရာ သဘာဝဘေးကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီအနေဖြင့် လူသားချင်းစာနာထောက်ကူမှုနှင့် သဘာဝဘေး အန္တရာယ်ကာကွယ်ရေးတွင် တပ်မတော်မှ ပူးပေါင်းကူညီဆောင်ရွက်ရေး အတွက် မူဝါဒများနှင့် ရည်မှန်းချက်တာဝန်များ သတ်မှတ်ထုတ်ပြန်ခြင်း၊

(၂) တပ်မတော်ဆိုင်ရာလုပ်ငန်းကော်မတီ အဆင့်ဆင့်ဖွဲ့စည်းခြင်း၊ တာဝန်ပေးအပ်ခြင်းနှင့် လုပ်ငန်းတာဝန်များ ထုတ်ပြန် သတ်မှတ်ခြင်း၊

(၃) ဘေးဒုက္ခကျရောက်သူများ အသက်အန္တရာယ်ကယ်ဆယ်ရေးနှင့် လုံခြုံမှုဆောင်ရွက်ရန်အတွက် ကြိုတင်စီမံခြင်း၊

(၄) လုပ်ငန်းအဖွဲ့များအနေဖြင့် ဒဏ်ရာရရှိသူများအား လိုအပ်သောဆေးအကာအကွယ်ပေးရေး ဆောင်ရွက်နိုင်ရန် လိုအပ်သည်များ ကြိုတင်စီမံဖြည့်ဆည်းပေးခြင်း၊

(၅) သဘာဝဘေးအန္တရာယ်ကျရောက်ရာဒေသရှိ နိုင်ငံတော်ပိုင်နှင့် ပြည်သူလူထုပိုင် ပစ္စည်း၊ ဥစ္စာ၊ အိမ်ရာ အဆောက်အဦများအား အကာအကွယ်ပေးနိုင်ရေး စီမံခြင်း၊

(၆) သဘာဝပတ်ဝန်းကျင် ကာကွယ်ထိန်းသိမ်းရေးအတွက် လိုအပ်သည့်လုပ်ငန်းရပ်များ ထည့်သွင်းစီမံခြင်း၊

(၇) သဘာဝဘေးအန္တရာယ် ကယ်ဆယ်ရေး လုပ်ငန်းသုံးပစ္စည်းကိရိယာများစီမံဖြည့်ဆည်းခြင်း၊

(၈) သဘာဝဘေးအန္တရာယ် ကျရောက်ရာ ဒေသတို့တွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် စီမံခြင်း၊

(၉) လူသားချင်းစာနာထောက်ထားမှု အကူအညီပေးခြင်းနှင့် သဘာဝဘေးအန္တရာယ် ကယ်ဆယ်ရေးဆိုင်ရာလုပ်ငန်းရပ်များတွင် သက်ဆိုင်ရာဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု လုပ်ငန်းကော်မတီ၊ အဖွဲ့များ၊ အဖွဲ့အစည်းများသို့ တပ်မတော်မှ ကူညီဆောင်ရွက်နိုင်ရေးအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ (National Disaster Management Committee) နှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း။

(ခ) **သဘာဝဘေးကာကွယ် စောင့်ရှောက်ရေးလုပ်ငန်း ကော်မတီ၏ လုပ်ငန်းတာဝန်များ**

(၁) တပ်မတော် သဘာဝဘေးကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီမှ ချမှတ်ထားသော သဘာဝဘေးအန္တရာယ်ကာကွယ် စောင့်ရှောက်ရေးဆိုင်ရာ မူဝါဒများ၊ ရည်မှန်းချက်တာဝန်များ၊ ကော်မတီအလိုက် လုပ်ငန်းတာဝန်များအား လက်အောက်ခံ ကော်မတီအဆင့်ဆင့်မှ တိကျစွာ လိုက်နာဆောင်ရွက်ရေး ကြီးကြပ်ခြင်း၊

(၂) မြန်မာနိုင်ငံအတွင်း သဘာဝဘေးအန္တရာယ် ကျရောက်နိုင်ခြေရှိသော ဒေသမြေပုံ(Hazard Maps)များ၊ သဘာဝဘေးအတိုင်းအတာပြ မြေပုံ (Risk Maps)များနှင့် ရာသီတစ်ခုချင်းအလိုက် သဘာဝဘေးအန္တရာယ် ဖြစ်ပေါ်လေ့ရှိသော စာရင်း(ပြက္ခဒိန်)တို့ကို ရေးဆွဲထားရှိခြင်း၊

(၃) သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ခြင်း (Prevention) လုပ်ငန်းရပ်များ ကူညီဆောင်ရွက်ရန် စီမံခြင်း၊

(၄) သဘာဝဘေးအန္တရာယ် လျော့ပါးသက်သာစေရေး (Preparedness/ Mitigation) လုပ်ငန်းရပ်များ ကူညီဆောင်ရွက်ရန် စီမံခြင်း၊

(၅) သဘာဝဘေးအန္တရာယ် ကျရောက်ရာဒေသများတွင် ရှာဖွေရေးနှင့် ကယ်ဆယ်ရေး(Search and Rescue)လုပ်ငန်းများ ကူညီဆောင်ရွက်ရန် စီမံခြင်း၊

(၆) သဘာဝဘေးအန္တရာယ် ကျရောက်ရာ ဒေသများရှိ ပြန်လည်ထူထောင်ရေး(Recovery)လုပ်ငန်းများတွင် ကူညီဆောင်ရွက်နိုင်ရန် စီမံခြင်း၊

(၇) သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကြိုတင်သတိပေးချက်များအား သက်ဆိုင်ရာနယ်မြေကော်မတီ အဆင့်ဆင့်သို့ အသိပေးထုတ်ပြန်နိုင်ရေး စီမံထားရှိခြင်း၊

(၈) တိုင်း/ တပ်မနှင့် တပ်ရင်း/ တပ်ဖွဲ့အသီးသီးရှိ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် စည်းရုံးရေးနယ်မြေအလိုက် ဒေသခံလူထုတို့အား သဘာဝဘေးအန္တရာယ်ဆိုင်ရာအသိပညာပေးမှုအစီအစဉ်များ၊ သင်တန်းများ၊ ဇာတ်တိုက်လေ့ကျင့်မှုများစီမံခြင်း၊

(၉) သဘာဝဘေးအန္တရာယ် ကယ်ဆယ်ရေးဆိုင်ရာ လုပ်ငန်းသုံးပစ္စည်းကိရိယာများအား တိုင်းစစ်ဌာနချုပ် နယ်မြေအလိုက် ဖြန့်ခွဲထားရှိနိုင်ရေး အဆင့်လိုက်ဖြည့်ဆည်းရန် စီမံခြင်း၊

(၁၀) သဘာဝဘေးအန္တရာယ်ကျရောက်ရာ ဒေသရှိ တပ်ဖွဲ့ဝင်မိသားစုများနှင့်ပြည်သူလူထုအား ဘေးလွတ်ရာသို့ ရွှေ့ပြောင်းနိုင်ရေး ခိုလှုံရန် အကာအကွယ်နေရာ(Shelters)များ၊ သယ်ယူပို့ဆောင်ရေး မော်တော်ယာဉ်၊ ရေယာဉ်၊ လေယာဉ်၊ ရဟတ်ယာဉ်များ ကြိုတင်စီမံထားရှိခြင်း၊

(၁၁) တပ်မတော် သင်တန်းကျောင်းများတွင် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုနှင့်ပတ်သက်၍ သင်ခန်းစာဘာသာရပ်တစ်ခုအဖြစ် ထည့်သွင်းပို့ချရန် စီမံခြင်း၊

(၁၂) မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနထံမှ သဘာဝဘေးအန္တရာယ်နှင့်ပတ်သက်သည့် သတင်းများနှင့် အချက်အလက်များ စုဆောင်းခြင်း၊ တပ်မတော်တစ်ရပ်လုံးသို့ ဖြန့်ချိခြင်း၊

(၁၃) သဘာဝဘေးအန္တရာယ်ကျရောက်မှုကြောင့်သက်ရောက်မှုများအား ဆန်းစစ်အကဲဖြတ်ရန်နှင့် အရေးပေါ်တုံ့ပြန်ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် စီမံခြင်း၊

(၁၄) လက်အောက်ခံ ကော်မတီအဆင့်ဆင့်တွင် သဘာဝဘေးအန္တရာယ် လျင်မြန်စွာ တုံ့ပြန်ဆောင်ရွက်ရေးအဖွဲ့ (Quick Response Forces) များအား အောက်ပါအတိုင်း ဖွဲ့စည်းထားရှိစေခြင်း-

(ကက) တိုင်း/ တပ်မအဆင့် တပ်ရင်း ၃ ရင်း

( ခခ ) တပ်ရင်း/ တပ်ဖွဲ့အဆင့် တပ်ခွဲ ၂ ခွဲ

(၁၅) သဘာဝဘေးအန္တရာယ်ကျရောက်ရာဒေသများရှိ လက်အောက်ခံ ကော်မတီအဆင့်ဆင့်နှင့် ဆက်သွယ်မှု မပြတ်တောက်စေရေး ဆက်သွယ်မှု စနစ်များ ကြိုတင်စီမံခြင်း၊

(၁၆) သဘာဝဘေးအန္တရာယ်ကျရောက်ရာ ဒေသများတွင် ဘေးအန္တရာယ် ကျရောက်ပြီးနောက် စားရေရိက္ခာ အရေးပေါ်ထောက်ပံ့ရေး၊ ဆေးကုသရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ လျင်မြန်စွာ ဆောင်ရွက်နိုင်ရေး စီမံခန့်ခွဲခြင်း။

(ဂ) **တိုင်းစစ်ဌာနချုပ်အဆင့် သဘာဝဘေးကာကွယ်စောင့်ရှောက်ရေး စီမံခန့်ခွဲမှု လုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များ**

(၁) သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း သဘာဝဘေးအန္တရာယ် ကျရောက်ပါက တပ်မတော်ဆိုင်ရာသဘာဝဘေးကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီ၏ မူဝါဒများနှင့် လုပ်ငန်းကော်မတီ၏ လမ်းညွှန်ချက်များနှင့် အညီ ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

(၂) သဘာဝဘေးအန္တရာယ် ကာကွယ်ရေးဆိုင်ရာ အသိပညာပေးခြင်း၊ သင်တန်းများ ဖွင့်လှစ်ခြင်း၊ ဇာတ်တိုက်လေ့ကျင့်ခြင်းတို့ကို တိုင်းဒေသကြီး/ ပြည်နယ်အလိုက် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့များနှင့် ချိတ်ဆက်စီမံ ဆောင်ရွက်ခြင်း။

(၃) သဘာဝဘေးအန္တရာယ် ကယ်ဆယ်ရေးဆိုင်ရာ လုပ်ငန်းသုံးပစ္စည်းများ စုပုံထားရှိရေးအတွက် အထက်ဌာနသို့ တင်ပြဖြည့်ဆည်းခြင်း၊ လိုအပ်ပါက အမျိုးသားကော်မတီသို့ တောင်းခံဖြည့်ဆည်းခြင်း၊

(၄) နယ်မြေဒေသအလိုက် သဘာဝဘေးဖြစ်ပွားမှုနှင့် စပ်လျဉ်းသည့် သတင်းအချက်အလက်များ မှန်ကန်စွာ စုဆောင်းကောက်ယူနိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ခြင်းနှင့် တောင်းခံရယူခြင်း၊

(၅) သဘာဝဘေးအန္တရာယ် ကယ်ဆယ်ရေးဆိုင်ရာ လူ၊ ပစ္စည်း စုဖွဲ့မှု ကြိုတင်ဆောင်ရွက်ခြင်း-

(ကက) သတင်းနှင့် ပညာပေးရေး လုပ်ငန်းအဖွဲ့

(ခခ) ဘေးအန္တရာယ် စိစစ်ရေးအဖွဲ့

(ဂဂ) ရှာဖွေကယ်ဆယ်ရေးအဖွဲ့

(ဃဃ) ဆေးတပ်ဖွဲ့

(ငင) သယ်ယူပို့ဆောင်ရေးအဖွဲ့

(စစ) ထောက်ပံ့ရေးအဖွဲ့

(ဆဆ) အင်ဂျင်နီယာအဖွဲ့

(ဇဇ) ဆက်သွယ်ရေးအဖွဲ့

(ဈဈ) လုံခြုံရေးလုပ်ငန်းအဖွဲ့

(၆) အထက်ကော်မတီ အဆင့်ဆင့်နှင့် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ရရှိသော သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကြိုတင်သတိပေးချက်များအား အောက်ခြေအဆင့်ထိ ဖြန့်ဝေနိုင်ရေး စီမံခြင်း၊

(၇) သဘာဝဘေးအန္တရာယ် ကျရောက်နိုင်သော ဒေသကို ဖော်ထုတ်၍ သဘာဝဘေးအန္တရာယ်ကျရောက်နိုင်ခြေ ဆန်းစစ်ချက် ပြုစုခြင်းနှင့် အရေးပေါ်ဆောင်ရွက်ရမည့် စီမံချက်များ ရေးဆွဲခြင်း၊

(၈) သဘာဝဘေးအန္တရာယ်ဆိုင်ရာ ဗဟုသုတများကို တပ်ဖွဲ့ဝင် မိသားစုများနှင့် အများပြည်သူသို့ အသိပညာပေးခြင်း၊ ကြိုတင်သတိပေးစနစ်များ ထားရှိဆောင်ရွက်ခြင်း၊ ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများအတွက် လေ့ကျင့်သင်တန်းပေးခြင်းနှင့် အစမ်းလေ့ကျင့်မှုများ ပြုလုပ်ခြင်း၊

(၉) ရှာဖွေကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများကို လျင်မြန်ထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် နယ်မြေခံ တပ်ဖွဲ့များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ ကြက်ခြေနီတပ်ဖွဲ့၊ စေတနာ့ဝန်ထမ်း အဖွဲ့အစည်းများ၊ လူမှုအဖွဲ့အစည်းနှင့် အစိုးရမဟုတ်သော အခြားအဖွဲ့အစည်းများ၊ ဒေသအာဏာပိုင်အဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(၁၀) အလွယ်တကူရှောင်တိမ်းရန် မဖြစ်နိုင်သော ဒေသတွင် မုန်တိုင်းဒဏ်ခံအဆောက်အအုံများနှင့် အသက်ကယ်ကုန်းများ ဆောက်လုပ်မှုတွင် ကူညီဆောင်ရွက်ခြင်း၊

(၁၁) ပင်လယ်ကမ်းရိုးတန်းဒေသတစ်လျှောက်နှင့် ရေလွှမ်းမိုးခြင်း ခံရနိုင်သည့်ဒေသများတွင် တာတမံများ တည်ဆောက်ခြင်းနှင့် ရေနုတ်မြောင်းများ တူးဖော်ထားခြင်း၊ Tsunami Tower များ တည်ဆောက်မှုတွင် ကူညီဆောင်ရွက်ခြင်း၊

(၁၂) ပင်လယ်ကမ်းရိုးတန်းတစ်လျှောက် ဒီရေတောများ ထိန်းသိမ်းခြင်းနှင့် ကြီးထွားမြန်သစ်ပင်များစိုက်ပျိုးခြင်း၊

(၁၃) သဘာဝဘေးအန္တရာယ် အမျိုးအစားအလိုက် ကြိုတင်ကာကွယ်ရေး လုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(၁၄) လူ၊ ပစ္စည်း၊ ကယ်ဆယ်ရေး လုပ်ငန်းသုံး ပစ္စည်းများနှင့် စားရေရိက္ခာများ သယ်ယူပို့ဆောင်ရေးအတွက် မိမိနယ်မြေအတွင်း ရနိုင်သမျှသော အရပ်ဘက်၊ စစ်ဘက် မော်တော်ယာဉ်၊ ရေယာဉ်၊ လေယာဉ်များ ကြိုတင် စာရင်းပြုစုထားခြင်း၊

(၁၅) ကြိုတင်သတိပေးချက်ရရှိသည်နှင့် နေအိမ်အဆောက်အဦများကို ဘေးဒဏ် ကြောင့် ပြို/ ပျက်ခြင်းမှ လျော့နည်း သက်သာစေရန် စီမံဆောင်ရွက်ခြင်း၊

(၁၆) တပ်ဖွဲ့ဝင်မိသားစုများ၊ စည်းရုံးရေးနယ်မြေအတွင်းရှိ ပြည်သူလူထုများနှင့် ဘေးအန္တရာယ်ကျရောက်သည့် ဒေသများမှ ဦးစားပေး ပစ္စည်းများကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းရန် ကြည်းကြောင်း၊ ရေကြောင်းနှင့် လေကြောင်း သယ်ယူပို့ဆောင်ရေးအတွက် ဆောင်ရွက်မည့် စီမံချက်များ ကြိုတင် ရေးဆွဲထားရှိခြင်း၊

(၁၇) ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် အတွက် လိုအပ်ချက်များ စိစစ်ဖော်ထုတ်ရန် ဘေးဒဏ်သင့် နယ်မြေများသို့ ကွင်းဆင်းအကဲဖြတ်အဖွဲ့များ အမြန်စေလွှတ်၍ သက်ဆိုင်ရာဒေသ သဘာဝ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့များနှင့် ပူးပေါင်း ဆောင်ရွက်ခြင်း။

(၁၈) သောက်သုံးရေများ၊ စားသောက်ကုန်များ ပျက်စီးမှုမရှိစေရေးအတွက် စနစ်တကျ စီမံဆောင်ရွက်ခြင်း။

(၁၉) ကယ်ဆယ်ရေးစခန်းများအား စနစ်တကျ ကွပ်ကဲနိုင်ရေးလိုအပ်သလို ပူးပေါင်းဆောင်ရွက်ခြင်း၊

(၂၀) နယ်လှည့်ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့များ ဖွဲ့စည်း၍ ဒေသခံပြည်သူများအား အရေးပေါ်ကျန်းမာရေး စောင့်ရှောက်မှုပေးခြင်းနှင့် ကူးစက်ရောဂါများ မကျရောက်စေရေးအတွက် ကာကွယ်ခြင်း၊

(၂၁) ယာယီဆေးခန်းနှင့် ဆေးရုံများ ဖွင့်လှစ်၍ ထိခိုက်ဒဏ်ရာရသူနှင့် မကျန်းမာသူများအား ဆေးဝါးကုသမှုပေးခြင်း၊

(၂၂) စားရေရိက္ခာနှင့် ကယ်ဆယ်ရေးပစ္စည်းများ အရေးပေါ်ထောက်ပံ့ပေးခြင်း၊

(၂၃) ဆက်သွယ်ရေးစနစ်များ ပြတ်တောက်မှုမရှိစေရန် ဆောင်ရွက်ခြင်း၊

(၂၄) လုံခြုံရေးအစီအမံများ စီစဉ်ဆောင်ရွက်ခြင်း၊

(၂၅) အပျက်အစီးများ ရှင်းလင်းဖယ်ရှားခြင်း၊ ပျက်စီးဆုံးရှုံးမှုများကို ပဏာမစာရင်းပြုစုခြင်းနှင့် ထောက်ပံ့ရန် လိုအပ်မှုများအတွက် ဆန်းစစ်ချက်များ ပြုလုပ်ခြင်း၊

(၂၆) အရေးပေါ်တုံ့ပြန်ရေးကာလတွင် လိုအပ်သည့် အရေးပေါ် အခိုအကာ (Emergency Shelter)၊ အရေးပေါ် ဆက်သွယ်ရေး (Emergency Communication)၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ (Health)၊ အစားအစာနှင့် အာဟာရ (Food and Nutrition)၊ ရေနှင့် သန့်ရှင်းရေး (Water and Sanitation)၊ ကယ်ဆယ်ရေးစခန်းစီမံခန့်ခွဲမှု (Camp Management) စသည့် ကဏ္ဍများတွင် သက်ဆိုင်ရာ သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့၊ UN, INGOs, NGO အဖွဲ့အစည်းများနှင့် ချိတ်ဆက်ပူးပေါင်း၍ ကူညီဆောင်ရွက်ခြင်း၊

(၂၇) ကယ်ဆယ်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်လျက်ရှိသော စစ်ဘက်နှင့် အရပ်ဘက်အဖွဲ့အစည်းများအကြား အောင်မြင်စွာ ပူးပေါင်းဆောင်ရွက်နိုင်ရန်အတွက် ဆက်ဆံရေးအရာရှိ သီးခြားခန့်ထားဆောင်ရွက်ခြင်း၊

(၂၈) သဘာဝဘေးအန္တရာယ် ကျရောက်ရာဒေသတွင် ကယ်ဆယ်ရေးစခန်းများ တည်ဆောက်ခြင်း၊ အရေးပေါ် လိုအပ်သည့် အမိုးအကာ၊ အစားအစာ၊ ရေ၊ အဝတ်အထည်နှင့် မဖြစ်မနေ လိုအပ်သည့် ဝန်ဆောင်မှုများကို ဦးစားပေး အစဉ်လိုက် အကူအညီပေးခြင်း၊

(၂၉) သဘာဝဘေးအန္တရာယ် အမျိုးအစားအလိုက် ရှာဖွေကယ်ဆယ်ရေး အပါအဝင် အရေးပေါ်တုံ့ပြန်ရေးလုပ်ငန်းများကို (၂)ပတ်အတွင်း ပြီးပြတ် အောင် ဆောင်ရွက်ခြင်း၊

(၃၀) အရေးပေါ်တုံ့ပြန်ရေး ကာလပြီးဆုံးပါက ပြန်လည်ထူထောင်ရေးကဏ္ဍကို စတင်နိုင်ရန် စီမံခြင်း၊ သက်ဆိုင်ရာ သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု အဖွဲ့အား ကူညီဆောင်ရွက်ခြင်း။

(ဃ) **တပ်မ/စကခ/ဒကစအဆင့် သဘာဝဘေးကာကွယ်စောင့်ရှောက်ရေး စီမံခန့်ခွဲမှု လုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များ**

(၁) တိုင်းစစ်ဌာနချုပ်အဆင့် သဘာဝဘေးကာကွယ်စောင့်ရှောက်ရေး စီမံခန့်ခွဲမှု လုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်နှင့် ညွှန်ကြားချက်များကို လိုက်ပါ ဆောင်ရွက်ခြင်း၊

(၂) မိမိနယ်မြေအတွင်း သက်ဆိုင်ရာ အစိုးရအဖွဲ့၏ သဘာဝဘေးအန္တရာယ် ကာကွယ်ရေးနှင့် ကယ်ဆယ်ရေးဆိုင်ရာ စာရင်းဇယားများ ကောက်ယူရေး အား ပူးပေါင်းဆောင်ရွက်ခြင်း၊ စာရင်းဇယားများ ရယူခြင်း၊ အထက်ဌာနသို့ တင်ပြခြင်း၊

(၃) ကြိုတင်သတိပေးချက်များရရှိပါက လက်အောက်သို့ အချိန်မီဖြန့်ဝေ ပေးခြင်း၊

(၄) ကွပ်ကဲမှုအောက်ရှိ တပ်ရင်း/တပ်ဖွဲ့များတွင် သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးခြင်း၊ ဇာတ်တိုက်လေ့ကျင့်ခြင်းများကို ကြပ်မတ်ဆောင်ရွက်ခြင်း၊

(၅) တပ်မတော် အရေးပေါ်တုံ့ပြန်ရေးအဖွဲ့များ၏ လုပ်ငန်းဆောင်ရွက်ချက်များကို ကြီးကြပ်ဆောင်ရွက်ခြင်း၊

(၆) အထက်ဌာနအဆင့်ဆင့်နှင့် ဆက်သွယ်မှုမပြတ်တောက်စေရေး ကြီးကြပ်ဆောင်ရွက်ခြင်း၊

(၇) ပြန်လည်ထူထောင်ရေး လုပ်ငန်းစဉ်အားလုံးတွင် တိုင်းစစ်ဌာနချုပ်ကော်မတီ၏ အစီအမံအတိုင်း လိုက်ပါဆောင်ရွက်ခြင်း။

(င) **တပ်ရင်း/ တပ်ဖွဲ့အဆင့် သဘာဝဘေးကာကွယ်စောင့်ရှောက်ရေးစီမံခန့်ခွဲမှုလုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များ**

(၁) အထက်ဌာနအဆင့် ကော်မတီအသီးသီး၏ သဘာဝဘေးအန္တရာယ်ကာကွယ်ရေးနှင့် ကယ်ဆယ်ရေး လုပ်ငန်းစဉ်များဆိုင်ရာ မူဝါဒနှင့် ညွှန်ကြားချက်များအား တိကျစွာ လိုက်နာအကောင်အထည်ဖော်ခြင်း၊

(၂) မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့နှင့် ဌာနအသီးသီး၏ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စာရင်းဇယား ကောက်ယူမှုတွင် ပူးပေါင်းဆောင်ရွက်ခြင်း၊ စာရင်းဇယားများ ရယူ၍ အထက်ဌာနအသီးသီးသို့ တင်ပြခြင်းများ ဆောင်ရွက်ခြင်း၊

(၃) သဘာဝဘေးအန္တရာယ် ကယ်ဆယ်ရေးဆိုင်ရာ ဇာတ်တိုက်လေ့ကျင့်မှုများအား တပ်ဖွဲ့ဝင်မိသားစုများပါဝင် ဆောင်ရွက်ခြင်း၊

(၄) အထက်ဌာနအသီးသီးမှ ပေးပို့လာသော သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကြိုတင်အသိပေးချက်များအား အောက်ခြေအဆင့်ထိ သိရှိစေရေး အသိပေး ဖြန့်ဝေခြင်း၊

(၅) တပ်မတော် အရေးပေါ်တုံ့ပြန်ရေးအဖွဲ့များ၏ လုပ်ငန်းဆောင်ရွက်မှုများကို အနီးကပ်ကြပ်မတ်ပါဝင် ဆောင်ရွက်ခြင်း၊

(၆) အထက်ဌာနအသီးသီး၏ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်မှု တွင် လိုက်ပါလုပ်ဆောင်ခြင်း၊

(၇) သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ နယ်မြေသတင်း အချက်အလက် များအား အထက်ဌာနအသီးသီးသို့ အချိန်နှင့်တစ်ပြေးညီ သတင်းပေးပို့ တင်ပြခြင်း၊

(၈) မိမိနယ်မြေအတွင်း လုံခြုံရေးဆိုင်ရာကိစ္စရပ်များအားတာဝန်ယူဆောင်ရွက် ခြင်း။

# မြန်မာနိုင်ငံ၏ သဘာဝဘေးအန္တရာယ်ဆိုင်ရာစစ်တမ်း

# (၂၀၂၁)

# ဗဟိုစာရင်းအင်းအဖွဲ့

# (Community)

# မြန်မာနိုင်ငံ၏ သဘာဝဘေးအန္တရာယ်ဆိုင်ရာစစ်တမ်း (၂၀၂၁)

## အပိုင်း(၁) ရပ်ကွက်ကျေးရွာအကြောင်းအရာ

၁။ တိုင်းဒေသကြီး/ပြည်နယ် -

၂။ ခရိုင် -

၃။ မြို့နယ် -

၄။ မြို့/ကျေးရွာ -

၅။ ရပ်ကွက်/ရွာ -

| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | | ၉ | | | | | | ၁၀ | ၁၁ | ၁၂ | | | | ၁၃ | | | | | | ၁၄ | | ၁၅ | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| စဉ် | ဖြေဆိုသူ အမည် | ဖြေဆိုသူ ကျား/မ<br>ကျား...၁<br>မ...... ၂ | ဖြေဆိုသူ၏ ပြည့်ပြီး အသက် | ဖြေဆိုသူသည်မည်သည့် အလုပ်အကိုင်မျိုး တွင် လုပ်ကိုင် ပါသနည်း။<br>ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူး.....၁<br>ရာအိမ်မှူး.......... ၂<br>ဆယ်အိမ်မှူး....... ၃ | ဖြေဆိုသူသည်ဤ ရပ်ကွက်/ ကျေးရွာ တွင် နေထိုင်သည်မှာ မည်မျှ ရှိပါသနည်း။ | ဤ ရပ်ကွက်/ ကျေးရွာ အတွင်း အိမ်ခြေ စုစု ပေါင်း မည်မျှ ရှိသနည်း | ဤ ရပ်ကွက် / ကျေးရွာ အတွင်း အိမ်ထောင် စု ပေါင်း မည်မျှ ရှိသနည်း။ | | ဤ ရပ်ကွက်/ ကျေးရွာရှိ လူဦးရေ စုစုပေါင်း မည်မျှ ရှိသနည်း။ | | | | | | သဘာဝဘေး အကြောင်းရင်း<br>ရေကြီး ...... ၁<br>မီး...............၂<br>လေပြင်း.......၃<br>မိုးကြိုး..... ၄<br>မြစ်ကမ်းပြို.. ၅<br>ဆိုင်ကလုန်း...၆<br>ငလျင်......... ၇<br>မြေပြို......... ၈<br>အခြား....... ၉ | ရေကြီးရသည့် အကြောင်းရင်း<br>မြစ်ရေကြီးခြင်း...၁<br>မိုးကြီးခြင်း....၂<br>ဆည်မြောင်း -၃<br>တာကျိုးခြင်း -၄<br>ရေလှျံခြင်း....၅<br>အခြား......၉ | သဘာဝဘေးကြောင့် ပျက်စီးမှုအခြေအနေ | | | | ဤ ရပ်ကွက်/ ကျေးရွာရှိ သဘာဝ ဘေးသင့် လူဦးရေ စုစုပေါင်း မည်မျှ ရှိ သနည်း။ | | | | | | ဤ ရပ်ကွက်/ ကျေးရွာ ရှိသဘာဝဘေး သင့်မှု အခြေအနေ<br>သေဆုံး...၁<br>ပျောက်ဆုံး..၂<br>ဒဏ်ရာရ......၃<br>ရွှေ့ပြောင်း..၄ | | စာတိုင် ၁၄ တွင် ရှိခဲ့လျှင် | | | | | |
| | | | | | | | အမျိုးသား အိမ်ထောင် ဦးစီး အရေ အတွက် | အမျိုးသမီး အိမ်ထောင် ဦးစီး အရေအတွက် | ၀-၁၄ | | ၁၅-၆၄ | | ၆၅+ | | | | အိမ်ခြေစုစုပေါင်း | အိမ်ထောင်စုစုစု ပေါင်း | ကြုံတွေ့ရသည့်အရေအတွက် | ကြာချိန် (ရက်) | ၀-၁၄ | | ၁၅-၆၄ | | ၆၅+ | | | | ၀-၁၄ | | ၁၅-၆၄ | | ၆၅+ | |
| | | | | | | | | | ကျား | မ | ကျား | မ | ကျား | မ | | | | | | | ကျား | မ | ကျား | မ | ကျား | မ | | | ကျား | မ | ကျား | မ | ကျား | မ |
| ၁ | | | | | | | | | | | | | | | | | | | | | | | | | | | ၁ | | | | | | | |
| ၂ | | | | | | | | | | | | | | | | | | | | | | | | | | | ၂ | | | | | | | |
| ၃ | | | | | | | | | | | | | | | | | | | | | | | | | | | ၃ | | | | | | | |
| ၄ | | | | | | | | | | | | | | | | | | | | | | | | | | | ၄ | | | | | | | |
| ၅ | | | | | | | | | | | | | | | | | | | | | | | | | | | | | | | | | | |
| ၆ | | | | | | | | | | | | | | | | | | | | | | | | | | | | | | | | | | |

Supervisor -

Survey Date -

အပိုင်း(၂)ပျက်စီးဆုံးရှုံးမှုအခြေအနေ

| စဉ် | အမျိုးအစား | ရေတွက်ပုံ | ပိုင်ဆိုင်သည့် အရေအတွက် | ပျက်စီးမှု အခြေအနေ (အရေအတွက်) | | ပျက်စီးဆုံးရှုံးမှု တန်ဖိုး (ကျပ်သန်းပေါင်း) | မှတ်ချက် |
|---|---|---|---|---|---|---|---|
| | | | | အားလုံး | တစ်စိတ်တစ်ပိုင်း | | |
| **၁.အိမ်အမျိုးအစား** | | | | | | | |
| ၁၁ | ၁-ထပ်တိုက် | | | | | | |
| ၁၂ | ၂-ထပ်တိုက် | | | | | | |
| ၁၃ | ပျဉ်ထောင်အိမ် | | | | | | |
| ၁၄ | နှစ်ထပ် (ပျဉ်ထောင်အိမ်) | | | | | | |
| ၁၅ | ဝါးထရံကာခနိုမိုးအိမ် | | | | | | |
| ၁၆ | ဝါးထရံကာသက်ကယ်မိုးအိမ် | | | | | | |
| ၁၇ | အခြား (ဖော်ပြရန်) | | | | | | |

ပိုင်ဆိုင်သည့် ပစ္စည်းများ (မျက်မြင်အခြေအနေ)

| စဉ် | အမျိုးအစား | ရေတွက်ပုံ | ပိုင်ဆိုင်သည့် အရေအတွက် | ပျက်စီးမှု အခြေအနေ (အရေအတွက်) | | ပျက်စီးဆုံးရှုံးမှု တန်ဖိုး (ကျပ်သန်းပေါင်း) | မှတ်ချက် |
|---|---|---|---|---|---|---|---|
| | | | | အားလုံး | တစ်စိတ်တစ်ပိုင်း | | |
| ၁၈ | ကားအမျိုးမျိုး | | | | | | |
| ၁၉ | ဆိုင်ကယ် | | | | | | |
| ၂၀ | စက်ဘီး | | | | | | |
| ၂၁ | လေးဘီး ထွန်စက် | | | | | | |
| ၂၂ | လှည်း | | | | | | |
| ၂၃ | လှေသမ္ဗာန် | | | | | | |

**အပိုင်း(၂)ပျက်စီးဆုံးရှုံးမှု အခြေအနေ**

| စဉ် | အမျိုးအစား | ရေတွက်ပုံ | ပိုင်ဆိုင်သည့် အရေအတွက် | ပျက်စီးမှု အခြေအနေ (အရေအတွက်) | | ပျက်စီးဆုံးရှုံးမှု တန်ဖိုး (ကျပ်သန်းပေါင်း) | မှတ်ချက် |
|---|---|---|---|---|---|---|---|
| | | | | အားလုံး | တစ်စိတ်တစ်ပိုင်း | | |
| ၂၄ | စက်လှေ | | | | | | |
| ၂၅ | အပ်ချုပ်စက် | | | | | | |
| ၂၆ | ဆိုက်ကား | | | | | | |
| ၂၇ | ထော်လာဂျီ | | | | | | |
| ၂၈ | ရေတင်စက် | | | | | | |
| ၂၉ | ရေစုပ်စက် | | | | | | |
| ၃၀ | ရိတ်သိမ်းခြွေလှေ့စက် | | | | | | |
| ၃၁ | ခြွေလှေ့စက် | | | | | | |
| ၃၂ | အခြား | | | | | | |

**အပိုင်း (၂) ပျက်စီးမှု အခြေအနေ**

| စဉ် | အမျိုးအစား | ရေတွက်ပုံ | ပိုင်ဆိုင်မှု အရေအတွက် | ပျက်စီးမှု (အရေအတွက်) | ပျက်စီးဆုံးရှုံးမှု တန်ဖိုး (ကျပ်သန်းပေါင်း) | မှတ်ချက် |
|---|---|---|---|---|---|---|
| **၂.မိသားစုအသက်မွေးဝမ်းကြောင်းဆိုင်ရာ ပိုင်ဆိုင်ပစ္စည်းများ (လယ်ယာစိုက်ပျိုးရေးနှင့်အခြား)** | | | | | | |
| ၂၁ | လယ်မြေ (ဧက) | | | | | |
| ၂၁၀၁ | မိုးစပါး | | | | | |
| ၂၁၀၂ | မိုးစပါး(ပျိုးခင်း) | | | | | |
| ၂၁၀၃ | နွေစပါး | | | | | |
| ၂၁၀၄ | နွေနှမ်း | | | | | |
| ၂၁၀၅ | အစေ့ထုတ်ပြောင်း | | | | | |
| ၂၁၀၆ | ဖွဲစားပြောင်း | | | | | |
| ၂၁၀၇ | မိုးမြေပဲ | | | | | |
| ၂၁၀၈ | မိုးနှမ်း | | | | | |
| ၂၁၀၉ | နေကြာ(မိုး) | | | | | |
| ၂၁၁၀ | ချဉ်မှုင်ရှည်ဝါ | | | | | |
| ၂၁၁၁ | ပဲတီစိမ်း | | | | | |
| ၂၁၁၂ | ပဲစဉ်းငုံ | | | | | |
| ၂၁၁၃ | အခြားပဲ | | | | | |
| ၂၁၁၄ | အခြားရာသီသီးနှံ | | | | | |
| ၂၁၁၅ | အခြားသီးနှံနှစ်ရှည် | | | | | |
| ၂၂ | တောင်ယာ(ဧက) | | | | | |
| ၂၃ | ယာမြေ (ဧက) | | | | | |
| ၂၄ | ဥယျာဉ်ခြံမြေ (ဧက) | | | | | |

အပိုင်း(၂)ပျက်စီးဆုံးရှုံးမှု အခြေအနေ

| စဉ် | အမျိုးအစား | ရေတွက်ပုံ | ပိုင်ဆိုင်မှု (အရေအတွက်) | ပျက်စီးမှု (အရေအတွက်) | ပျက်စီးဆုံးရှုံးမှု | မှတ်ချက် |
|---|---|---|---|---|---|---|
| **၂၅** | **လယ်ယာသုံးပစ္စည်းကိရိယာများ** | | | | | |
| ၂၅၀၁ | ရေတင်စက် | | | | | |
| ၂၅၀၂ | ရေစုပ်စက် | | | | | |
| ၂၅၀၃ | လယ်ယာသုံး စက်ယန္တယားများ | | | | | |
| ၂၅၀၄ | ကျွဲ/နွားတပ်လယ်ယာသုံးကိရိယာများ | | | | | |
| ၂၅၀၅ | ချွေလှေ့စက်များ | | | | | |
| ၂၅၀၆ | ဆန်စက် | | | | | |
| **၂၆.၀** | **ရေလုပ်ငန်းသုံးပစ္စည်းကိရိယာများ** | | | | | |
| ၂၆၀၁ | ငါးမွေးမြူရေးကန် | | | | | |
| ၂၆၀၂ | ပုစွန်မွေးမြူရေးကန် | | | | | |
| ၂၆၀၃ | လှေ/စက်လှေ+အင်ဂျင် | | | | | |
| ၂၆၀၄ | ငါးဖမ်းကိရိယာများ | | | | | |
| ၂၆၀၅ | အခြား | | | | | |
| **၃.၀** | **တစ်နိုင်တစ်ပိုင် မွေးမြူရေး** | | | | | |
| ၃၁ | ကြက် | | | | | |
| ၃၂ | ဘဲ/ငန်း | | | | | |
| ၃၃ | နွား | | | | | |
| ၃၄ | သိုး/ဆိတ် | | | | | |
| ၃၅ | ဝက် | | | | | |

**အပိုင်း(၂)ပျက်စီးဆုံးရှုံးမှု အခြေအနေ**

| စဉ် | အမျိုးအစား | ရေတွက်ပုံ | ပိုင်ဆိုင်မှု (အရေအတွက်) | ပျက်စီးမှု (အရေအတွက်) | ပျက်စီးဆုံးရှုံးမှု တန်ဖိုး | မှတ်ချက် |
|---|---|---|---|---|---|---|
| ၃၆ | ငုံး | | | | | |
| ၃၇ | အခြား | | | | | |
| **၄.၀** | **ဆားထုတ်လုပ်ခြင်းလုပ်ငန်း** | | | | | |
| ၄၁ | ဆားကွင်း | | | | | |
| **၅.၀** | **သစ်တောစိုက်ခင်းများ** | | | | | |
| ၅၁ | သဘာဝသစ်တော | | | | | |
| ၅၂ | ဒီရေတော | | | | | |
| ၅၃ | အခြား(ဖော်ပြရန်) | | | | | |

**အပိုင်း(၂)ပျက်စီးဆုံးရှုံးမှု အခြေအနေ**

| စဉ် | အမျိုးအစား | ရေတွက်ပုံ | ပိုင်ဆိုင်မှု (အရေအတွက်) | | ပျက်စီးမှု (အရေအတွက်) | | ပျက်စီးဆုံးရှုံးမှု တန်ဖိုး | | စုစုပေါင်း ပျက်စီး ဆုံးရှုံးမှု တန်ဖိုး (ကျပ်သန်းပေါင်း) |
|---|---|---|---|---|---|---|---|---|---|
| | | | အစိုးရ | ပုဂ္ဂလိက | အစိုးရ | ပုဂ္ဂလိက | အစိုးရ | ပုဂ္ဂလိက | |
| **၆.၀** | **ဘာသာရေးအဆောက်အအုံများ** | | | | | | | | |
| ၆၁ | စေတီပုထိုးများ | | | | | | | | |
| ၆၂ | ဘုန်းကြီးကျောင်း | | | | | | | | |
| ၆၃ | သီလရှင်ကျောင်း | | | | | | | | |
| ၆၄ | ဘုရားကျောင်း | | | | | | | | |
| ၆၅ | ဗလီ | | | | | | | | |
| ၆၆ | ယဉ်ကျေးမှုအမွေအနှစ် | | | | | | | | |
| ၆၇ | သာသနိကအဆောက်အဦ | | | | | | | | |
| ၆၈ | အခြား (ဖော်ပြရန်) | | | | | | | | |
| **၇.၀** | **အဆောက်အဦပျက်စီးစာရင်းများ** | | | | | | | | |
| ၇၁ | ဌာနဆိုင်ရာရုံး | | | | | | | | |
| ၇၂ | စက်ရုံ | | | | | | | | |
| ၇၃ | ဂိုဒေါင် | | | | | | | | |
| ၇၄ | ဈေး | | | | | | | | |
| ၇၅ | ဟိုတယ် | | | | | | | | |
| ၇၆ | ဇရပ် | | | | | | | | |
| ၇၇ | အခြား(ဖော်ပြရန်) | | | | | | | | |

| စဉ် | အမျိုးအစား | ရေတွက်ပုံ | ပိုင်ဆိုင်မှု (အရေအတွက်) | | ပျက်စီးမှု (အရေအတွက်) | | ပျက်စီးဆုံးရှုံးမှု တန်ဖိုး | | စုစုပေါင်း ပျက်စီး ဆုံးရှုံးမှု တန်ဖိုး (ကျပ်သန်းပေါင်း) |
|---|---|---|---|---|---|---|---|---|---|
| | | | အစိုးရ | ပုဂ္ဂလိက | အစိုးရ | ပုဂ္ဂလိက | အစိုးရ | ပုဂ္ဂလိက | |
| **၈.၀** | **အခြားပျက်စီးစာရင်းများ** | | | | | | | | |
| ၈၁ | လမ်းမ | | | | | | | | |
| ၈၂ | တံတား | | | | | | | | |
| ၈၃ | ဆည်မြောင်း | | | | | | | | |
| ၈၄ | ရေတွင်း | | | | | | | | |
| ၈၅ | ရေကန် | | | | | | | | |
| ၈၆ | အခြား(ဖော်ပြရန်) | | | | | | | | |

**အပိုင်း(၂)ပျက်စီးဆုံးရှုံးမှု အခြေအနေ**

| စဉ် | အမျိုးအစား | ရေတွက်ပုံ | ပျက်စီးမှု (အရေ အတွက်) | | | | | ပျက်စီးမှု (အရေအတွက်) | | ပျက်စီးဆုံးရှုံးမှု တန်ဖိုး (ကျပ်သန်းပေါင်း) | | စုစုပေါင်း ပျက်စီး ဆုံးရှုံးမှုတန်ဖိုး (ကျပ်သန်းပေါင်း) |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | A | B | C | D | E | အစိုးရ | ပုဂ္ဂလိက | အစိုးရ | ပုဂ္ဂလိက | |
| **၉.၀** | **စာသင်ကျောင်းများ(လုံးဝပျက်စီး)** | | | | | | | | | | | |
| ၉၁ | မူလတန်းကြိုကျောင်း | | | | | | | | | | | |
| ၉၂ | မူလတန်းကျောင်း | | | | | | | | | | | |
| ၉၃ | အလယ်တန်းကျောင်း | | | | | | | | | | | |
| ၉၄ | အထက်တန်းကျောင်း | | | | | | | | | | | |
| ၉၅ | ဘုန်းတော်ကြီးပညာသင်ကျောင်း | | | | | | | | | | | |
| ၉၆ | ကျောင်းသုံးပရိဘောဂများ | | | | | | | | | | | |
| ၉၇ | အခြား (ဖော်ပြရန်) | | | | | | | | | | | |
| **၁၀.၀** | **စာသင်ကျောင်းများ(တစ်စိတ်တစ်ပိုင်းပျက်စီး)** | | | | | | | | | | | |
| ၁၀၁ | မူလတန်းကြိုကျောင်း | | | | | | | | | | | |
| ၁၀၂ | မူလတန်းကျောင်း | | | | | | | | | | | |
| ၁၀၃ | အလယ်တန်းကျောင်း | | | | | | | | | | | |
| ၁၀၄ | အထက်တန်းကျောင်း | | | | | | | | | | | |
| ၁၀၅ | ဘုန်းတော်ကြီးပညာသင်ကျောင်း | | | | | | | | | | | |
| ၁၀၆ | ပစ္စည်းကိရိယာများ | | | | | | | | | | | |

| စဉ် | အမျိုးအစား | ရေတွက်ပုံ | ပျက်စီးမှု (အရေ အတွက်) | | | | | ပျက်စီးမှု (အရေအတွက်) | | ပျက်စီးဆုံးရှုံးမှု တန်ဖိုး (ကျပ်သန်းပေါင်း) | | စုစုပေါင်း ပျက်စီး ဆုံးရှုံးမှုတန်ဖိုး (ကျပ်သန်းပေါင်း) |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | A | B | C | D | E | အစိုးရ | ပုဂ္ဂလိက | အစိုးရ | ပုဂ္ဂလိက | |
| ၁၀၇ | ကျောင်းသုံးပရိဘောဂများ | | | | | | | | | | | |
| ၁၀၈ | အခြား (ဖော်ပြရန်) | | | | | | | | | | | |
| **၁၁.၀** | **ဆေးရုံဆေးပေးခန်းများ(လုံးဝပျက်စီး)** | | | | | | | | | | | |
| ၁၁၁ | ဆေးရုံ | | | | | | | | | | | |
| ၁၁၂ | ဆေးခန်း | | | | | | | | | | | |
| ၁၁၃ | ကျန်းမာရေးစောင့်ရှောက်မှုစင်တာ | | | | | | | | | | | |
| ၁၁၄ | ကျေးလက်ကျန်းမာရေးဌာန | | | | | | | | | | | |
| ၁၁၅ | ကျေးလက်ကျန်းမာရေးဌာနခွဲ | | | | | | | | | | | |
| ၁၁၆ | ပရိဘောဂများ | | | | | | | | | | | |
| ၁၁၇ | ဆေးနှင့်ဆေးပစ္စည်းဂိုဒေါင် | | | | | | | | | | | |
| ၁၁၈ | ကာကွယ်ဆေးအအေးခန်း | | | | | | | | | | | |
| ၁၁၉ | အခြား (ဖော်ပြရန်) | | | | | | | | | | | |
| **၁၂.၀** | **ဆေးရုံဆေးပေးခန်းများ(တစ်စိတ်တစ်ပိုင်းပျက်စီး)** | | | | | | | | | | | |
| ၁၂၁ | ဆေးရုံ | | | | | | | | | | | |
| ၁၂၂ | ဆေးခန်း | | | | | | | | | | | |
| ၁၂၃ | ကျန်းမာရေးစောင့်ရှောက်မှုစင်တာ | | | | | | | | | | | |

| စဉ် | အမျိုးအစား | ရေတွက်ပုံ | ပျက်စီးမှု (အရေ အတွက်) | | | | | ပျက်စီးမှု (အရေအတွက်) | | ပျက်စီးဆုံးရှုံးမှု တန်ဖိုး (ကျပ်သန်းပေါင်း) | | စုစုပေါင်း ပျက်စီး ဆုံးရှုံးမှုတန်ဖိုး (ကျပ်သန်းပေါင်း) |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | A | B | C | D | E | အစိုးရ | ပုဂ္ဂလိက | အစိုးရ | ပုဂ္ဂလိက | |
| ၁၂၄ | ကျေးလက်ကျန်းမာရေးဌာန | | | | | | | | | | | |
| ၁၂၅ | ကျေးလက်ကျန်းမာရေးဌာနခွဲ | | | | | | | | | | | |
| ၁၂၆ | ဆေးနှင့်ဆေးပစ္စည်းများ | | | | | | | | | | | |
| ၁၂၇ | ပရိဘောဂများ | | | | | | | | | | | |
| ၁၂၈ | ဆေးနှင့်ဆေးပစ္စည်းဂိုဒေါင် | | | | | | | | | | | |
| ၁၂၉ | ကာကွယ်ဆေးအအေးခန်း | | | | | | | | | | | |
| ၁၃၀ | အခြား (ဖော်ပြရန်) | | | | | | | | | | | |

A သံကူကွန်ကရစ်

B အုတ်/ဂဝံတုံး/ကျောက်တုံး

C အုတ်ညှပ်

D သစ်သား

E ဝါး/ဓနိ

**အပိုင်း(၂)ပျက်စီးဆုံးရှုံးမှု အခြေအနေ**

| စဉ် | အမျိုးအစား | ရေတွက်ပုံ | ပိုင်ဆိုင်မှု (အရေအတွက်) | | ပျက်စီးမှု (အရေအတွက်) | | ပျက်စီးဆုံးရှုံးမှု တန်ဖိုး (ကျပ်သန်းပေါင်း) | | စုစုပေါင်း ပျက်စီး ဆုံးရှုံးမှုတန်ဖိုး (ကျပ်သန်း) |
|---|---|---|---|---|---|---|---|---|---|
| | | | အစိုးရ | ပုဂ္ဂလိက | အစိုးရ | ပုဂ္ဂလိက | အစိုးရ | ပုဂ္ဂလိက | |
| **၁၃.၀** | **ဆက်သွယ်ရေးပျက်စီးစာရင်း** | | | | | | | | |
| ၁၃၁ | Fibre Cables | ကီလိုမီတာ | | | | | | | |
| ၁၃၂ | Copper Cables | ကီလိုမီတာ | | | | | | | |
| ၁၃၃ | မိုဘိုင်းစခန်း | ခုရေ | | | | | | | |
| ၁၃၄ | စက်ရုံအဆောက်အဦ (Data Center, Auto Exchange) | ခုရေ | | | | | | | |
| ၁၃၅ | အခြား (ဖော်ပြရန်) | | | | | | | | |
| **၁၄.၀** | **စွမ်းအင်ပျက်စီးစာရင်းများ** | | | | | | | | |
| ၁၄၁ | စက်ပစ္စည်းများ | ခုရေ | | | | | | | |
| ၁၄၂ | လောင်စာသိုလှောင်ကန် | ခုရေ | | | | | | | |
| ၁၄၃ | Pipelines | ကီလိုမီတာ | | | | | | | |
| ၁၄၄ | အခြား(ဖော်ပြရန်) | | | | | | | | |
| **၁၅.၀** | **လျှပ်စစ်ပျက်စီးစာရင်းများ** | | | | | | | | |
| ၁၅၁ | Poles | ခုရေ | | | | | | | |
| ၁၅၂ | 66 KV Lines | ကီလိုမီတာ | | | | | | | |
| ၁၅၃ | 33KV Lines | ကီလိုမီတာ | | | | | | | |
| ၁၅၄ | 11/3.3KV Lines | ကီလိုမီတာ | | | | | | | |

| စဉ် | အမျိုးအစား | ရေတွက်ပုံ | ပိုင်ဆိုင်မှု (အရေအတွက်) | | ပျက်စီးမှု (အရေအတွက်) | | ပျက်စီးဆုံးရှုံးမှု တန်ဖိုး (ကျပ်သန်းပေါင်း) | | စုစုပေါင်း ပျက်စီး ဆုံးရှုံးမှုတန်ဖိုး (ကျပ်သန်း) |
|---|---|---|---|---|---|---|---|---|---|
| | | | အစိုးရ | ပုဂ္ဂလိက | အစိုးရ | ပုဂ္ဂလိက | အစိုးရ | ပုဂ္ဂလိက | |
| ၁၅၅ | စက်ရုံအဆောက်အဦ | ခုရေ | | | | | | | |
| ၁၅၆ | Generator | | | | | | | | |
| ၁၅၇ | Transformer (   ) KV | | | | | | | | |
| ၁၅၈ | 0.4 KV Lines | | | | | | | | |
| ၁၅၉ | အိမ်သုံးမီတာ | | | | | | | | |
| ၁၆၀ | စက်မှုသုံးမီတာ(ပါဝါ၊စီတီ) | | | | | | | | |
| ၁၆၁ | Cable (   ) mm2 | | | | | | | | |
| ၁၆၂ | အခြား(ဖော်ပြရန်) | | | | | | | | |

**အပိုင်း(၃)သဘာဝဘေးစီမံခန့်ခွဲမှုလုပ်ငန်းများ**

| | ၁ | | | ၂ | | | ၃ | |
|---|---|---|---|---|---|---|---|---|
| | **သဘာဝဘေးအန္တရာယ် မကျရောက်မီ ကြိုတင်ပြင်ဆင်သင့်သော အချက်အလက်များ**<br>**ရှိ - ၁**<br>**မရှိ - ၂** | | | **ကျေးရွာနေ ပြည်သူများအတွက် သဘာဝဘေးအန္တရာယ်မှ ကာကွယ်မှု အစီအစဉ်**<br>**ရှိ - ၁**<br>**မရှိ - ၂** | | | **ဘေးအန္တရာယ်ကာကွယ်ခြင်း လုပ်ဆောင်ချက်များတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်ခြင်း**<br>**ရှိ - ၁**<br>**မရှိ - ၂** | |
| ၃၁၁ | အသိုင်းအဝိုင်းတွင် သဘာဝဘေးအန္တရာယ်များနှင့် ကယ်ဆယ်ရေးလုပ်ငန်းများအတွက် အသိပညာ တိုးမြှင့်ခြင်း | | ၃၂၁ | သောက်သုံးရေကန်အသစ်များတည်ဆောက်ခြင်း | | ၃၃၁ | အစိုးရထံမှ ကြိုတင်သတိပေးချက်များ ရရှိခြင်း | |
| ၃၁၂ | Information, Education and Communication materials -IEC ဖြန့်ဝေ (အသိအမြင်ပစ္စည်းများ) | | ၃၂၂ | မီးသတ်ရေကန်များဆောက်လုပ်ခြင်း | | ၃၃၂ | မီဒီယာများထံမှ ကြိုတင်သတိပေးချက်များ ရရှိခြင်း | |
| ၃၁၃ | လူမှုအသိုင်းအဝိုင်းများအတွက်အမျိုးမျိုးသော သဘာဝဘေးအန္တရာယ်များတွင် သတင်းအချက်အလက် မျှဝေခြင်း၊ ဘေးအန္တရာယ်နှင့်ဆက်စပ်သော သတင်းအချက်အလက်များ စုစည်းခြင်း | | ၃၂၃ | ကျေးလက်လမ်းများအဆင့်မြှင့်တင်ထားခြင်း | | ၃၃၃ | လူမှုကွန်ယက်မှ ကြိုတင်သတိပေးချက်များ ရရှိခြင်း | |
| ၃၁၄ | ထိခိုက်လွယ်သော အုပ်စုများအတွက်အမျိုးမျိုးသော သဘာဝဘေးအန္တရာယ်များတွင် သတင်းအချက် အလက် မျှဝေခြင်း၊ ဘေးအန္တရာယ်နှင့် ဆက်စပ်သော သတင်းအချက်အလက်များ စုစည်းခြင်း | | ၃၂၄ | ခိုင်ခံ့သောခြေတံရှည်(သို့မဟုတ်) မုန်တိုင်းဒဏ်ခံအဆောက်အဦများဆောက်လုပ်ထားခြင်း | | ၃၃၄ | အမြင်အာရုံ မသန်စွမ်းသူများပါ အသုံးပြုနိုင်သော Mobile application ကြိုတင်သတိပေးချက်များ ရရှိခြင်း (DAN etc) | |
| ၃၁၅ | ကျောင်းတွင် အသိပညာပေးလှုပ်ရှားမှုအဖွဲ့များကို ကျား၊မ မျှတစွာ ပါဝင်ဖွဲ့စည်းခြင်း | | ၃၂၅ | တိရစ္ဆာန်များအားဘေးလွတ်ရာသို့ပြောင်းရွှေ့ရန် နေရာ စီစဉ်ခြင်း | | ၃၃၅ | လူမှုအသိုက်အဝန်းမှ ကြိုတင်သတိပေးချက်များ ရရှိခြင်း | |
| ၃၁၆ | ဘေးကင်းဆောက်လုပ်ရေးအသိအမြင်လှုပ်ရှားမှုများ မြှင့်တင်ခြင်း | | ၃၂၆ | သဘာဝဘေးဒဏ်ခံနိုင်သော ယာယီပြောင်းရွှေ့နေထိုင်နိုင်သည့် အဆောက်အဦများ စီစဉ်ခြင်း | | ၃၃၆ | လူမှုအဖွဲ့အစည်းများမှ သဘာဝဘေး အရေးပေါ် တုံ့ပြန်ရန် volunteers များ | |
| ၃၁၇ | စည်းရုံးရေးနှင့်သင်တန်းအဖွဲ့ဝင်များနှင့် စေတနာ့ဝန်ထမ်းများ၏ဘေးအန္တရာယ်လျော့ချရေးလှုပ်ရှားမှုများ | | ၃၂၇ | စာသင်ကျောင်းများ ခိုင်ခံအောင် ဆောက်လုပ် / ပြုပြင်ထားခြင်း | | ၃၃၇ | volunteers များမှ ဘေးလွတ်ရာ နေရာသို့ ရွှေ့ပြောင်းပေးခြင်း | |

| | ၁ | | | ၂ | | | ၃ | |
|---|---|---|---|---|---|---|---|---|
| | **သဘာဝဘေးအန္တရာယ် မကျရောက်မီ ကြိုတင်ပြင်ဆင် သင့်သော အချက်အလက်များ**<br>**ရှိ - ၁**<br>**မရှိ - ၂** | | | **ကျေးရွာနေ ပြည်သူများအတွက်သဘာဝဘေးအန္တရာယ်မှ ကာကွယ်မှု အစီအစဉ်**<br>**ရှိ - ၁**<br>**မရှိ - ၂** | | | **ဘေးအန္တရာယ် ကာကွယ်ခြင်းလုပ်ဆောင်ချက်များတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်ခြင်း**<br>**ရှိ - ၁**<br>**မရှိ - ၂** | |
| ၃၁၈ | ဘေးအန္တရာယ်ကိုကြိုတင်ပြင်ဆင်မှုဆောင်ရွက်မှုများ အတွက်ဒေသခံ CSOs နှင့် NGOsများနှင့်အတူပူးပေါင်း ဆောင်ရွက်မှုများ | | ၃၂၈ | ဆေးရုံ၊ ဆေးပေးခန်းများ ခိုင်ခံအောင် ဆောက်လုပ်/ပြုပြင်ထားခြင်း | | ၃၃၈ | ထိခိုက်လွယ်မှု အခြေအနေရှိ လူဦးရေအပေါ် ကျား၊ မ ခွဲခြား၍ ထောက်ပံ့ပေးနိုင်မှု အခြေအနေ | |
| ၃၁၉ | ဘေးအန္တရာယ်ဆိုင်ရာ ကြိုတင်ပြင်ဆင်မှု သရုပ်ပြ လေ့ကျင့်ခန်းများ ဆောင်ရွက်ပေးနိုင်ခြင်း | | ၃၂၉ | အစိုးရအနေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး စီမံကိန်းများ ဆောင်ရွက်ပေးခြင်း | | ၃၃၉ | အရေးပေါ်တုံ့ပြန်ခြင်းအတွက်  သက်ဆိုင်ရာ အစိုးရအဖွဲ့မှ ထောက်ပံ့ကူညီမှုအခြေအနေ | |
| ၃၂၀ | သဘာဝဘေးအန္တရာယ် ကြိုတင်သတိပေးစနစ် များထူထောင်ရန် (ဥပမာ ရေဒီယို ၊ အသံချဲ့စက်များ) | | ၃၃၀ | ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို CSOs များ၊ INGOsတို့ဖြင့် ပူးပေါင်းဆောင်ရွက်ခြင်း | | ၃၄၀ | အရေးပေါ်တုံ့ပြန်ခြင်းအတွက်  သက်ဆိုင်ရာ ပုဂ္ဂလိကအဖွဲ့မှ ထောက်ပံ့ကူညီမှုအခြေအနေ | |
| ၃၂၁ | အသက်ကယ်လှေများ၊ မော်တော်ယာဉ်များ စနစ်တကျ ပြင်ဆင်ထားရှိရန် | | ၃၃၁ | ထိခိုက်လွယ်သောနေရာများ၊ လမ်း၊ တံတား၊ အဆောက်အဦ၊ ကျောင်း၊ ဆေးရုံစသည့်များကို ဖော်ထုတ်ပြီး စုရပ်များ၊ ခိုလှုံရန်နေရာများ၊ ဘေးလွတ်ရာနေရာများကို သတ်မှတ်ထားရန် | | ၃၄၁ | အရေးပေါ်တုံ့ပြန်ခြင်းအတွက်  သက်ဆိုင်ရာ CSOs and NGOs အဖွဲ့မှ ထောက်ပံ့ကူညီမှု အခြေအနေ | |
| ၃၂၂ | မော်တော်ယာဉ်များအတွက် လုံလောက်သော လောင်စာဆီများ သိုလှောင်ထားရန် | | ၃၃၂ | သတိပေးချက် ရရှိပါက ဘေးလွတ်ရာ သက်ကယ် ကုန်းမြင့်၊ ခိုလှုံရာ အဆောက်အဦ များသို့ အမြန် ဆုံးပြောင်းရွှေ့နိုင်ရေး ကြိုတင်စီမံဆောင်ရွက်ရန် | | ၃၄၂ | ပျက်စီးဆုံးရှုံးမှုအပေါ် ပူးပေါင်းပါဝင်  အကဲဖြတ် ဆန်းစစ်ခြင်း | |
| ၃၂၃ | ဘေးအန္တရာယ် မကျရောက်မီအဆောက်အဦပစ္စည်းများ (သဲအိတ်၊ဝါး) စုစည်းထားရန် | | ၃၃၃ | သဘာဝဘေး ဖြစ်ပေါ်နိုင်သည်ဆိုသော သတိပေး ချက်ရရှိသည်နှင့်တစ်ပြိုင်နက် သဘာဝဘေး ကော်မတီများနှင့် အမြန်ဆုံးပူးပေါင်း ဆောင်ရွက် ရန် | | ၃၄၃ | လိုအပ်ချက်များအပေါ်ပူးပေါင်းပါဝင်အကဲဖြတ်ခြင်း | |
| | | | ၃၃၄ | အရေးပေါ်ဆေးကုသမှုအတွက် လိုအပ်သော ဆေးဝါးများ၊ ဆေးရုံသုံးဆက်စပ်ပစ္စည်းများ၊ ကိရိယာများအသင့်ရရှိနိုင်ရေး ကြိုတင် စီစဉ် ထားရန် | | ၃၄၄ | ဘေးအန္တရာယ်ဖြစ်ပြီးနောက် ပြန်လည်ထူထောင် ရေး နှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ အပေါ် ပူးပေါင်းပါဝင် အကဲဖြတ်ခြင်း | |

| | ၁ | | | ၂ | | | ၃ | |
|---|---|---|---|---|---|---|---|---|
| | **သဘာဝဘေး အန္တရာယ် မကျရောက်မီ ကြိုတင်ပြင်ဆင်သင့်သော အချက်အလက်များ**<br>**ရှိ - ၁**<br>**မရှိ - ၂** | | | **ကျေးရွာနေ ပြည်သူများအတွက် သဘာဝဘေးအန္တရာယ်မှ ကာကွယ်မှု အစီအစဉ်**<br>**ရှိ - ၁**<br>**မရှိ - ၂** | | | **ဘေးအန္တရာယ်ကာကွယ်ခြင်း လုပ်ဆောင်ချက်များတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်ခြင်း**<br>**ရှိ - ၁**<br>**မရှိ - ၂** | |
| | | | ၃၃၅ | ရပ်ကွက်/ ကျေးရွာအုပ်စုအလိုက် သဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဖွဲ့စည်းထားရှိ၍ ဘေးဖြစ်ပွားပါက ကယ်ဆယ်နိုင်ရေး ကြိုတင်လေ့ကျင့်ထားရန်၊ စီမံခန့်ခွဲမှုလုပ်ငန်းများ | | | | |
| | | | ၃၃၆ | သက်ကြီးရွယ်အိုများနှင့် ကလေးသူငယ်များ အတွက် လုံလောက်သည့် သီးခြားကာကွယ်မှု အစီအစဉ် | | | | |

**အပိုင်း(၃)သဘာဝဘေးစီမံခန့်ခွဲမှုလုပ်ငန်းများ**

| | | | | | |
|---|---|---|---|---|---|
| | ၄ | | | ၅ | |
| | **သဘာဝဘေးအန္တရာယ် ဖြစ်ပါက နားခိုရန် အဆောက်အဦ** | | | **သဘာဝဘေးအန္တရာယ် ဖြစ်ပါက  အထောက်အပံ့ ရရှိမှု** | |
| | ရှိ.........၁<br>မရှိ........၂ | | | ရှိ.........၁<br>မရှိ........၂ | |
| | **ရှိလျှင်ဖော်ပြပါ** | | | **ရှိလျှင်ဖော်ပြပါ** | |
| ၃၄၁ | အဆောက်အဦအမျိုးအစား | | ၃၅၁ | အစိုးရအဖွဲ့အစည်း<br>(အမည်) | |
| ၃၄၂ | အဆောက်အဦအရေအတွက် | | | | |
| ၃၄၃ | အဆောက်အဦတွင် ရွှေ့ပြောင်းထားနိုင်သည့်လူဦးရေ | | ၃၅၂ | အစိုးရမဟုတ်သောအဖွဲ့အစည်း<br>(အမည်) | |
| ၃၄၄ | အဆိုပါအဆောက်အဦများသို့ သွားရောက်ရန် ကြာမြင့်ချိန် | | | | |
| ၃၄၅ | အမျိုးသမီးများအတွက် သီးခြားနားခိုရန် အဆောက်အဦ အရေအတွက် | | ၃၅၃ | **အမျိုးအစား** | |
| | | | ၃၅၄ | ငွေကြေး | |
| | | | ၃၅၅ | အစားအသောက် | |
| | | | ၃၅၆ | လူသုံးကုန်ပစ္စည်း(ကျား၊မ/အသက်အရွယ်/မသန်စွမ်းသူများ/ကိုယ်ဝန်ဆောင်များအတွက် သင့်တော်သော | |
| | | | ၃၅၇ | သင်တန်း | |


နောက်ဆက်တွဲ(ဃ)

**သဘာဝဘေးဖြစ်ပွားမှုဆိုင်ရာအချက်အလက်များနှင့်စပ်လျဉ်း၍ ဗဟိုစာရင်းအင်းအဖွဲ့သို့ ပေးပို့ရသည့် Indicatorများ**

| စဉ် | NIF Code | Indicator Name | မှတ်ချက် |
|---|---|---|---|
| ၁ | 1.1.A | Conflict –related deaths per 100,000 population | |
| ၂ | 1.1.B | Number of people displaced internally by conflict as (a) new cases per year and (b) cumulative total | |
| ၃ | 1.2.F | Number and percentage of displaced people benefiting from a durable resettlement solution | |
| ၄ | 4.3.I | Percentage of disaster affected people benefiting from government assistance programmes , by sex | |
| ၅ | 4.3.J | Number of disaster shock responsive cash transfer programmes | |
| ၆ | 5.2.B | Number of (a) deaths persons , and (b) directly affected persons attributed to disasters per 100,000 habitants per year | |
| ၇ | 5.2.C | Direct economic loss attributed to disasters in relation to gross domestic product | |
| ၈ | 5.2.E | Number and percentage of Townships with access to (a) risk information, and (b) early warning systems for disaster management | |
| ၉ | 5.2.H | Adoption and implementation of national disaster risk reduction in line with the Sendai Framework for Disaster Risk Reduction | |
| ၁၀ | 5.2.J | Percentage of population evacuated persons in case of the emergency | |

| စဉ် | NIF Code | Indicator Name | မှတ်ချက် |
|---|---|---|---|
| ၁၁ | 5.6.C | Proportion of S/R Administration Councils that adopt and implement local disaster risk reduction strategies in line with national DRR strategies | |

# တိုင်းဒေသကြီး၊ ပြည်နယ် (၁၁) ခုတွင် တည်ဆောက်ထားရှိသည့် မုန်တိုင်းဒဏ်ခံအဆောက်အအုံများ၏ တည်နေရာပြမြေပုံ




| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | Shelter အမျိုးအစား | | | စုစုပေါင်း |
|---|---|---|---|---|---|
| | | Cyclone | School-Cum | Multi-Purpose | |
| ၁ | ကရင် | ၁ | ၁ | ၂ | ၄ |
| ၂ | ချင်း | ၁ | - | ၅ | ၆ |
| ၃ | စစ်ကိုင်း | ၁ | ၁၀ | - | ၁၁ |
| ၄ | တနင်္သာရီ | - | - | ၅ | ၅ |
| ၅ | ပဲခူး | ၁ | ၅ | ၁ | ၇ |
| ၆ | မကွေး | - | - | ၃ | ၃ |
| ၇ | မွန် | - | ၃ | ၂ | ၅ |
| ၈ | ရခိုင် | ၂ | ၁၇ | ၃၈ | ၅၇ |
| ၉ | ရန်ကုန် | ၁ | ၃ | ၅ | ၉ |
| ၁၀ | ရှမ်း | - | - | ၂ | ၂ |
| ၁၁ | ဧရာဝတီ | ၅၂ | ၄၂ | ၄၀ | ၁၃၄ |
| စုစုပေါင်း | | ၅၉ | ၈၁ | ၁၀၃ | ၂၄၃ |

မှတ်ချက် - Shelter တည်နေရာများမှာ အတိအကျကောက်ယူထားခြင်းမဟုတ်ဘဲ Myanmar Information Management Unit - MIMU Website မှရရှိသည့် ကျေးရွာအုပ်စုနှင့် ကျေးရွာများ၏ တည်နေရာများဖြင့် အနီးစပ်ဆုံး ပြုစုထားခြင်းဖြစ်ပါသည်။

နောက်ဆက်တွဲ(စ)

1. www.moezala.gov.mmy
2. www.hurricanezone.net
3. www.tropicalstormrisk.com
4. www.bwotweather.com
5. www.imd.gov.in
6. www.earth.nullschool.net
7. https://www.windy.com
8. https://www.tmd.go.
9. www.jaxa global rainfall map
10. https://earthquake.usgs.gov
11. https://www.tropicaltidbits.com
12. www.weather.us
13. https://www.weatheronline.co.uk/Myanmar

နောက်ဆက်တွဲ(ဆ)

## သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုတည်မြဲအမိန့် သုံးသပ်ပြင်ဆင်ဆောင်ရွက်မှု

| စဉ် | ရက်စွဲ | ဆောင်ရွက်မှု |
|---|---|---|
| ၁ | ၂၇-၅-၂၀၂၁ | အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ အစည်းအဝေး(၁/၂၀၂၁)တွင် အမျိုးသားကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် ဒုတိယဝန်ကြီးချုပ်က လမ်းညွှန်မှာကြားခြင်း။ |
| ၂ | ၈-၆-၂၀၂၁ | ၂၀၀၉ ခုနှစ်က ရေးဆွဲခဲ့သည့် တည်မြဲအမိန့်တွင်ပါဝင်သည့် အကြောင်းအရာများနှင့် သုံးသပ်ပြင်ဆင်ရန် စတင်ဆောင်ရွက်မှုအား အမျိုးသားကော်မတီ ဒုတိယဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများထံ ရှင်းလင်းတင်ပြ လမ်းညွှန်မှုခံယူခြင်း။ |
| ၃ | ၁၉-၆-၂၀၂၁ | တည်မြဲအမိန့် သုံးသပ်ပြင်ဆင်ရေးဆိုင်ရာ Core Group အား ဘေးအန္တရာယ် ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်(လုပ်ငန်း)ဦးဆောင်၍ ဦးစီးဌာန(ရုံးချုပ်)မှ ညွှန်ကြားရေးမှူး၊ ဒုတိယညွှန်ကြားရေးမှူး (၁၅)ဦးဖြင့် ဖွဲ့စည်းခြင်း။ |
| ၄ | ၂၅-၆-၂၀၂၁၊<br>၂-၇-၂၀၂၁၊<br>၅-၇-၂၀၂၁၊<br>၂၂-၇-၂၀၂၁ | Core Group အစည်းအဝေးများ ဆောင်ရွက်၍ တည်မြဲအမိန့်(၂၀၂၂)တွင် ထည့်သွင်းမည့် အချက်အလက်(မူကြမ်း) ပြုစုခြင်း၊ အဖွဲ့ဝင်များအား သတ်မှတ် တာဝန်ပေးမှုအရ အကြောင်းအရာအလိုက်ပါဝင်ရန်လိုအပ်မည့် အချက်အလက်များ(မူကြမ်း)အားပြုစုခြင်း၊ လုပ်ငန်းကော်မတီအတွင်းရေးမှူး၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ထံ တင်ပြပြင်ဆင်ခြင်း။ |

| စဉ် | ရက်စွဲ | ဆောင်ရွက်မှု |
|---|---|---|
| ၅ | ၆-၈-၂၀၂၁ | လုပ်ငန်းတိုးတက်မှုအခြေအနေအား အမျိုးသားသဘာဝဘေးအန္တရာယ် ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးထံ တင်ပြ လမ်းညွှန်မှုခံယူခြင်း။ |
| ၆ | ၂၂-၉-၂၀၂၁ | လုပ်ငန်းကော်မတီ(၁၂)ခုအနေဖြင့် တည်မြဲအမိန့်တွင် ထည့်သွင်းဖော်ပြ စေလိုသည့် အချက်အလက်များအား ပထမအကြိမ် သဘောထား မှတ်ချက် တောင်းခံခြင်း။ |
| ၇ | ၅-၁၁-၂၀၂၁၊ ၁၁-၁၁-၂၀၂၁၊ ၁၉-၁၁-၂၀၂၁၊ ၂၅-၁၁-၂၀၂၁၊ ၉-၁၂-၂၀၂၁၊ ၁၄-၁၂-၂၀၂၁ | လုပ်ငန်းကော်မတီများမှ ပေးပို့လာသည်များအား Core Group က ပြုစု ထားသည့်အချက်အလက်များနှင့် နှိုင်းယှဉ်ကာ အမျိုးသားကော်မတီ ဥက္ကဋ္ဌ၏ လမ်းညွှန်ချက်များဖြင့် လိုက်လျောညီထွေဖြစ်စေရေး ပါဝင်သင့် သည့် အချက်များ ကျန်လုပ်မှုမရှိစေရေး စုပေါင်းစိစစ်ဆွေးနွေး ပြင်ဆင် ခြင်း။ |
| ၈ | ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ၊ ဒီဇင်ဘာလ၊ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ | လုပ်ငန်းကော်မတီအလိုက် ပေးပို့ထားရှိသည်များအား Core Group က စိစစ်အကြံပြုမှုဖြင့် ပြုစုပြင်ဆင်ထားသည့် မူကြမ်းအား ဖြည့်စွက်ပြင်ဆင် အတည်ပြုပေးနိုင်ပါရန် ဒုတိယအကြိမ်သဘောထားမှတ်ချက် တောင်းခံ ခြင်း။ |
| ၉ | ၅-၁-၂၀၂၂ | ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် ဘေးအန္တရာယ် ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့များ၏ လုပ်ငန်းတာဝန်(မူကြမ်း) ပြုစုထားမှုများအား ပေးပို့သဘောထားမှတ်ချက်တောင်းခံခြင်း။ |

| စဉ် | ရက်စွဲ | ဆောင်ရွက်မှု |
|---|---|---|
| ၁၀ | ၆-၁-၂၀၂၂၊<br>၁၉-၁-၂၀၂၂၊<br>၄-၂-၂၀၂၂၊<br>၁၁-၂-၂၀၂၂ | လုပ်ငန်းကော်မတီများ၊ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့များက ပြန်လည်ပေးပို့လာသည့် သဘောထားမှတ်ချက်များအား စုစည်း၍ ပြန်လည်သုံးသပ်ပြင်ဆင် ပြုစုခြင်း။ |
| ၁၁ | ၄-၂-၂၀၂၂ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံးမှ "သဘာဝဘေးအရေးပေါ်တုံ့ပြန်မှုအတွက် တပ်မတော်နှင့် ဝန်ကြီးဌာနများအကြား ပေါင်းစပ်ညှိနှိုင်းရေး လုပ်ငန်းအဖွဲ့" ဖွဲ့စည်းဆောင်ရွက်ခွင့်ပြုကြောင်း အကြောင်းကြားခြင်း။ |
| ၁၂ | ၁၀-၂-၂၀၂၂ | တည်မြဲအမိန့်(၂၀၂၂)တွင် "သဘာဝဘေးစီမံခန့်ခွဲမှုအတွက် တပ်မတော်နှင့် ဝန်ကြီးဌာနများအကြားပူးပေါင်းဆောင်ရွက်ခြင်း"ခေါင်းစဉ်ဖြင့် အခန်းတစ်ခန်း ဖော်ပြရာ၌ တပ်မတော်မှဖော်ပြစေလိုသည့် အချက်အလက်များ ပေးပို့နိုင်ရန် ကာကွယ်ရေးဝန်ကြီးဌာနသို့ ပထမအကြိမ်တောင်းခံခြင်း။ |
| ၁၃ | ၁၀-၃-၂၀၂၂ | တည်မြဲအမိန့်(၂၀၂၂)ပါ အခန်းများအလိုက် ပြုစုရေးသားထားရှိမှုများအား အမျိုးသားကော်မတီဒုတိယဥက္ကဋ္ဌနှင့် တာဝန်ရှိသူများထံ ရှင်းလင်းတင်ပြ လမ်းညွှန်မှုခံယူခြင်း။ |
| ၁၄ | ၂၄-၃-၂၀၂၂<br>၈-၄-၂၀၂၂<br>၁၀-၄-၂၀၂၂ | ကာကွယ်ရေးဝန်ကြီးဌာနမှ ပေးပို့လာသည့် အချက်အလက်များအား လုပ်ငန်းကော်မတီအလိုက် ဖော်ပြမှုများနှင့် လိုက်လျောညီထွေဖြစ်စေရေး စိစစ်ခြင်း၊ တည်မြဲအမိန့်(၂၀၂၂)၏ အခန်းအလိုက် ဖော်ပြမှုများအား လမ်းညွှန်မှုနှင့်အညီ ပြန်လည်ပြင်ဆင်ခြင်း။ |
| ၁၅ | ၁၉-၄-၂၀၂၂ | ထပ်မံပြင်ဆင်ထားရှိသည့် အချက်အလက်များအား အမျိုးသားကော်မတီဒုတိယဥက္ကဋ္ဌနှင့် တာဝန်ရှိသူများထံ ရှင်းလင်းတင်ပြ လမ်းညွှန်မှုခံယူခြင်း။ |

| စဉ် | ရက်စွဲ | ဆောင်ရွက်မှု |
|---|---|---|
| ၁၆ | ၈-၆-၂၀၂၂ | ကာကွယ်ရေးဝန်ကြီးဌာနမှ ပေးပို့မှုအပေါ် ပြင်ဆင်ဖြည့်စွက်လိုသည့် သဘောထား မှတ်ချက်များနှင့် စပ်လျဉ်း၍ စိစစ်ပြန်ကြားပေးရန် ကာကွယ်ရေးဝန်ကြီးဌာနသို့ ဒုတိယအကြိမ်တောင်းခံခြင်း။ |
| ၁၇ | ၂၀၂၂ ခုနှစ် | တည်မြဲအမိန့်(၂၀၂၂)အား အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌထံ တင်ပြလမ်းညွှန်မှုခံယူခြင်း။ |
| ၁၈ | ၂၀၂၂ ခုနှစ် | အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ အစည်းအဝေး(၁/၂၀၂၂)၌ "သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု တည်မြဲအမိန့်" အား အတည်ပြုခြင်း။ |